# City MAGAZINE

Vol- 250, 2018



## ဖူကူအိုကာမြို့တော်နှင့် ညီအစ်မမြို့တော်ရန်ကုန်

# City
## MAGAZINE
VOL - 250, 2018

**အယ်ဒီတာချုပ်**
ကိုရာဇာ

**အမှုဆောင်အရာရှိ**
စောလှဦး

**အယ်ဒီတာ**
ကိုစော(ပထဝီဝင်)

**စာပြင်**
သင်မိုးနီ၊ အောင်ကျော်

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**
MOE-Z

**စာစီစာရိုက်**
မြတ်မြတ်၊ သျှင်မင်း

**ဓာတ်ပုံ**
သန့်စင်

**ပန်းချီသရုပ်ဖော်**
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

**ဖက်(စ်)** ၀၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

**ပုံနှိပ်ထုတ်ဝေသူ**
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

**ပုံနှိပ်တိုက်**
မြို့တော်ပုံနှိပ်တိုက်မြဲ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

**ဖြန့်ချိရေး**
ကျော်မင်းထိုက်၊ အောင်မျိုးသန့်
ဖုန်း - ၀၉၂၅၂၄၂၀၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

**မြို့တော်မဂ္ဂဇင်း**
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

**တန်ဖိုး**
၂၀၀၀ ကျပ်

**အုပ်ရေ**
၂၀၀၀



# City MAGAZINE

Vol : 250, 2018

# Contents


4 EDITORIAL NOTE

## POEM

5 အခန်းဆက်တာဝန် — မြင်းမူမောင်နိုင်မိုး

6 မြန်မာမျိုးပေမို့ — မောင်စိမ်းနောင်(လယ်ဝေး)

7 လှမ်းခဲ့ပါတို့ဌာနေ — ကျော်ဇေဟန်

8 အဆုံးစွန်သောဘဝ — မောင်လွမ်းနိုင်(စံပယ်ငုံ)

23 ထာဝရအမေ — ဆန်းလွင်(မြန်မာစာ)

24 အကာနှင့်အနှစ် — နေသစ်လင်း

48 သံလွင်မြစ်ဝှမ်း တစ်စိတ်ဝမ်း ငြိမ်းချမ်းတဲ့မြေ — တင့်ထွန်း(ချောက်)

49 ပူဇော်ထိုက်စွာ မြတ်ဆရာ — သိပ္ပံစိုးမြင့်နိုင်

50 ဘဝလမ်း — အောင်ထွန်းလင်း(ချောက်)

123 ရလဒ်များမှသည် — မင်းသွေးနွယ်(ဒီကုန်း)

## CARTOON

9 ကျော်ကိုကို 10 သန်းနိုင် 11 ရန်ကြီးအောင် 12 ဖြိုးလေး

41 မောင်မောင်ကျော် 42 မောင်မောင်ညွှက် 111 အောင်အောင်ထွေး

112 စောဟန် 129 ဇက်တီ 130 အောင်သန်း

## COVER ESSAY

18 ဖူကူအိုကာမြို့တော် Fukuoka City နှင့်
ညီအစ်မမြို့တော်ရန်ကုန် Yangon City — မြလင်း

## RELIGION

13 ကြီးမြတ်သောအောင်မြင်မှုအထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်တော်
မူအပ်သည့် မဟာဝိဇယစေတီတော် — မောင်မြတ်မှန်(ဆူးလေ)

## CITY ARTICLE

38 ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ကျန်းမာရေးဌာန) — ချမ်းမြေ့(ECO)

## EXPERIENCE ESSAY

104 တောင်သာတောက မောလေအောင် — မိုးပန်းမွှန်(ရာမည)

## ARTICLE

31 မရှိမဖြစ်တဲ့ စွမ်းရည်ပြည့် လူသားအရင်းအမြစ် — ဇော်ဟိန်း

59 တစေ့တစောင်း မူဝါဒကောင်း — ကိုဇော်




73 သန္တာကျောက်တန်းရဲ့ ဖန်ဆင်းရှင်များ
သိပ္ပံစာရေးဆရာကိုကိုအောင်
124 ဒီဂျစ်တယ်ဘိန်းဖြူ သတိမူသင့်ပြီ မကျေးဥ

## OPINION

51 အိုမာခယမ်ကို သဘောမတူနိုင်လောက်တဲ့ ယနေ့ခေတ်လူငယ်များ ဇာနည်စိုး

## STRANGE

86 လာရန်ဂါ ဗုဒ္ဓဘာသာအကယ်ဒမီကျောင်း ရဲမာန်ခ

## TRANSLATION

35 အရေးမပါဘူးလို့ ထင်ရပေမဲ့ မောင်သီဟ
77 သန့်ရှင်းရေး သန့်ရှင်းရေးဟုဆိုကာ ဘုန်း

## PHOTO

100 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ သန့်စင်

## CELEBRITY

119 *Celebrity and Showbiz* ကိုသားကြီး

## SHORT STORY

25 တစ်ဖက်ပိတ်မြေ ဆင်ဖြူကျွန်းအောင်သိန်း
43 မင်းသိစေချင်ပါသည် မြဒါလီ သောင်းဝေဦး
54 မျှော်လင့်ချက်အလင်းရောင်သည့်လည်း
မနေ့ကနှင့် မတူတော့ပေ အောဘုန်းခေတ်
65 ခွန်အားမဲ့ဆည်းဆာ မြန်မာဝေအောင်
81 လက်မှုပညာရှင် ပန်းတနော်နောင်လတ်
90 အသစ်တို့သည်လည်း ဟောင်းကြရမည်သာ အညို
131 ရဲသော်မသေနှင့် ပတ်သက်၍ ရဲမြတ်တင်(အမျိုးသားစာပေဆု)




139 သူငယ်ချင်းဆိုတာ ကောင်းကင်မေ([illegible])

## YOUTH

146 ထူးချွန်ထက်မြက်လိုသူများအတွက်
လက်ဆောင်မွန် ကိုဇော(ပထဝီဝင်)

## JOKE

64, 80, 85, 94, 110, 138, 118 မောင်သီဟ

## HEALTH

95 မျိုးဆက်ပွားကျန်းမာရေး သားဆက်ခြားကာ
ဆောင်ရွက်ပေး ဒေါက်တာမြင့်သန်းထွန်း
113 ယောဂ(Yoga)နှင့် ကျန်းမာရေး ပေါက်ပေါက်

## LONG STORY

150 ရွှေကြာဆစ်ကြီး ခူးချိုးလှည့်ပါ မှဲ့ဒွေသုမွန်






# ရှေးဦးစကား

မင်္ဂလာပါ။

နှစ်သစ်မှာ စိတ်သစ် လူသစ်ဖြင့် ကျက်သရေအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရည်သန်လျက် City Magazine အမှတ်(၂၅၀) ကို ဖြန့်ချိလိုက်ပါပြီ။

ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသော အာဇာနည်သူရဲကောင်း၊ လွတ်လပ်ရေး ဗိသုကာကြီးများ၏ ကျေးဇူးကိုအောက်မေ့သတိရစွာဖြင့် ဂါရဝပြုရင်း၊ ရပြီး လွတ်လပ်ရေးကို မထိပါးရလေအောင် ဆက်လက်စောင့်ရှောက်ရမည့်တာဝန်ကို မလစ်ဟင်းရလေအောင် ဆောင်ရွက်နေကြသည့်၊ ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများကို အလေးဂရုပြုမိပါသည်။

တစ်ဆက်တည်း သတိပြုမိသည်မှာ မိမိတို့ City Magazine သည်လည်း စတင်ထွက်ရှိအောင် စွမ်းဆောင်ခဲ့ကြသူများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့လျက်၊ ဆက်လက်ရှင်သန်အောင် ကြိုးပမ်းကြသူများ၏ အခန်းကဏ္ဍကိုလည်း အလေးထားလျက်ရှိပါသည်။

ထို့ကြောင့် တာဝန်ကိုလေးစားလျက်၊ စာဖတ်ပရိသတ်ကို အလေးထားကာ စာမူရှင်များ ပေးပို့လာသည့် စာမူများကို အဂတိကင်းစွာဖြင့် ရွေးချယ်စုစည်း၍ အမှတ်(၂၅၀)ကို ထုတ်ဝေဖြန့်ချိလိုက်ပါကြောင်း။

မေတ္တာရှေ့ရှု လေးစားမှုဖြင့် -

အယ်ဒီတာချုပ်

# အခန်းဆက်တာဝန်



ပွင့်သစ်ငုံစီ၊ ဆောင်းပန်းချီဝယ်
ချယ်ရီနီမောင်း၊ အားသစ်လောင်း၍
ကျောင်းဆင်းကာစ၊ ညိုငယ်လှတို့
ဆံစတိုတို၊ နီညိုနေလောင်
သားရောင်မွဲလျက်၊ နွေတစ်ရက်ဝယ်
နှုတ်ဆက်အလေးပြု၊ ပျော်ရွှင်မှုဖြင့်
သွေတာ ကိုယ့်တာ၊ ကျေပွန်ပါအောင်
ပမာငှက်ငယ်၊ ပျံမည့်နယ်သို့
တို့ဝယ်ခွဲခွာ၊ နှစ်များစွာပင်
ရာသီဆင့်လောင်း ပြောင်းခဲ့ပြီ။

နှစ်ပေါင်းနှစ်ဆယ်၊ ခုဝယ်လှည့်ပြောင်း
ချိန်ကြာညောင်းပြီ၊ ပြောင်းကြ ရွှေ့ကြ
တာဝန်ကျသည်၊ ဒေသအနှံ့
ခြေဆန့်ဦးတည်၊ ခရီးရှည်ခဲ့
နှောင်ညီအစုံ၊ မတွေ့ဆုံလည်း
တွေ့ဆုံသည့်လား၊ သတင်းများကို
ကြားရ ဝမ်းသာ၊ ဂုဏ်ယူပါ၏
ဘယ်မှာ ဘယ်သူ၊ အောင်ပန်းချူလျက်
ဘယ်သူတွေက၊ ဘယ်ဒေသ၌
ကျသည့်တာဝန်၊ ထမ်းကျေပွန်ကြ
သိမ်းစွန်ငှက်လား၊ မိုးတိမ်ကြားဝယ်
ပျံသွားလျက်ပါ၊ အချို့မှာတည့်
ရေပြာလှိုင်းကြား၊ မျှော်သည့်ငါးသို့
လူးလားခေါက်တုံ့၊ အချို့ကြို၏
ပြည့်ဂုဏ်မြှင့်တင်၊ အချို့တွင်မူ
ခြံသို့အလား၊ တောမြိုင်ကြား၌
မနားမဖင်၊ ခရီးနှင်ကြ
စုံလင်သတင်း၊ ဂုဏ်ထင်လင်းသည့်
ဆွေရင်းနှောင်ညီ အောင်စစ်သည်။
ကိုယ်စီတာဝန် ကျေဘိသည်။

ဪ . . .
အစ်ကိုမှညီ၊ ညီမှ တူသား
မြေးမြစ်များတိုင်
သွားဆဲ အားခဲ၊ မနားဘဲတည့်
ရဲရဲရက်ရက်၊ တိုင်းပြည်တွက်လျှင်
အသက်ကို မမှု၊ သူရဲဟူစွ
ညီတူအစွမ်း၊ အံ့ဘနန်းလျှင်
အခန်းဆက်တာဝန်၊ ထမ်းကျေပွန်သည်
ပြည့်မွန်ရင်နှစ် စစ်တကား။ ။

**မြင်းမူမောင်နိုင်မိုး**

# မြန်မာမျိုးပေမို့

"သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ"တဲ့
အရုပ်ဆိုးစွာ လူမြင်ကွင်းမှာဖြင့်
ထင်းထင်းကြီး ချိတ်လေသည်။

ထို့နောက်တစ်ဖြာ
"လူသာလာပါ ပြဿနာခေါ်မလာပါနဲ့"ရယ်လို့
သိက္ခာမဲ့ စာအဖျင်းတွေနဲ့
မြင်ကွင်းမှာ သေချာကပ်
ဖတ်မိပါသည်။

သို့ကတဲ့
တချို့ကလည်း တစ်မူထုတ်လို့
"ကျွန်ုပ် ဒုက္ခရောက်စဉ်က သင်ဘာကူညီခဲ့ဖူးသလဲ"တဲ့
ရေးရဲလို့ ချိတ်ရဲသည်
စိတ်ထဲ မကြည်စရာကွယ့် အဖျင်းစာများ။

မည်သို့ဆိုစေ
အနီတို့တစ်တွေ မြန်မာမျိုးပေမို့
အရိုးခံ မေတ္တာနှင်းပါလို့
အပြစ်အနာကင်း စေတနာပိုတဲ့
"ကြိုဆိုပါ၏" "မင်္ဂလာပါ" စာပုလဲကိုဖြင့်
ချိတ်ဆွဲကာ ဂုဏ်ယူစမ်းပါလို့
မှာတမ်းခြွေ လက်ာတေးကို
ရေးမိတကား။ ။

မောင်စိမ်းနောင်(လယ်ဝေး)



# လှမ်းခဲ့ပါတို့ဌာနေ

ရာသီက နှစ်ထွေ
မိုးနှင့်နွေ ယှဉ်ကာလှ
ရောရှလို့မွှေ၊
မြစိမ်းတဲ့ဌာနေ
ရွက်နုဝေ ပသာဒ၊
စိမ်းစိုစိုမြင်နေကျ
စင်ကာပူ ခေါ်တွင်ကြ
ဥယျာဉ်မြို့ပြ။

ရောင်နီက ပြယ့်တပြယ်
နေ့စွယ်က လင်းရောင်နှော၊
နေ့စဉ်သာ စဉ်လာမမော
ဥသြပျို့ မာန်ဟုန်ဇော
လွှမ်းတေးကသြ။

ဂေါ်ယာဆီ နေ့စွယ်ကျ
ဥသြလှ မနေသာ
ဆည်းဆာမှာ စဉ်လာမနေး
လွှမ်းတေးဆိုရှာ၊
နွေအလှ သူမွေ့ရှာ
ရော်ရွက်ဝါ မမြင်ရ၊
မိုးအမျှုန် မာန်ဟုန်ပြ
ပုန်းလို့ခိုရ။

နေ့နှင့်ည 'နှစ်' 'လ' သချွေ
ရှာရှာဖွေ နွေဥသြ
လွှမ်းမောရှာပေ၊
လှမ်းခဲ့ပါ့ တို့ဌာနေ
လေရူးမွှေ ရွက်ကြွေတော၊
ရဂုံဖွေ ပန်းစုံနှော
ရှုလေလေ ရွှင်ကြည်မနော
ပြေလိမ့်အမော။ ။

ကျော်စောဟန်



# အဆုံးစွန်သောဘဝ



ငါသည်
ကြေးရတတ်မှ ပေါက်ဖွားရ၍
လောကဝင့်ဝါ၊ သာကြီးသာခဲ့
ဘာမဆိုဖြစ်၊ ဖြစ်သမျှလုပ်
လုပ်သမျှတင့်၊ တင့်သမျှထည်
ထည်သမျှခေါင်၊ အဖြူရောင်တည့်
မြူမှောင်မသန်းဖူးခဲ့ပါ။

မိရိပ် ဖအောက်၊ နိမိတ်ထောက်ရင်း
လွန်မြောက်ထွက်ခွာ၊ သောအခါတွင်
ကြင်ရာလည်းစုံ၊ သားတစ်စုံနှင့်
လှူဘုံခန်းဝင်၊ ခရီးစဉ်ထက်
ခြေခွက်လက်ပန်း။ တစ်ခါနွမ်းခဲ့
နွမ်းသည့်တစ်ခါ သင်ခန်းစာ။

ရေပြာအနောက်၊ စခန်းပျောက်ခဲ့
ပျောက်သည့်ခဏ တွေ့ကြုံရ။

မြေခ ရှက်ကြော၊ စိတ်တေလေခဲ့
လေခဲ့တစ်ခွင့်၊ နှိုင်းချိန်ချင့်။

မသင့်လေမိုး၊ အညွန့်ကျိုးခဲ့
ကျိုးသည့်တစ်ကြိမ် တည့်မတ်ချိန်။

တစ်မှိန်တစ်ငုံ၊ ယိုင်လဲတန့်ခဲ့
တန့်ခဲ့တစ်လီ ဦးမော့ချီ။

တစ်ချီတစ်မှတ် အခြေလွှတ်ခဲ့
လွှတ်သည့်ခဏ ခေါင်းထောင်ထ။

ဘဝတစ်ဆစ်၊ သတိလစ်ခဲ့
လစ်သည့်သတိ အားမာန်ညှိ။

ကြုံသည့်အင့်၊ ခိုက်အတန့်မှာ
စက္ကန့်မခြား။ အသီမှားခဲ့
ရွေ့လျားမိနစ်၊ အကျိုးဖြစ်ခဲ့
နေ့ နှစ် လပေါင်း။ ထောင်သောင်းများစွာ
သင်္ချာနန္တ၊ ကြုံဆုံရသည့်
ဘဝဖြစ်ထွေ၊ အမြူတေကို
ငါလေရှာတွေ့၊ သည်ယနေ့မှာ
ပျော်မွေ့အတွေ့၊ ခဝါချရင်း
ဘဝငြိမ်းအေး နိုင်ခဲ့တကား။ ။

မောင်လွှမ်းနိုင်(စံပယ်ငုံ)


အများပိုင်ငွေဖြုန်း
သိရဲ့သားနဲ့... ဘာလို့
ခိုးရတာလဲ...
လှူဖို့ပါခင်ဗျာ--

# City CARTOON




City CARTOON




City
CARTOON
အကျိုးဖြစ်ထွန်းမယ့်
ကိစ္စဆို လုပ်ပြီးသားပဲ
ဘယ်သူ့အကျိုးလဲ
ကိုယ့်ကျိုးလေ

# ကြီးမြတ်သောအောင်မြင်မှု အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်တော်မူအပ်သည့် မဟာဝိဇယ စေတီတော်

မောင်မြတ်မွန်(ဆူးလေ)



ရန်ကုန်မြို့ကြီး၏ တံခွန်ဖြစ်တော်မူသော မြတ်ဘုရားရွှေတိဂုံ၏ ထီးရိပ်ဝန်းအောက်တွင် ရှေးဟောင်းလက်ရာစာရင်းဝင် ''ရဟန္တာမဟာသိမ်တော်ကြီး''နှင့် ''ဓမ္မရက္ခိတကုန်းမှထက်၌ တည်ထားကိုးကွယ်သည့် ကြီးမြတ်သော အောင်မြင်မှုအထိမ်းအမှတ်''၏ နိမိတ်ပုံဖြစ်သော ''မဟာဝိဇယစေတီတော်မြတ်''တို့သည် ရွှေတိဂုံဘုရားလမ်း၏ အရှေ့ဘက်နယ်နိမိတ်နှင့် အနောက်ဘက် နယ်နိမိတ်တို့တွင် တည်ရှိနေကြပေသည်။ မဟာဝိဇယစေတီတော် တည်ထားကိုးကွယ်ရာ ကုန်းမြတ်မြေမွန် သမိုင်းကြောင်းနှင့် မဟာဝိဇယစေတီတော် တည်ထားကိုးကွယ်မှု ''ဖျူပွတ်'' (အကြောင်းအရင်း)များသည် စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ပြည့်စုံလှပေသောကြောင့် ရေးသားတင်ပြလိုက်ရပါပေသည်။

**မဟာဝိဇယစေတီတော်တည်ရာ မူလဘူတ ဓမ္မရက္ခိတကုန်းတော်မြတ်**

မူလဘူတ ဓမ္မရက္ခိတကုန်းတော်မြတ်သည် မြတ်ဘုရားရွှေတိဂုံ တည်ထားကိုးကွယ်ရာ ''သိင်္ဂုတ္တရတောင်တော်မြတ်နှင့် တစ်ဆက်တည်းဖြစ်ခဲ့လေသည်။ ဓမ္မရက္ခိတကုန်းတော်အမည်တွင်ခဲ့သည်မှာ ကား ကေရီဘုရင်မကြီး ရှင်စောပုသည် မြတ်ဘုရားရွှေတိဂုံကို ဘက်စုံမွမ်းမံရုံမျှမက၊ စေတီတော်အတွက် ''ဝတ္ထုကမြေ''မြေကွက်မြားစွာကို လှူဒါန်းခဲ့သည်။ ထိုဝတ္ထုကမြေအကျယ်အဝန်းသည် ပဲခူးရွှေမော်ဓောစေတီတော် ဝတ္ထုကမြေအကျယ်အဝန်းထက်ပင် ''တစ်လံ''မျှ ပိုနေသေးသည်ကို အထိမ်းအမှတ်ပြုသည့် ''အလံတစ်ပိုကျေးရွာ''အမည်မှာ မျက်မှောက်ကာလတိုင် လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာအုပ်စုအတွင်း၌ တည်ရှိနေသည်။ ယင်းကျယ်ဝန်းလှသော ဝတ္ထုကမြေကို ဓမ္မစေတီမင်းက လူနေရပ်ကွက်များ တည်ထောင်နိုင်စေရန် ''ချုံ''ပေးခဲ့ရလေသည်။ ကေရီဘုရင်မကြီး ရှင်စောပုသည် ''ဟံသာဝတီ''ထီးနန်းကို ၇ နှစ်မျှသာ စံမြန်း



ပြီးနောက် ''ဒဂုံ''သို့ ထွက်ခွာလာကာ၊ ရွှေတိဂုံစေတီတော် ထီးရိပ်ဝန်းအောက်၌ ''ဇရာ''ကို ကျော်မြတ်နိုင်ရန် ''ရှင်စောပုမြို့''ကို တည်ဆောက်နေထိုင်တော်မူခဲ့သည်။ မြတ်ဘုရားရွှေတိဂုံကို အာရုံပြုရင်း ဘုရင်မကြီးချစ်စောပု ''နဝင်္ဂသီလ'' ဆောက်တည်ရာ ကုန်းမြတ်မြေမွန်ဖြစ်သောကြောင့် ''ဓမ္မရက္ခိတ''(တရားစောင့်)ကုန်းမြတ်ဟု အမည်တွင်ခဲ့ပေသည်။ ကေရီဘုရင်မကြီး ရှင်စောပုသည် ၁၅/၁၆ ရာစုကပင် ကေရီ Empress ဘွဲ့ကို ရရှိခဲ့ပေရာ ၁၈/၁၉ ရာစုကျမှသာ Empress ဘွဲ့ကို ရရှိခဲ့သည့် Empress Victoria ထက်ပင် စောစီးစွာရရှိခဲ့ပေသည်။

ကုန်းဘောင်မင်း၊ ရွှေဘိုမင်းနှင့် သာယာဝတီမင်းဟုခေါ်တွင်သော ကုန်းဘောင်မင်းဆက် ၈ ဆက်မြောက်၊ မင်းတုန်းမင်းတရားကြီး၏ ခမည်းတော်ဖြစ်သူ သာယာဝတီမင်းသည် ငါးမည်ရမြို့ ရန်ကုန်တွင်ပါဝင်သော ဥက္ကလာပ အောင်မြေရန်နှင်မြို့ကို တည်ဆောက်တော်မူခဲ့သည်။ ထိုဥက္ကလာပအောင်မြေရန်နှင် မြို့ရိုး (အရှေ့ဘက်)သည် ဓမ္မရက္ခိတကုန်းမြေအဝန်းအဝိုင်းအတွင်း တည်ရှိခဲ့ပုံကို ''စာစုပါရဂူ''ဟု ဂုဏ်တင်ခံရသူ မော်တီဆရာသိန်းကြီးက လေ့လာမှတ်တမ်းပြုထားခဲ့သည်။ ကုန်းဘောင်မင်း၊ ရွှေဘိုမင်းနှင့် သာယာဝတီမင်း သုံးမည်ရသော မင်းတည်သည့် ''ဥက္ကလာပ အောင်မြေရန်နှင်မြို့၏ အရှေ့ဘက်မြို့ရိုးသည် ယခု ဂေါ်ရာကုန်း (ဓမ္မရက္ခိတကုန်းတော်) အရှေ့ကျသည်။ အလံတင်စေတီ(ယခု အလံပြဘုရား)သည် ဥက္ကလာပအောင်မြေရန်နှင် မြို့တွင်းကျသည်။ တောင်ဘက်မြို့ရိုးသည် ဂျူဘလီရုံ(Jubilee Hall/ တပ်မတော်စစ်သမိုင်းပြတိုက်-ဟောင်း)နှင့် ကျားကူးသိမ်(ရှေးဟောင်းလက်ရာစာရင်းဝင် ကျားကူးကျောင်းတိုက်)အကြား ကျသည်။ ကျားကူးသိမ်တည်နေရာသည် မြို့ပြင်ကျုံးထိပ်ရှိ ကျားကူးတံခါးဖြစ်သည်။ မြောက်မြို့ရိုးသည် ရှေးက ရှင်စောပုတည်ဆောက်သော မြို့ရိုးအတိုင်းပင်ဖြစ်သည်။ အနောက်မြို့ရိုးသည် ''မစ်ရှင်လမ်း(ယခု အလုံလမ်း) အနီး ကျမည်''ဟု ဖြစ်ပေသည်။

ဂေါ်ရာကုန်းအမည်ရခဲ့သည်ကား–

စာစုပါရဂူ မော်တီဆရာသိန်းကြီး မှတ်တမ်းပြုခဲ့သောခေတ်သည် ''ကိုလိုနီခေတ်''ဖြစ်၍ ကိုလိုနီအမည် ''ဂေါ်ရာကုန်း''ဟုသာ မှတ်တမ်းပြုထားခြင်းဖြစ်သည်။ ဂေါ်ရာကုန်းအမည်ရခဲ့သည်မှာ ရန်ကုန်မြို့ကို အလစ်အငိုက်တွင် ဝင်ရောက်တိုက်ခိုက်ပြီး ရွှေတိဂုံ ကုန်းမြေကို ''ခံတပ်'' Shwedagon Forte ပြုလုပ်ခဲ့သည့် နယ်ချဲ့ကျူးကျော်သူ Sir Archibald Campbell ကြောင့်ပင် ဖြစ်ပေသည်။



ပထမအင်္ဂလိပ်-မြန်မာ ကျူးကျော်စစ် ခရစ် ၁၈၂၄ တွင် ရှင်မဖြူ ကျွန်း အရေးအခင်းကြောင့် ဖြစ်ပွားခဲ့ရသည့် "ရာမူး-ပန်းဝါ" တိုက်ပွဲ၌ နယ်ချဲ့တပ်သည် အရေးနိမ့်သွားခဲ့ရသည်။ မဟာဗန္ဓုလ ဦးစီးသော မြန်မာရဲမက်တို့သည် နယ်ချဲ့ပိုင် ဘင်္ဂလားနယ်အထိ ဝင်ရောက်သိမ်းပိုက်နိုင်သော်လည်း "သစ္စာရှိသော လူမျိုးပီသစွာ မိမိပိုင်နက်နယ်မြေကိုသာ" ကာကွယ်ထိန်းသိမ်းခဲ့သည်။ အာရှိဘော ကင်းဘဲလ် ဦးစီးသည့် နယ်ချဲ့တပ်တွင် အိန္ဒိယကိုလိုနီက "ဂေါ်ရာ" (ပထန်)များကို "စစ်ပါဟီ"(Sepoy) တပ်အဖွဲ့အနေဖြင့် ပါဝင်တိုက်ခိုက်စေခဲ့သည်။ မြန်မာရဲမက်တို့အား အရေးနိမ့်ခဲ့ရသည့် နယ်ချဲ့တို့သည် အာရှိဘောကင်းဘဲလ်ဦးစီးသောတပ်ကို အလစ်အငိုက်တွင် ရန်ကုန်မြို့အား ဝင်ရောက်တိုက်ခိုက်စေခဲ့သည်။ အာရှိဘော ကင်းဘဲလ်သည် ရွှေတိဂုံကုန်းမြေတွင်တပ်စွဲပြီး ရှေ့တန်းကာစည်း အဖြစ် သီဟိုဠ်ရကျွန်းတော်မြတ်နှင့် ကုန်းမြေတစ်ဆက်တည်းဖြစ်သော "မွေရက္ခိတကုန်းမြတ်"၌ "ဂေါ်ရာစစ်သား"များအား တပ်စခန်းချနေထိုင်ခဲ့စေရာမှစတင်ကာ "ဂေါ်ရာကုန်း"အမည်တွင်လာခဲ့သည်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတိုင်ဖြစ်ခဲ့လေသည်။ နယ်ချဲ့တပ်ဖြင့်ပါလာသူ ကပ္ပလီစစ်သားများအား တပ်စခန်းချနေထိုင်ခဲ့ရာကိုလည်း "ကပ္ပလီကွက်သစ်"ဟု ခေါ်တွင်ခဲ့ဖူးသည်။ (ယခု ဖက်ဆစ်တော်လှန်ရေး စစ်ထွက်ရာဖြစ်၍ "တော်လှန်ရေးပန်းခြံ"ဟု ခေါ်သည်။)

ခရစ် ၁၉၂၈ ခုနှစ်တွင် သီဟိုဠ်ရကျွန်းတော်နှင့် မွေရက္ခိတကုန်းမြတ်အား ပိုင်ခြားကာ ဦးဒေါင်ဘိုလမ်းကို ဖြတ်သန်းဖောက်လုပ်လိုက်သောကြောင့် သီဟိုဠ်ရကျွန်းတော်နှင့် မွေရက္ခိတကုန်းမြတ်တို့ သီးခြားဖြစ်သွားရသည်ကို မဟာဝိဇယစေတီတော် တည်ထားသောအခါ ကားလမ်းကျော်ခုံးတံတားဖြင့် ပြန်လည်ဆက်စပ်ပေးထားပြီးဖြစ်ပေသည်။

## ကြီးမြတ်သောအောင်မြင်မှုကို အထိမ်းအမှတ်ပြု၍ တည်ထားသည့် "မဟာဝိဇယစေတီတော်"

ထေရဝါဒ ဗုဒ္ဓသာသနာတော်သမိုင်းတွင် "သံဃဂိုဏ်းကြီး" ၉ ဂိုဏ်း၏ ဂိုဏ်းပေါင်းစုံ သံဃာ့စည်းဝေးပွဲကြီး ထမြောက်၊ အောင်မြင်မှုကို အထိမ်းအမှတ်ပြု၍ စေတီတော်တည်ထားကိုးကွယ်ရန် ဩဝါဒခံယူတော်မူခဲ့သည်။ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကရေ မွေဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးက ဂေါ်ရာကုန်း အမည်တွင်နေသည့် မူလအမည် မွေရက္ခိတကုန်းမြတ်မြေမွန်သမိုင်းစဉ်ကို ရှင်းလင်းမိန့်ကြားခဲ့သည်။ ထိုကုန်းမြတ်သည် သီဟိုဠ်ရကျွန်းတော်နှင့် တစ်ဆက်တည်းဖြစ်ခဲ့သကဲ့သို့ ရွှေတိဂုံစေတီတော်ကြီး၏ အလှူ့ဒါယိကာမကြီးဖြစ်သူ ကောရီဘုရင်မကြီးရှင်စောပုသည် စေတီတော်ကြီးအား မွမ်းမံတည်ဆောက်ရင်း ကိုယ်အလေးချိန်နှင့်အမျှ ရွှေစင်ရွှေသားများကို ဆက်ကပ်လှူဒါန်းပြီး ဇရာကိုကျော်ဖြတ်ရန် ထိုကုန်းမြတ်တွင် အဓိဋ္ဌာန်ဝင်၍ နဝင်္ဂသီလကို စောင့်ထိန်းခဲ့သောကြောင့် မွေရက္ခိတ(တရားစောင့်)ကုန်းတော် အမည်တွင်ခဲ့ပေသည်"ဟု မိန့်ကြားကာ ထိုကုန်းမြတ်တွင်ပင် စေတီတော် တည်ထားကိုးကွယ်ရန် ဩဝါဒပေးတော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးက ဤ မွေရက္ခိတ(တရားစောင့်ကုန်း)





ထက်ဝယ် ကြီးမြတ်သောအောင်မြင်မှုကို အထိမ်းအမှတ်ပြုသည့် ''မဟာဝိဇယစေတီတော်''ကို အကြောင်းပြုကာ ရဟန်း၊ ရှင်လူ ပြည်သူအပေါင်းတို့သည် တရားစောင့်ကုန်လတ္တံ့ ''စေမ္မာ၊ ဟာဝေ ရက္ခိတ၊ ဓမ္မစာရီ''ဟူသော တရားတော်နှင့်အညီ တရားစောင့်သူ တို့အား တရားကလည်း ပြန်လည်စောင့်ရှောက်ပေလိမ့်မည်ဟု သမိုင်းဝင်ဩဝါဒကထာကို ထားရစ်တော်မူခဲ့လေသည်။ မဟာ+ဝိဇယ=ကြီးမြတ်သော အောင်မြင်မှုဟူသော ဘွဲ့မည်ရည်ကို လည်း မင်းကွန်းဆရာတော်ဘုရားကြီးကပင် စိစစ်ရွေးချယ်ပေးတော် မူခဲ့ခြင်း ဖြစ်ပါပေသည်။

ထို ဂိုဏ်းပေါင်းစုံ သံဃာ့ဂိုဏ်းကြီး ၉ ဂိုဏ်း ဖွဲ့စည်းအောင် မြင်မှုကို ဂုဏ်ပြုသောအနေဖြင့် နီပေါဘုရင်မင်းမြတ်နှင့် မိဖုရားတို့ က ''ဓမ္မပဏ္ဏာတော် ရုပ်ပွားဆင်းတုစေတီတော်နှင့် လုမ္ဗိနီမဟာမြေ မာတ်တော်ကြွပ်''များကို လက်ဆောင်တော်ပေးအပ်လာလေသည်။

ယင်း ''ဓမ္မပဏ္ဏာတော်''များကို အခြေတည် ''ဌာပနာ''ကာ ကြီးမြတ်သော အောင်မြင်မှုအထိမ်းအမှတ်ဖြစ်သည့် မဟာဝိဇယ စေတီတော်ကို ဓမ္မရက္ခိတကုန်းမြတ်မြေမှုန်၌ စတင်တည်ထားကိုး ကွယ်ရန် ''မြန်မာရိုးရာ ရွှေထုံးစဉ်လာ ကျမ်းကြီးကျမ်းခိုင်များ ဖြစ်ကြသည့် ကုန်းဘောင်ခေတ် ဝိသုကာကျမ်း၊ ဌာပနာကျမ်း၊ စေတီဘုရားတည် ထားနည်းကျမ်းနှင့် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံကျမ်း များနှင့်အညီ နဝကမ္မဋ္ဌကရေဒါ မဟာမင်္ဂလာသဘင်ကို အခမ်း အနား ၉ ဆင့်ဖြင့် အလှိုင်းတကြီး၊ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ လေသည်။

## မဟာဝိဇယစေတီတော် တည်ထားကိုးကွယ်ပုံအဆင့်ဆင့်

မဟာဝိဇယစေတီတော်၏ ပုံသဏ္ဌာန်သည် ဂူဘုရားပုံစံကဲ့ သို့ အာရုံတော်လိုဏ်ဂူခံပြီး တည်ဆောက်ကိုးကွယ်ထားခြင်းဖြစ် သည်။ စေတီတော်၏ ပထမပစ္စယာသည် လိုဏ်ဂူတော်ကြီးပင် ဖြစ်ပေသည်။ လိုဏ်ဂူတော်ကြီး၏ အချင်းမှာ ပေ ၆၀၊ အမြင့်မှာ ၄၆ ပေရှိကာ ပန္နက်မြေမှာ ၆၅ ပေနှင့် ၈ လက်မရှိသည်။ မဟာဝိဇယစေတီတော်ကြီး၏ ဉာဏ်တော်(အမြင့်)ကား ၁၆၉ ပေ တိတိဖြစ်လေသည်။

ဂန္ဓကုဋီတိုက်အတွင်းဝယ် ''အပရာဇိတ'' ရှစ်မြောင့်ပလ္လင် တော်တွင် ဧကိတမဘုရားရှင်ကို ''ဗျာဒိတ်ခံဆုယူဘုရား ၇ ဆူဖြင့် ဝန်းရံထားကာ၊ ပလ္လင်တော် ၈ ခန်းမှာ စံပါယ်တော်မူနေဟန်ဖြင့် ထုဆစ်ပူဇော်ထားလေသည်။ ၄၅ တန်ရှိသော ကျောက်တုံး ကြီး၏ ကျောက်ကလပ်တော်ထက်၌ ရုပ်ပွားတော် ၈ ဆူအား ပလ္လင်တော် ၈ ခန်းဝယ် စံမြန်းတော်မူဟန်ကို ပန်းတမော့လက်ရာ ဖြင့် တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ထူးခြားစွာ ထုဆစ်ပုံဖော်



မဟာဝိဇယစေတီတော်၏ ပုံသဏ္ဌာန်သည်
ဂူဘုရားပုံစံကဲ့သို့ အာရုံတော်လိုဏ်ဂူခံပြီး
တည်ဆောက်ကိုးကွယ်ထားခြင်းဖြစ်သည်။
စေတီတော်၏ ပထမပစ္စယာသည်
လိုဏ်ဂူတော်ကြီးပင် ဖြစ်ပေသည်။



ပေးထားလေသည်။ ကျောက်ကလပ်တော်အတွင်းမှာ မွေ ပဏ္ဏာတော်ဖြစ်သော နာဂစီဝရာပဋပဋိမာ ရုပ်ပွားတော်ကို ဝိဇယမုဒြာဖြင့်လည်းကောင်း။ အရပ်ရှစ်မျက်နှာတွင်လည်း အမျိုးမျိုးသော မုဒြာပုံစံဖြင့်လည်းကောင်း ထုဆစ်ပူဇော်ထားသည်ကို ပလ္လင် ၈ ခန်းဝယ် ဖူးမြင်နိုင်ကြပေသည်။

မဟာဝိဇယစေတီတော်ကြီး၏ လိုဏ်ပတ်လမ်းအတွင်းဝယ် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်နယ်နှင့်တိုင်းများတွင် တည်ထားကိုးကွယ်သည့် သမိုင်းဝင် တန်ခိုးကြီးဘုရားအဆူဆူကိုလည်း ပြခန်း ၈ ခန်းဖြင့် ပြသပူဇော်ထားလေသည်။ မဟာဝိဇယစေတီတော်သို့ နီပေါနိုင်ငံမှ ပေးလှူထားသော ဗုဒ္ဓဝင်သစ်ထွင်းပန်းချီကားနှင့် မုဒြာထူးခြားသည့် မတ်ရပ်ရုပ်ပွားတော် ၈ ဆူကိုပါ ဖူးမြင်ကြရပေမည်။

မဟာဝိဇယစေတီတော်ကြီး၏ လိုဏ်ဂူတော်ကြီး အမိုးထက်ဝယ် ပန္နက်တော်တင်ချိန်၌ နက္ခတ်တာရာ၊ ဂြိုဟ်သွား၊ ဂြိုဟ်လာ အလယ်တွင် ''လမင်း''အလင်းရောင်ဖြင့် နက္ခတ်တာရာ(ကြယ်)များ ဝန်းရံလှည့်ပတ်နေခြင်းကို မှတ်တမ်းတင်ရေးဆွဲထားသည့် ''ဇာတာတော်''ပန်းချီကားချပ်ကြီးကို တွေ့မြင်နိုင်ကြပေသည်။ ထို့ပြင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၈ နာရီခွဲနှင့် မွန်းလွဲ ၃နာရီခွဲခန့် အချိန်များ၌ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ''ဘာဏုရာဇာနေမင်းကြီး''က လိုဏ်ဂူအတွင်းရှိ ဆင်းတုတော်အား ရောင်ခြည်အလင်းတန်းဖြင့် ဦးခိုက်ပူဇော်မှုကို လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြစေရန် ဖိတ်ခေါ်လိုက်ရပေသတည်း။

**မောင်မြတ်မွန်(ဆူးလေ)**







# ဖူကူအိုကာမြို့တော် FUKUOKA CITY နှင့် ညီအစ်မမြို့တော်ရန်ကုန် YANGON CITY

မြူလင်း

ညီအစ်မမြို့တော်များ ဖွဲ့စည်းခြင်းသည် စိတ်ဝင်စားဖွယ် ယဉ်ကျေးမှု ဖလှယ်နည်းဟု ဆိုနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး နောက်ပိုင်း ၁၉၄၇ ခုနှစ်လောက်မှစတင်၍ အဆင့်မြင့်အတွေးအခေါ် အယူအဆများကို အခြေတည်၍ တရားဥပဒေအရ (သို့မဟုတ်) လူမှုဆက်ဆံရေးများအရ နိုင်ငံနှစ်နိုင်ငံကြား၊ မြို့တစ်ခုနှင့်တစ်ခုကြား၊ နားလည်မှုများ ခိုင်မြဲလာစေရန်၊ စာချုပ်ချုပ်ဆိုကြခြင်းဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ထိုသို့ ချုပ်ဆိုမှုများတွင် မြို့တော်အချင်းချင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ စီရင်စုများ၊ မြို့နယ်ခွဲများ၊ ဒေသများနှင့် နှစ်နိုင်ငံကြား မြေမျက်နှာသွင်ပြင်အရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်ရေး ရည်ရွယ်ချက်များအရလည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက် ကတိကဝတ်များထားကာ စာချုပ်ချုပ်ဆိုကြခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ကြခြင်းဖြင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုနှင့် နားလည်မှုများ ပိုမိုမြင့်တင်နိုင်ခြင်း၊ နှစ်နိုင်ငံကြား ငြိမ်းချမ်းရေးနှင့် သင့်မြတ်ညီညွတ်မှုတို့ကို မြှင့်တင်နိုင်ခြင်း၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာမှုများ ပိုမိုဖြစ်ထွန်းလာနိုင်ခြင်း စသော ရလဒ်ကောင်းများရရှိ





ကူမင်း(Kunming)

စေရန် ရည်မှန်းကာ ဆောင်ရွက်ကြခြင်းလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရပြီးနောက် ရန်ကုန်မြို့ကို (Rangoon) ဟု စာလုံးပေါင်းခဲ့ပြီး၊ ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် (Yangon) ဟူ၍ မြန်မာအသံထွက်အတိုင်း သတ်မှတ်ခေါ်ဝေါ်ခဲ့ကာ မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှစတင်၍ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်အဖြစ် ပြောင်းလဲကာ၊ မြန်မာနိုင်ငံ၏မြို့တော်မှာ နေပြည်တော် ဖြစ်လာပါသည်။

ရန်ကုန်မြို့နှင့် (Sister City) ညီအစ်မမြို့တော် ထူထောင်ထားသည်များအနက် အချို့ကို ထုတ်နုတ်ဖော်ပြရလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကူမင်း(Kunming)၊ ကျန်စုပြည်နယ်ရှိ ယန်ကျိုးမြို့(Yanzhou City)၊ ကွမ်ရှီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့(Nanning)၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ (Ho Chi Minh City)၊ အီတလီနိုင်ငံ တူရင်မြို့ (Turin City)၊ ဖိလစ်ပိုင်နိုင်ငံ ကွီဇုန်မြို့ (Quezon City) အပါအဝင် ယခုဖော်ပြမည့် ဂျပန်နိုင်ငံ (Fukuoka City) ဖူကူအိုကာတို့နှင့် ညီအစ်မမြို့တော်များ ဖွဲ့စည်းထားရှိခဲ့ပါသည်။

ဖူကူအိုကာမြို့တော်(Fukuoka City) သည် မြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းရှိ ဂျပန်ကျွန်း Kyushu (ကျူချူ)ရှိ ဒုံးစိုက်ရာ မြို့တော်တစ်ခုဖြစ်ပါသည်။ ကျွန်းပေါ်ရှိ (Kitakyushu) ကီတာကျူချူ မြို့တော်ကဲ့သို့ပင် ထင်ရှားသောမြို့တော်ဖြစ်သည်။ ၁၉၇၂ခုနှစ်၊ ဧပြီလ ၁ ရက်

တူရင်မြို့ (Turin City)



ကွီဇုန်မြို့ (Quezon City)





ဟိုချီမင်းမြို့
(Ho Chi Minh City)

နေ့မှစ၍ မြို့တော်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် သန်းခေါင်စာရင်းအရ ဖူကူအိုကာမြို့တော်၌ လူဦးရေ ၂.၅သန်း ရှိခဲ့ပါသည်။ မြောက်ပိုင်း ကူချူကဲ့သို့ အကြီးစား စက်မှုဇုန်ဒေသလည်းဖြစ်သည်။ ဖူကူအိုကာသည် ဖူကူအိုကာ–ကာတာကူချူ စက်မှုဇုန်ဒေသလည်း ဖြစ်၊ ကူချူဒေသ၏ အထင်ရှားဆုံးမြို့တော် ၁၀ ခုတွင် တစ်ခုလည်းဖြစ်သည်။

ဂျပန်ဖူကူအိုကာအဖြစ် ထင်ရှားသော ဆွဲဆောင်မှုများအနက် ပျော်ပွဲရွှင်ပွဲ နှစ်စဉ်ကျင်းပနိုင်ခြင်းသည်လည်း အမှတ်တရတစ်ခုဖြစ်ပါသည်။ နှစ်စဉ် ဇူလိုင်လလယ်တွင် ကျင်းပလေ့ရှိပါသည်။ အထူးပြုလုပ်ထားသည့် လှေပြိုင်ပွဲဖြစ်ပြီး ဇူလိုင်လ ၁၅ ရက်နေ့ နံနက်လင်းအားကြီး၌ အစမ်းပြိုင်ပွဲကျင်းပပြီး ပြိုင်ပွဲကြီးတွင် ဖူကူအိုကာဒေသရှိ (Hakata) ဟာကာတာခရိုင် မြို့တော်ကိုဖြတ်၍ ၅ ကီလိုမီတာနယ်မြေပြိုင်ပွဲအနေဖြင့် နှစ်စဉ်ကျင်းပသော ပျော်ပွဲရွှင်ပွဲမျိုးဖြစ်သည်။

ထို့ပြင် လေဟာပြင်ဈေးတွင် ၇ ယောက်၊ ၈ ယောက်ထိုင်၍ စားနိုင်သော စားပွဲလိုက် တည်ခင်းထားရှိသည့် အစားအစာအမျိုးမျိုးကို စိတ်ကြိုက်ရွေး၍ မြည်းကြည့်ပြီးမှ စားကြသည့် ဈေးရောင်းပွဲတော်မျိုးလည်းရှိပါသည်။ ထိုဆိုင်တန်းကို(Yatai) ရပ်ထိုင်ဟုခေါ်ပြီး၊ ဖူကူအိုကာတစ်လျှောက် ဆိုင်အုပ်စု ၁၅၀ ထက်မနည်း ဟိုတစ်စု ဒီတစ်စု တွေ့နိုင်ပြီး၊ အထူးသဖြင့် တောင်ဘက်ပိုင်းရှိ (Nakasu) နာကာဆုကျွန်း အဆုံးပိုင်းဘက်အခြမ်းရှိ Yatai တို့မှာ အကောင်းဆုံးဟု ဆိုနိုင်သည်။ မြို့တော်၏ အလယ်ပိုင်းလောက်ဟုပြောနိုင်ပြီး အစု ၂၀ ခန့်မှာ Nakasu ကမ်းနားတန်း အရှည်တစ်လျှောက်၌ တွေ့နိုင်သည်။ ဤလေဟာပြင်ဈေးသည် ဖူကူအိုကာမြို့တော်ကို မကြာခဏ သတိရစေသည့် အမှတ်အသားဟုလည်း ဆိုနိုင်ပါသည်။

ထို့အတူ ထင်ရှားသည့် ပန်းခြံ၊ ပန်းဥယျာဉ်များဖြစ်ကြသော (Unimona Kamichi Seaside Park၊ Ohori Park၊ Monochi Seaside Park) တို့မှာ ဖူကူအိုကာမြို့တော်၏ ဝိသေသများဖြစ်ကြပါသည်။

အပန်းဖြေနားနေနိုင်ခြင်း၊ ပန်းရောင်စုံများကို ကြည့်ရှုခံစားနိုင်ခြင်း၊ အားကစားလေ့ကျင့်နိုင်ခြင်း၊ ဖျော်ဖြေမှုများကို ကြည့်ရှုနိုင်ခြင်း၊ ပန်းခြံတစ်လျှောက် ပေါ့ပေါ့ပါးပါး အားကစားပြုလုပ်နိုင်ခြင်း၊ ကမ်းခြေ၏ အလှအပနှင့် ခေတ်မီတည်ဆောက်ပြုပြင်ထားမှုများကို လာရောက်သူများအတွက် အမှတ်တရများပေးစွမ်းနိုင်ခြင်း၊ ကောင်းကင်မြင်ကွင်း ရှင်းလင်းစွာဖြင့် ခံစားနိုင်ခြင်း အစရှိသော လွတ်လပ်ပျော်ရွှင်မှုတို့ကို ရရှိစေနိုင်ခြင်းများကြောင့် ဖူကူအိုကာမြို့တော်မှာ ပို၍ထင်ရှားလာခြင်း ဖြစ်ပါသည်။

ဖူကူအိုကာမြို့တော်တွင် ပြုပြင်ဖန်တီး

အစားအစာအမျိုးမျိုးကို စိတ်ကြိုက်ရွေး၍ မြည်းကြည့်ပြီးမှ စားကြသည့် ဈေးရောင်းပွဲတော်မျိုးလည်း ရှိပါသည်။ ထိုဆိုင်တန်းကို(Yatai) ရပ်ထိုင်ဟုခေါ်ပြီး၊ ဖူကူအိုကာတစ်လျှောက် ဆိုင်အုပ်စု ၁၅၀ ထက်မနည်း ဟိုတစ်စု ဒီတစ်စု တွေ့နိုင်ပြီး...



**ကာယသုခ၊ စိတ္တသုခများကို ပေးစွမ်းနိုင်သော၊ ဆွဲဆောင်မှုရှိသော (Fukuoka City) ဖူကူအိုကာမြို့တော်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော (Yangon) ရန်ကုန်မြို့တို့ကို ညီအစ်မမြို့တော် ဆက်ဆံရေးတည်ဆောက်ရန်အတွက် . . .**

ထားသည့် ရေမြောင်းတစ်လျှောက် ပတ်လည်တွင် ခေတ်မီခေတ်ဆန်၊ အဆောက်အဦများဖြင့် ဝန်းရံထားသော (Canal City Hakata) ဟုခေါ်သောနေရာသည် (City Within the City) မြို့တော်တွင်းရှိ မြို့တော်ဟု တင်စားနိုင်သည့် ပတ်ဝန်းကျင်ဖန်တီးမှုဖြင့်လည်း ဆွဲဆောင်မှုကြီးမားပါသည်။ အသူးဆောက်လုပ်ထားရှိပါသည့် Complex အဆောက်အဦကြီးထဲတွင်လည်း ဆိုင်ခန်းပေါင်း ၂၅၀ ကျော်၊ ကာဖီးဆိုင်များ၊ စားသောက်ဆိုင်များ၊ ပြဇာတ်ရုံ (Theater)၊ ဂိမ်းအားကစားခန်းမ(Game Center) ရုပ်ရှင်ရုံများ၊ ဟိုတယ်နှစ်ခုတို့ဖြင့် တည်ဆောက်ထားပြီး အဆောက်အအုံကြီးအား ဖြတ်၍ တည်ဆောက်ထားသော ရေမြောင်းနှင့် အလှအပများကိုပါ တစ်ပြိုင်နက်တည်း ခံစားနိုင်ပါသည်။ ဘာသာရေး အဆောက်အအုံအဖြစ် (Shofukuji Temple) ကိုလည်း လေ့လာနိုင်ပါသည်။ ခရစ်နှစ် ၁၁၉၅ တွင် ခရစ်ယာန်ဘုန်းတော်ကြီး အီဆယ် (Eisai) သည် တရုတ်နိုင်ငံမှ သယ်ဆောင်လာခဲ့သော ဇင်ဗုဒ္ဓဘာသာတစ်မျိုးဖြစ်သည့် (Rinzai Sect of Zen Buddhisn) ဘာသာရေးဆိုင်ရာ ဘုရားကျောင်းကိုလည်း ဂျပန်နိုင်ငံ၏ ပထမဆုံးသော ဇင်ဘုရားကျောင်းအဖြစ် လေ့လာနိုင်ပါသည်။

ထိုသို့အစရှိသော လှပသားအရင်းအမြစ်များ၏ ကာယသုခ၊ စိတ္တသုခများကို ပေးစွမ်းနိုင်သော၊ ဆွဲဆောင်မှုရှိသော (Fukuoka City) ဖူကူအိုကာမြို့တော်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော (Yangon) ရန်ကုန်မြို့တို့ကို ညီအစ်မမြို့တော် ဆက်ဆံရေးတည်ဆောက်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဖူကူအိုကာမြို့တော် (Fukuoka City) သည် ရန်ကုန်မြို့တော်နှင့် ညီအစ်မမြို့တော် ဆက်ဆံရေးမထူထောင်မီ အခြားသော မြို့တော်များနှင့်လည်း ညီအစ်မမြို့တော်ဆက်ဆံရေး ထူထောင်ထားရှိသည်များ တွေ့ရှိရပါသည်။ ၁၉၆၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု Oakland မြို့နှင့်လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guang zhou မြို့နှင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် နယူးဇီလန်နိုင်ငံ Auck Land မြို့နှင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် မလေးရှားနိုင်ငံ Ipoh မြို့နှင့်လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု Atlanta မြို့နှင့်လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့နှင့်လည်းကောင်း၊ Sister City MOU စာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ညီအစ်မမြို့တော်ဆက်ဆံရေးထူထောင်ခြင်း၏ အနှစ်သာရမှာ ဆက်ဆံရေးထူထောင်သော နှစ်ဦးနှစ်ဖက်ကြားတွင် ပိုမိုရင်းနှီးကျွမ်းဝင်မှုနှင့် နား



**ရန်ကုန်သည် စီးပွားရေးမြို့တော်အဖြစ် ဦးတည်ရွေ့လျားလျက်ရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် လူဦးရေနှင့် သုံးစွဲမှုအချိုးအစားများအနက် ဦးစားပေးရန်ဖြစ်သည့် ရေလုံလောက်မှု၊ စနစ်တကျဖြန့်ဝေနိုင်မှု၊ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှု၊ အစဉ်သန့်ရှင်းသော မြို့တော်ဖြစ်ရန်. . .**

လည်ပတ်မှုများ တိုးမြှင့်ရေး ကုန်သွယ်ရေး ခရီးသွားလာမှုတိုးတက်ရေး ယဉ်ကျေးမှုများ ဖလှယ်နိုင်ရေး၊ နိုင်ငံတကာစီးပွားရေး ဆောင်ရွက်ရာ ကြားခံအဆက်အသွယ်များ တည်ရှိနိုင်ရေး စသည်များမှာ ကောင်းမွန်သော အနာဂတ်အတွက် ခြေလှမ်းသစ်များ ဟု ဆိုရမည်ဖြစ်ပါသည်။ ဖူကူအိုကာမြို့တော်၏ ကမ္ဘာပေါ်တွင် ထင်ရှားသော ရေ ထိန်းသိမ်းနိုင်မှုနှင့် အသုံးချနိုင်မှု နည်းပညာကို ညီအစ်မမြို့တော်တည်ဆောက်ရေး စာချုပ် ချုပ်ဆိုခြင်းမပြုမီ ၂နှစ်ကတည်းက ဖူကူအိုကာမြို့တော်က အကူအညီပေးခဲ့ပါသည်။ အမိုက်နှင့် ရေသန့်ဆိုင်ရာကိစ္စများ ဖြစ်ပါသည်။ ညီအစ်မမြို့တော် ထူထောင်နိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်မည့် အခြေအနေများအား ဖလှယ်နိုင်မည့် အလားအလာများ ဟုလည်း ဆိုနိုင်ပါသည်။

ရန်ကုန်မြို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူ အများဆုံးမြို့ပြဖြစ်သလို၊ မြတ်ဗုဒ္ဓ၏ သာသနာကို ထိန်းသိမ်းစောင့်ရှောက်မှုအရှိဆုံး မြို့ပြများထဲတွင်လည်း ထိပ်ဆုံးကရှိသည့် မြို့ပြလည်းဖြစ်ပါသည်။ ရန်ကုန်မြို့ဟု ဆိုလျှင် ရွှေတိဂုံစေတီနှင့် ရန်ကုန်အား တွဲဖက်၍ မြင်ကြကာ Golden Land Myanmar အဖြစ် တွေ့ရှိနိုင်ပါသည်။ တစ်နည်းအားဖြင့် ရန်ကုန်မြို့ကို A City of Green and Gold ဟု တင်စားခေါ်ဝေါ်ကြခြင်းမှာ ရွှေရောင်များဝင်းဝါနေသော ရွှေတိဂုံစေတီတော်ကြီး၏ ကြီးမားထင်ရှားသည့် ဗိသုကာမှုကြောင့်လည်း ဖြစ်ပါသည်။

ယခု Rangoon မှ Yangon သို့ ရွှေ့ခဲ့သော ရန်ကုန်သည် စီးပွားရေးမြို့တော်အဖြစ် ဦးတည်ရွေ့လျားလျက်ရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့် လူဦးရေနှင့် သုံးစွဲမှုအချိုးအစားများအနက် ဦးစားပေးရန်ဖြစ်သည့် ရေလုံလောက်မှု၊ စနစ်တကျဖြန့်ဝေနိုင်မှု၊ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှု၊ အစဉ်သန့်ရှင်းသော မြို့တော်ဖြစ်ရန် အမှိုက်စွန့်ပစ်နိုင်မှု အခြေအနေနှင့် ဆိပ်ကမ်းကုန်သွယ်ရေးကိစ္စများမှာ မြို့တော်အတွက် စံနမူနာကောင်းများ ဖြစ်လာသည်အထိ ဆောင်ရွက်ရမည့် အခြေအနေများဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကို နိုင်ငံတကာကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှု စံနှုန်းများနှင့် ကိုက်ညီ၍ ဆောင်ရွက်ရန် အကောင်အထည်ဖော်နေသည့်ကာလတွင် ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော မြို့တော်များနှင့် ညီအစ်မမြို့တော်ဖွဲ့ခြင်းသည် မြို့ကို ပိုမိုလှပတိုးတက်စေရေး ဦးတည်ဆောင်ရွက်ခြင်းဟု ဆိုရပါမည်။ ထို့ကြောင့် ရန်ကုန်သည် ဖော်ပြခဲ့သည့်အတိုင်း အခြား ညီအစ်မမြို့တော်များနှင့်လည်း မိတ်ဝတ်မပျက် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

ဖူကူအိုကာမြို့တော်မှ မြို့တော်ဝန် ဦးဆောင်သော အဖွဲ့များနှင့်လည်း ချိတ်ဆက်ကာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလနောက်ဆုံးပတ်မှစတင်၍ ရန်ကုန်မြို့၌ တွေ့ဆုံပွဲများ။ ဖူကူအိုကာမြို့တော်၏ နာမည်ကျော် အစားအစာတစ်ခုဖြစ်သည့် ဖူကူအိုကာ ခေါက်ဆွဲပြပွဲ၊ ဖူကူအိုကာမြို့တော်ရှိ နာမည်ကြီး ကိတ်မုန့်ဆိုင်၏ ကိတ်မျိုးစုံတို့ကို မိတ်ဆက်ခြင်း၊ ဂျပန်ရိုးရာ စက္ကူခေါက်ပညာ (Origami) ဖြင့် သစ္စာတရား၏ သင်္ကေတဖြစ်သော ကြိုးကြာရုပ်များ ပြုလုပ်ပြသခြင်း၊ ရိုးရာအနုပညာပစ္စည်းများဖြစ်သည့် ရိုးရာယက္ကန်းထည်များ၊ ရိုးရာအရုပ်များကို စိတ်ဝင်စားဖွယ်ဖော်လာနိုင်ရန် ခင်းကျင်း ပြသခြင်း၊ ကလေးများအတွက် ပျော်ရွှင်ဖွယ်ရသ ခံစားမှုဖြစ်သော ဖူကူအိုကာမြို့၏ Game ကုမ္ပဏီတစ်ခုဖြစ်သည့် Level-5 Inc မှ Game ကစားနည်းတွင်ပါဝင်သည့် ကာတွန်းဇာတ်ကောင်အား မိတ်ဆက်ခြင်း၊ သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း၊ အစရှိသော အစီအစဉ်များဖြင့် ညီအစ်မမြို့တော် ထူထောင်ခြင်း ဆိုင်ရာကိစ္စများ ခြေလှမ်းသစ်များကိုချပြရန် စီစဉ်ထားရှိကြောင်းလည်း သိရှိရပါသည်။

မြို့လင်း



# ထာဝရအမေ

မီးစာလည်းကျွမ်း၊ ဆီလည်းခန်း၍
နွမ်းဖတ်ရင့်ရော်၊ ရှစ်ဆယ်ကျော်လည်း
ရွှင်ပျော်မပျက်၊ တရားဖက်သည်
ဖျန်းပက်ရင်ငွေ့၊ ကြင်နာငွေ။
အမေ့မေတ္တာ မိုးလုံးပြည့်။

သေစာရှင်စာ၊ အက္ခရာကို
'ပေ'ထွာငယ်မှဲ၊ မသင်ခဲ့လည်း
သားရဲ့နောင်ရေး၊ အစဉ်တွေး၍
ဈေးတောင်းခေါင်းရွက်၊ ရွာစဉ်ထွက်။
ပခုံးတွေလည်း အသားမာတက်။

ချွေးစက်ဖွားဖွား၊ နေစပ်ခါး၌
ဖဝါးလည်းကွဲ၊ ဆံလည်းကျဲခဲ့
ညစ်မဲပိန်ချုပ်၊ ရိုးရေ(ရည်)ကပ်လည်း
မပြတ်ပေးဝေ၊ ပညာမွေ
အမေ့မေတ္တာ သင်းပျံ့ဝေ။

မြော်မြင်ကြံဆ၊ ဖွံ့လှပလနှင့်
မာနသတ္တိ၊ မာန်အပြည့်။

မျိုးဆက်ဂုဏ်မြင့်၊ အခြေတင့်ဖို့
ရဲဝံ့လျှောက်လှမ်း၊ ခရောင်းလမ်း။

ဝက်ပါထပ်၊ ဒုက္ခဇာတ်မှာ
နင်းဖြတ်တွန်းလှန်၊ လောကဓံ။

အို . . .အမေ
'စုန်ရေ'ဖြူးဖြူး၊ မွေးကျေးဇူးကို
ကြည်နူးချမ်းမြ၊ ဆပ်ခွင့်ရ၍
ရွှန်းပဝီတိ၊ ရင်ဝယ်ငြိလည်း
တုံ့ပြန်ယှဉ်၊ အားမရ။
ကျေးမွေးဒါန၊ မပြည့်ဝ။
အမေ့ချွေးစ၊ မွှေးမြမြ။
သားရင်ထဲက ထာဝရ။

ဆန်းလွင်(မြန်မာစာ)



# အကာနှင့်အနှစ်

ကလေးဘဝ၊ သိတတ်စမှ
ယခုထက်ထိ၊ အရွယ်ရောက်သည့်တိုင်
စွဲငြိရင်ထဲ၊ မေ့မပျောက်ခဲ့လျက်
အသည်းလွှာတွင်၊ မော်ကွန်းတင်သည့်
ပုံပြင်တစ်ပုဒ်၊ အကျွန်ုပ်၌
အဟုတ်မသွေ၊ ရှိပါပေ၏။

"စကားကြီးသုံးခွန်း"
ကင်ပွန်းမည်တွင်၊ ထိုပုံပြင်၌
ဉာဏ်ပညာရှင်၊ ပျိုလုလင်သည်
သူလျှင်ဆင်းရဲ၊ ဥစ္စာမဲ့၍
စွဲစိတ်မွေးကာ၊ ကြိုးပမ်းရာဟု
ရှာမှဆွေရင်း၊ သူငယ်ချင်းနှင့်
လက်ချင်းတွဲယှက်၊ မြို့သို့တက် . . .။

ခရီးတစ်ထောက်၊ သူတို့ရောက်သော်
နေပြောက်မထိုး၊ ရိပ်ကြီးမိုးသည့်
အမျိုးစုံလင်၊ တောသစ်ပင်တို့
မြင်စဉ်ခဏ၊ တဒင်္ဂ၌
ကဝိဉာဏ်ရှင်၊ ပျိုလုလင်က
"အသင် ဆွေမြတ်၊ ဤအရပ်၌
နှံ့စပ်သေချာ၊ ကြည့်ရှုပါလည်း
ဘယ်မှာသစ်ပင်၊ ကျွန်မမြင်"ဟု
သွင်ပြင်ရင့်ကျက်၊ တည်ငြိမ်လျက်ဖြင့်
မှတ်ချက်စကား၊ သူပြောကြားကာ
စိတ်အားသန်ထက်၊ ခရီးဆက်ခဲ့ . . .။

ခရီးဆက်ရာ၊ အတော်ကြာသော်
သေလာတောင်ကုန်း၊ ဆီးနှင်းဖုံးသို့
ကျောက်တုံးအတိ၊ တင်းကြမ်းပြည့်လျက်
ရှိသည့်နေရာ၊ ရောက်၍လာဝယ်
ပညာဉာဏ်ရှင်၊ ပျိုလုလင်က
"အသင် မိတ်ဆွေ၊ ရှုပါလေလော့
သေလာထုထပ်၊ ဤအရပ်၌
နှံ့စပ် စုံထောက်၊ ဖွေရှာနှောက်လည်း
ကျောက်ခဲကျောက်သား၊ လွန်စွာရှား"ဟု
စကားချိုချို၊ တည်ငြိမ်ဆိုရင်း
ဝန်ကိုထမ်းလျက်၊ ခရီးဆက်၏ . . .။

တောတောင်ထပ်ထပ်၊ သူတို့ဖြတ်လျက်
မရပ်တွင်တွင်၊ ခရီးနှင်သော်
မင်းလွင်မြို့ဆိုင်း၊ ရစ်ခြုံသိုင်းလျက်
ရွှတိုင်းရယ်သာ၊ ရှာတစ်ရှာသို့
ရောက်လာချိန်တွင်၊ ပျိုလုလင်က
"အသင် မိတ်ဆွေ၊ ရှုပါလေလော့
နေချင့်စဖွယ်၊ ချမ်းသာကြွယ်သည့်
ဤနယ်ဤရွာ၊ ဤရပ်ဌာ၌
ဘယ်မှာ လူမျှ၊ မတွေ့ရ"ဟု
ပြုံးစမျက်နှာ၊ သူဆိုရာဝယ်
သဟာနှောင်တော်၊ ခရီးဖော်က
အတော်စိတ်ပျက်၊ ခေါင်းခါလျက်ဖြင့်
နက်မိပ္ပာယ်ကို၊ လင်းစေလိုဟု
တောင်းဆိုပန်ကြား၊ ဆုံးစကား၌
မှတ်သားထိုက်စွာ၊ အဖြေလွှာကို
ရှင်းကာသူပြ လင်းခဲ့ပြီ။

"တောအုပ်ထဲတွင်၊ မျိုးစုံလင်သည့်
သစ်ပင်များစွာ၊ ရှိကြပါလျက်
ဘယ်မှာသစ်ပင်၊ ကျွန်မမြင်ဟု
ဆင်ခြင်မြွက်ကြား၊ ပြောစကားမှာ
ရှားပါးကျွန်းသစ်၊ နံ့သာနှစ်နှင့်
သစ်မျဉ်းကတိုး၊ ယူကလစ်မျိုးတို့
စိုးစဉ်းရယ်မျှ၊ မတွေ့ရ၍
ဆိုရခြင်းပါ၊ ဆွေသဟာ"။

"ကျောက်တုံးထုထပ်၊ ထိုအရပ်၌
နှံ့စပ်သေချာ၊ သင်ဖွေရှာလည်း
သိင်္ဂါ ရွှေသား၊ ပတ္တမြားသို့
အများသူငါ၊ ဖိုးထားပါသည့်
ရာဇာကျောက်မျိုး၊ မတွေ့ရိုး"တည့်။

"ဖြတ်သန်းသွားလာ၊ ထိုကျေးရွာ၌
များစွာလူပေါင်း၊ ရှိဘိတောင်းလည်း
လူကောင်းလူမွန်၊ လူရည်ချွန်တို့
လွန်စွာမဲ့ကင်း၊ ဥသုံ့ရှင်းလျက်
အဖျင်းအမှော်၊ မသူတော်တို့
ထင်ပေါ်လွှမ်းမိုး၊ အုပ်ချုပ်စိုးသည့်
သူခိုးဓားပြ၊ လူဗာလ တို့
နေကြထိုင်ရာ၊ ဘုံရပ်ဌာမို့
ဘယ်မှာ လူမျှ၊ မတွေ့ရဟု
အကျွန်ဆိုခြင်း ဖြစ်ပေသည်"။

ကဝိလူညို၊ လုလင်ပျို၏
ရှင်းဆိုပြောကြား၊ ဆုံးစကားဝယ်
အံ့အားသင့်ဖွယ်၊ သုတကြွယ်သော
ညီငယ်သင့်အား၊ ကျွန်လေးစားဟု
မြွက်ကြားအထူး၊ သူချီးကျူးလျက်
ညဦးဦးယံတွင်၊ တိမ်ကင်းစင်သည့်
ကြယ်စင်ဝန်းခါ၊ ဖိုးရွှေလသို့
ထွန်းပဉာဏ်ရောင် လင်းခဲ့တကား။ ။

နေ့သစ်လင်း



ဆင်ဖြူကျွန်း


# ဪကာသ တစ်ဖျာပြင်ရွှေ

အမေဖတို့အမေမတို့ရှိသော မွေးရပ်ရွာနှင့်အနီးဆုံးဖြစ်သည့် ထွန်စက်စခန်းသို့ ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ခွင့်ကို နောက်ဆုံး၌ ကိုရင့်အလိုကျ ရရှိလေသည်။

ကိုရင်၌ လူငယ်ပီပီ များစွာသော လိုလားချက်တွေရှိခဲ့ရာ လိုလားချက်တစ်ခု ပြည့်ပြန်သည်ဟုဆိုရမည်။ သူသည် တမွဲမွဲ တတောတော ရွာကိုစွန့်ခွာ၍ ဘုရားကြီး ထွန်စက်မောင်းသင်တန်းသို့ တက်ခဲ့သည်။ တာဝန်ကျေပွန်ခြင်း၊ အလုပ်ကြိုးစားခြင်းတို့ကြောင့် ထွန်စက်အုပ်ဖြစ်လာသည်။ တစ်နယ်ပြီးတစ်နယ် ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ရာက သည်နှစ်တွင် ရွာနားကစခန်းသို့ ရောက်လာပြီ။

စခန်းမှူးထံခွင့်တောင်းပြီး ရွာသို့ ခြေလျင် လျှောက်ခဲ့သော ကိုရင့်ရင်သည် အေးတစ်လှည့်၊ နွေးတစ်လှည့်ဖြင့် ဝမ်းသာခြင်းအရသာကို ခံစားနေရ၏။

ဟော–မြင်ရပြီ ရွာဘုရား။ ထုံးသင်္ကန်းနှင့် သပ္ပာယ်ပါဘိသည်။ သို့သော် ဘုရားနှင့်ကပ်လျက် ရွာဦးကျောင်းဘုံဆောင်မှ ထီးကိုကား မမြင်ရလေ။



ရွာသူရွာသားများသည် လွန်ခဲ့သော သုံးနှစ်ကလိုပင် ညစ်ညစ်စုတ်စုတ်ပင်။
တဲများ၊ အိမ်များသည်လည်း ယိုင်တိယိုင်ထိုး အပေါက်အပြဲပင်။
ရွာ၏ တိုးတက်မှုကား ပြောင်းရောင်းချသော ထန်းရည်ဆိုင်တစ်ဆိုင်
ရွာထိပ်ခါးနားတွင် တည်ရှိနေခြင်းပင်…

ကိုရင်သည် မမြင်ရသော ရွာဦးကျောင်းကို အနီးကပ်ရှာမွေ့ရန် ဘုရားဝိုင်းထဲ ဝင်ခဲ့၏။ ခြေထောက်မှာ အကျင့်ပါနေသဖြင့် ဖိနပ်ချွတ်ရန် ဝန်လေးနေသည်။ ဘုရားဝိုင်းကလည်း သုံးခွဆူးများ ပြည့်နေမြဲဖြစ်၏။

ဘုရားဝိုင်းထဲသို့ ကိုရင်ရောက်လာပါပြီ။ ကာရမက်နှင့် ခရေပင်အုပ်ကိုကျော်သော် ရွာဦးကျောင်းကို မြင်ရသည်။ အလို မြတ်စွာဘုရား။ ရွာဦးကျောင်းကား မြေမှာဝပ်စင်းနေပါကလား။

အဖေတို့ ကိုရင်ဝတ်ခဲ့သည်ဆိုသော၊ အဖေတို့ စာသင်ခဲ့သည်ဆိုသော ကျောင်းကြီးကို ကိုရင်ကြာရှည်မကြည့်ပေ။ ကျောင်းဝိုင်းဘေးမှပန်း၍ ရွာဘက်သို့ လာခဲ့သည်။

ရွာကား ခွေးကလိုပင် ဆူးတပ်စောင်ရင်း ဖရိုဖရဲနှင့်-အို သိုသော် ရွာစည်းရိုးသည် အရှေ့ဘက်သို့ ဖါးသုံးပြန်မျှ တိုးလာသည်။ ကျေ့ အနောက်ဘက်က ချောင်းပဲ့၍ ဖြစ်ရမည်။

ရွာသူရွာသားများသည် လွန်ခဲ့သော သုံးနှစ်ကလိုပင် ညစ်ညစ်စုတ်စုတ်ပင်။ တဲများ၊ အိမ်များသည်လည်း ယိုင်တိယိုင်ထိုး အပေါက်အပြဲပင်။ ရွာ၏ တိုးတက်မှုကား ပြောင်းရောင်းချသော ထန်းရည်ဆိုင်တစ်ဆိုင် ရွာထိပ်ခါးနားတွင် တည်ရှိနေခြင်းပင်ဖြစ်၏။ ပုန်းလျှိုးကွယ်လျှိုးမရောင်း။ သောက်သူများကလည်း မြင်မြင်ထင်ထင် သောက်နေကြသည်။

အသောက်သမားများသည်လည်းကောင်း၊ ရွာသူရွာသားများသည်လည်းကောင်း၊ ပြောင်ပြောင်ရောင်ရောင်နှင့် တစ်သွေးတစ်မွေးဖြစ်နေသော ကိုရင့်အား မမှတ်မိကြ။ တစ်ဦးစ နှစ်ဦးစကသာ စူးစမ်းသော အကြည့်ဖြင့် ကြည့်ကြသည်။

အဖေတို့အိမ်ကို မြင်ရပါပြီ။ အဖေသည် တဲရှေ့ အမိုးယပ်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် ကြိုးကျစ်နေ၏။ တဲခြေရင်းဘက်မှ မီးခိုးအူထွက်နေသည့်အတွက် အမေသည် မီးဖိုထဲတွင် ရှိလိမ့်မည်။

ကိုရင်သည် အသံမပေး၊ ဘာမပေးနှင့် အဖေ့ရှေ့မှာ ရုတ်ခနဲဝင်ထိုင်သည်။ အဖေ၏ လှုပ်ရှားမှုများ တိခနဲရပ်သွား၏။ အဖေသည် သွားမဲ့၍ မလုံတော့သောပါးစပ်ကို ဟထားလျက် ကိုရင့်အား စူးစိုက်ကြည့်သည်။ အဖေကြည့်နေဒိုက်၌ ကိုရင့်ရင်မှာ လှုပ်ရှားနေ၏။ ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်းတို့သည် အလွန်မစုံသေးသော အဖေ့ လွန်းတောင့်ထဲက ကြိုးလိုပင်။

အဖေသည် ကိုရင့်အား သိသလိုလို၊ မသိသလိုလိုကြည့်ရင်း နှုတ်ခမ်းတွေ လှုပ်လာသည်ကို ကိုရင်မှာ ပြုံးပြုံးကြီးဖြစ်နေသည်။

"သား…လူကလေး"ဟု အော်ကာ အဖေသည် ကိုရင့်လက်မောင်းကို ကြမ်းတမ်းစွာ ဆုပ်ကိုင်လိုက်ပြီး "မယ်ဆင့်ရေ ဟောဒီမှာ ညည့်သားပြန်လာပြီဟဲ့"ဟု အော်လေ၏။

အမေသည် "ဟင်…ဟုတ်လား ဘယ်မလဲ"ဆိုကာ ပြေးထွက်လာပြီး ကိုရင့်လက်မောင်းကိုကိုင်သည်။ ခြေဆုံး၊ ခေါင်းဆုံးကြည့်ကာ "အမယ်လေး…ထွားလာလိုက်တဲ့ လူကောင်ကြီးဟဲ့၊ သုံးနှစ်အတွင်း ရှည်လာလိုက်တဲ့အရပ်ကြီးဟာယ်၊ အသားတွေလည်း ဖြူလို့ပါလား"ဟု ဝမ်းသာအားရဆိုရင်း "ဟဲ့…အပုတို့၊ အစုတို့၊ ခွေးနီတို့ နင်တို့ ကိုရင်ပြန်လာပြီ"ဟု လမ်းဘက်သို့လှည့်ကာ အော်လိုက်ပြီးမှ ထမင်းအိုးငှဲ့ထားခဲ့လေသလား၊ ထမင်းအိုးမှုတ်နေသလား၊ တစ်ခုခုကြောင့်ပဲထင်သည်၊ မီးဖိုထဲသို့ သုတ်သီးသုတ်ပျာ ပြန်ဝင်သွားသည်။

"ကိုရင်ပြန်လာပြီ၊ ကိုရင်ပြန်လာပြီ"

အပု၊ အစုနှင့် ခွေးနီတို့၏အသံသည် မပြောင်းလေ။ သူတို့သည် မြူးတူးဆူညံစွာ အော်၍ ပြေးလာကြသည်။ ဘူးစင်အောက် အရောက်တွင် သူတို့၏ ခြေထောက်များ တန့်သွား၏။ သူတို့သည် အစ်ကိုရင်းဖြစ်သော ကိုရင်အား သူစိမ်းလိုကြည့်နေကြသည်။

"ဟော့…ခွေးနီ၊ လာလေကွာ၊ အပု၊ အစု၊ ဟော့…အောင်မယ် ဘာလုပ်နေကြတာလဲ"

ကိုရင်က လှမ်းခေါ်၏။ ခွေးနီက စွတ်ရွတ်လာရန် ခြေလှမ်းသည်စတာ၌ အပုက လှမ်းဆွဲထားကာ "ခွေးနီ မသွားနဲ့ဟ၊ ဖမ်းလိမ့်မယ်" ဟုတိုးတိုးဆို၏။

ကိုရင် ငူကျသွားသည်။ နောက်မှ သတိရကာ ထောင်းဘီအိတ်ထဲမှ သကြားလုံးတွေ နှိုက်ယူလိုက်သည်။

"ကိုရင်ပါ ဟာတို့ရဲ့၊ ဟော့…အပု၊ ဒီမှာ သကြားလုံးတွေ"

အပုသည် ခွေးနီအား ဆွဲမြဲဆွဲထားကာ စိမ်းစိမ်းကြီးကြည့်နေ၏။ အစုက "သွားပါလားဟဲ့"ဆို၍ အပုအားတွန်းသည်။ အပုက တံတောင်ဖြင့်တွတ်ပစ်သည်။

ကိုရင်၏ ပျော့ပြောင်းပြုံးရွှင်နေသော မျက်နှာသည် အမ်းတမ်းတမ်း ဖြစ်လာလေ၏။ ညီအစ်ကိုမောင်နှမများသည်ပင် မိမိအား မမှတ်မိကြတော့ပြီ။ ရွာနားကာစခန်းမှာ တာဝန်ထမ်းဆောင်ရလျှင် မိဘဆွေမျိုးများနှင့်နီးသည်မို့ အပျော်ဆုံးဖြစ်မည်ဆိုသော မှန်းဆစိတ်ကူးချက်သည် တက်တက်စင်လွဲပြီလော။

"မင်းက တစ်သွေးတစ်မွေးကြီးဖြစ်နေတော့ ဘယ်မှာမှတ်မိပါ့မလဲ သားရယ်"

အမေက အချိန်မီဝင်ရှင်းကာ "ဟဲ့-လာကြစမ်း၊ ဒါဟာ နင်တို့ရဲ့ကိုရင်ဟဲ့၊ လာကြ-လာကြ"ဟု ခေါက်ငမ်းခေါ်ယူပေးသည်။

ကိုရင့်သတင်းသည် ထိုခဏအတွင်း ရွာငယ်ထဲမှာ ပျံ့နှံ့သွားပြီဖြစ်၏။ ဓတောင်ဖျားခြောက်များနှင့် အိမ်နီးချင်းတွေပါ စုအုံရောက်ရှိလာကြပြီ။ အဖေ့ အမိုးယပ်ထဲမှာ မဆန့်၍ မီးဖိုထဲဝင်သူဝင်၊ မတ်တတ်က ကဲကြည့်သူကြည့်၊ ထင်းတုံးပေါ်ထိုင်သူထိုင်၊

> မယ်အိမျက်နှာကို သုံးနှစ်အတွင်း တအောက်မေ့မေ့ မြင်ယောင်နေ၍ ယခုနေ လှချင်းအတွေ့၌ ကြောင်အမ်းနေရကာမရှိ။ အခြား ရွာသူရွာသားတို့ကိုမူကား မှန်ရာပြောရလျှင် ကိုရင် မေ့ခဲ့သည်။ မေ့ရာက ပြန်အတွေ့ဝယ် တကယ်မပြောင်းပေမယ့် ကိုရင့်မျက်စိထဲဝယ် လူတွေ ပိန်ခြုံစုတ်ချာသွား …

ကြွက်စီကြွက်စီနှင့်၊ အမေကလည်း မီးဖိုထဲမှ ပျာယီးပျာယာထွက်လာပြီး လှအုပ်ထဲမှနေ၍ ကိုရင့်အားကြည့်၏။

''ဟာ…ငါ့ဘယ်သူလဲလို့ ခွေးဟောင်ပါးကလား'' ဆိုသူဆို။

''ကြည့်စမ်း။ သေချင်းဆိုးကလေး။ စောစောက ငါ့ကို လမ်းမှာတွေ့လျက်သား နဲ့ မခေါ်ဘူး။ အခု သွေးကြီးသွားပါပေါ့လေ'' ဆိုကာ ခေါင်းကိုခေါက်သူကခေါက်။

''အေးဟယ်၊ အခုနေ လမ်းမှာတွေ့ရင် မှတ်မိကြမှာ မဟုတ်ဘူး'' ပြောသူကပြော။

''မင်းကို ထန်းရည်လာသောက်တဲ့ စက်မောင်းသမားထင်ပြီး ငါတောင် အိမ်အောက်က လှမ်းကြည့်လိုက်သေး''တစ်ယောက်တစ်ပေါက်နှင့် ကိုရင် ဘာပြန်ဖြေရမည် မသိတော့ပေ။

သည့်ထဲ ''လခဘယ်လောက်ရလဲ'' မေးသူကတမျော့၊ ''ဘယ်လောက်စုမိလဲ၊ ရည်းစားကို မခေါ်ခဲ့သေးဘူးလား''စုံစမ်းသူက စုံစမ်းသေး၏။

သုံးနှစ်ဆိုသည်မှာ ဘာမျှမကြာခဲ့ပါဘဲနှင့် ရွာကလူတွေကို စေတော်ပါးအားဖြစ်ကာ ပြောဟန်ဆိုဟန် လှုပ်ရှားဟန်နှင့် အသံကိုဖမ်း၍ မည်သူမည်ဝါဟု မှတ်မိလာရစေကာမူ မယ်အိကိုတော့ သူမမေ့။

မယ်အိမျက်နှာကို သုံးနှစ်အတွင်း တအောက်မေ့မေ့ မြင်ယောင်နေ၍ ယခုနေ လှချင်းအတွေ့၌ ကြောင်အမ်းနေရကာမရှိ။ အခြား ရွာသူရွာသားတို့ကိုမူကား မှန်ရာပြောရလျှင် ကိုရင် မေ့ခဲ့သည်။ မေ့ရာက ပြန်အတွေ့ဝယ် တကယ်မပြောင်းပေမယ့် ကိုရင့်မျက်စိထဲဝယ် လူတွေ ပိန်ခြုံစုတ်ချာသွားသည့်ထင်၏။ အိမ်တွေက ပိန်ခြုံငယ်သည်။ ပိန်ခြုံစုတ်သည်။ လမ်းတွေလည်း ကျဉ်းသွားသည်။

သည့်အခါ ထန်းရည်ကလေးသောက်လိုက်၊ ဖဲကလေးရိုက်လိုက်၊ ကြက်ကလေးတိုက်လိုက်၊ ချောင်းထိမ်ယာကလေးကို ကရော်ကမည်ထွန်လိုက်ဖြင့် တောရိုးရာအတိုင်း အနှစ်မဲ့ဆိုကာ ကိုရင် ရွာကိုခွာခဲ့သော သုံးနှစ်အကြာကာလသည် ပြန်လည် ဆန်းသစ်လာချေပြီ။ ထိုအခါက အနီးအနားရွာများသည် စီးပွားရေး၌ နိုးကြားသည့်အလျောက် ချောင်လည်ကြသည်။ ကိုရင်တို့ရွာမှာကား တမွဲတေတေ အခြေဆိုးမှာသာ ပျော်မွေ့နေကြ၏။

ကိုရင်သည် ရွာကိုမေ့ပစ်သည်။ သို့သော် မယ်အိကို မမေ့ပါ။

''မယ်အိနှင့်စပ်လျဉ်း၍ ရွာသို့ တစ်ခေါက်တစ်ကြွေ့သာပြန်ရန် သူ စိတ်ကူးခဲ့ဖူးသည်။ ထိုစိတ်ကူးသည် တည်မြဲခဲ့သည်ကား မဟုတ်။ ကိုရင်မှာ ထွန်စက်မောင်း သင်တန်းတက်သူဖြစ်၍ ထွန်စက်မောင်းနည်း၊ ပြင်ဆင်နည်းချည်းသာ သင်ခဲ့ရသည်ဆိုလျှင်တော့ ဟုတ်ပေမည်။ ရွာကိုစိတ်ပျက်လက်ပျက် စွန့်ခွာခဲ့သော စိတ်သည်လည်း တည်မြဲ တည်မြဲပေမည်။



သင်တန်းတက်သည့်မှစ၍ သင်တန်းဆင်းပြီး ဟိုဟိုသည်သည်ရွှေ့ပြောင်းကာ တာဝန်ထမ်းဆောင်ရသည့်အထိ ကိုရင့်အယူအဆများကို ပြောင်းစေသော ပို့ချချက်၊ သင်ကြားချက်များကိုပါ ကိုရင် ကြားနာရသည်။

ကိုရင့် ခံယူချက်များ တစ်စတစ်စ ရွေ့လျောလာခဲ့၏။ နုံချာညံ့ဖျင်းမှုကို ကျောပေးထွက်ပြေးကာမျှဖြင့် နုံနဲ့အောက်ကျမှုသည် တိုးတက်စည်ပင်ခြင်း ဖြစ်မလာနိုင်၊ လူကိစ္စကို လူတွေဆောင်ရွက်ရမည်။ တောသူတောင်သား၏ သားသမီးကမှ တောကျေးလက်ကိုမချစ်လျှင် တခြားသူကို အတင်းချစ်ခိုင်း၍ ကောင်းပါမည်လော။

ထွန်စက်ဆိုသည်ကိုက မြို့ထဲပြထဲတွင် သုံးစွဲသောပစ္စည်းမဟုတ်။ လူက ထွန်စက်မောင်းပြီး စိတ်က မြို့ကြီးသားစိတ် ဝင်နေလျှင် တောရွာနှင့် လမိုင်းကပ်မည် မဟုတ်။

ကိုရင်သည် သင်တန်းဆင်းပြီး အတန်ကြာချိန်တွင် ထွန်စက်အုပ်ဖြစ်လာသည်။ သည့်အခါတွင် စိတ်နှင့်ကိုယ်နှင့် တစ်သားတည်းမရှိသော ရဲဘော်များကို ကိုရင်တွေ့ရ၏။ ထိုရဲဘော်များကား လယ်သမား၊ ယာသမားကို လက်အောက်ငယ်သားထင်၍ မိမိတို့ကိုယ်ကိုမူ မိုးကျရွှေကိုယ်ထင်နေကြ၏။ တစ်နေ့တာ ထွန်အားပြည့် ထွန်မပေးလိုခြင်း၊ လာဘ်ယူလိုခြင်း၊ ခယဝယအလုပ်ခံလိုခြင်း၊ စသည်များ။

ကိုရင်မှာ လယ်သမား၊ ချောင်းသမားက မသုံးလျှင် ထွန်စက်တွေ ဘာလုပ်မည်နည်း။ ထွန်စက်တွေကို သုံးစွဲအားကိုးသူမရှိသည့်နောက်တော့ ထွန်စက်မောင်း ရဲဘော်တွေ ဘာလုပ်ဖို့ လိုပါသေးသနည်း စသည်ဖြင့် ပြောသည့်အခါလည်း ပြောရ၏။ ဝေဖန်သည့်အခါလည်း ဝေဖန်ရ၏။

အချို့ ရဲဘော်တွေကျတော့ လယ်သမား၊ ချောင်းသမားနှင့် သဟာဇာတကားဖြစ်ပါ၏။ သို့ရာတွင် ရည်းစားအိမ်သွားလည်းထွန်စက်ကြီးနှင့်၊ အရက်သွားသောက်ရာတွင်လည်း ထွန်စက်ကြီးနှင့်၊ ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားပြုသည်။ အချို့ကျတော့လည်း နယ်မကျူးရသော ပစ္စည်းများကို တင်ဆောင်သယ်ယူပေး၏။ ဟိုလူသည့်လူကို တက်မောင်းခွင့်ပေး၏။ ကိုယ်တိုင်

လည်း လေယာဉ်ပျံသဖွယ် မောင်းသည်။ ဒါတွေကိုလည်း ဆွေးနွေး၍တစ်နည်း၊ ပညာပေး၍တစ်တန် ပြုပြင်ရသည်။

တစ်ခုကောင်းသည်မှာ သူတစ်ပါးကို ပညာပေးရင်း၊ ဝေဖန်ရင်း ကိုရင်၏ စိတ်ဓာတ်များ ရင့်ကျက်လာခြင်းဖြစ်၏။

ကိုရင်ရောက်လေရာ ဒေသတိုင်း၌ ကိုင်းသမား၊ ယာသမားနှင့် လယ်သမားတွေ စီးပွားရေးမျက်စိပွင့်နေကြပြီ။ သည်လိုဆိုလျှင် ကိုရင်တို့ရွာကလေးလည်း ချောင်ထဲမှာ ကပ်မနေခဲ့တန်ရာဟု ကိုရင်တွက်ဆရ၏။ ရှေးကထက် စီးပွားရေးတိုးတက်ပြီး ပြောင်ပြောင်လက်လက်ရှိကြလိမ့်မည် ကိုရင်မျှော်လင့်သည်။

ရွာဝသို့ ကိုရင်ဆိုက်သောအခါ တိတ်တိတ်ပုန်း ထန်းရည်ဆိုင်များပျောက်၍ ပြောင်ရောင်းသော လိုင်စင်ရထန်းရည်ဆိုင်ရှိခြင်းသာ ထူးခြား၍ အိမ်တွေ၊ လူတွေ ဘာမျှမထူးခြားတာ တွေ့ရ၏။ ကိုရင် နားမလည်နိုင်သလိုဖြစ်ရသည်။

ဘာကို နားထောင်ရမည်မသိအောင် ဆူညံနေသော လူအုပ်ထဲမှ တပိုတပါး သွားချင်ဟန်ဆောင်ကာ ကိုရင်ထွက်ခဲ့၏။

ကိုရင်သည် ရွာပြင်သို့ရောက်ခဲ့၏။ သုံးနှစ်၏ ဟိုဘက်က ဘုန်းကြီးကျောင်းဝိုင်းလို လို၊ ဘုရားဝိုင်းလိုလိုနှင့် တောတွေ၊ ချုံတွေ အုပ်နေခဲ့သောနေရာမှာ စိမ်းစိမ်းလန်းလန်းနှင့် စိုက်ပင်၊ ပျိုးပင်တွေနှင့် ဖြစ်နေသည်။ ဒီလိုတော့လည်း ဘယ်ဆိုးလို့လဲဟု ကိုရင့်စိတ်ထဲက မှတ်ယူ၏။

ထိုနေရာတွင် မောင်းတက်ကလေးတွေ တလှုပ်လှုပ်နှင့်။ ပွင့်စစိန်ဂန္ဓမာပန်းများသည် ရောင်းချိန်ကျမှ ဈေးထဲမှာ လှုင့်ပစ်ရပစ်ရ၊ လက်ငင်းတော့ တကယ်ကျက်သရေရှိပါပေသည်။ ရေလောင်း၍စိုက်ရသော ကြက်သွန်ခင်းများမှာ စိမ်းမှောင်နေ၏၊ အစေ့ယူမည့် ကြက်သွန်ခင်းမှ ဖူးတံများမှာ ပန်းတစ်မျိုးပင်ဖြစ်သည်။ တမျှော်ကြီးကြည့်ရသော ဟိုဘက်အစပ်ထိ သေးရှည်၍ဖြူလျော်သည့် အစိမ်းရောင်နှင့် ခေါနတော၊ တချို့မှာ မောင်းလောင်းအာလူး၊ တချို့မှာ ခရမ်းချဉ်သီး။ အချို့အကွက်များတွင် ပန်းမုန်လာအပြီးတွင် မုန်လာထုပ်(ဂေါ်ဖီ)စိုက်နေကြသည်။

ကိုရင်သည် မယ်ဒီတို့၏ ချောင်းတိမ်ယာကလေးဘက်သို့ ပြေးခဲ့၏။ ခပ်လှမ်းလှမ်းဆီတွင် လယ်ကွင်းများကို လှမ်းမြင်ရသော်လည်း ရိတ်သိမ်းခါနီး စပါးခင်းကို မမြင်ရ၊ စိမ်းဆဲ ကုလားပဲခင်းများ၊ ပြောင်းဖူးခင်းများသာ မြင်ရ၏။ ဒီနှစ် ရေမရလို့ အခြောက်လုပ်ကြရဟန်တူရဲ့ဟု တွေးယူရသည်။

ချောင်းတိမ်ယာများဘက်သို့ဆင်းသော လမ်းဆုံတွင် နွားချေးဆွေးတင်လာသော လှည်းတစ်စီးကိုတွေ့၏။

"မုန်လာခင်းချဖို့လား ဦးကြီး"

"မဟုတ်ပါဘူးဗျာ၊ ချောင်းပြင်က အာလူးခင်းမှာ ထည့်ဖို့ပါ"

လှည်းသမားသည် ကိုရင့်အား ရိုသေစွာမေးပြီးမှ စိုက်ကြည့်သည်။ နောက် "ဟဲ့-နင် မယ်ဆင့်သားမဟုတ်လား"ဟ မေး၏။

ကိုရင်သည် လမ်းတစ်လျှောက်လုံး လှည်းသမားကြီးနှင့် စကားလက်ဆုံကျလာကာ မယ်ဒီတို့ယာဘက်သို့ ကွေ့ဝင်မှ လူချင်းခွဲသည်။ စင်စစ် ကိုရင်တို့ရွာသည် တိုးတက်သင့်သလောက် တိုးတက်နေပါပြီ။ သုံးနှစ်၏ ဟိုဘက်တုန်းက တမွဲမွဲတတေတေနှင့် စီးပွားရေးမျက်စိမွဲခဲ့သော ရွာကလေးမှာ ကျောင်းဝိုင်းထဲမှာ မြေစုပေး၍ ချောင်းတိမ်ယာများတွင် အပင်မပြတ်အောင်စိုက်၍ တန်ဆောင်မုန်း၊ နတ်တော်တိုင်း ချောင်းပြင်ရေစပ်တွင် အာလူးစိုက်၍ ကြိုးစားလုပ်ကိုင်နေကြပေပြီ။

မယ်ဇီတို့ ယာသည် လှည်းလမ်းဘေးမှာ မရှိ၊ အခြားယာများကိုဖြတ်၍ ခဲနှစ်ပစ်ခန့် လျှောက်ရသေးသည်။

ယာများမှာ ယာဟုဆိုရပေမယ့် မုန်လာ၊ ကြက်သွန်နှင့် စိန်ဂန္ဓမာပန်းများကိုသာ စိုက်ကြ၏။ ပန်းခူးသူများ၊ မုန်လာနုတ်သူများ၊ ရေလောင်းသူများကို ကိုရင် အမှတ်မဲ့ ဖြတ်ကျော်ခဲ့သည်။ ကိုရင့်မှန်းမသိကြတာကိုပဲ ကိုရင်က ဝမ်းသာနေ၏။

မယ်ဒီတို့ ယာထဲမှာ တက်ချည် ဆင်းချည်ဖြင့် မောင်းတက်လှုပ်ရှားနေသည်။ မောင်းတက်တွင် ရေလောင်းသူမှာ လူငှားလား၊ မယ်ဒီမောင်လား။ အခင်းလယ်တွင် တလှုပ်လှုပ်နှင့် ထိုင်လျက်ရွေ့လျားနေသူမှာ မယ်ဒီသာဖြစ်၏။

မယ်ဒီ၏အသွင်ကိုကား ကိုရင် မေ့ပျောက်မသွားပေ။ အလုံးအရပ်ရော သဏ္ဌာန်ကိုပါ ကိုရင် ကျက်မိနေသည်။



**ကိုရင်တို့ရွာသည် တိုးတက်သင့်သလောက် တိုးတက်နေပါပြီ။ သုံးနှစ်၏ ဟိုဘက်တုန်းက တမွဲမွဲတတေတေနှင့် စီးပွားရေးမျက်စိမွဲခဲ့သော ရွာကလေးမှာ ကျောင်းတိုင်းထဲမှာ မြေစုပေး၍ ချောင်းတိမ်ယာများတွင် အပင်မပြတ်အောင်စိုက်၍...**

မယ်အိနှင့် ကိုရင်တို့ ချစ်ခဲ့သည်မှာ ယခုဆိုလျှင် လေးနှစ်ရာသီတွင်းဝင်ခဲ့ပြီ။ ကိုရင် ရွာကိုခွာမည်ကြံစဉ်က မယ်အိသဘောမကျ။ သို့သော် ကန့်ကွက်ခြင်းမပြုခဲ့ပေ။ မယ်အိက ''မနေချင်လို့ထွက်ရင်လည်း ကိုယ့်ရဲ့ ရည်မှန်းချက်ပြည့်ဝအောင် ကြိုးစားပါတော်''ဟု မှာသည်။ ထို့ပြင် ''ဘယ်ကိုပဲရောက်ရောက် ကျုပ်ကိုတော့ မမေ့ပါနဲ့နော်''ဟူသော နောက်ဆုံးစကားကိုမူ ကိုရင် မမေ့ချေ။

နောက်လေးရာရာတွင် မယ်အိအသံကလေးက ကိုရင့်အား သတိပေးနေသည်။ သို့ဖြင့် ကိုရင့်အချစ်သည် အမြဲလန်းဆန်းနေခဲ့၏။ သို့ကြောင့် မယ်အိအား အမှတ်ရနေသည်၊ အဝေးမှ တမ်းတရလျှင် အချစ်သည် တိုးပွားစည်ပင်စမြဲဖြစ်သည်။

တစ်လှမ်းထက်တစ်လှမ်း မယ်အိဘက်သို့ ကိုရင် နီးလာသည်။ နီးလာသလောက် ကိုရင့်ရင်တွေ ခုန်လာသည်။ ချစ်ကြ၊ ကျွမ်းကြပြီးသား၊ တစ်ယောက်ကိုတစ်ယောက် မျှော်စောင့်သူချင်းစဉ်လျက် ရင်ခုန်ရတာကို ကိုရင် သတိထားမိကာ ကြည်နူးသည်။

နီးကပ်လာ၏။ ရေတွင်းဆီမှ သွယ်သောမြောင်းထဲတွင် ရေလျှံ၍ သွက်သွက် စီးနေ၏။ မြောင်းဝဲယာတွင် စိုက်ပြီးစ မုန်လာထုပ်ပင်တွေ ရေစပ်စပ်နှင့်ရှိသည်။ မယ်အိသည် ကျင်းကွက်များထဲသို့ ရေကိုသွင်းပေးရင်း ကျင်းကွက်ထဲတွင် ရေမပြည့်မီကြားတွင် အပင်မစိုက်ရသေးသော ကျင်းကွက်များထဲတွင် မုန်လာပင်များကိုလျှောက်စိုက်၏။

မယ်အိသည် အမြေအလွှားအလုပ်လုပ်နေခြင်းဖြစ်သည်။ ထွန်ရေးမြေကို နနေအောင် ထုထားသော စိုက်ကျင်းကွက်များထဲတွင် မယ်အိကြောင့် ဖုံတထောင်းထောင်းထနေ၏။ ထို့ကြောင့် မယ်အိခေါင်းနှင့် မျက်နှာတွင် ဖုံများကပ်နေကာ လက်နှင့်ခြေတွင် ရွှံ့လိမ်းနေသည်။

''ကူစိုက်ရမလားဟေ့''

ထွန်ခြစ်ခြင်းခွဲထားသော 'ကြောင်း'ထဲတွင် မုန်လာပင်သုံးပင် အကွာအဝေးညီအောင်လည်းစိုက်ရသေး၊ စိုက်ပြီးသွားသော ကျင်းကွက်ထဲက မြေပြင်ကို ရေသွားရေနေညီအောင် ညှိရသေး၊ ရေပေါက်ပြေးပိတ်၊ ပြေးဖွင့် လုပ်ရသေး။ သည်မှ ဖတ်သီလန်အောင် လုပ်နေရတော့ မယ်အိ မော့မကြည့်အား။ သို့သော် ဖိနပ်ကိုမြင်ရတော့ ထိတ်ပြီး မော့ကြည့်လေ၏။

''ဟင်...''

အံ့ဩသွားသည်။ ဝမ်းသာသွားပြန်သည်။ မယ်အိမျက်လုံးများ မျက်ရည်စို့၍ နှုတ်ခမ်းကလေးတွေ တုန်လာ၏။

''တော်-တော် ပြန်လာပီနော်''

''အေး...ငါပြန်လာပီ''

သို့စဉ်တွင် ရေသွင်းသော ကျင်းကွက်ထဲမှာ ရေပြည့်သွားသဖြင့် ကိုရင် ပြေးပိတ်ပြီး နောက်တစ်ကျင်းဖောက်ထားခဲ့ကာ ပြန်လျှောက်လာ၏။

''တော်...ကျုပ်ကိုမမေ့ဘူးနော်''

''ဟယ်...တောက်တီး တောက်တဲ့ဟာ၊ နင့်ကိုငါ တစ်နေ့မှမမေ့ဘူး။ သတိရလို့ စာရေးမယ်ကြံပေမယ့် နင်မှမဖတ်တတ်တာ''

''အမယ် ကျုပ်အခု စာဖတ်တတ်၊ ရေးတတ်နေပီတော့ သိလား။ အ.သုံးလုံးဆရာတွေ လာပီးသင်ပေးသွားတာလေ''

''ဟေ...ဟုတ်လား။ ဝမ်းသာလိုက်တာ မယ်အိရယ်''

ကိုရင်သည် ကြည်နူးသောအရသာကို ထပ်မံခံစားရပြန်သည်။ မယ်အိက စကားပြောရင်း လျှောက်စိုက်သွားသဖြင့် လှချင်းဝေးသွား၏။ ထို့ကြောင့် မယ်အိက သည်ဘက်မှ စိုက်လျှင် သူက ဟိုဘက်ထိပ်မှ စိုက်ပြီး နှစ်ယောက်သား အလယ်မှာဆုံရန် စိတ်ကူးရသည်။ သို့ပေမယ့် လုပ်ကိုင်ထားပုံက တစ်မျိုးဖြစ်နေ၏။

''ဟင်...အပင်စိုက်မယ့်နေရာမှာလည်း ကျင်းတွေမထားပါကလားဟ''

ကိုရင်က မုန်လာပင်တွေ လက်ထဲကိုင်ထားကာ မြေပြင်ကို အူကြောင်ကြောင် ကြည့်ရင်းဆို၏။

''ဟုတ်တယ်လေ၊ အရင်တုန်းကလို ကျင်းလေးတွေတူး၊ နွားချေးထည့် မလုပ်တော့ဘူး။ အခု တော်မြင်ရတဲ့ ကြောင်းတစ်ကြောင်းမှာ မုန်လာပင် သုံးပင် အကွာအဝေးညီအောင် စိုက်တော့တာပဲ''

''ဘာမှ မထည့်တော့ဘူးလား''

သဘောသိသွားပြီမို့ ကိုရင်က ဆင်းစိုက်ရင်းမေးသည်။

''အဲဒီကြောင်းတွေထဲမှာ သာကူစေ့မြေဩဇာတွေ ထည့်ထားတယ်''

''ဟော...ဟုတ်လား''

ကိုရင်မှာ ရွာမှာတုန်းကလို မဟုတ်တော့ပေ။ အံ့ဩရသည်။ ပြီးတော့ ဝမ်းသာကြည်နူးပြန်ကာ သုံးနှစ်ကျော်အဆက်ပြတ်နေခဲ့သော ချစ်သူအား သူ့အကြောင်းစုံကို ပြန်လည်ဖော်စုံခင်းပြရသည်။ နိဂုံးချုပ်တွင် ''ငါတော့ ကြာကြာမဆိုင်းဘဲ အမေတို့၊ အဖေတို့ကို အပြောအဆိုလွှတ်လိုက်ချင်ပီဟာ၊ နင့်မှာ ချစ်သူအသစ်မရှိသေးဘူးဆိုရင်ပေါ့လေ''ဟု ဆိုလိုက်ရာ...

''ကဲ...မဟုတ်တာပြောအုံး''

မယ်အိအဖြေမှာ လက်သီးဆုပ်ခန့်ရှိသော မြေကြီးခဲဖြင့် ခေါင်းကို ခေါက်ခနဲ လှမ်းပေါက်လိုက်ခြင်းဖြစ်သည်။

''အာ-ဟာ၊ သူတကာယ်လုပ်တယ်''

''လုပ်မှာပေါ့၊ ဘာဖြစ်လို့ သူများကို မဟုတ်တာပြောလဲ''

သူက လှပ်သည်။ ပြီးတော့ သူကပဲ မျက်ရည်ဝဲနေပြန်သည်။

''ကဲဗျာ ဆောရီးနော်၊ ဟုတ်လား။ ဒီတော့ အမေတို့ကို လွှတ်လိုက်မယ်နော်၊ တို့ မြန်မြန် လက်ထပ်ကြရအောင်ဟာ၊ အတူနေချင်လှပီ သိလား''

''ဟိုမှာ အမေလာနေပီ၊ နောက်မှ''

## ကိုရင် ရင်မောသွားရလေ၏။ ပန်းမှန်လာတစ်ပွင့်၊ သို့မဟုတ် မှန်လာထုပ်တစ်ထုပ်ကို အင်ဒရင်းတန်ခိုးမပြယ်မီ ခုတ်ရောင်း၍ ဝယ်ယူစားသုံးသူ ...



မယ်အိ သတိပေးသဖြင့် ကိုရင် စကားဖြတ်လိုက်ကာ ခေါင်းထောင်ကြည့်သည်။ မယ်အိအဖေ ဖိုးကျော်ခိုင်သည် ဆေးဖျန်းပုံးကြီး ကျောပိုးလျက် သူတို့ဆီက် လျှောက်လာ၏။ ကိုရင်က စိုက်ကျင်းကွက်ထဲမှ တက်လာသည်။

''ဦးကြီး နေကောင်းတယ်နော်''

ဖိုးကျော်ခိုင်သည် ကိုရင့်အား မျက်မှောင်ကြုတ်ကာ ကြည့်နေသဖြင့် မယ်အိက အစဖော်ပေးလိုက်မှ သတိရလာ၏။

''ဟယ်···ဟုတ်လား။ အေး···နေကောင်းပါတယ်ကွာ။ အင်း···မင်းက လုံးလုံးကြီး ပြောင်းလဲနေတာကိုးကွ၊ ဒါထက် မင်းအလည်လာတာလား''

''ထွန်စက်စခန်းကို တာဝန်နဲ့ပြောင်းလာရပါတယ်ခင်ဗျာ၊ ဒီဆေးပုံးက ဘာကို ဖျန်းတာပါလဲခင်ဗျာ''

''မှန်လာပင်တွေ ဖျန်းတာကွ''

ကိုရင်မှာ အံ့ဩရ၊ ဝမ်းသာကြည်နူးပြန်သည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာတို့သည် လယ်မြေထဲမှာသာ ရောက်ရှိနေသည်ဟု ကိုရင်ထင်ခဲ့ရာ ခြံထဲဥယျာဉ်ထဲ ရောက်နေဟာ မထင်မှတ်ဘဲတွေ့ရတော့ စိတ်လှုပ်ရှားလာရသည်။

''ပိုးတွေကို အရင်တုန်းကလို လက်နဲ့ကောက်မပစ်ဘူးလား ဦးရဲ''

''မရတော့ဘူးကွ၊ ဟောဟိုဘက်က ကျင်မောင်တို့ဆိုရင် ပိုးစားလို့ ခင်းလုံးကျွတ်သွားတာ ထိုင်ကိုငိုရတယ် မောင်ရေ''

ဖိုးကျော်ခိုင်က လက်ညှိုးထိုးပြကာ ဆက်လျှောက်သွားသဖြင့် ကိုရင် နောက်က ကပ်လိုက်လာ၏။

''အဲဒီအခင်းပဲကွ''

ညည်းမှိုးခြားမထားသော တစ်ဖက်ခြံကို ဖိုးကျော်ခိုင်က လက်ညှိုးထိုးပြသည်။ အရွက်မရှိသော ပန်းမှန်လာခင်းဖြစ်၏။ အခင်းရှင်က စွန့်ပစ်သွားသည်မှာ ရေလောင်းချိန် ဘယ်နှစ်ကြိမ် လွန်သွားပြီမသိ၊ တစ်ခင်းလုံး ကုပ်ကျနေ၏။ လန်းနေသေးသော တစ်ပင်တလေမှာလည်း အပွင့်ထွက်မည့်နေရာ မရှိတော့ပြီ။

''ဦးတို့အခင်းကော ကျသေးလားခင်ဗျ''

''မကျဘူးကွ''

သူတို့သည် အပင်လုပ်စ အခင်းဆီက် သို့ ပြန်လာကာ ဖိုးကျော်ခိုင်က ဆေးလျှောက်ဖျန်းလေသည်။

''ဘောင်ကလေးတစ်ဘောင်ထဲခြားနေတာတောင် ဟိုဘက်ကပိုး ဒီဘက်ကိုမကူးတာဟာ အံ့စရာပဲနော် ဦး''

ကိုရင်က နောက်မှလျှောက်လိုက်ရင်း ပြော၏။

''ငါတို့လည်း အဲဒါကိုစဉ်းစားနေကြတာပဲကွ၊ တစ်ခုတော့ရှိတာပေါ့ကွာ၊ ကျင်မောင်တို့အခင်းက ပိုးကျမှ ဆေးပက်တယ်၊ ငါတို့ကတော့ ၁၀ ရက်သားကစပြီး ပက်တယ်။ ဒါတစ်ခုပဲ ပြောစရာရှိတာပဲ''

''ဘာဆေးပါလိမ့်ခင်ဗျာ''

''မာလာသီယွန်ကွာ၊ ပိုးရှိရင်လည်း သေတယ်၊ ပိုးမရှိလည်း အပင်မှာ အားဖြစ်တယ်''

ကိုရင်မှာ ဝမ်းသာပြီးရင် ဝမ်းသာနေရသည်။ သူတို့လည်း တိုးတက်နေကြပါကလားဟု ကြည်နူးရပြန်သည်။

''သည့်ပြင်ကော ဘာဆေးပက်ကြသေးလဲ ဦးကြီး။ မာလာသီယွန်တစ်ခုတည်းပဲလား''

''အင်ဒရင်းဆိုတာလည်း ရှိသေးတယ်ကွ၊ သူကတော့ အပင် ရက် ၆၀ သား ကျော်မှ ပက်ရတယ်၊ ပွင့်ခါနီးလေ ထုပ်ခါနီးလေ ဂရုစိုက်ရလေပေါ့ကွာ''

''အင်ဒရင်းက ဘယ်နှစ်ရက်ကြာမှ သူ့အာနိသင်ပြယ်သလဲ ခင်ဗျာ''

''အဲဒါတော့ ငါမသိဘူးကွ''

ကိုရင် ရင်မောသွားရလေ၏။ ပန်းမှန်လာတစ်ပွင့်၊ သို့မဟုတ် မှန်လာထုပ်တစ်ထုပ်ကို အင်ဒရင်းတန်ခိုးမပြယ်မီ ခုတ်ရောင်း၍ ဝယ်ယူစားသုံးသူ အဆိပ်သင့်ခဲ့သော်···

ကိုရင် ဆက်၍မတွေးတတ်။

သိပ္ပံနည်းနှင့်ယှဉ်၍ ဓာတ်မြေဩဇာ သုံးစွဲကြသည်မှာ ဝမ်းသာစရာဖြစ်ပေ၏။ ခေတ်မီ ပိုးသတ်ဆေးကို သုံးစွဲကြသည်မှာလည်း ကျေနပ်စရာပါပေ။ သို့သော် ကိုယ်သုံးသောအဆိပ် အဘယ်မျှ ပြင်းထန်ကြောင်း မသိတာကိုမူ ကိုရင် မကျေနပ်ပေ။ ယောကျ်ာမလောင်းမို့ မပြောရဲသည့်အတွက် နှုတ်ပိတ်ငြိမ်သက်နေလေ၏။

**ဆင်ဖြူကျွန်း၊ အောင်သိန်း**

# မရှိမဖြစ်တဲ့ စွမ်းရည်ပြည့် လူသားအရင်းအမြစ်

ဇော်ဟိန်း



မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးအခြေအနေဟာ ၂၀၁၆–၂၀၂၀ အစိုးရသက်တမ်းကာလအတွင်းမှာ ဆုတ်ယုတ်လာတယ်လို့ ယေဘုယျအားဖြင့် ပြောကြားလာကြတာကို ကြားသိနေရပါတယ်။ ဒီအဆို ဘယ်လောက်မှန်ကန်တယ်၊ နောက်ကွယ် အကြောင်းအချက်တွေ ဘယ်လိုရှိတယ်၊ ဘယ်လိုပြုပြင်ပြောင်းလဲ ကျော်ဖြတ်သင့်တယ်ဆိုတာဟာ တိုင်းပြည်အတွက် အရေးကြီးတဲ့ အကြောင်းအချက်တွေဖြစ်ပါတယ်။



ယေဘုယျအမြင်၊ ယေဘုယျအပြောတွေဟာ လက်တစ်ကမ်းအကွာ မျက်စိတစ်ဆုံးအထိသာကြည့်ပြီး ပြောတတ်ကြတာဖြစ်ပါတယ်။ ဘယ်လိုပြုပြင်ပြောင်းလဲကျော်ဖြတ်သင့်တယ်ဆိုတဲ့ ဖြေရှင်းချက်နည်းလမ်းတွေ ပါလေ့မရှိသလို၊ ပါပြန်ရင်လည်း ဖြစ်လိုရာဆန္ဒနောက်ကိုလိုက်တဲ့ နည်းစဉ်တွေပဲဖြစ်နေတတ်ပါတယ်။ တစ်ခါတစ်ရံမှာ အပေါ်ယံရှပ်ပြီး အဖြေရှာကြသလို ပြဿနာအတွင်းမှာ လုံးချာလိုက်နေလို့ ဂျာအေးသွားအမေရိုက်တဲ့ ပုံစံမျိုးဖြစ်နေတတ်ပါတယ်။

မြန်မာနိုင်ငံကတော့ ပါလီမန်ဒီမိုကရေစီနဲ့ အရင်းရှင်စီးပွားရေးစနစ်၊

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့ ဗဟိုချုပ်ကိုင် ဆိုရှယ်လစ်စီးပွားရေးစနစ်၊

စစ်အုပ်ချုပ်ရေးနဲ့ ဗဟိုဦးစီးဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီနဲ့

ဈေးကွက်စီးပွားရေးစနစ် စတဲ့နိုင်ငံရေးလမ်းစဉ်နဲ့

စီးပွားရေးစနစ်ကို ငါးပိရည်နဲ့ တို့စရာသဖွယ်…

နိုင်ငံရေးနဲ့ စီးပွားရေးဟာ ဆက်စပ်နေတဲ့သဘောရှိတာကြောင့် နိုင်ငံရေးလမ်းစဉ်အပေါ် တည်မှီပြီး စီးပွားရေးမူဝါဒတွေ ပြဋ္ဌာန်းကြလေ့ရှိပါတယ်။ ဒါကြောင့်လည်း အရင်းရှင်စီးပွားရေးစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် စတာတွေဖြစ်ပေါ်လာတာပါ။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးတဲ့နောက်မှာတော့ ကမ္ဘာ့နိုင်ငံအတော်များများဟာ ဒီမိုကရေစီနိုင်ငံတွေဖြစ်လာကြတဲ့အပြင် ဈေးကွက်စီးပွားရေးစနစ်ကိုပါ ကျင့်သုံးလာကြပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသာလျှင် ထူးခြားစွာနဲ့ ကွန်မြူနစ်လမ်းစဉ်ကို နိုင်ငံရေးမူဝါဒအဖြစ် ဆုပ်ကိုင်ထားပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့ တစ်နိုင်ငံ မူနှစ်မျိုး (One Country, Two Policies) ပုံစံ ဖြစ်တည်နေတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံကတော့ ပါလီမန်ဒီမိုကရေစီနဲ့ အရင်းရှင်စီးပွားရေးစနစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့ ဗဟိုချုပ်ကိုင် ဆိုရှယ်လစ်စီးပွားရေးစနစ်၊ စစ်အုပ်ချုပ်ရေးနဲ့ ဗဟိုဦးစီးဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ် စတဲ့နိုင်ငံရေးလမ်းစဉ်နဲ့ စီးပွားရေးစနစ်ကို ငါးပိရည်နဲ့ တို့စရာသဖွယ် ခွန်တွဲကျင့်သုံးခဲ့တာတွေ့ရပါတယ်။ ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်ကြောင့် နိုင်ငံရေးရှုပ်ထွေးသလို ကျင့်သုံးဆဲဈေးကွက်စီးပွားရေးစနစ်ဟာလည်း မပီပြင်သေးတဲ့အတွက် အာဆီယံဒေသတွင်း ၁၀ နိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနဲ့ နိမ့်ကျနေတာကို အရှိတရားအဖြစ် လက်ခံထားကြရဦးမှာဖြစ်ပါတယ်။

နိုင်ငံရေးရဲ့ လက်အောက်ခံပြဿနာဖြစ်တဲ့ စစ်ရေးအခြေအနေမှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းနေသော်ငြားလည်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်လာအောင် လုပ်ဆောင်ရေးဆိုတာတွေဟာ အငိုလွယ်သလောက် အရှိက်ခက်နေဆဲဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေဆဲကာလမှာ ရခိုင်ပြည်နယ်အရေးဟာလည်း မြေမှုရာကင်းမှောင့်သလို ဖြစ်နေတဲ့အတွက် လုံခြုံရေးကို အကြောင်းပြပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေတာ တွေ့ရပြန်ပါတယ်။ ဒါကြောင့် နိုင်ငံရေးဟာ စီးပွားရေးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ရိုက်ခတ်စေနိုင်တဲ့ ဆက်စပ်သဘောတရားများဖြစ်တယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ရာမှာ ကုန်ထုတ်လုပ်နိုင်စွမ်းဟာ အဓိကကျပါတယ်။ သီအိုရီသဘောအရ ကုန်ထုတ်စွမ်းအားမြင့်တင်ဖို့ သယံဇာတနဲ့ အခြေခံအဆောက်အအုံ၊ လူ့စွမ်းအားအရင်းအမြစ်နဲ့ ငွေကြေးအရင်းအနှီးတို့ပါဝင်တဲ့ ကုန်လုပ်စွမ်းအားစုတွေ လိုအပ်ပါတယ်။ ဒါ့အပြင် ကုန်ထုတ်လုပ်ငန်းရှင်များရဲ့ တီထွင်စွမ်းအားနဲ့ ကုန်ထုတ်လုပ်မှုကျွမ်းဆက်တို့ဟာလည်း မှန်ကန်ကောင်းမွန်ရပါမယ်။ ဒါမှသာ တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်နိုင်စွမ်းမြင့်တက်ပြီး

## ပြည်ထောင်စုစိတ်ဓာတ် အရင်းခံပြီး တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးရင်
## ဘယ်ပါတီအဖွဲ့အစည်း၊ ဘယ်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်စေ
## ပြည်သူလူထု လိုလားတောင့်တတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်
## စိတ်ရင်းစေတနာမှန်နဲ့ ညှိနှိုင်းဆွေးနွေး…



ပို့ကုန်ဦးစားပေး စီးပွားရေးစနစ် ဖြစ်လာနိုင်ပါလိမ့်မယ်။ အကျိုးဆက်အားဖြင့် စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှု(ဂျီဒီပီ)တန်ဖိုးမြင့်မယ်၊ ကုန်သွယ်မှုရှင်းတမ်းအရ ပို့ကုန်တန်ဖိုးက သွင်းကုန်တန်ဖိုးထက် ပိုမိုလာမယ်၊ နိုင်ငံတော်ရဲ့ အရ အသုံး မှန်းခြေငွေစာရင်းမှာ အားမှုခြေ၊ သို့မဟုတ် ပိုငွေပြ ဘတ်ဂျက်ဖြစ်လာမယ်၊ ဈေးကွက်တောင်းဆိုမှုအရ စားသုံးသူဈေးကွက် ကြီးမားကျယ်ပြန့်လာပြီး ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်နဲ့ အားကောင်းမောင်းသန်ဖြစ်လာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးပွားလာမယ်၊ ပြည်သူစားဝတ်နေမှုဘဝ ဖူလုံလာမယ်ဆိုတဲ့ ကောင်းကျိုးရလဒ်တွေ ရရှိလာမှာဖြစ်ပါတယ်။

သီအိုရီသဘောတရားအရ ဒီဖြစ်စဉ်ဟာ မှန်ကန်သော်ငြားလည်း ကမ္ဘာ့စီးပွားရေးအခြေအနေနဲ့ ဒေသတွင်း ဈေးကွက်အခြေအနေများအပြင် နိုင်ငံသားတို့ရဲ့ လုပ်အားစွမ်းရည်များအပေါ်မူတည်ပြီး တိုးတက်မှုနှုန်း ကွာခြားနိုင်သလို အောင်မြင်မှု၊ ဆုံးရှုံးမှုများနဲ့လည်း ကြုံတွေ့နိုင်ပါတယ်။ လူတစ်ဦးချင်းစီရဲ့ ကုန်ထုတ်စွမ်းအားကို အနည်းဆုံး နှစ်ဆတိုးမြှင့်နိုင်ဖို့ ဆောင်ရွက်ရာမှာ အင်္ဂလန်နိုင်ငံဟာ နှစ်ပေါင်း ၅၈ နှစ်ကြာအောင် ဆောင်ရွက်ခဲ့ရပြီး တရုတ်နိုင်ငံကတော့ ၁၉၇၇ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ဆယ်နှစ်ကြာ ကြိုးပမ်းခဲ့ရတဲ့အပြင် အမေရိကန်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ဟာလည်း သူ့အတိုင်းအတာနဲ့သူ ဆယ်စုနှစ်တွေနဲ့ချီပြီး ကြာခဲ့တယ်လို့ စီးပွားရေးသုတေသနစာတမ်းတွေမှာ တွေ့ရှိရပါတယ်။ နိုင်ငံရဲ့ ရေမြေသဘာဝနဲ့တကွ နိုင်ငံသားတို့ရဲ့ စရိုက်သဘာဝတာနဲ့ကိုက်ညီမယ့် စွမ်းအားအရင်းအမြစ်တွေကို နည်းပညာနဲ့ပေါင်းစပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် မှန်ကန်တဲ့ စီးပွားရေးမူဝါဒတွေ ချမှတ်လုပ်ဆောင်မှသာ အောင်မြင်နိုင်မယ်လို့ ဆိုရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ့် နိုင်ငံရေးရာသီဥတုနဲ့ စီးပွားရေးအခြေအနေဟာ တိုးတက်ကောင်းမွန်တယ်လို့ မဆိုနိုင်ပေမယ့် ဆုတ်ယုတ်ကျဆင်းသွားတာမဟုတ်ဘူးလို့ မှန်မှန်ကန်ကန်တွေမြင်ဖို့ လိုအပ်ပါတယ်။

နိုင်ငံရေးအပိုင်းမှာ ပြည်တွင်းနိုင်ငံရေးနဲ့ ပြည်ပနိုင်ငံများက ပါဝင်ပတ်သက်လာနိုင်တဲ့ နိုင်ငံရေးနယ်လို့ နှစ်မျိုးရှိနိုင်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဟာ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အနိုင်ရရေးကို မျှော်မှန်းပြီး စည်းရုံးလှုံ့ဆော်ရာမှ ဘာသာရေးလူမျိုးရေး အမုန်းစကားများဖြင့် နိုင်ငံရေးမတည်ငြိမ်မှုများရှိနေသလို ရခိုင်ပြည်နယ်ပြဿနာကို အကြောင်းပြုပြီး ပြည်ပစွက်ဖက်မှုများလည်း ကြုံတွေ့နေရတာတွေဟာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဟန့်အတားဖြစ်စေပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်



အရင်းခံပြီး တိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးရင် ဘယ်ပါတီအဖွဲ့အစည်း၊ ဘယ်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်စေ ပြည်သူလူထု လိုလားတောင့်တတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် စိတ်ရင်းစေတနာမှန်နဲ့ ညှိနှိုင်းဆွေးနွေးအဖြေရှာကြရပါမယ်။ လူတွေကြောင့်ဖြစ်ရတဲ့ စစ်မီးကို လူတွေကပဲ ငြိမ်းသတ်ပေးရပါလိမ့်မယ်။ အတိတ်ကဖြစ်ရပ်များကို ခေါ်ချ သင်ခန်းစာယူပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပေးအယူမျှတစွာနဲ့ ရှေ့ခရီးကို ဆက်ကြမယ်ဆိုရင် ငြိမ်းချမ်းရေးဟာ အလှမ်းမဝေးဘူးဆိုနိုင်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရာမှာ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ ၁၂ ရပ်ကိုအခြေခံပြီး ဆိုင်ရာဝန်ကြီးဌာနတွေက လက်တွေ့ဘဝနဲ့ကိုက်ညီတဲ့ နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်ရပါမယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ စီးပွားရေးလုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်းပြီး တစ်နိုင်တစ်ပိုင်၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရပါမယ်။ စက်မှုကုန်ထုတ်၊ လယ်ယာသားငါး၊ သစ်တော၊ သတ္တုကုန်ထုတ်၊ ဝန်ဆောင်မှုနဲ့ ကုန်သွယ်လုပ်ငန်းစတာတွေမှာ လုပ်ငန်းရှင်တွေ လုပ်သာကိုင်သာရှိအောင် ပြေလျော့မှုနဲ့ ဖြည့်ဆည်းမှုများ လုပ်ပေးကြရပါမယ်။ ကုန်ထုတ်လုပ်ငန်းတွေရဲ့ အဓိကလိုအပ်ချက်တွေဖြစ်တဲ့ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သား စတာတွေအပြင် အခြေခံအဆောက်အအုံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရပါလိမ့်မယ်။ နှစ်ချင်းနဲ့ကာလတို စီမံချက်များရေးဆွဲပြီး အစိုးရ၊ ပုဂ္ဂလိကနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ထုတ်ကုန်များအတွက် ဈေးကွက်နေရာ ရနိုင်မှာဖြစ်ပါတယ်။

ဈေးကွက်တန်ဖိုးဝင် ထုတ်ကုန်ပစ္စည်းအတွက် ကုန်ကြမ်းမှ ကုန်ချောအထိ လိုအပ်ချက်များကိုဖြည့်ဆည်းခြင်း၊ ကွင်းဆက်နဲ့ ကုန်ချောမှ ဈေးကွက်ရောက်သည်အထိ လိုအပ်ချက်များကို ဖန်တီးခြင်းကွင်းဆက်တို့ကို ချိတ်ဆက်ပေးရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကုန်ကြမ်းမှ ဈေးကွက်ရောက်သည်အထိ ကုန်ထုတ်လုပ်မှုကွင်းဆက်ကို ဟန်ချက်ညီရွေ့လျားစေခြင်းပဲ ဖြစ်ပါတယ်။ တစ်နိုင်တစ်ပိုင်၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းပြီးဖြစ်လို့ ပြည်နယ်နဲ့တိုင်းဒေသကြီးများအလိုက် စီးပွားရေးလုပ်ငန်းရှင်များအတွက် အခြေအနေကောင်းများ ဖန်တီးပေးနိုင်မယ်လို့ ယုံကြည်ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဟာ ၂၀၁၇ ခုနှစ်အတွင်း တန့်နေတယ်လို့ ဆိုနိုင်ပေမယ့် ၂၀၁၈ ခုနှစ်အတွင်းမှာ အလားအလာကောင်းတွေကို မျှော်မှန်းနိုင်ပါလိမ့်မယ်။



နိုင်ငံရေးနဲ့ စီးပွားရေးသိဒ္ဓိရှိအရအကောင်းဘက်ကို ရှေးရှုနိုင်သော်ငြားလည်း ပါဝင်ပတ်သက်ကြတဲ့ နိုင်ငံရေးသမားနဲ့ စီးပွားရေးသမား၊ လုပ်ငန်းရှင်များသာမက အစိုးရအဖွဲ့အစည်း အဆင့်ဆင့်က နိုင်ငံ့ဝန်ထမ်းများဟာ လူသားများဖြစ်တဲ့အတွက် အမှားအယွင်းအနည်းဆုံးနဲ့ လုပ်ငန်းပြီးမြောက်အောင် လုပ်ဆောင်နိုင်ကြမှသာ လိုရာခရီးကို ရောက်ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးမှာ စွမ်းရည်ပြည့်သော လူသားအရင်းအမြစ်သည်သာလျှင် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ဇော်ဟိန်း**



# မေးခွန်း

## အဖြေမပါဘူးလို့ ထင်ရပေမဲ့....

ခင်ဗျားရဲ့ဘဝမှာ လုပ်ခဲ့သမျှတွေထဲက ဘယ်ဟာက အရေးအပါဆုံးလဲ။ ဥပဒေသမားတွေကို ဆွေးနွေးဟောပြောနေစဉ် ကျွန်တော့်ကို မေးခွန်းမေးလာပါတယ်။ ချက်ချင်းဆိုသလိုပဲ အဖြေက ကျွန်တော့်မှာ ရှိပြီးသားပါ။ ဒါပေမဲ့ ကာလဒေသ၊ ပယောဂ မကိုက်ညီတဲ့အတွက် အဲဒီအဖြေကို ကျွန်တော်မပေးခဲ့ဘူး။ ပရိသတ်က မျှော်လင့်တာက ကျွန်တော့်လုပ်ငန်းနဲ့ပတ်သက်ပြီး ကြည်နူးပျော်ရွှင်စရာ ဇာတ်လမ်းမျိုးကိုပဲ ကြားချင်ကြတာပါ။ ကျွန်တော့်ရင်ဘတ်ထဲမှာရှိနေတဲ့ တကယ့်အဖြေမှန်က အမှတ်တရရှိနေဆဲပါ။

အဖြစ်က ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာ ၈ ရက်ကပါ။ အဲဒီနေ့က ကျွန်တော့်အမေရဲ့ ၆၅ နှစ်မြောက် မွေးနေ့ဖြစ်လို့ မိသားစုဆုံစည်းဖို့ ကျွန်တော်အိမ်ကိုပြန်ရောက်တဲ့နေ့။ အမိမြေကိုရောက်တုန်း အလယ်တန်းကျောင်းတက်စဉ်က သူငယ်ချင်းနဲ့ တင်းနှစ်ကစားခဲ့တယ်။



**ကျွန်တော်က သူ့ကားရဲ့သော့ကို ဖြုတ်ယူသွားပြီးမှ သူငယ်ချင်းကပြန်လာပြီး ကားလာယူရင် အခက်တွေ့နိုင်တယ်ဆိုတာပေါ့။ ကျွန်တော့်မှာက လောလောဆယ် စာရေးထားခဲ့ဖို့ စာရွက်တစ်ရွက်တောင် မပါလာတော့ ကျွန်တော် သော့ယူသွားကြောင်း သူမသိနိုင်ဘူး။ ကျွန်တော်လည်း တောင်စဉ်းစား မြောက်စဉ်းစားနဲ့ နောက်ဆုံး…**

ကစားရင်း သူ့အကြောင်း၊ ကိုယ့်အကြောင်းတွေ ပြောဖြစ်ကြတယ်။ အဲဒီလိုပြောရင်းဆိုရင်း၊ သူ့မှာ ကလေးတစ်ယောက်ရှိကြောင်း၊ ကလေးက ယောကျ်ားလေးဖြစ်ပြီး ညညကြီးကျလို့ သူတို့လင်မယား အိပ်ရေးပျက်ရကြောင်းပါ သိလာရတယ်။

ကျွန်တော်တို့ကစားနေတုန်းမှာပဲ ကားတစ်စီး ဟွန်းသံအကျယ်ကြီးပေးလို့ ရောက်လာတယ်။ သူငယ်ချင်းအမေက ကားမရပ်သေးဘူး။ အော်ပြောတယ်။ သူ့မြေးအသက်ရှူမရလို့ ဆေးရုံပို့လိုက်ရတယ်ဆိုတဲ့အကြောင်း။ သူငယ်ချင်းလည်း ဘာမှမေးမနေတော့ဘဲ ချက်ချင်း အဲဒီကားနဲ့ လိုက်သွားတယ်။

ကျွန်တော် ခဏတော့ ကြောင်ပြီးရပ်နေမိတယ်။ နောက်မှ ငါဘာလုပ်သင့်သလဲဆိုပြီး စဉ်းစားတယ်။ ဆေးရုံကိုပဲ လိုက်သွားရမလား။ ဆေးရုံမှာက ကျွန်တော့်အတွက် ဘာအလုပ်မှမရှိဘူး။ ကလေးက ဆရာဝန်၊ ဆရာမတွေရဲ့ စောင့်ရှောက်မှုနဲ့အတူရှိနေတယ်။ ကျွန်တော်ဘာမှလည်း မလုပ်တတ်ဘူး။ ဘာမှလည်း မပြောတတ်ဘူး။ လုပ်ဦး၊ ပြောဦးတော့ ကလေးအတွက် ဘာမှအရာမရောက်ဘူး။ ပြီးတော့ ကျွန်တော့် သူငယ်ချင်းမှာ ဆွေမျိုးအသိုင်းအဝိုင်းကြီးတယ်။ သူတို့တစ်တွေက ဝိုင်းပြီးနှစ်သိမ့်နိုင်တယ်။ ပံ့ပိုးနိုင်တယ်။ ကျွန်တော်သွားလို့ အပိုပဲဖြစ်တယ်။ ပြီးတော့ တစ်ခါ ကျွန်တော့်မှာ မိသားစုနဲ့ သွားသွားလာလာလုပ်ဖို့ သူတို့တစ်တွေ အိမ်မှာစောင့်နေကြတယ်။ ဒါကြောင့် ကျွန်တော် မိဘအိမ်ကိုပဲသွားဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော့်သူငယ်ချင်းဆီကိုတော့ နောက်မှသွားမယ်ပေါ့။

ကျွန်တော် မွေးရပ်မြေကို ရောက်တုန်းရောက်ခိုက် သွားသွားလာလာလုပ်ဖို့ဆိုပြီး ကားတစ်စီး ငှားထားတယ်။ အခု ဒီအငှားကားကို စက်နှိုးပြီး ထွက်မယ်အလုပ်မှာ သူငယ်ချင်းကားက သော့တစ်လက်နဲ့ တင်းနစ်ကွင်းမှာ ရပ်ထားတာကို သတိပြုမိတယ်။ ဒီတော့ သူ့ကားကို ဒီအတိုင်းထားခဲ့ရမလား။ သော့ဖြုတ်ပြီး ယူသွားရမလား၊ စဉ်းစားရပြန်တာပေါ့။

ထပ်ပြီး စဉ်းစားမိတာက ကျွန်တော်က သူ့ကားရဲ့သော့ကို ဖြုတ်ယူသွားပြီးမှ သူငယ်ချင်းကပြန်လာပြီး ကားလာယူရင် အခက်တွေ့နိုင်တယ်ဆိုတာပေါ့။ ကျွန်တော့်မှာက လောလောဆယ် စာရေးထားခဲ့ဖို့ စာရွက်တစ်ရွက်တောင် မပါလာတော့ ကျွန်တော် သော့ယူသွားကြောင်း သူမသိနိုင်ဘူး။ ကျွန်တော်လည်း တောင်စဉ်းစား၊ မြောက်စဉ်းစားနဲ့ နောက်ဆုံး ကားကို ဆေးရုံဘက် ဆွဲကြွလိုက်ပြီး ထွက်ခဲ့ဖြစ်တော့တယ်။

ဆေးရုံရောက်တော့ ကျွန်တော့် သူငယ်ချင်းရယ်၊ သူ့ဇနီးရယ် စောင့်နေတဲ့



အခန်းကို ဝင်ကြည့်တယ်။ အခန်းထဲမှာ သူတို့ဇနီးမောင်နှံရယ်၊ သူ့ဆွေမျိုးတွေရယ် ပြည့်နေတော့ ကျွန်တော် အထဲထိမဝင်တော့ဘဲ တံခါးဝမှာပဲ ရပ်နေလိုက်မိတော့တယ်။ ခဏနေတော့ ဆရာဝန်တစ်ယောက် ရောက်လာပြီး သူငယ်ချင်းတို့ ဇနီးမောင်နှံ အနီးကပ်ပြီး တိုးတိုးတိတ်တိတ်ပြောတယ်။ ကလေးက သူငယ်နာရောဂါနဲ့ ဆုံးသွားပြီတဲ့။

သူငယ်ချင်းတို့ ဇနီးမောင်နှံလည်း တစ်ယောက်ကိုတစ်ယောက် ဖက်ပြီးငိုကြ၊ ကျန်တဲ့သူတွေလည်း ကြောင်ပြီး ရပ်နေကြပေါ့။ တစ်ခဏကြာတော့ ဆရာဝန်က မိဘဖြစ်သူများကို ကလေးနဲ့အတူ တစ်အောင့်အနားနေကြမလားဆိုပြီး ကလေးဆီခေါ်သွားမလို့လုပ်တယ်။

သူငယ်ချင်းနဲ့ သူ့ဇနီးလည်း ဖြည်းဖြည်းချင်းထပြီး အခန်းဝကို ထွက်လာကြတယ်။ အဝမှာ ကျွန်တော့်ကိုတွေ့လိုက်တော့ သူငယ်ချင်းရဲ့ဇနီးက ကျွန်တော့်ကို ဖက်ပြီးငိုတယ်။ သူငယ်ချင်းလည်း ကျွန်တော့်ကို ဖက်ပြီးငိုတယ်။ ပြီးတော့ "ဒီကိုရောက်လာတာ ကျေးဇူးတင်တယ်ကွာ" လို့ပြောတယ်။ တစ်မနက်လုံး ကျွန်တော် ဆေးရုံမှာပဲ သူတို့နဲ့အတူ ရှိနေပေးလိုက်တယ်။ သူတို့ခမျာ ဆုံးသွားတဲ့ကလေးကို ပွေ့ဖက်လို့ နှုတ်ဆက်နေတာကို စိတ်မကောင်းစွာနဲ့ ကြည့်နေမိတယ်။

ဒီအတွေ့အကြုံက ကျွန်တော် သင်ခန်းစာ သုံးခုရလိုက်တယ်။ ပထမတစ်ခုက ကျွန်တော်က ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတဲ့အချိန်မှာ ကျွန်တော် အရေးကြီးဆုံးတစ်ခုကို လုပ်လိုက်မိခဲ့တယ်ဆိုတာပဲ။ ကျွန်တော် တက္ကသိုလ်ကျောင်းတော်ကြီးမှာ သင်

ယူခဲ့တာ သုံးနှစ်သုံးမိုး ဥပဒေဘာသာရပ်ကို လေ့လာခဲ့တာ ခုလိုအခြေအနေများမှာ ဘာလုပ်ရမယ်ဆိုတာ မသိခဲ့ဘူး။ ကျွန်တော်နဲ့ ရင်းနှီးသူတွေက တစ်စုံတစ်ရာ ဘေးဒုက္ခကြုံနေချိန်မှာ ကျွန်တော် ဘာလုပ်ဘာကိုင်ရမှန်းမသိ ဖြစ်ခဲ့ရတယ်။ ကျွန်တော်လုပ်နိုင်တာဆိုလို့ အခြေအနေကို စောင့်ကြည့်နေတာပဲရှိတယ်၊ ဒါပေမဲ့ အဲဒီလိုလေး စောင့်ကြည့်နေတာကိုကလည်း အရေးပါနေတယ်။ လိုအပ်တဲ့အချိန်မှာ အဲဒီနေရာမှာ ရှိနေပေးရုံလေးပါပဲ။

ဒုတိယတစ်ချက်က ကျွန်တော့်ဘဝမှာ စာသင်ခဲ့စဉ်ကရော၊ အလုပ်လုပ်နေစဉ်မှာရော သင်ကြားလေ့လာခဲ့ဖူးသမျှ လက်တွေ့မကြုံကြိုက်သေးတဲ့အတွက် အရေးအကြီးဆုံးဆိုတာ မလုပ်ဖြစ်ခဲ့သလောက်ပဲ။ ကျောင်းမှာ သင်ခဲ့ရတဲ့ ဥပဒေပညာရပ်က အချက်အလက် ဘယ်လိုရှာဖွေစီစဉ်ရတယ်၊ ဘယ်လိုစုဆောင်းဖွဲ့စည်းရတယ်၊ ပြီးတော့ အဂတိကင်းကင်းနဲ့ ဆုံးဖြတ်တာမျိုး သင်ကြားပေးတယ်။ ဒီအရည်အချင်းတွေဟာ ဥပဒေသမားတွေအတွက် အလွန်အရေးပါတယ်။ အကူအညီလိုလို့ ရောက်လာကြတဲ့ လူတွေက သူတို့ထမ်းထားတဲ့ ဝန်ထုပ်ဝန်ပိုးကို ဥပဒေသမားအပေါ် ပုံအပ်ပေးတတ်ကြတယ်။

ဒါပေမဲ့ ကျွန်တော့်အဖို့ ခံစားဖို့ဆိုတာကို မေ့လျော့ပြီး စဉ်းစားဖို့ပဲ နားထောင်တယ်။ ဒီနေ့မှာတော့ ကျွန်တော်က တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ သူငယ်ချင်းရှိရာ ဆေးရုံကို လိုက်လာခဲ့မိပါတယ်။

တတိယအချက်က ဘဝဆိုတာ တစ်ခဏတာအတွင်းမှာ ပြောင်းလဲနိုင်တယ်ဆိုတဲ့ အချက်က ကျွန်တော့်ကို သတိပေးနေတယ်။ ဒါကို ကျွန်တော်တို့အားလုံး သိကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ကိုယ်နဲ့မဆိုင်ဘဲ တခြားလူတွေကိုသာ ဆိုးဝါးတဲ့ကိစ္စတွေ ဖြစ်လိမ့်မယ်လို့ တွေးထင်တတ်ကြတယ်။ ဒီတော့ ကျွန်တော်တို့က အနာဂတ် စီမံချက်တွေကို အသင့်စိတ်ကူးထားကြတယ်။ သို့သော် ကျွန်တော်တို့ မနက်ဖြန်ကိစ္စကို မျှော်ကြည့်နေချိန်မှာ ဒီကနေ့ ကိစ္စရပ်တွေ အလွဲလွဲအချော်ချော်ဖြစ်သွားတာကို သတိမပြုမိဘဲ မေ့လျော့နေတတ်ကြပါတယ်။ နောက်ပြီးတော့ ကောက်ကာငင်ကာ ဖျားနာတတ်သလို၊ မျက်စိတစ်မှိတ်အတွင်း အရက်မူးနေတဲ့ ကားသမားနဲ့တွေ့ပြီး အန္တရာယ်ကြုံတတ်တာကို မေ့လျော့နေတတ်ကြပါတယ်။

တစ်ခါတစ်ရံ ဘဝမှာ သံဝေဂရဖို့အတွက် ဝမ်းနည်းဖွယ်အခြေအနေကိုလည်း ကြုံရနိုင်ပါတယ်။ အခု ကျွန်တော်တွေ့ကြုံရတဲ့ အခြေအနေက ကျွန်တော် ဘာကိုတွေး မြင်ရသလဲဆိုတော့ အလုပ်နဲ့မိသားစုဘဝကို ဟန်ချက်ညီမျှတအောင် လုပ်ဆောင်သင့်တယ်ဆိုတာပါပဲ၊ အားလပ်ရက်ယူတဲ့အချိန်ယူပြီး၊ မိသားစုနဲ့ အချိန်ပေးတာမျိုးလုပ်သင့်တယ်။ ဘဝမှာ အရေးအကြီးဆုံးက ခင်ဗျား ကျားကုတ်ကျားခဲရှာနေတဲ့ ငွေကြေးမဟုတ်ဘူး။ ခင်ဗျား လက်ရှိရပ်တည်နေတဲ့ အဆင့်အတန်း။ ခင်ဗျားရဲ့ ပုဂ္ဂိုလ်သိက္ခာမဟုတ်ဘူး။ တကယ်တန်း ဘဝမှာ အရေးအကြီးဆုံးက ခင်ဗျား ဦးဆောင်လမ်းညွှန်ပေးတဲ့ ကလေးတွေရဲ့ အသင်းအဖွဲ့၊ ခင်ဗျားရေးဖွဲ့တဲ့ ကဗျာ လင်္ကာ၊ ဒါမှမဟုတ် ခင်ဗျားဟာ အခြားသူတစ်ဦးဦးရဲ့ မိတ်ဆွေရင်းချာအဖြစ် ရှိနေတဲ့အချိန်ပိုင်းလေးပါပဲ။ ။

မောင်သီဟ

**(Ref: Just being there R/D April 1996)**

တက္ကသိုလ်ကျောင်းတော်ကြီးမှာ သင်ယူခဲ့တာ သုံးနှစ်သုံးမိုး ဥပဒေဘာသာရပ်ကို လေ့လာခဲ့တာ ခုလိုအခြေအနေများမှာ ဘာလုပ်ရမယ်ဆိုတာ မသိခဲ့ဘူး။ ကျွန်တော်နဲ့ ရင်းနှီးသူတွေက တစ်စုံတစ်ရာ ဘေးဒုက္ခကြုံနေချိန်မှာ ကျွန်တော် ဘာလုပ်ဘာကိုင်ရမှန်းမသိ ဖြစ်ခဲ့ရတယ်။



# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်လျက်ရှိတဲ့ ပြည်သူများနဲ့ လုပ်ငန်းရှင်များ၊ အိမ်ပိုင်မြေပိုင်ရှင်များအတွက် ရန်ကုန်မြို့တော်စည်ပင်မှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအကြောင်းကို သိရှိ မှတ်သား၊ ဆလုလာနိုင်ရန်နဲ့ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန်တို့အတွက် ဒီကဏ္ဍလေးကို ဖွင့်လှစ်လိုက်ပါတယ်။

## ကျန်းမာရေးဌာန

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တော်အတွင်းရှိ မြို့တော်သူ မြို့တော်သားများ သန့်ရှင်းကြံ့ခိုင် ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် အဖက်ဖက်မှ ကူညီဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဌာနကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

**ဌာန၏ သမိုင်းအကျဉ်း**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၂၉-၈-၁၉၉၀ အစည်းအဝေး ၃၆/၉၀ အရ အရာရှိနှစ်ဦး၊ စာရေးတစ်ဦးဖြင့် စီမံရေးရာဌာနတွင် တွဲဖက်၍ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှစ၍ ဌာနမှူးတစ်ဦး၊ အရာရှိ သုံးဦးဖြင့် ကျန်းမာရေးဌာန၏ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးဌာန၏ ဖွဲ့စည်းပုံအသစ်ကို ၂၆-၉-၁၉၉၂ ရက်စွဲပါ စာအမှတ် ၁၃၇/၉၂/စည်ပင်(ကျန်းမာ)ဖြင့် အုပ်ချုပ်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဌာနခွဲ၊ ဓာတ်ခွဲဌာနခွဲဟူ၍ ထပ်မံတိုးချဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

**ဌာန၏ လုပ်ငန်းတာဝန်များ**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သူ၊ မြို့တော်သားများ လူနေမှုဘဝမြင့်မားပြီး ကျန်းမာကြံ့ခိုင်သော လူနေမှုဘဝကို ရရှိခံစားနိုင်ရေးတို့အတွက် အစဉ်ကရုတစိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်လည်း ကျန်းမာရေးဌာနကို ဖွဲ့စည်းပြီး အောက်ပါလုပ်ငန်းများကို ကျေပွန်စွာလုပ်ကိုင်ဆောင်ရွက်စေနိုင်ခဲ့ပါတယ်-

၁။ မြို့တော်နယ်နိမိတ်အတွင်း ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းခြင်း
၂။ စီမံရေးရာဌာနမှ လိုင်စင်ရရှိထားသော စားသောက်ဆိုင်များ၊ လုပ်ငန်းများ ကျန်းမာရေးနှင့်ညီညွတ်စွာ ရောင်းချမှုရှိ မရှိ စစ်ဆေးခြင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်း
၃။ အခြေခံပညာကျောင်းများရှိ မုန့်ဈေးဆိုင်များအား စစ်ဆေးခြင်း
၄။ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ ဈေးများအား ကျန်းမာရေးနှင့် ညီညွတ်မှုရှိ မရှိ စစ်ဆေးခြင်း
၅။ ဓာတ်ခွဲစစ်ဆေးခြင်း
၆။ ကျန်းမာရေးပညာပေးခြင်းနှင့် သင်တန်းများပေးခြင်း
၇။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ နေထိုင်သော အိမ်ရာစခန်းများတွင် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်း
၈။ အစားအစာ ရေနမူနာများအား ဓာတ်ခွဲစစ်ဆေးခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ ဆေးမှုတ်၊ ဆေးဖြန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း
၉။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ ကလေးပြိုင်ပွဲများကျင်းပခြင်း
၁၀။ အခြားဌာနများဖြစ်သော စီမံရေးရာဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

**ဌာနခွဲများ**

ကျန်းမာရေးဌာနသည် ဌာန၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါဌာနခွဲများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်-

၁။ အုပ်ချုပ်ရေးဌာနခွဲ
၂။ ပြည်သူ့ကျန်းမာရေးဌာနခွဲ
၃။ ဓာတ်ခွဲဌာနခွဲ

အုပ်ချုပ်ရေးဌာနခွဲအနေဖြင့် ဌာန၏ အုပ်ချုပ်မှုကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ကျန်းမာရေးဌာနခွဲနှင့် ဓာတ်ခွဲဌာနခွဲတို့ အတူပူးပေါင်း၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါတယ်။

### ပြည်သူ့ကျန်းမာရေးဌာနခွဲ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှစတင်ပြီး သာကေတ သဒ္ဒါရုံ ဝန်ထမ်းအိမ်ရာနှင့် အင်းစိန်ချမ်းမြေ့ဝန်ထမ်းအိမ်ရာများတွင် တစ်ပတ်လျှင် တစ်ရက် ဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ပန်းခြံယဉ်ကျေးမှုနှင့် အားကစားကွင်းဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ ရေကိုပစ္စည်းထိန်းဌာနနှင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ရှိ ဝန်ထမ်းများနှင့် မိသားစုများ မြို့တော်ခန်းမရှိ ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ပေးပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းတွင်လည်း ဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းတားဆီးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ zika virus ကာကွယ်နှိမ်နင်းခြင်းများကို စာသင်ကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ မြို့တော်ရှိ ရပ်ကွက်အသီးသီးများတွင် ဆေးဖြန်းဆေးမှုတ်ခြင်းများ၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ပိုးသွန်လဲစစ်လုပ်ငန်းများ ဆောင်ရွက်ပေးသလို မြို့တော်နေ ပြည်သူလူထုများ ကျန်းမာရေးအသိရှိစေရန် ပညာပေးဟောပြောပွဲများကျင်းပကာ အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။ ရာသီအလိုက်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျှော ရောဂါများအား ကာကွယ်နှိမ်နင်းခြင်း၊ ကူးစက်မြန်ရောဂါများဖြစ်သော H1N1 Virus Meningocoel ဂျပန်ဦးနှောက်ရောင်ရောဂါများအားလည်း အချိန်နှင့်တစ်ပြေးညီ ကာကွယ်တားဆီးနှိမ်နင်းကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

### စားသောက်ဆိုင်များလိုက်နာရန် စည်းကမ်းချက်များ ထုတ်ပြန်ခြင်း

ကျန်းမာရေးဌာနအနေနှင့် မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို စားသောက်နိုင်စေရန် မြို့တော်အတွင်း ဖွင့်လှစ်ထားသော စားသောက်ဆိုင်များအား ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများရောင်းချရန် စည်းကမ်းသတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ပါသည်–

- ချက်ပြုတ်ရာတွင် အသုံးပြုသောရေသည် သန့်ရှင်းသော ရေဖြစ်စေရန်နှင့် သိုလှောင်ကန်များထားရှိကာ စနစ်တကျဖုံးအုပ်၍ ထားရှိရန်
- သန့်ရှင်းလတ်ဆတ်သော အစားအစာနှင့် ကုန်ကြမ်းများကိုသာ အသုံးပြုရန်
- အမှိုက်နှင့် အညစ်အကြေးစွန့်ပစ်နေရာတွင် အစားအသောက် ချက်ပြုတ်ခြင်းမပြုရန်နှင့် ချက်ပြုတ်ရာတွင် အသုံးပြုသည့် ထမင်းပေါင်းအိုး ပေါင်းအိုးတွင် ကပ်၍ မီးပြောင်းစွမ်းအင်များ ထား၍မပြုရန်
- မီးသွေး လောင်စာများအား မီးဖိုဆောင်တွင် သိုလှောင်ခြင်း မပြုရန်နှင့် ဓာတ်ငွေ့လျှစ်စစ်မီးဖိုများ အသုံးပြုပါက သတ်မှတ်ချက်နှင့်အညီ စနစ်တကျအသုံးပြုရန်
- စားသောက်ဆိုင်များအတွင်း အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်း မပြုရန်နှင့် ပိုးဟပ်၊ ခြင်၊ ယင်၊ ကြွက်များ နိုအောင်းမှုမရှိစေရန် ဆောင်ရွက်ထားစေခြင်း
- အစားအသောက် ချက်ပြုတ်သူများအနေနှင့် ခေါင်းစည်း/ရင်ကာများ စနစ်တကျဝတ်ဆင်ချက်ပြုတ်စေရန်နှင့် ချက်ပြုတ်သည့်သူများသည် တစ်ကိုယ်ရေသန့်ရှင်းရေး ကောင်းမွန်ရမည့်အပြင် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ထားရန်
- ဆိုင်အတွင်းမှထွက်သော စွန့်ပစ်ပစ္စည်းနှင့် စားကြွင်းစားကျန်များကို အဖုံးပါသော (ယင်လုံ၊ ရေလုံ၊ အနံ့လုံ)အမှိုက်ပုံးအတွင်း ထားရှိပြီး စည်ပင်သာယာမှ သတ်မှတ်ထားသော နေရာတွင်သာ စနစ်တကျစွန့်ပစ်ရန်

အထက်ပါစည်းကမ်းချက်များကို ချမှတ်ကာ လိုက်နာမှုမရှိပါက ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး အက်ဥပဒေ ဥပဒေပုဒ်မ ၅၃ အရ–

(၁) ဒဏ်ကြေးငွေ ချမှတ်ခြင်း

(၂) လုပ်ငန်းလိုင်စင် မှတ်ပုံတင်လက်မှတ် ခွင့်ပြုမိန့်ကို ကာလ အကန့်အသတ်ရှိသိမ်းခြင်း

(၃) လုပ်ငန်းလိုင်စင် မှတ်ပုံတင်လက်မှတ် ခွင့်ပြုမိန့်ပယ်ဖျက်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိသည်။

### ကျောင်းတွင်းမုန့်ဆိုင်များ စစ်ဆေးခြင်း

ကျန်းမာရေးဌာနသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်မြေအတွင်း ကျောင်းများရှိ မုန့်ဆိုင်များတွင် ကျောင်းသားကျောင်းသူများ သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စားသောက်နိုင်ကြစေရန် အောက်ပါအချက်အလက်များကို အဓိကထား၍ စစ်ဆေးမှုများ ဆောင်ရွက်ပေးလျက် ရှိပါသည်–

- သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ၊ အစားအစာများသာ ရောင်းချရန်
- ဆေးဆိုးထားသော အစားအစာများ မရောင်းချရန်
- စားသောက်ဖွယ်ရာများအား စနစ်တကျဖုံးအုပ်ရောင်းချရန်
- အမှိုက်ပုံးများ စနစ်တကျထားရှိပြီး အမှိုက်များကို စနစ်တကျ သိမ်းဆည်း၍ စွန့်ပစ်ရန်
- အစားအသောက်ရောင်းချသူများ၊ တစ်ကိုယ်ရည်သန့်ရှင်းမှု ကောင်းမွန်စေရန်တို့ကို ကြပ်မတ်စစ်ဆေးခြင်းများ ပြုလုပ်ပေး လျက်ရှိပါသည်။

**ဈေးများစစ်ဆေးခြင်း**

ပြည်သူ့ကျန်းမာရေးဌာနအနေဖြင့် မြို့တော်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးများတွင် မြို့တော်နေပြည်သူများ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သားငါးများ ဝယ်ယူစားသုံးနိုင်စေရန်အတွက် ဟင်းသီးဟင်းရွက်နှင့် သားငါးများတွင် ပိုးသတ်ဆေး၊ ဓာတုဗေဒပစ္စည်းများ၊ ခွင့်မပြု ဓာတုဆိုးဆေးများ၊ တာရှည်ခံဆိုးဆေးများ ပါဝင်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဈေးပတ်ဝန်းကျင် သန့်ရှင်းနေစေရေးနဲ့ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးများကိုလည်း အစဉ်ဂရုစိုက် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကျန်းမာရေးနှင့်ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန်၊ ဂရုပြုရန်များကိုလည်း ပညာပေးပိုစတာများ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများဖြင့် မြို့တော်သူမြို့တော်သားများ ကျန်းမာရေးအသိများ တိုးပွားစေရန် ဆောင်ရွက်လျက်ရှိပါတယ်။

**ဓာတ်ခွဲစစ်ဆေးခြင်း**

ကျန်းမာရေးဌာန ဓာတ်ခွဲဌာနခွဲသည် ရေအဏုဇီဝနှင့် ရေဓာတုဗေဒ ဓာတ်ခွဲစစ်ဆေးခြင်းများ၊ အစားအသောက်များ စားသုံးရန် သင့်၊ မသင့် စစ်ဆေးခြင်းများ၊ စားသောက်ဆိုင်များတွင် သုံးစွဲနေသော စားသုံးဆီများ အရည်အသွေး ဓာတ်ခွဲခြင်း၊ အစားအသောက်တွင်ပါဝင်သော ဆိုးဆေးများ စစ်ဆေးခြင်း၊ ခဲဆိပ်သင့်မှု စစ်ဆေးခြင်း၊ အနေးယာဉ်လုပ်သားများအား ကာလသားရောဂါ စစ်ဆေးပေးခြင်း၊ ရေအမျိုးမျိုးတွင်ပါဝင်သော ဒြပ်စင် ၁၀ မျိုး စစ်ဆေးခြင်းနှင့် မြို့တော်နေ မြို့တော်သူ၊ မြို့တော်သားများ သောက်သုံးနေသော သောက်သုံးရေများတွင် အဆိပ်အတောက်ဖြစ်စေသော အာဆင်းနစ် ခဲ ကက်ဒ်မီယမ်များ ပါဝင်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

**ကျန်းမာရေးပညာပေးခြင်း**

ပြည်သူ့ကျန်းမာရေးဌာနခွဲသည် မြို့တော်နေ မြို့တော်သူ၊ မြို့တော်သားများ ကျန်းမာရေးနှင့်ညီညွတ်သော အန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးနိုင်ရန် အသိပညာပေးရေး လုပ်ငန်းစီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့တော်အတွင်း လက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ အသိပညာပေး ပိုစတာများ၊ ဗီနိုင်းများအား အများပြည်သူသိရှိစေရန် ချိတ်ဆွဲခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲများပြုလုပ်ပြီး မီဒီယာများနှင့်အတူ ကျောင်းများနှင့် အခြားဌာနများတွင် ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

**သင်တန်းပေးခြင်း**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနသည် ဘေးအန္တရာယ်ကင်းရှင်း၍ စားသုံးရန်သင့်လျော်သော အစားအစာဖြစ်စေရေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ အစားအသောက်များတွင် ဘက်တီးရီးယားပိုးမွှားများ မပါဝင်စေရေး၊ မသန့်ရှင်းသော ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ မဖြစ်ပေါ်စေရေး၊ အစားအသောက်ထုတ်လုပ်မှုနှင့် အစားအသောက်ထုတ်လုပ်မှုဖြစ်စဉ်တွင် ကောင်းမွန်သော ထုတ်လုပ်မှုဖြစ်စဉ်ဖြင့် ပြင်ဆင်ချက်ပြုတ်ပေးခြင်းနှင့် စားသောက်ဆိုင်များအား ကွင်းဆင်းလေ့လာပြီး ဓာတ်ခွဲအခြေပြု စစ်ဆေးပေးခြင်း၊ ဆန်းစစ်မေးခွန်းလွှာများ၊ ဖြေဆိုနိုင်ကာ သတ်မှတ်ချက်နှင့်ကိုက်ညီပါက သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါတယ်။

**အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**


ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနသည် မြို့တော်သန့်ရှင်းသာယာရေးလုပ်ငန်းများတွင် အခြားဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

- အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းကာ အစားအသောက်ထုတ်လုပ်သော စက်ရုံများကိုစစ်ဆေး၍ ထုတ်လုပ်ခွင့်ပြုခြင်း၊
- အလှကုန်ပစ္စည်းများအား ပြည်သူလူထု ကျန်းမာရေးကို ထိခိုက်မှု ရှိ၊ မရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနှင့် ပူးပေါင်းကာ စစ်ဆေးအရေးယူဆောင်ရွက်ခြင်း၊
- ဆေးဝါးသိုလှောင်ရောင်းချသော ဆိုင်များအား FDA အဖွဲ့များနှင့် ပူးပေါင်းကာ ရှာဖွေစစ်ဆေးခြင်း၊
- စိုက်ပျိုးရေးနှင့် ပိုးသတ်စစ်ဆေးရေးဌာနနှင့် ပူးပေါင်းကာ ပိုးသတ်ဆေးစက်ရုံများ၊ ခြင်ဆေးခွေစက်ရုံများကို စစ်ဆေးကာ မှတ်ပုံတင်ခွင့်ပြုခြင်း လုပ်ငန်းများအား ပါဝင်ဆောင်ရွက်ပေးခြင်း၊
- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဌာနတို့နှင့် ပူးပေါင်းကာ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းခြင်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ယခုတင်ပြခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန၏ မြို့တော်သူ၊ မြို့တော်သားများ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် သွားလာနေထိုင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များပင် ဖြစ်ပါတယ်။ ကျန်းမာရေးဌာနနှင့်ပတ်သက်၍ သိရှိလိုသည်များ၊ အကြံဉာဏ်များ၊ အကြံပြုချက်များ ဆောင်ရွက်လိုပါက စည်ပင်သာယာရေးကော်မတီ၊ ၉-လွှာ၊ ၁၂ ခွဲရုံ၊ ၄၆ လမ်း၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြားသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

**ချမ်းမြေ့(အီကို)**

CARTOON




CARTOON
ငါ့အသားလှီးရင် လုံးဝ မခံနိုင်ဘူး သိရက်သားနဲ့ ငါ့ကို လာစမ်းတယ်.. ခုတော့ခံသွားရပြီ မို့လား.. ဟင်း..ဟင်း...
ဟာ! ခင်ဗျား ဘယ်သူ့ကို ဘာလုပ် လိုက်တာလဲ...
ကျုပ်ကို လာကိုက်တဲ့ ခြင်'လေ.. ဘယ်ရမလဲ..ကျုပ် တစ်ခါတည်း ထုသတ် လိုက်တာပေါ့ဗျ...



# သောင်းဝေဦး

## မင်းသိစေချင်ပါသည် မြဒါလီ.....

ဩော်…အစောကတည်းက ကိုယ့်ဘဝထဲ မဝင်လာရင် အကောင်းသားလား မြဒါလီရယ်၊ အခုတော့…

+ + + + +

ကိုယ်စီးလာတဲ့ မစ်ဆူဘီရှိ လင်ဆာ ကားကလေးက မန္တလေး-ရန်ကုန် ကတ္တရာ လမ်းပေါ်မှာ အရှိန်ကောင်းကောင်းနဲ့ ပြေးနေတယ်။

''မြန်မြန်မောင်းကွာ . . . ချိန်းထားတဲ့ အချိန် ကျော်သွားအုံးမယ်''

ကားကလေးက လမ်းဘေးဘယ်ညာ က ကုက္ကိုပင်ကြီးတွေကို ရိပ်ခနဲ ရိပ်ခနဲ အရှိန်အဟုန်နဲ့ ဖြတ်သွားပေမယ့် ကိုယ့်စိတ် ထဲမှာတော့ နှေးနေသလားလို့၊ မင်းနဲ့ချိန်း ဆိုထားတဲ့နေရာကို အရောက်နောက်ကျ သွားမှာစိုးတယ် မြဒါလီရေ . . .၊ ဒါကြောင့် ကားသမားလေးကို မြန်မြန်မောင်းဖို့ ပြော လိုက်မိတယ်။

''ကီလိုမီတာ တစ်ရာကျော်နေပါပြီ ခင်ဗျာ''

ဒိုင်ခွက်ကြည့်လိုက်မှ သူပြောတာ ဟုတ်သားပဲ၊ ကီလိုမီတာ ၁၂၀ နှုန်းလောက် နဲ့ မောင်းပေးနေတာ၊ ဒီလမ်းမှာ ပထမ အကြိမ် မင်းနဲ့ကိုယ်ခွဲခဲ့ရတဲ့ ဆောင်းအကုန် နွေအကူး ရာသီဦးအခါသမယလေး၊ ကား အရှိန် နည်းနည်းလျှော့လိုက်တာနဲ့ ဆောင်း ရဲ့ နှင်းကြွင်းမြူခိုးတွေကြားမှာ ပေါက်ပင် တွေနဲ့ ပေါက်ပွင့်နီနီတချို့ကို ရိတ်သိမ်းပြီး လယ်ကွင်းတွေကြားမှာ မကြာမကြာ တွေ့ နေရသေးတယ်။ သစ်ပင်တွေလည်း အရွက် တွေ ကြွေစပြုနေပြီ။ နွေအကြို ဥဩငှက် တစ်ကောင်စ၊ နှစ်ကောင်စကိုလည်း မြင်ရ ပြန်ရဲ့။ လွမ်းလွမ်းဆွေးဆွေး မြည်ကြေးသံ ကိုလည်း သဲ့သဲ့ကြားရပြန်တယ်။ ကြည့်လေ ရာတိုင်းမှာတော့ လွမ်းစရာတွေပဲလို့ ကိုယ် ခံစားမိပါတယ်။ သစ်ရွက်ကြွေလေးတွေက လေယူရာပြေးနေကြတယ်။ မင်းလည်း လေယူရာပြေးတဲ့ ရွက်ကြွေမလေး ဖြစ်ခဲ့ပြီး ပြီ။ ဒီတစ်ခါတော့ မင်းကိုတည်ငြိမ်စေချင်ပါ တယ်။ မင်းကို ကိုယ်တကယ်ချစ်ခဲ့တာပါ မြဒါလီရေ . . .။

''ရောက်ပါပြီခင်ဗျာ''

ကားသမားလေးက ပြောပြောဆိုဆိုနဲ့ မင်းနဲ့ကိုယ် ချိန်းထားတဲ့ မင်းတို့မြို့ကလေး ရဲ့ထိပ်က ဧည့်ရိပ်သာကလေးကို ချိုးကွေ့ ဝင်လိုက်တယ်။ အချိန်ကလည်း မင်းနဲ့ချိန်း ဆိုထားတဲ့ နေ့လယ် ၁၂ နာရီတိတိ။

ခြံဝင်းထဲ ကားဝင်သွားတော့ ရိပ်သာ ဆောင့်လေးနဲ့ ကိုယ့်တပည့်လေး မောင်ဝင်း

ကြည့်လေရာတိုင်းမှာတော့
လွမ်းစရာတွေပဲလို့
ကိုယ်ခံစားမိပါတယ်။
သစ်ရွက်ကြွေလေးတွေက
လေယူရာပြေးနေကြတယ်။
မင်းလည်း လေယူရာပြေးတဲ့
ရွက်ကြွေမလေး . . .

တို့ ပြေးထွက်လာကြတယ်။ မျက်စိမျက်နှာ တော့ သိပ်မကောင်းကြဘူး။

ကိုယ်က ဘာမှမပြောရခင်မှာပဲ မောင် ဝင်းက ကပျာကယာ စာလေးတစ်စောင် ထုတ်ပေးတယ်။

''မြဒါလီက ပေးခိုင်းလိုက်တာတဲ့ခင်ဗျ စောစောက ဆိုင်ကယ်သမားတစ်ယောက် လာပို့သွားတာ''

စာက ကိုယ့်အတွက် မင်းကပေးခိုင်း လိုက်တဲ့စာ၊ လူမလာဘဲ ဘာဖြစ်လို့များ စာ ပေးခိုင်းရတာပါလိမ့်၊ မင်းတစ်ယောက် ဘာ တွေများ ဖြစ်နေပြီလဲ၊ နေများမကောင်းလို့ လား။ မင်းကလည်း နှလုံးရောဂါသည်၊ လူနဲ့ ဆေး ဖြတ်တယ်မှမရှိဘဲ မင်းဘဝမှာလည်း ရင်ခုန်ရတဲ့ ဝမ်းနည်းဝမ်းသာတွေက အများ ကြီး ဟုတ်လား။

မင်းစာကို ကိုယ် ကမန်းကတန်းပဲ ဖောက်ဖတ်လိုက်မိပါတယ်။

''ဩော် . . .''

ကိုယ် ဘာပြောရမှန်းမသိတော့ပါဘူး၊ မြဒါလီရေ၊ ကိုယ့်ရင်ထဲမှာတော့ ဟာသွားပါ ပြီ။ ဖြစ်မှဖြစ်ရလေလို့ပဲ စိတ်ထဲကညည်းမိ ပါတယ်။ ပါးစပ်ကတော့ . . .

''တို့ ဆက်ထွက်မယ် မောင်ဝင်း''လို့ ပဲ ပြောပြီး တပည့်လေးကို ကားပေါ်တက် ခိုင်းပြီး မင်းတို့မြို့လေးက ဆက်ထွက်ခဲ့မိ တယ်။

ဒီတစ်ခါလည်း နေရစ်ခဲ့ပေတော့တော့ အချစ်ပျောက်မလေး မြဒါလီရေ၊

လမ်းမှာ မင်းစာကို ကိုယ် နောက်တစ် ခေါက် ပြန်ဖတ်ကြည့်မိတယ်။

**ကိုကို**

ဒါလီ စာရေးလိုက်တယ်၊ လာမတွေ့ လို့ စိတ်ဆိုးတယ်ဆိုလည်း စိတ်ဆိုးပါတော့၊ အိမ်ကလည်း ရိပ်မိနေပြီ၊ ပြီးခဲ့တဲ့ကိစ္စ အား လုံးကိုလည်း ခမ့်လိုက်ပါတော့နော်၊ စဉ်းစား ကြည့်ရင် အားလုံးအတွက် မကောင်းပါဘူး။ သိကုန်ရင်လည်း ရှက်စရာကြီးပါ၊ ကိုကို ဒါလိုကို မေ့လိုက်ပါတော့၊ ဒါလီလည်း စိတ် မညစ်ချင်တော့ဘူး။ အသေအချာစဉ်းစား ကြည့်မှ ဒါလီ ကိုယ့်ကိုယ်ကိုယ် သိပ်ရှက်မိ တယ်၊ လုပ်ခဲ့တာ တစ်ခုမှမဟုတ်ဘဲ၊ ကိုကို နားလည်မှာပါ။ ဘယ်သူမှ သိတဲ့ကိစ္စမဟုတ် ပေမယ့် ကိုယ့်ကိုယ်ကိုယ်သိတယ်၊ ဘုရား လည်း သိတယ်၊ ဒါကြောင့် ဒါလီ လိမ်ပြော မလုံတော့ဘူး။ မမသက်နဲ့ ပြန်တွေ့ရင် သူ့ မျက်နှာ ဘယ်လိုကြည့်ရမှန်းတောင် မသိ တော့ဘူး။ အမျိုးတွေကလည်း ဒါလိုကို အမျိုးမျိုးပြောနေကြပြီ၊ ဒါလီ တကယ်ရှက်မိ ပါတယ် ကိုကိုရယ်၊ မေမေနဲ့ ဘကြီးက လည်း တအားဆူတယ်၊ ဒါလီ ဘယ်လိုနေရ မှန်းတောင် မသိတော့ဘူး။ ဒါကြောင့် ကိုကို ကို လာမတွေ့တာပါ။ အသေအချာ ချိန်းဆို ထားပါလျက်နဲ့ ဒီလိုလုပ်ရက်လေခြင်းလို့ ကိုကို စိတ်ဆိုးပြီး ဒါလိုကို မုန်းသွားမယ်ဆို ရင်လည်း မုန်းသာမုန်းလိုက်ပါတော့၊

အခုချိန်ကစပြီး ဒါလီ စိတ်သစ်လူသစ် နေဖို့နဲ့ နောက်ထပ် အမှားလုံးဝမလုပ်မိဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒါလိုကို နားလည်ပေးပါလို့ တောင်းပန်ပါတယ် ကိုကို၊ ပြီးခဲ့တာတွေကို တော့ မေ့လိုက်ပါပြီ၊ မတွေ့ကြတော့တဲ့ အတွက် ဒါလိုကို ခွင့်လွှတ်ပါကိုကို၊ ကိုကို ကိုလည်း ဘယ်တော့မှ ဒုက္ခပေးဖို့ ဒါလီ မရည်ရွယ်ပါဘူး။ ဒါလို ကသိလ်ကံက ဒီလို ပါလာလို့ ဖြစ်ရတယ်လို့ပဲ သဘောထား လိုက်ပါပြီ၊ ဒီကိစ္စ ဒီမှာပဲရပ်ကြပါစို့၊

ရန်ကုန်မှာတုန်းက ဒါလိုကို လိုလေ သေးမရှိ ကိုကို ကူညီခဲ့တာအားလုံးအတွက် ကျေးဇူးတင်ပါတယ်။

မြဒါလီ

\+ + + + +

"ဒိုး"

မင်းစာဖတ်ပြီး ကိုယ့်ရင်ထဲမှာတော့ ဇလောင်ဆူ မွှန်ကြွပ်သွားပါပြီ။ အမော မပြေပါဘူး မြဒါလီရေ…။ ဟို ဗိုင်ပေါင်းများစွာက မင်းနဲ့တွေ့ဖို့လာခဲ့ရတာ၊ မင်းနဲ့ တွေ့တဲ့အခါ ပြောမယ်လို့လုပ်ထားတဲ့ စကားတွေလည်း ဘယ်ရောက်ကုန်မှန်း မသိတော့ပါဘူး။

"ရန်ကုန်မှာတုန်းက ဒါလို့ကို လိုလေသေးမရှိ ကိုကို ကူညီခဲ့တာအားလုံးအတွက် ကျေးဇူးတင်ပါတယ်"လို့ မင်းနောက်ဆုံးမှာ ရေးထားတယ်နော်။

အားလုံးက ပြီးခဲ့ပြီပဲ။ အဲဒီ ရန်ကုန်ကို မင်းပြန်ရောက်လာတာကနေပြီးပြဿနာက စတော့တာပဲ။ ကိုယ့်အကုသိုလ်ကပဲ ကြီးနေလေသလား။ မင်းနဲ့ကိုယ်နဲ့ ရေစက်ကပဲ မကုန်လေသလားတော့ မသိဘူးပေါ့။ ပြဿနာပြန်စတာကလည်း မင်းပဲလေ။

ပြန်ပြောပါရစေ မြဒါလီရေ။

\+ \+ \+ \+ \+

မင်း တို့အိမ်က ထွက်သွားတာ ၂နှစ်လောက်ကြာခဲ့ပြီ။ ဒီအတောအတွင်းမှာ တတ်နိုင်သမျှ ကိုယ် ကြိုးစားပြီး မင်းကို ရှာခဲ့ပါသေးတယ်။ အိမ်မှာက မင်းအစ်မ သက်ထားနဲ့ သမီးတွေကလည်း ရှိသေးတော့ ကိုယ့်မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး။ နောက်တော့လည်း အမျိုးတွေဆီက ပြန်ကြားတာ မင်းတစ်ယောက် မင်းအမေဆီ ပြန်ရောက်နေပြီဆိုပဲ။ ရန်ကုန်မှာ စိတ်မလေတဲ့ မင်းအိမ်ပြန်သွားပြီဆိုတော့ ကိုယ်နည်းနည်းစိတ်အေးသွားပါတယ်။ မင်းရဲ့ Boy Friend မျိုးကျော်ကျော်နဲ့ မင်း ရန်ကုန်မယ် ဆက်တွဲနေမှာ စိုးတာပါပဲ။ မျိုးကျော်ကျော်က လူကောင်းသူကောင်းမှ မဟုတ်ဘဲ။ သူ့ဖျက်ဆီးခဲ့တဲ့ မိန်းကလေးတွေ မနည်းတော့ဘူး။ မင်းကိုချစ်တော့လည်း မင်းအတွက် စိတ်ပူမိတာပေါ့။

ဒုတိယအကြိမ် ဇာတ်လမ်းစတာက ဒီလိုမဟုတ်လား။

ပြီးခဲ့တဲ့ မိုးနှောင်းနေ့တစ်နေ့ ကိုယ့်ရုံးမှာရှိနေတုန်း ကိုယ့်ရဲ့ Hand Phone မှာ အဝေးကခေါ်တဲ့ Trunk Call နံပါတ်တစ်ခု ပေါ်လာတယ်။ ထူးဆန်းလှချည်လား။ မြို့အတော်များများရဲ့ အဝေးခေါ်တဲ့ Code နံပါတ်တွေ ကိုယ်သိပါတယ်။ ဒါပေမဲ့ ဒီနံပါတ်တော့ ကိုယ်မသိဘူး။ ဒါကြောင့် ဖုန်းကောက်ကိုင်လိုက်ပြီး ထူးလိုက်တယ်။

"ဟဲလို"

ကိုယ့်ရဲ့ထူးသံအဆုံးမှာပဲ ဟိုတက်က–

"ဦးကိုကိုဦးလား"တဲ့

ဒါလီ့အသံ၊ မင်းရဲ့အသံ၊ ၂နှစ်လောက် မကြားခဲ့ရတဲ့ မင်းရဲ့အသံ။

"ဟုတ်ပါတယ် ဒါလီရယ်"

"ဟယ်…ကိုကို ဒါလီ့အသံကို မှတ်မိတယ်နော်"

"အို …ဘယ်လိုပြောလိုက်တာလဲ၊ ဒါလီ့အသံကို ကိုယ် တမလွန်ဘဝရောက်တဲ့ အထိတောင် မှတ်မိနေတယ်"

"တကယ်ကြီးပဲလား ကိုကိုရယ်၊ ကိုကို အခု ဘာလုပ်နေလဲ"

"ထိုင်ပြီး မင်းကိုလွမ်းနေတယ်"

"ဟင်း–ဟင်း …ကိုကိုကလည်း အပြောကောင်းနေပြန်ပြီ"

"တကယ်ပါ၊ မင်းကို နေ့တိုင်းလွမ်းနေရတာ ၂နှစ်ရှိပြီ"

"တော်ပါ ကိုကိုရယ်၊ ဒါလီက အရေးတကြီး ပြောစရာရှိလို့၊ အဲဒီကိစ္စအတွက် ကိုကိုကလွဲလို့လည်း ဒါလီ ဘယ်သူ့ကိုမှ စဉ်းစားလို့မရဘူး။ ဒါလီ့မျက်လုံးထဲမှာ ကိုကိုကိုပဲ မြင်နေတယ်"

"ကဲ…မမြဒါလီ ပဟေဠိတွေနဲ့ ကြင်နာခြင်းတစ်ဝက်၊ ရှပ်ထွေးခြင်းတစ်ဝက် မလုပ်ပါနဲ့တော့ဗျာ…ပြောမှာသာ ပြောစမ်းပါ"

မင်းအသံကြားရတော့ ကိုယ် သိပ်ဝမ်းသာတာပဲ၊ သိပ်တောင် ဟန်မဆောင်နိုင်ဘူး၊ ဒါကြောင့် မင်းဘာလုပ်ချင်တာလဲ၊ ဘာကြောင့် ၂နှစ်လုံးလုံး ကိုယ်နဲ့ အဆက်အသွယ်မလုပ်ဘဲ အခုမှ ဖုန်းဆက်ရတာလဲ ဆိုတာ ကိုယ်သိချင်တယ်လေ။

"ပြောပါ့မယ် ကိုကိုရယ်၊ ဒါလီ ဒီက နေပြီး ရန်ကုန်ကိုလာဖို့ရှိတယ်၊ ဘွဲ့လွန် သင်တန်းအတွက် စာတမ်းတစ်စောင် လာပြုစုဖို့ရှိတယ်၊ ဒါလို့ကို ကိုကိုကူညီပါအုံးနော်၊ ကိုကိုပဲ ကူညီနိုင်မှာပါ။ အသေးစိတ်တော့ ရန်ကုန်ရောက်မှပြောမယ်"

သိပ်မကြာခင်မှာပဲ မင်း ရန်ကုန်ကို



ရောက်လာခဲ့တယ်လေ။

"ကိုကို ဒါလို့ကို မြန်မြန်လာတွေ့နော်" တဲ့။

ကိုယ်ကလည်း မင်းကို သိပ်တွေ့ချင်နေတာပါ။ ဒါကြောင့် ဖုန်းရတယ်ဆိုရင်ပဲ မင်းရှိတဲ့ ရန်ကုန်မြို့တွင်းနဲ့ အတော်လှမ်းတဲ့နေရာကို ကားခပ်ကြမ်းကြမ်းမောင်းပြီး လာခဲ့ပါတယ်။ တို့နှစ်ယောက် ပြန်တွေ့ကြတော့ တကယ့်ရုပ်ရှင်ထဲက အတိုင်းပါပဲ။ မင်းကလည်း ကိုယ့်ဆီပြေးလာတယ်။ ကိုယ်ကလည်း မင်းဆီအပြေးသွားမိတယ်။ ပြီးတော့ စကားတောင်မပြောနိုင်ကြတော့ဘူး။ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး ခပ်ကြမ်းကြမ်း အဆက်မပြတ်နမ်းမိကြတယ်။ အတော်ကြာသွားမှ…

"နုတ်ခမ်းတွေနာနေပြီ ကိုကိုရယ်"လို့ မင်းကပြောတဲ့အခါ…

"ဆောရီး ဒါလီရေ" ကိုကို လွန်သွားပါတယ်"

လို့ မင်းကို တောင်းပန်ရတော့တယ်။ ပြီးတော့ မင်းနေတဲ့ ဧည့်ရိပ်သာလေးရဲ့ ဧည့်ခန်းမှာ ၂နှစ်တာမပြောဖြစ်တဲ့ စကားတွေ ပြောကြတယ်။ မင်းကိစ္စအတွက်ရော၊ ငွေ

ရေး ကြေးရေးအပါအဝင် လိုတာလေးတွေ ကိုယ့်ကို အကူအညီတောင်းတာမဟုတ်လား။

''မေမေနဲ့ ဘကြီးတို့က စီးပွားရေး အခြေအနေ မကောင်းဘူး ကိုကို၊ ဒါလီ အလုပ်သိပ်လုပ်ချင်ပြီ၊ ဒီဘွဲ့ရမှုဖြစ်မှာ၊ အခု ကိစ္စအတွက်လည်း သူတို့ သိပ်မတတ်နိုင်ကြရှာဘူး။ ရန်ကုန်မှာလည်း သူတို့ အဆက်အသွယ်က မပါက်ဘူးလေ၊ ဒါလို့မှာ ကိုကို ကလွဲပြီး အားကိုးစရာမရှိတော့ပါဘူး ကိုကိုရယ်''

မင်းရဲ့ အဲဒီအပြောကို ကိုယ်တကယ် ကြည်နူးမိပါတယ်။ ဒါကြောင့် မင်းကို ကိုယ် လိုလေသေးမရှိ ကူညီခဲ့တယ်။ မင်း ရန်ကုန်မှာရှိတဲ့ တစ်လလောက်မှာ တစ်ပတ်တစ်ခါ ပုံမှန်သွားတွေ့တယ်။ မင်း စာရေး၊ စာပတ်မျက်မှာစိုးလို့ အိုးထက်ပိုမသွားခဲ့ပါဘူး။ တို့နှစ်ယောက်တွေ့ကြရင်လည်း စကားလက်ဆုံ ပြောလို့မကုန်မဟုတ်လား။ မင်းက မဆိုးပါဘူး။ သက်ထားနဲ့ ကိုယ့်သမီးကလေးတွေကို ဂရုတစိုက်မေးရှာပါတယ်။ ကိုယ်နဲ့ပတ်သက်တာတွေလည်း မှတ်မိသေးတာပဲ။ ဓာတ်ပုံအကြိမ်တွေ့ကြတော့ ကိုယ့် ဘယ်ဘက်လက်ကလေးကိုကိုင်ပြီး–

''ဟယ်···ကိုကို့ နာရေတ်လက်စွပ်ရော''တဲ့

''မရှိတော့ဘူး။ ကျောက်ခေတခေတကျတ်လို့ ချွတ်ထားလိုက်ပြီ၊ ကျောက်ကျွတ်ရင် မကောင်းဘူးလို့ ပြောကြတယ်''

''ဘာဖြစ်တတ်သတဲ့လဲ ကိုကို''

''အင်း···သူများတွေပြောကြတာက တော့ အိမ်ထောင်ရေးနဲ့ စီးပွားရေး အဆင်မပြေဖြစ်တတ်တယ်တဲ့''

''ဟုတ်သလား ကိုကို''

''ဘယ်သိမလဲ ဒါလီရဲ့၊ ဒီနေ့အတွက် အချစ်ရေးကတော့ အဆင်ပြေနေတာပဲ၊ နည်းနည်းမောပြီး ချွေးပျံတာတစ်ခုပဲ''

''ဟင်း···ကိုကိုနော်၊ မညစ်ပတ်နဲ့''

မင်းက မျက်စောင်းကလေးထိုးပြီး ကိုယ့်ကျောကို တဖုံးဖုံးထုလိုက်တယ်။ ဒီနောက်တော့ တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တခစ်ခစ်နဲ့ ရယ်ကြရသေးတယ်နော်။

တစ်လလောက် မင်းရန်ကုန်မှာနေပြီး မင်းကိစ္စပြီးတာနဲ့ မင်းတို့မြို့ကလေးကို မင်း ပြန်သွားခဲ့တယ် မဟုတ်လား။ မပြန်ခင် တစ်ရက်အလိုမှာ မင်းနဲ့ကိုယ်နဲ့ မင်းရဲ့ အဆောင်အပြင်ထွက်ပြီး အချိန်အတော်ကြာ ချစ်ရည်လူးရင်း စကားပြောဖြစ်ခဲ့ကြတယ်။ ဘာတွေပြောကြတာလဲဆိုတာ မင်း မှတ်မိမှာပါ။

မင်းပြောနေကြစကားတစ်ခုကတော့–

''ကိုကို့ကို ဒါလီအချစ်ဆုံး''ဆိုတာ မဟုတ်လား။ မင်းရဲ့ မျက်လုံးညိုညိုနဲ့ ကြောက်စရာလား။ ချစ်စရာလား ကိုယ်

လုပ်ငန်းတာဝန်နဲ့
အညာတက်ရတော့
မင်းတို့မြို့လေးရဲ့အထွက်က
ရိပ်သာလေးမှာ မင်းကိုယ့်ကို
တိတ်တဆိတ်လာတွေ့ရှာပါတယ်။
မျက်နှာညှိုးညှိုးလေးနဲ့
လှကလည်း···

မခေခွဲနိုင်တဲ့ အညှုအခရာ အတာတွေရဲ့ ဒဏ်ကို ကိုယ်မခံနိုင်ပါဘူး မြဒါလီ။ မင်းရဲ့ အဲဒီအပြောက ကိုယ့်နှလုံးသားကို အရင်တုန်းကလိုပဲ ကနေ့တိုင် ဆွဲဆုပ်လှုပ်ရမ်းနေတုန်းပါ။ ဒါ့အပြင် မမေ့နိုင်တဲ့ မောဓ္ဓဘာရဲ့ ကာလည်း၊ ကိုယ့်ကို ဖမ်းစားလွှမ်းလှုပါတယ်။ မသင့်တော်မှန်းသိသိနဲ့ကိုပဲ မင်းရဲ့ အိစက်ညက်ညော နွေးထွေးတဲ့အထိအတွေ့မှာ ကိုယ်တစ်ခါထပ်ပြီး၊ အရည်ပျော်ခဲ့ပြန်ပါပြီ မြဒါလီရေ။

မင်းပြန်သွားပြီး သိပ်မကြာခင်မှာပဲ ကိုယ် လုပ်ငန်းတာဝန်နဲ့ အညာတက်ရတော့ မင်းတို့မြို့လေးရဲ့အထွက်က ရိပ်သာလေးမှာ မင်း ကိုယ့်ကို တိတ်တဆိတ်လာတွေ့ရှာပါတယ်။ မျက်နှာညှိုးညှိုးလေးနဲ့ လှကလည်း ပိန်လို့။

''နေမကောင်းဘူးလား ဒါလီ''

''အင်း''

မင်းက မလှုပ်တလှုပ်နဲ့ အင်းတစ်လုံးပဲ လုပ်ပါတယ်။

အချိန်သိပ်မပေးနိုင်လို့ ခဏတာ ကာယကာယင် ချစ်တဲ့ဘင်ပြီး၊ ဧရီးဆက်ထွက်တော့ မင်းက···

''ကိုကို သိပ်အတင့်မရဲနဲ့၊ ခဏခဏ လည်း ဒါလို့ဆီ ဖုန်းမဆက်နဲ့၊ အိမ်ကသိမှာကို ဒါလီ သိပ်ကြောက်တာပဲ''

လို့ပြောတော့ ကိုယ်က ခေါင်းညိတ်ပြလိုက်မိတယ်။ မင်းရဲ့ ညှိုးလျနေတဲ့မျက်နှာကိုကြည့်ပြီး စိတ်မကောင်းလည်းဖြစ်မိတယ်။ မင်းရဲ့အလုပ်ကိစ္စလည်း၊ အဆင်ပြေရပါစေမယ်လို့လည်း အားမခံပေးခဲ့မိတယ်။ မင်းအတွက် ဝယ်လာတဲ့ဆေးနဲ့ တခြားပစ္စည်းတွေလည်း အားလုံးပေးခဲ့တယ်။

ကိုယ်ထွက်လာတော့ ရိပ်သာလေးမှာ မင်း လက်တပြပြနဲ့ ညှိုးညှိုးလျှလျှကျန်ခဲ့တာကို ကိုယ့်မျက်လုံးထဲက ကနေ့အထိမထွက်ဘူး။ ဒါဟာ မင်းနဲ့ကိုယ် နောက်ဆုံးတွေ့ကြတာ မဟုတ်လား။

ဒီအခေါက်တော့ မင်းရဲ့အလုပ်ကိစ္စလည်း၊ အဆင်ပြေလို့ ကိုယ်ဝမ်းသာတယ်။ ပြောစရာတွေလည်း အများကြီး။ မင်း နိုင်ငံခြား သွားရအောင်လည်း ကိုယ်လုပ်ထားတယ်။ တို့နှစ်ယောက်က ဆန္ဒက ဘဝကို မကျော်နိုင်သူတွေဆိုတော့ ပေါင်းစပ်လို့မှ မရနိုင်တာ။ ဒါကြောင့် မင်း နိုင်ငံခြားသွားရလည်း၊ ကောင်းတာပါပဲ။ ဘဝသစ် ထူထောင်နိုင်တာပေါ့။ မင်းအတွက် ကိုယ် အများကြီးစီစဉ်ထားပါတယ်။ ဒါပေမဲ့ မင်းက အတွေ့မခံတော့တာ။ ကိုယ် ဘာပြောရမလဲ မြဒါလီ။

မင်းအကြောင်းတွေ စဉ်းစားရင်းနဲ့ ခေါင်းတောင်မူးလာပြီ။

''မောင်ဝင်းရေ···သီချင်းဖွင့်ကွာ''

ရှေ့ကထိုင်လိုက်လာတဲ့ မောင်ဝင်းကို စိတ်ပြေလက်ပျောက် သီချင်းဖွင့်ခိုင်းလိုက်မိတယ်။

''အခွေတစ်ခွေ၊ နှစ်ခွေပဲပါတယ် ခင်ဗျ''

''ရှိတာသာ ဖွင့်စမ်းပါကွာ''

**ဆုတောင်းတိုင်းသာ ×××  ပြည့်စေချင်ပါပြီ ×××ဆုံးဖမ္ဘူတစ်ခွင် နှစ်းတွမမြင် ×××သုံးလူရှင် ×××ဗုဒ္ဓထံ**

**ပါး x x x ဒုက္ခခံစားသေမျှ x x x ပန်ကြား အရှင့်ကို ဖွင့်ဆိုပါမည် x x x ဘယ်သော အခါမှ x x x ကိုယ်ကချစ်ရတဲ့သူ x x မဖြစ်ချင်ပါပြီ x x x သူချစ်ကိုသာ မျှော်ကာ စောင့်စားတော့မည် x x x နေ့ကန္တာ လျှောက်လှမ်းရသလို x x x ဘဝင်မှာဆူ ရ x x x ကြင်နာသူက စိမ်းခဲ့ပြီ x x x မြေမနိုင် x x x ရေစိုင်ဝဲ x x x မှိုင်ပွဲနဲ့ ကြုံသမျှတွေသည် x x x ဝဋ်ကြွေးတဲ့တင် x x ရှိပါရင်လည်း x x x ကံကြမ္မာ မညီမျှ x x x သံသရာဇီဘဝ x x x ဒီမျှ နဲ့ပဲ x x x အဆုံးသတ်စေချင်ပြီ x x x**

တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုယ့်ရင်ထဲက ခံစားချက်နဲ့ သွားတူနေတဲ့ အဆိုတော် ကိုတင်လှိုင်ရဲ့ "အမှန်းခွန်အား ပေးသနားပါ" သီချင်းကိုမှ ဖွင့်မိလျက်သားဖြစ်နေပြီ။ မင်းကလည်း မုန်းလိုက်ပါတော့လို့ ပြောထားတာ မဟုတ်လား။ မင်းကိုမုန်းဖို့ ကိုယ့်မှာ ခွန်အားမှမရှိတာ။ မင်းလည်း သိရက်သားနဲ့။

ကိုယ့်ရဲ့ မစ်ဆူဘီရှီ လင်ဆာကားလေးကတော့ အရှိန်ကောင်းကောင်းနဲ့ ပြေးနေဆဲပါ။ မကြာခင် ပဲခူးရောက်တော့မယ်။ ဟိုးအဝေးက ခပ်လှမ်းလှမ်းမှာ ပဲခူးရွှေမော်ဓော ဘုရားကြီးကို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့နေရပြီ။

**အရှင့်ကိုယ်ပွား x x x တည်ထား ကိုးကွယ် x x x ကိုးကွယ်အပ်သော လွမ်းစေတီအနီး x x x ပန်းရေဆီမီး ကောင်းမှုတွေနဲ့ x x x တောင်းဆုခြွေခဲ့ ဖူးပါသည် x x x ဖြစ်လေရာဘဝတိုင်းမှာ x x x နွယ်တစ်မျှင် မြက်တစ်ပင်လို သံယောဇဉ်ကို x x x အလွယ်တကူဖြတ်နိုင်တဲ့သူ x x x ဖြစ်လိုပါပြီ x x x အသည်းက ပြေမဆည် x x x စိတ္တဇ သူ့ကိုစွဲခဲ့သော x x x အတိတ်ဘဝ ကုသိုလ်နည်းခဲ့သော x x x ဘုရား တပည့်တော်မှာ x x x ကံတရားဆိုင်ရာ မခံစားနိုင်ပါ x x x ဒီသောကဝဲ x x x လောကထဲမှာ x x x လွတ်မြောက်ဖို့ရန် အဓိဋ္ဌာန်ပါသည် x x x**

ကိုတင်လှိုင် သီချင်းထဲကလိုပါပဲ။ ကိုယ်ဟာ မင်းကို စိတ္တဇဆန်ဆန် စွဲခဲ့မိတာ ထင်ပါရဲ့။ မင်းနဲ့ပတ်သက်တဲ့ ကိစ္စတွေမှာ ကိုယ့်မှာ ခံနိုင်ရည်အား နည်းလှပါတယ်။ ဒါကြောင့်လည်း မင်းကို ကိုယ်ပြောခဲ့မိတယ်။

"ဒါလို ပေးသမျှဒုက္ခကို ကိုယ်ခံမယ်" လို့။

ဒီဒုက္ခတွေက လွတ်မြောက်ဖို့ကတော့ ဘုရားမှသာ တတ်နိုင်တော့မယ်ထင်ပါရဲ့။ မင်းက ဘုရားသိတယ်လို့ ပြောတယ်နော်။ မှားတာမှန်တာ ဘေးချိတ်၊ ကိုယ်မင်းကို တကယ်ချစ်ခဲ့မိတယ်ဆိုတာလည်း ဘုရားသိပါတယ်။ ကိုယ် ကျိန်ရဲပါတယ်။

ပဲခူးကိုကျော်လာပြီ။ နောက်တစ်နာရီဆိုရင် ရန်ကုန်ပြန်ရောက်ပြီ။ မင်းအခ်မသက်ထားနဲ့ မင်းတူမလေးတွေက ကိုယ့်ကို မျှော်နေကြရောမယ်၊ သူတို့တစ်တွေကတော့ အပြစ်ကင်းစင်ကြရှာပါတယ်။ ဘာမှ မသိရှာကြပါဘူး။ ကိုယ့်မှာသာ ငုံးဆွလှုမသိဖြစ်ပြီး ယောက်ျားကြီးတစ်ယောက်မဲ့ မျက်ရည်လည်နေရတာပါ။ အသက်ကြီးမှ ဝက်သက်ပေါက်တာ ရယ်စရာကောင်းနေမလားတော့ မသိဘူး။

**ခက်နွယ် x x x ဖယောင်းသဖွယ် ညက်သွယ်ပြောင်းတယ် x x x လက်ဆယ်ချောင်းနဲ့ x x x ထိပ်မှာမိုး၍ x x နောက်ဆုံးလျှောက်ထားအပ်ပါသည် x x ချစ်တတ်ခဲ့သော x x x တပည့်တော် နှလုံးသားဆီ x x x အမုန်းခွန်အား ပေးသနားရန် x x x တောင်းပန်ပါသည် x x**



မင်းရဲ့စာအရ မင်းနဲ့ကိုယ်ဟာ တစ်သက်တာ ခွဲခွာရပြီပေါ့နော်။ မင်းက ကိုယ့်ကို မင်းကိုနားလည်ပေးဖို့နဲ့ မုန်းဖို့ပြောခဲ့တယ်။ ကောင်းပါပြီ။ မင်းနဲ့ကိုယ်တို့နှစ်ယောက်စလုံးဂုဏ်သိက္ခာကိုထောက်ထားပြီး မင်းပြောတဲ့စကားကို ကိုယ်နားထောင်ပါ့မယ်။ ဒါကြောင့် ချစ်တတ်လွန်းလှတဲ့ ကိုယ့်နှလုံးသားကိုလည်း အမုန်းခွန်အား ပေးသနားဖို့ စောစောက ဖူးတွေ့ခဲ့တဲ့ ပဲခူးရွှေမော်ဓောဘုရားကြီးကိုပဲ လျှောက်ထားလိုက်ပါပြီ မြဒါလီရေ။

ဟော···ပြောရင်းဆိုရင်းနဲ့ ကိုယ့်ကားလေးက ရန်ကုန်နယ်နိမိတ်ကိုဝင်ပြီ။ ခဏကြာရင် အိမ်ရောက်တော့မယ်။ စိတ်ချနေပါ မြဒါလီ။ မင်းကို ကိုယ်မဆက်သွယ်ပါဘူး။ ဖုန်းရော၊ လူရော၊ စာရော ဘာနဲ့မှ မဆက်သွယ်ပါဘူး။ မင်း စိတ်ချမ်းသာလက်ချမ်းသာနေပါ။ ကိုယ့်ကိုအသုံးချပြီး မင်းရဲ့လိုအင်ဆန္ဒတွေ ပြည့်သွားအောင် လုပ်သွားတာတော့ မဟုတ်ပါဘူးနော်။ ကိုယ့်ကို ဒုက္ခမပေးဘူးဆိုတာကိုလည်း ကျေးဇူးတင်ပါတယ်။ ပေးလည်း မင်းပေးတဲ့ဒုက္ခကို ကိုယ်က ရင်ကော့ခံသွားမှာပါ။ ဒါတွေ အားလုံးကို မင်းသိစေချင်ပါတယ် မြဒါလီရေ။ မင်းရဲ့ကိုယ်စား ဘယ်သူ့ကို ကိုယ်သွားပြောရမှာလဲ။ ကိုယ်သိပ်ကြိုက်တဲ့ အဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့ မေတ္တာမီးအိမ်သီချင်းထဲကလို–

"ချေမြင်ကိုပြောရမလား၊ ကောင်းကင်ကို ပြောရမလား၊ မြေလွှာကိုပဲ ပြောရမလားလေကွယ်"

လို့ပဲ ညည်းရတော့မယ် ထင်ပါရဲ့။ အေးလေ · · ·ဒီဘဝက ဒီမှာပဲရပ်ကြမှ ဖြစ်မှာပါ။ မင်းပြောတာ ဟုတ်ပါတယ်။ ကြာရင် မင်းရောကိုယ်ပါ ဒုက္ခရောက်ကြရတော့မယ်လေ။

ပြော်· · ·စောစောကတည်းက မင်းကိုယ့်ဘဝထဲ မဝင်လာရင် အကောင်းသားလား မြဒါလီရယ်။

ခုတော့ · · ·

**သောင်းဝေဦး**

City MAGAZINE



# သံလွင်မြစ်ဝှမ်း တစ်စိတ်ဝမ်း ငြိမ်းချမ်းတဲ့မြေ

- သံလွင်မြစ်ရေ မြအစဉ်
  ခွဲကပင် သွဲ့အပါး
  တွားသွားလို့ လွန့်ခွေ။
- ထာဝရငြိမ်းချမ်းတေး
  သီကြေး လို့နေ။
- စပါးခင်းတွေ တရစပ်
  ဖြတ်လာတဲ့ ညွှင်းလေပြေ(ပြည်)
  မြစ်ရေနဲ့ မျောပါသွား။
- ရောက်လေရာ သည်တစ်ဝှမ်း
  ငြိမ်းချမ်းစေသား။

- ကရင်ပြည်နယ် သည်ဒေသ
  ထေရဝါဒ အရင်းခံ။
- မြတ်ဗုဒ္ဓ အမြုတေအစစ်
  မွေနှစ်လက်ကျန်။
- တောင်တန်းတွေ ပတ်ခြာရံ
  ဖားအံမြေ သည်တစ်ဝိုက်။
- ကော့ဂွန်းဂူ ဓိမာန်နှင့်
  ရသေ့ပျံဂူ အုံမှူး
  ဖူးတွေ့ပါကြိုက်။

- မွန်ပြည်နယ် ရာမည
  ရာဘာအစ ငှက်ပျော ကြီး။
- ဒူးရင်း ကြက်မောက် ကျွဲကော
  ပေါပါဘိ ဥယျာဉ်ခြံ။
- ပြောင်းပြန်စီးတဲ့ အတ္တရံ
  ဘားအံမြေနှင့် တစ်ဆက်ထဲ။
- ဖားစည်သံ တဝေဝေနဲ့
  ဒေါနတောင်ခြေ သည်တစ်ဝှမ်း
  အေးချမ်းသည်ပဲ။

- ပြည်နယ် နှစ်ခုကြားသိုင်းရစ်ခွေ
  ဂျိုင်းမြစ်ရေ စီးခြားသော်လည်း
  နှလုံးမခြား နောင်နှင့်ညီ။
- မွန် ကရင် ဘယ်မခွဲ
  လက်တွဲချစ်ကြည်။
- ဂျိုင်းမြစ်ရေ သက်သေတည်
  နောင်နှင့်ညီ အသိဆုံး။
- သိုက်မပျက် ဥမကွဲ
  မြဲတဲ့ချစ်ထုံး။

- ရေမြေချင်း ဆက်စပ်
  အသက်အပ်လို့ သစ္စာနှံ။
- ရင်ဆိုင်ရမည့် ခက်အခဲ
  တိုက်ပွဲခေါ်ပြန်။
- ဂျိုင်းမြစ်နှင့် အတ္တရံ
  သံလွင်ရေဘယ်မခန်း။
- မွန် ဗမာ ကရင် အချစ်ထုံး ရယ်က
  သုံးလွန်းတင် ကြိုးသို့
  တိုးလို့ ခိုင်စွမ်း။ ။

တင့်ထွန်း(ချောက်)

# ပူဇော်ထိုက်စွာ မြတ်ဆရာ

မြတ်ဆရာ ဦးနှိမ်ချ
အနန္တဂိုဏ်းဝင်။
ဆရာ့ကျေးဇူး အထူးရှိ
မြင်းမိုရ်ထိပင်။
လေးစားကြကွက်အင်
မြဲအစဉ်သတိရ။
ပူဇာစ ပူဇ နေယျာန
ပူဇော်ထိုက်စွ။

ပုံပြင်ကာဆုံးမ
သိပ္ပလည်း မချန်ပါ။
သင့်ရာအပ်ပို့
ကောင်းဖို့အရာရာ။
ဆရာတို့ဝတ်ငါးဖြာ
ကြိုးပမ်းကာဖော်ဆောင်ကြ။
ဘဝတာလျှောက်လှမ်းရေး
နည်းပေးညွှန်ပြ။

နာသုံးနာ ရင်းတည်မှုနဲ့
ပြုစုလို့ ပျိုးထောင်။
ရောင်စုံ ကွယ် အလှပန်းများ
ပွင့်လန်းလာအောင်။
လူ့ဘောင်ဘဝဂုဏ်ရောင်
ထွန်းပြောင်ဖို့မနေး။
မြတ်ဆရာ သင်ကာပေး
ဘဝရှေ့ရေး။

မြတ်ဆရာတို့ ဘဝအရေး
မြော်တွေးလေတိုင်း ထင်မြင်လာ။
တစ်သက်တာ မြှုပ်နှံပေး
တပည့်တို့ ပညာရေး
အလေးထားကာ။
ဖြူစင်စွ စေတနာ
မြင့်မြတ်ပါလှစိတ်ထား။
ဆရာတို့ဘဝခရီးလမ်း
ငြိမ်းချမ်းစေသား။

မြတ်ဆရာ ဦးနှိမ်ချ
အနန္တဂိုဏ်းဝင်။
ဆရာ့ကျေးဇူးအထူးသိ
အနားယူသည့်အခါတွင်။
စောင့်ရှောက်လို့ ကူ ညီကာပင်
မြဲအစဉ်ပြုစုကြ။
ပူဇာစ ပူဇ နေယျာန
ပူဇော်ပါကြ။ ။

သိပ္ပံမိုးမြင့်နိုင်



# ဘဝလမ်း

ကြိုးဆွဲမှလှုပ်　　ရုပ်သေးရုပ်ကို
ကျွန်ုပ် တွေ့ရ　　တစ်ခဏဝယ်
ဘဝနှင့်ပင်　　နှိုင်းယှဉ်မြင်ခဲ့
ကိုယ့်အင်ကိုယ်အား　　မဲ့ခဲ့ငြားမို့
တစ်ပါးသောသူ　　ပေးမကူရန်
ချော့မြှူနေရ　　သည့်ဘဝဟု။

သော့ပေးမှလှုပ်　　သံပတ်ရုပ်ကို
ကျွန်ုပ် တွေ့ရ　　တစ်ခဏဝယ်
ဘဝနှင့်ပင်　　နှိုင်းယှဉ်မြင်ခဲ့
အမျှင်မပြတ်　　တုန်လှုပ်ခတ်လည်း
သံပတ်ကုန်သွား　　အချိန်များတွင်
လှုပ်ရှားမရ　　သည့်ဘဝဟု။

ပစ်တိုင်းထောင်ရုပ်　　ဝတုတ်တုတ်ကို
ကျွန်ုပ် တွေ့ရ　　တစ်ခဏဝယ်
ဘဝနှင့်ပင်　　နှိုင်းယှဉ်မြင်ခဲ့
ရင်ဆိုင်တွေ့ရ　　များဒုက္ခကို
လုံးဝမရှုံ့　　နောက်မတွန့်ဘဲ
ဝံ့ဝံ့စားစား　　ကိုယ်ပိုင်အားနှင့်
လှုပ်ရှားရုန်းကန်　　ညှဲမခံ၍
အောင်ပန်းပန်ရ　　သည့်ဘဝဟု။

ဩော် . . .
ပစ်တိုင်းထောင်ရုပ်　　သံပတ်ရုပ်နှင့်
ရုပ်သေးရုပ်က　　လမ်းညွှန်ပြ၍
ဘဝကိုယ့်လမ်း　　ဘယ်ပုံလှမ်းဟု
မြင်စွမ်းနိုင်ခဲ့　　ပြီတကား။ ။

အောင်ထွန်းလင်း(ချောက်)







# အိုမာခယမ်ကို သဘောမတူနိုင်လောက်တဲ့ ယနေ့ခေတ်လူများ

ဇာနည်စိုး

(တစ်)

သူငယ်ချင်းတို့ရေ···

နွေရာသီကုန်ဆုံးပြီးလို့ မိုးဥတုထဲဝင်ရောက်နေပြီဆိုတာကို ငါမပြောလည်း မင်းတို့သိပြီးဖြစ်ကြမှာပါ။ မင်းတို့အရပ်ဒေသမှာ မိုး ဘယ်လိုရွာနေသလဲဆိုတာတော့ ငါမသိဘူးပေါ့ကွာ။ ဒါပေမဲ့ ငါတို့ဆီမှာတော့ မိုးက လိုချင်တာမရလို့ တစ်နေ့ကုန်အော်ဟစ်ငိုယိုနေတဲ့ ကလေးငယ်တစ်ယောက်ရဲ့ပုံစံမျိုး တစ်နေ့လုံး ရွာနေလိုက်တာများဆိုတာ တိတ်ကိုမတိတ်တော့ဘူး။ ကြည့်လေရာမြင်ကွင်းတိုင်းက မိုးစက်မိုးပေါက်တွေဖြန်းထား။ ဆမ်းထားလို့လားမသိဘူး သူငယ်ချင်း စိမ်းစိုလက်ကြည်လို့။ မင်းတို့တော့ မသိဘူး။ ငါကတော့ မိုးရာသီကို နှစ်သက်လို့လားမပြောတတ်ဘူး။ မြင်ကွင်းတွေကိုကြည့်ရတာ စိတ်ကိုအေးချမ်းလိုက်တာ။ အေးအေးဆေးဆေးနေချင်သူတွေအတွက်တော့ ဒီရာသီဟာ အံကိုက်ပဲပေါ့။ မိုးအေးအေးလေးထဲမှာ စောင်ခြုံထဲကွေးချင်ကွေး။ ဒါမှမဟုတ် ကုလားထိုင်ထက်မှာ စာဖတ်ချင်ဖတ်။ မင်းတို့ဝါသနာပါရာ ကြိုက်တာတစ်ခုခုလုပ်ပေါ့– သူငယ်ချင်းရာ။ ငါက စာအုပ်စာပေချစ်သူဆိုတော့ စာဖတ်ဖြစ်တဲ့ အချိန်များတယ်ဆိုပါတော့။ အခုလို မိုးအေးအေးလေးထဲမှာ စာဖတ်ရင်း ငါတွေးမိတာလေး တစ်ခုကို မင်းတို့ကို ပြောပြချင်တယ်ကွာ။ ငါ့အတွေးတစ်ခုကို မင်းတို့ကို မျှဝေ(Sharing) တယ်ပေါ့ကွာ။ ဒီလိုကွ···။



သူ့ဘေးနားမှာ သူချစ်ခင်နှစ်သက်တဲ့ ချစ်သူမိန်းကလေးတစ်ယောက်၊ သူအရမ်းကြိုက်တဲ့ ဝိုင်နီအရက်၊ သူဝါသနာပါတဲ့ သူဖတ်ချင်တဲ့ စာအုပ်စာပေတွေ ရှိနေရုံနဲ့တင် သူ့ဘဝဟာ ပြည့်စုံသွားပြီလို့…

(နှစ်)

မင်းတို့ကတော့ မသိဘူး။ ငါကတော့ ဒီအကြောင်းကို ခဏ ခဏ အတွေးဝင်မိတယ်။ ဘဝမှာ ဘာတွေရှိရင် ပြည့်စုံမလဲလို့၊ စိတ်ချမ်းသာမလဲလို့။ ရွှေရှိရင် ငါတို့ဘဝတွေ အမှန်တကယ် စိတ်ချမ်းသာပါ့မလား။ လိုလေသေးမရှိအောင် ငွေတွေပြည့်စုံနေရင်ရော ငါတို့ အမှန်တကယ် စိတ်ချမ်းသာပြီလား။ စဉ်းစားစရာတွေပေါ့ သူငယ်ချင်းရာ။ တကယ့်တကယ် ငါကတော့ ဘဝမှာ ရွှေတွေ၊ ငွေတွေရှိနေရုံနဲ့ အမှန်တကယ် စိတ်ချမ်းမသာနိုင်သေးဘူးလို့ ငါ ထင်တယ်။ မင်းတို့လည်း မြင်ဖူး၊ တွေ့ဖူးမှာပါ။ တချို့၊ တချို့သော လူတွေ ရွှေငွေတွေပြည့်စုံနေပါလျက် နေ့တိုင်းစိတ်ညစ်နေရတဲ့ အဖြစ်တွေကိုလေ။ ရွှေတွေ၊ ငွေတွေရှိပါလျက် မိသားစုဝင်တစ်ဦး ရဲ့ နောက်ဆုံးအခြေအနေကို ဘာမှမလုပ်ပေးနိုင်ဘဲ ဒီအတိုင်း လက်ပိုက်ထိုင်ကြည့်နေရသူတွေ။ ရွှေတွေ၊ ငွေတွေ ပြည့်စုံပါလျက် မီး၊ ရေ၊ လေ၊ မင်း၊ သူခိုး စတဲ့ ရန်သူမျိုးငါးပါးကြောင့် မိမိပစ္စည်း ဥစ္စာတွေ ပျောက်ပျက်သွားမှာကြောက်လို့ နေ့တိုင်းစိုးရိမ်သောက ဝင်နေသူတွေ စသဖြင့် ငါပြောခဲ့တဲ့လူတွေ အကုန်လုံးကို မင်းတို့ လည်း ဘဝမှာ တစ်ကြွေ့မဟုတ်တစ်ကြွေ့၊ တစ်နည်းမဟုတ်တစ် နည်း မြင်ဖူး၊ တွေ့ဖူးမှာပါလေ။

ဒါကြောင့် ဘဝဟာ ရွှေ ငွေတွေ ပြည့်စုံနေရုံတစ်ခုတည်းနဲ့ စိတ်မချမ်းသာနိုင်ဘူးလို့ ငါပြောခဲ့တာပေါ့ကွ။ ဒါပေမဲ့ ရွှေ ငွေ တွေဟာလည်း ငါတို့ဘဝတွေကို ပျော်ရွှင်အောင်လုပ်ပေးနိုင်တဲ့အထဲ ပါကောင်းပါမှာပေါ့ ကွ။ သို့သော်…ငါဖတ်ဖူးတာလေးတစ်ခုတည်း က အဓိကကြီးဦးပေါ့ဦး၊ ပြန်လျှောက်သလို သွေချည်းမဲ့တော့ မဟုတ်ဘူးပေါ့ကွ။ တခြား ဟာတွေလည်း ပါတာပေါ့။



ဒီနေရာမှာ ငါကတော့ ပါရှန်းကဗျာ ဆရာကြီး **"အိုမာခယမ်"** ရဲ့ အဆိုကို သိပ် သဘောကျ၊ သိပ်သဘောတူတယ်ကွ။ သူက ဘာပြောခဲ့တယ်ထင်လို့လဲ။ ဘဝမှာ သူ့ဘေး နားမှာ သူချစ်ခင်နှစ်သက်တဲ့ ချစ်သူမိန်းကလေး တစ်ယောက်၊ သူအရမ်းကြိုက်တဲ့ ဝိုင်နီ အရက်၊ သူဝါသနာပါတဲ့ သူဖတ်ချင်တဲ့ စာအုပ် စာပေတွေ ရှိနေရုံနဲ့တင် သူ့ဘဝဟာ ပြည့်စုံ သွားပြီလို့ ဆိုခဲ့တာကိုးကွ။ မင်းတို့တော့ အံ့ဩသွားသလား၊ မအံ့ဩ သွားသလားဆိုတာတော့ ငါမပြောတတ်ဘူး။ ငါကတော့ ဆရာကြီး တောင်းဆိုတဲ့အချက်တွေကိုကြည့်ပြီးတော့ နည်းနည်းကလေး အံ့အားသင့်သွားမိတယ်။ ဟုတ်တယ်လေ။ ဆရာကြီး တောင်းဆို တာက ရွှေလည်းမဟုတ်၊ ငွေလည်းမဟုတ်၊ တိုက်တာ အိုးအိမ်တွေ လည်း မဟုတ်၊ ရာထူးအာဏာတွေလည်း မဟုတ်။ မဟုတ်… မဟုတ်…မဟုတ်။ အခွင့်ထူးခံအရာတွေမဟုတ်။ ပြီးပြည့်စုံတဲ့ ဘဝတစ်ခုကိုရရှိပိုင်ဆိုင်ဖို့ ဆရာကြီးတောင်းဆိုသွားတဲ့ အရာတွေကို မင်းတို့ကြည့်ပါဦးကွာ။ သူ့အပေါ် နားလည်ပေးမယ့် ချစ်သူ မိန်းကလေးတစ်ယောက်၊ ဒါမှမဟုတ် သူအရမ်းချစ်ရတဲ့ ကြင်သူ သက်ထားတစ်ယောက်။

နောက် သူ ဆေးဖြစ်ဝါးဖြစ်လေး အရသာခံပြီးသောက်ချင်တဲ့ ဝိုင်အရက်လေးတစ်ခွက်။ ဆရာကြီး ရွှေဥဒေါင်း။ ဆရာကြီး သော်တာဆွေတို့လို သောက်တာဖြစ်မှာပေါ့ကွာ။ ထမင်းစားမြိန် အောင်၊ ခံတွင်းတွေ့အောင် သောက်ချင်တာလည်း ဖြစ်မှာပေါ့။ ဒါမှမဟုတ် စာအရေးသွက်လာအောင်၊ ဉာဏ် ရွှင်လာအောင် သောက်ချင်တာလည်း ဖြစ်မှာ ပေါ့။ တစ်ခုခုပေါ့ကွာ။

ဆရာကြီးတောင်းဆိုတဲ့ နောက်တစ်ခုကို ကြည့်ပါဦး။ စာအုပ်တွေတဲ့။ အသိဉာဏ်တွေ ရင့်ကျက်ကြွယ်ဝဖို့၊ ကိုယ်မသိသေးတဲ့ ဗဟု သုတတွေရရှိဖို့၊ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား တွေးခေါ် သုံးသပ်တတ်စေဖို့ စတာတွေ ရရှိ ပြည့်စုံဖို့ဆိုရင် စာအုပ်စာပေတွေ ဖတ်ရှုမှ ဖြစ်မှာပေါ့ သူငယ်ချင်းရဲ့။ ဆရာကြီး တောင်း ဆိုသွားတဲ့အချက်တွေကို ငါဖြင့် သဘောကျ လိုက်တာကွာ။

ဟုတ်လိုက်လေ…သူငယ်ချင်း။ ငါတို့ ဝါသနာပါတဲ့ အရာတစ်ခုခုကို လုပ်နေရတယ်



**အသိဉာဏ်တွေ ရင့်ကျက်ကြွယ်ဝဖို့၊ ကိုယ်မသိသေးတဲ့ ဗဟုသုတတွေရရှိဖို့၊
ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတွေးခေါ်သုံးသပ်တတ်စေဖို့
စတာတွေ ရရှိပြည့်စုံဖို့ဆိုရင် စာအုပ်စာပေတွေ ဖတ်ရှုမှ…**

ဆိုရင် ငါတို့စိတ်တွေ မချမ်းသာဘူးလား။ ဥပမာ ငါဆိုရင် စာဖတ်တာပေါ့ကွာ။ စာရေးတာပေါ့ကွာ။ စာဖတ်နေရရင်ကို ပျော်လို့။ စာရေးနေရရင်ကိုပျော်လို့။ ငါတို့ဝါသနာပါတဲ့ အရာတွေကို လုပ်နေရင်း နည်းနည်းကလေး ငြီးငွေ့လာတဲ့အခါ တခြားဟာတွေ ပြောင်းလုပ်ဖို့လည်း လိုတာပေါ့ကွ။ ဥပမာ နည်းနည်းကလေး ထိုင်းမှိုင်းလာတဲ့အခါ သီချင်းကလေးဖွင့်ပြီး ညည်းချင်ညည်းမှာပေါ့၊ ဝိုင်နီလေးကိုသောက်ပြီး အရသာခံချင်ခံမှာပေါ့၊ လမ်းကလေး နည်းနည်းလျှောက်ပြီး လေပြည်လေညင်းခံချင်ခံမှာပေါ့။ နောက်ထပ် မင်းတိမ်းညွတ်တဲ့ တခြားဟာတစ်ခုခုပေါ့ကွာ။ နောက်ပြီး မင်းရဲ့ ဝမ်းနည်းမှု၊ ဝမ်းသာမှု၊ ပူဆွေးမှု၊ အခက်အခဲဖြစ်မှုတွေနဲ့ ကြုံလာ၊ ရင်ဆိုင်လာရတဲ့အခါ မင်းနဲ့ထပ်တူခံစားပေးဖို့၊ မျှဝေဖေးမပေးဖို့ အရင်းနှီးဆုံး မိတ်ဆွေပဲဖြစ်ဖြစ်၊ မိသားစုဝင်ပဲဖြစ်ဖြစ်၊ ချစ်သူပဲဖြစ်ဖြစ် မင်းဘဝမှာ အရေးတကြီး လိုအပ်လာပြီလေ။ မင်းစိတ်ကို သက်သာရာသက်သာကြောင်း လုပ်ပေးဖို့ တိုင်ပင်ဖော်၊ ရင်ဖွင့်ဖော်ဆိုတာ ဘဝမှာ လိုအပ်တာပါပဲလေ။ မဟုတ်ဘူးလား သူငယ်ချင်းရဲ့။ ဒါမှ လူပီသမှာပေါ့ကွ။ ဒီအရာတွေဟာ ဘဝမှာ ရွှေ ငွေထက် အရေးတကြီးပိုလိုအပ်တယ်လို့ ငါတော့ဖြင့် မြင်မိတာပဲလေ။

သူငယ်ချင်းရေ…

ယနေ့ခေတ်လူသားတွေရဲ့ သူတို့ဘဝမှာ ပြီးပြည့်စုံဖို့ အတောမသတ်နိုင်တဲ့ လိုအင်ဆန္ဒတွေကိုများ ဆရာကြီး တွေ့များတွေ့ခဲ့ရင်၊ ကြားများကြားခဲ့ရင် ဘယ်လိုတွေ ပြောမှာပါလိမ့်။ ငါသိချင်စမ်းလှပါဘီ။

**(သုံး)**

သေချာတာတစ်ခုကတော့ သူငယ်ချင်းရေ…

ဆရာကြီး အိုမာခယမ်ရဲ့အဆိုကို ယနေ့ခေတ်လူသားတွေ သိပ်သဘောမတူလောက်ဘူး။ သိပ်ခံတွင်းမတွေ့လောက်ဘူးဆိုတာတော့ ငါ ရဲရဲကြီး ယုံကြည်နေမိတယ်ကွာ။

**ဇာနည်ဖိုး**



## ဖျော့တော့တော့ အလင်းရောင် သည်လည်း မနေ့ကနှင့်မတူတော့ပါ....

ညနေ ၄နာရီ၌ အိမ်ကြီး၏နံ့သာ ပြတင်းပေါက်မှ လှမ်းမျှော်အကြည့်တွင် ဘုန်းကြီးကျောင်းရှေ့ အုတ်ရေကန်ကြီးဘေးတွင် အဝတ်လျှော်ဖွပ်သူ၊ ရေခပ်သူ၊ ရေချိုးသူများဖြင့် ဖွေးဖွေးလှုပ်လို့။



အုတ်ရေကန်သည် အများပြည်သူသုံး နိုင်အောင် ဘုန်းကြီးကျောင်း၏ လမ်းတစ်ဖက်မှာ တည်ဆောက်ထားခြင်းဖြစ်သည်။ အဓိက သုံးစွဲသူများကတော့ ရေဝယ်မသောက်နိုင်သူများ၊ အလုပ်သမားတန်းလျားမှ လူများ၊ ကျူးကျော်နေထိုင်သူများနှင့် မြေငှားနေသူများ၏ နိစ္စဓူဝများကို ဟောဒီအုတ်ကန်ကြီးက ထမ်းပိုးထားခြင်းဖြစ်သည်။

အုတ်ရေကန်၏ ပတ်ပတ်လည်တွင် ကျောက်ပြားများခင်းထားသည်။ ကုက္ကိုလ်ပင်များ၊ တမာပင်များ၊ အခြားအရိပ်ရပင်များနှင့် အစီအရီ ယခုလိုအရိပ်အာဝါသအောက်တွင် နားရိုကြသူများနှင့် ဆော့ကစားသည့် ကလေးများလည်း အဆက်မပြတ်ရှိသည်။ သို့သော် မိန်းမသားအများစုအတွက်ကတော့ မီးဖိုသတင်းစုံသော၊ ကြားသိရနိုင်သော နေရာတစ်ခုဆိုလျှင်လည်းမမှားပါဘူး။ ထို့ကြောင့် အဝတ်လျှော်မှပ်နေကြသည့် အမျိုးသမီးအများစုက မီးဖိုသမားဆိုလျှင် မှန်ပါသည်။ ပါးစပ်ကလေးတွေလှုပ်၊ လက်ကလေးတွေလှုပ်ပြီး အလုပ်လုပ်ရမှ သဘောကျသူများဖြစ်ကြသည်။

"ဟဲ့ . . . ဒေါ်ဝတုတ် ညညံ့တို့ကို ပြောဦးမယ်"

"အေး…ပြောပါဦး၊ သတင်းထူးလေးဘာလေး"

"မနေ့ညက တို့ရပ်ကွက်ထိပ်က ဆယ်အိမ်မှူးကျော်မြင့်ရဲ့သမီးလေး နိုးရာလိုက်ပြေးလို့တဲ့တော်ရေ"

"ညော် . . . အစ်မရယ် လူမျိုး အမျိုးနိုးရာလိုက်ပြေးတာ ထူးဆန်းလို့လား အေ"

"ဆန်းတာပေါ့…ဟော့၊ သူ့ သမီးလေးက နေတာရိုးရိုးအေးအေးလေး၊ ရည်စားရှိမယ်လို့လည်းမထင်ရဘူးလေ၊ အခုတော့ သူ့ရည်စားက ဖေ့ဘွတ်ခ်စ်ဆိုလား ဖွဲ့ဘွတ်ဆိုလား၊ အဲ့တာသုံးရင်း ချစ်သူရည်းစားဖြစ်ကြတာ၊ ပြီးတော့ ညကနိုးရာလိုက်ပြေးသွားတော့ ကောင်လေးမှာက မိန်းမရှိတယ်တဲ့လေ . . ."

"အေးဟယ် . . . အခုခေတ်ကလေးတွေကလည်း တော်တော်ခက်တာပဲ၊ ဖုန်းလေးတွေ မြှောက်ကြွကြွနဲ့၊ စရိုက်တွေလည်းဆိုး၊ အကျင့်စာရိတ္တတွေလည်းပျက်၊ ဘာဆိုဘာမှကို မထူးချွန်လာကြတော့ဘူး"

"အေး…ဟယ်၊ တို့တုန်းကဆို ဖုန်းဘယ်လိုနေမှန်းမသိ…"

အရိပ်ကောင်းသည့် အုတ်ရေကန်ကြီး၏အောက်ရှိကျောက်ပြားပေါ်တွင်မီးဖိုသမားတွေအများကြီးစုလျက်၊ သူ့သတင်း၊ ကိုယ့်သတင်းဖလှယ်ကြရင်း အတည့်ပြုကြ၊ ထောက်ခံကြ၊ မသေချာရင် ပယ်ဖျက်ကြနှင့်ပင်။ ထိုအထဲ၌ ရပ်ကွက်ထဲက "ပါလေရာ ငါးပိချက်"လို့ တင်စားခေါ်ဝေါ်သည့် ပွဲစား ဒေါ်အာကျယ်။ အမည်အရင်းက ဒေါ်ဝေအေးအေး။ အမည်နှင့်တော့ တခြားစီ၊ စကားပြောရင်း အသံက ကျယ်ကျယ်နှင့်ပြောလို့ ဒေါ်အာကျယ်လို့ ခေါ်ကြခြင်းပင်။ သူ့ဆီကကြားသိရသော သတင်းက အသေချာဆုံး သတင်းဖြစ်သည်။

ထို့ပြင် သူမသည် ရပ်ကွက်ထဲကကိစ္စတိုင်း အားတက်သရော ပါဝင်လုပ်ဆောင်သည်။ အလှူခံဆိုလည်း သူ၊ နာရေးဆိုလည်း သူ၊ ဟိုနေရာစပ်စပ်၊ ဒီနေရာစပ်စပ်လည်း ရှိတတ်သည်။ ရပ်ကွက်ထဲမှာ ဒေါ်အာကျယ်တစ်ယောက် အာကျယ်အာကျယ် စကားပြောသံကြားရင် သတင်းထူးပါလာမှန်း သိသာစေသည်။ ပြီးတော့ သူက ယခုလို လူစုံ နေရာစုံ သည့်နေရာမျိုးကျမှ သိသမျှ ကြားသမျှသတင်းများကို အားရပါးရနှင့် ပြောဆိုတတ်သည်။

အခုခေတ်ကလေးတွေကလည်း
တော်တော်ခက်တာပဲ။
ဖုန်းလေးတွေ မြှောက်ကြွကြွနဲ့
၊စရိုက်တွေလည်းဆိုး၊
အကျင့်စာရိတ္တတွေလည်းပျက်၊
ဘာဆိုဘာမှကို
မထူးချွန်လာကြတော့ဘူး . . .

ဒေါ်အာကျယ် အသက်က ၄၀ ခန့်ဖြစ်သည်။ သူသည် မုဆိုးမဖြစ်၍ အဒေါ်ဖြစ်သူ အပျိုကြီးကို အိမ်မှာခေါ်ထားသည်။ ယောက်ျားဖြစ်သူ ဆုံးသွားပြီးနောက် ကျန်ခဲ့သည့် တက္ကစီကားလေးကို အငှားပေးထားပြီး တစ်ဖက်တစ်လမ်းကလည်း ပွဲစားလုပ်သည်။ သူက သတ္တိလည်းရှိသည်။ တစ်ခါတစ်လေ ရပ်ကွက်ထဲ တစ်ခုခုပြဿနာဖြစ်လျှင် ကိုယ်တိုင်ကိုယ်ကျလည်း ဖြေရှင်းနိုင်သည်။ ပြေလည်သွားသည့်အထိပင်၊ ယခုလို အုတ်ရေကန်မှာ လူစုံလာပြီဆိုရင် "ပြောကိုမပြောချင်ဘူး" ဆိုသည့် နိဒါန်းစကားကို အသံခပ်နွဲ့နွဲ့ ဒေါ်မြလေးလေးသံနှင့် တုပကာ အစချီလိုက်သည်။ ကျန်နားထောင်သော သူများကလည်း မပြောချင်ဘူးဆိုသည့် စကားကိုမှ သိချင်ကြသည်။ ထိုအခါ တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြလေသည်။ ထိုသို့ ဝိုင်းမေးလေ ဒေါ်အာကျယ် သဘောကျလေပင်။

"ပြောပါအုံး အေ၊ နောက်ထပ် ဘာသတင်းကြားလို့လဲ"

"ဟွန်း…မပြောချင်ပါဘူးဆို၊ ပြောကို ပြောရအုံးမယ်၊ ဒီလိုဟေ့ စကားထါလမ်းက မချိုယောက်ျား သိတယ်မဟုတ်လား။ သူလည်း ပွဲစားလုပ်တယ်လေ"

"အင်း . . . သိတယ်လေ၊ ဘာထူးလို့လဲ"

"ဘာထူးရမတုန်း၊ သူ့ယောက်ျားက ပွဲစားလုပ်ပြီး အဆင်ပြေတာထက် ပိုပြီး အဆင်ပြေတာတွေ လုပ်နေလို့ပေါ့၊ သူ့ယောက်ျားက ဖုံးကလူတွေနဲ့ သိတယ်ဆိုလား၊ ပိုင်တယ်ဆိုလား။ မပြောတတ်ပါဘူးအေ၊ တို့ရပ်ကွက် ဓမ္မရုံဘေးက မြေနေရာအလွတ်တွေကို ရောင်းစားနေတယ်၊ ဟယ် သူတွေကလည်း စိတ်ချလက်ချဝယ်ကြတယ်၊ ဖြစ်လာရင် သူရှင်းပေးမယ်ပေါ့အေ၊ မက်လုံးတွေပေးပြီး ရောင်းစားနေတာ၊ အဲ့တော့ တချို့ကလည်း မြေနေရာက အချက်အချာလည်းကျတယ်၊ လမ်းကြီးလည်းဖြစ်၊ ကားလမ်းပေါက်ဈေးထက်လည်း အဆမတန်သက်သာနေတော့ ရှိတာလေးတွေ ထုခွဲရောင်းချပြီး ဝယ်ကြတာပေါ့အေ၊ နောက်ပိုင်း ဘာဖြစ်မလဲဆိုတာတော့ စောင့်ကြည့်နေရမှာပဲ"

ယခုလို သတင်းထူးလေး ပြောပြသည့် သူနှင့် သတင်းနားထောင်သောသူ တက်ညီလက်ညီ ပြောဆိုနေကြရင်း အားရကျေနပ်သော နေ့တစ်နေ့အဖြစ် ကုန်ဆုံးစေခဲ့သည်။ တကယ်လို့သာ အုတ်ရေကန်သို့ ဒေါ်အာကျယ်တစ်ယောက် လူမှုရေးကိစ္စများနေသောကြောင့် မလာဖြစ်လျှင် သတင်းနားထောင်သည့် သူများက…

"သူမလာတာ သုံးလေးရက်ကြာပြီရှင့်၊ ဒါကိုပင် သိန်းသန်းမက ကြာတယ်ရှင်" သီချင်းအတိုင်း မျှော်လင့်ချက် တသသနှင့် သစ်ကုလားအုတ်ဖြစ်လို့။

❐ ❐ ❐ ❐ ❐

ဒေါ်အာကျယ်သည် လူမှုရေးစိတ်ဓာတ် အပြည့်အဝရှိသူတစ်ယောက်ဖြစ်သည်၊ သူမှာ ကြီးမားသည့် ဗီဇနှစ်ခုရှိသည်။ ပထမဗီဇကတော့ လူများကို ကူညီတတ်သော အကျင့်ဖြစ်သည်။ ရပ်ကွက်ထဲ ဘယ်အိမ် ဘယ်နေရာမှာ စတုဒိသာကျွေးလျှင်တောင် ကိုယ်တိုင်ကိုယ်ကျ ရပ်ကွက်ထဲ လိုက်အော်ပြောသည်။ ထို့ပြင် ရှတ်တရက် နေမကောင်းဖြစ်ကြသူများ၊ ဒုက္ခရောက်သူများတွေ့ရင်လည်း အာပေါင်အာရင်းသန်သန်ဖြင့် ရှေ့ဆောင်လမ်းပြ ကူညီတတ်သေးသည်။ ဒုတိယမြောက်ဗီဇကတော့ သူများအတင်းအဖျင်းကို မပြောရရင် စားမဝင်၊ အိပ်မပျော်တတ်သည့် ဗီဇပင်ဖြစ်သည်။

သူက သူ၏ဗီဇနှစ်ခုစလုံးကို ကျယ်ကျယ်ပြန့်ပြန့်လုပ်သည်။ လုပ်ရမှာပေါ့၊ သူ့အတွက် အိမ်မှာစားရန် စောင့်နေသော သားသမီးမရှိဘူး။ အဒေါ်ဖြစ်သူ ချက်ပြုတ်ထားတာကို အဆင်သင့်စားရုံပင်။ ဟော-ယခုလည်း လူစုလူဝေးဆိုရင် ရှေ့က ရောက်နေသည်။ စပ်စုရန်၊ စုံစမ်းရန်အပြင် သူကိုယ်တိုင်ဖြန့်ဝေမည့် သတင်းအချက်အလက်များကို မှန်မှန်ကန်ကန် အတည်ပြုရန် လိုက်စပ်စုသည်ဆိုလျှင် ပို၍မှန်ပါသည်။

တကယ်လို့သာ အုတ်ကန်ရှိ သတင်းမျှော်သူများကလည်း ဒေါ်အာကျယ် အုတ်ကန်သို့မလာလျှင် သူ့အိမ်သို့ စောစောထသွားမေးကြသည်။ သူက အိမ်သိပ်ကပ်တာမဟုတ်ချေ။ စောစောသိချင်လို့ သူ့အိမ်သွားမေးတာနှင့် သူမက…

"ဟဲ့ မဆွေ၊ ဒေါ်ဝတုတ်၊ အေးခိုင်လာလာ၊ ညည်းတို့အေ ပြောကိုမပြောချင်ဘူး"

ထိုကဲ့သို့ သတင်းမပြောခင် အပ်ကြောင်းထပ်နေသော ခေတ်ပြားဟောင်းကြီးနှင့် စတင်သည်။ သတင်းပလင်း ကြားချင်သည့် သူများကလည်း…

"ပြောပါဟယ်၊ ဘာသတင်းတွေထူးသေးလဲ၊ ကျုပ်တို့ဆီမလာလို့ လာမေးကြတာ"

သိပ်တော့ အိုက်တင်မခံနေတော့ချေ၊ ထိုကဲ့သို့ ပြင်းပြင်းပြပြ သီချင်းဖောနှင့်မေးရင်း မဆွတ်ခင်ကညွတ်ချင်နေသော သတင်းမြင်ကွင်းကျယ်များ နားစည်ထဲသို့ တရဟော တိုးဝင်လာတော့သည်။

"တို့ရပ်ကွက်ထဲမှာ မကြာခင် ကွန်ကရစ်လမ်း ခင်းပေးတော့မယ်၊ လမ်းမကြီးကော၊ လမ်းသွယ်တွေပါမကျန် ပြည်သူလူထု သွားရေးလာရေးအဆင်ပြေအောင်ပေါ့အေ"

"ဝမ်းသာစရာ သတင်းပဲ၊ ဟော-ဟော၊ တို့တတွေ ဒီမိုးတွင်း ရွှံ့ဗွက်ထဲ မသွားလာရတော့ဘူးပေါ့၊ ပျော်တာအေ"

"ဟုတ်ပါအေ့၊ ဒါနဲ့ နောက်ထပ် သတင်းထူးလေးရှိရင် ပြောပါအုံး"

"တစ်ခုတော့ရှိသေးတယ်၊ သတင်းထူး မထူးတော့ မသိဘူး။ ဦးဘကျော် သိတယ်မဟုတ်လား"

"သိတယ်လေ…ဘာဖြစ်လို့လဲ"

"မနက်ဖြန် ဘုန်းကြီးဝတ်တော့မယ်တဲ့၊ အားလုံးကတော့ ပြောနေကြတာပဲ၊ ဒီလူကြီးက ဝန်ထမ်းဘဝတုန်းက လူတွေကို မျက်ရည်ကြီးပေါက်ကျအောင် လုပ်ထားတာ နည်းတာမှမဟုတ်တာအေ"

"ကောင်းပါတယ်၊ ဒါပေမဲ့ သူလိုလူမျိုး အပါယ်တံခါးပိတ်ရင်တောင် ကံကောင်း"

ဒေါ်အာကျယ် စကားပြောရင်း အဝတ်အမြန်လဲလိုက်သည်။ လိုအပ်သည့် အဝတ်များကို အိတ်ထဲထည့်၊ ထီးလေးယူပြီး ပွဲစား



လည်လုပ်ရင်း စပ်စုရင်း ထွက်တော့မည်။

''အစ်မ ဒီကနေ့ အဝတ်လာလျှော်မှာ လား''

ဒေါ်အာကျယ်အတွက် အဝတ်လျှော် သည့်ကိစ္စက အဓိကမဟုတ်ပေ။ ရသမျှ သတင်းပြန့်လည်မှုဝေချင်တာလည်း ဖြစ် သည်။

''အိုခေ···အချိန်ကျလာမှာပေါ့ ကျုပ် က လျှော်စရာမရှိရင် ညည်းတို့ ညည်းတို့ရဲ့ အထည်တွေကို ဝိုင်းကူလျှော်ပေးအုံးမှာ၊ အခုတော့ ညနေသတင်းကြေငြာဖို့ သတင်း လေး စုဆောင်းပါရစေအုံး''

သူလာမည့်အကြောင်း ပြောလာရင်း ညနေအုတ်ကန်မှာ လူစုံတော့မည်။ ထို့ ကြောင့် ရပ်ကွက်ထဲကလူများက အဝတ် များကို ဖလားထဲထည့်ပြီး နေ့တိုင်းလျှော် သည့်အခါ ယောက်ျားများကလည်း ကြည့် ဖြူကြသည်။ ဝတ်သမျှအထည်များက ဖြူ စင် သန့်ရှင်းနေသောကြောင့် ဖြစ်သည်။

□ □ □ □ □

ဒေါ်အာကျယ် ခြေလှမ်းကို ခပ်သုတ် သုတ် လျှောက်လှမ်း၍ အုတ်ရေကန်ဆီသို့ ဦးတည်လျှောက်လှမ်းလာသည်။ သူ့ကို စောင့်နေသည့် ပရိသတ်များကလည်း ကိုယ် ဆီ အထည်ဖွပ်နေကြသည်။ ဒေါ်အာကျယ် မရောက်သေးတော့ အဝတ်လျှော်ရတာ လေးလေးပင်ပင်၊ စိတ်မပါတော့ချေ။ ဒေါ် အာကျယ်ကလည်း အုတ်ရေကန်နား မ ရောက်ခင် ခပ်လှမ်းလှမ်းကပြောသည်။

''ဘော်ဘော်တို့ရေ ငါလာပြီဟေ့''

သူ့ပရိသတ်များ ဝမ်းသာအားရ ကြည့် ကြသည်။ ဒေါ်အာကျယ် သူတို့နားရောက် သည့်အခါ ကျောက်ပြားအလွတ်မှထိုင်ပြီး ဘေးရှိ မဆွေဖလားထဲက အထည်ယူပြီး လျှော်မည်ဟန်ပြင်၍ စကားပြောလိုက် သည်။

''မပြောချင်ပါဘူးအေ၊ ပြောကိုမပြော ချင်တာ သိလား။ ဒီနေ့ကြားခဲ့ရတဲ့ သတင်း က တကယ့်သတင်းထူး၊ ကျုပ်လည်း အဲ့ သတင်းစပ်စုနေလို့ နောက်ကျနေတာ''

''ပြောပါအုံး သိချင်လာပြီ၊ ကျုပ်တို့က ညည်းဆီက သတင်းထူးကို စောင့်နေတာ ဟေ့''

''အေးပါဟယ်၊ ပြောချင်လွန်းလို့ ရောက်အောင်လာတာ''

ဒေါ်အာကျယ် ဆက်မပြောသေးဘဲ အဝတ်ကို ဆပ်ပြာတိုက်ပြီး နှာနှာဆောင့် လျှော်လိုက်သည်။ ထို့နောက် လျှော်ပြီး အဝတ်ကိုကိုင်လျက်···

''ဒီလိုအေ၊ အခုသတင်းက တို့ရပ် ကွက်က မဟုတ်ဘူး၊ ဟိုဘက်ရပ်ကွက်ထဲ က ကြားခဲ့တာ၊ ရွှေနေကြီးသမီးလေး။ အခု မှ အသက်က ၉ နှစ်ပဲရှိသေးတယ်၊ ဦးလေး ဖြစ်သူက အဓမ္မကျင့်လို့တဲ့ ဟေ့''

''အယ်···''

''အို···''

''ဘုရား···ဘုရား၊ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်ပြီ''

ဒေါ်အာကျယ်၏သတင်းစကားကြောင့် သူတို့အားလုံး အံ့သြတုန်လှုပ်သွားကြသည်။

''အေး···အဲဒါ ညည်းတို့ သားသမီး တွေလည်း သတိထားကြအုံး။ ပြီးတော့ ကျုပ်ပြောနေတဲ့ ဖေ့ဘွတ်ခ်ဆိုလား၊ ရှဲ့ဘွတ် ဆိုလား၊ အဲဒီမှာလည်း ကလေးတွေကို အဓမ္မကျင့်တဲ့သတင်း၊ နှိပ်စက်တဲ့သတင်း တွေကို မကြာခဏဆိုသလို ကြားသိနေရ တယ်''

ဒိုးရိမ်ကြောက်လန့်သောစိတ်ဖြင့် အဝတ်ကို ဆက်မလျှော်ဘဲ ရင်ဘတ်ကို ဖိ သောသူ၊ မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် ကြောင်တောင်တောင်ဖြစ်ကာ ငေးငိုင်နေ ကြသည်။ ဒေါ်အာကျယ်ကတော့ ပြောပြီး အဝတ်ကိုသာ ဆက်လျှော်နေတော့သည်။

''လူတွေများ တကယ်လည်းကြောက် စရာကောင်းတယ်နော်၊ ဆွေမျိုးသားချင်းဆို တာကော မသိရအောင် အဲဒီလောက်ထိ အသိဉာဏ်ကင်းမဲ့ကုန်ပြီလား''

ဒေါ်ဝတုတ်က ညည်းညည်းညူညူ ပြောဆိုလိုက်သည့်အခါ ကျန်သည့်သူများက လည်း ခေါင်းတညိတ်ညိတ်နှင့် အတည်ပြု ထောက်ခံနေကြသည်။ ထိုအချိန် ဒေါ်အာ ကျယ် ရုတ်တရက်ပြောလိုက်သည်။

''ဟောတော့···အရေးကြီးသတင်း



ပြောဖို့မေ့နေတယ်၊ ဒီသတင်းက ဝမ်းသာစရာပေါ့''

အားလုံးက ဒေါ်အာကျယ်၏ ရုတ်တရက် ထွက်ပေါ်လာသည့်အသံကို လန့်ဖြန့်သွားကြသလို စိတ်ဝင်တစားလည်း ဖြစ်ကုန်ကြသည်။

''လန့်တာပဲဟယ်···ဘာများတုန်း''

''ဝမ်းသာစရာမှ တကယ့်ဝမ်းသာစရာ၊ အခု ကျူးကျော်အိမ်တွေ၊ အိုးပိုင်အိမ်ပိုင်မရှိတဲ့သူတွေကို စာရင်းအတိအကျကောက်ပြီး နေစရာပေးမယ်တဲ့။ ဥက္ကဋ္ဌကတော့ ဒီညရပ်ကွက်ထဲလိုက်အော်လိမ့်မယ်၊ မနက်ဖြန်စာရင်းပေးဖို့၊ အဲဒါ မနက်ဖြန် ကျုပ်တို့စာရင်းသွားပေးရမှာ''

''အစ်မကျယ် တကယ်လား။ ဝမ်းသာစရာပဲ၊ ကျွန်မတို့လို နေစရာမရှိ၊ အိုးပိုင်အိမ်ပိုင်မရှိတဲ့သူတွေ ပေးမယ်ဆိုတော့ ဝမ်းသာစရာပေါ့၊ ပျော်ပြီ···ပေါ့''

ဒေါ်အာကျယ်၏ ဝမ်းသာစရာသတင်းကြားပြီး ဒေါ်ဝတုတ် ခန္ဓာကိုယ်ထွားထွားကြီးဖြင့် ထကသည်။ ကျန်သောသူများကလည်း ဒေါ်ဝတုတ်နှင့် ထပ်တူပျော်ရွှင်ကာ လက်ခုပ်များတီး၍ အားပေးနေကြသည်။

သူတို့အားလုံး၏ မျှော်လင့်ချက် အလင်းရောင်လေးများက လင်းလက်တောက်ပမည်ဟု တွေးဆနေကြသည်။

❐ ❐ ❐ ❐ ❐

အုတ်ရောက်နံသို့ ညနေသုံးနာရီခွဲကတည်းက လျှော်မည့်အဝတ်ဗလာကိုယ်စီဖြင့် စောစွာရောက်ရှိနေကြသည်။ အားလုံး၏ မျက်နှာများကလည်း အပြုံးကိုယ်စီဖြစ်နေကြသည်။ ဟုတ်သည်၊ သူတို့ ပြုံးနိုင်ပြီပေါ့။ သူတို့ကို နေရာပေးရန် အစိုးရက ကတ်ပြားလေးများ ပေးလိုက်ကြသည်။

သူတို့အားလုံး၏ စိတ်ကူးထဲမှာတော့ တစ်နေ့နေ့၊ တစ်ချိန်ချိန် နေစရာအတည်တကျဖြင့် နေထိုင်ရမည့်အချိန်ကိုတွေးရင်း မျှော်လင့်ချက်ကြီးစွာ ပျော်ရွှင်ကုန်ကြသည်။

''ဟော···ဟိုမှာ တို့ကျေးဇူးရှင် ဒေါ်အာကျယ်ကြီး လာပြီဟေ့''

သူတို့အားလုံးက လျှော်ဖွပ်ရမည့် အဝတ်ဗလာကို ဘေးချထားပြီး မလျှော်ပေ။ ချိုင့်နှင့် အဆင်သင့်ထည့်လာသည့်

> **တချို့က မြေတွေ အများကြီး**
> **ဝယ်ထားပြီး အိုးမပိုင် အိမ်မပိုင်တဲ့၊**
> **တချို့ကလည်း**
> **အိုးပိုင်အိမ်ပိုင်နဲ့နေရပြီး**
> **အဖေထားလို့နေတာပါ၊ အမေထားလို့**
> **နေတာပါ၊ မပိုင်ပါဘူး။**
> **အမျိုးမျိုးပြောနေကြတာလေ၊**
> **ဘာပဲဖြစ်ဖြစ်. . .**

လက်ဖက်သုတ်ကို ဒေါ်အာကျယ်နှင့် အတူစားရန်ပင်ဖြစ်သည်။

''ဟယ်···နင်တို့ အဝတ်မလျှော်ဘဲ ဘာလုပ်နေကြတာလဲ''

''အေးဟယ်···ကျုပ်တို့တွေ ညည်းကို ကျေးဇူးတင်လွန်းလို့ အဝတ်မလျှော်ခင်လေး လက်ဖက်သုတ်ကျွေးချင်လို့''

သူတို့အားလုံး ကျောက်ပြားပေါ်တွင် ဝိုင်းဖွဲ့၍ ထိုင်လိုက်သည်။ သူတို့အုပ်စုကို ကလေးများနှင့် လူအချို့က ဂရုမစိုက်ပေ၊ ဘာရယ်မထားကြပေ၊ အားလုံးက အပြုံးကိုယ်



စီဖြင့်ထိုင်ရင်း ဒေါ်ဝတုတ်က လက်ဖက်ပန်းကန်ကို ဒေါ်အာကျယ်ရှေ့ ချပေးလိုက်သည်။

''ညည်းတို့ကြည့်ရတာ တော်တော်ပျော်နေပုံရတယ်''

''ပျော်တာပေါ့အေ၊ အခုလိုခေတ်မှာ အိုးပိုင်အိမ်ပိုင်နေရဖို့ဆိုတာ ကျုပ်တို့လို ဆင်းရဲသားတွေအတွက် အိပ်မက်တောင် မမက်နိုင်ဘူးလေ၊ ဒါနဲ့ ဒေါ်အာကျယ်က ဘာလို့ မျက်နှာမကောင်းတာလဲ''

''ပြောကို မပြောချင်ပါဘူးအေ၊ ကျုပ်လည်း မနေ့က ဘာသတင်းများရမလဲဆိုပြီး ကတ်ထုတ်ပေးတဲ့ဆီ ရောက်လာသေးတယ်၊ ညည်းတို့မြင်မှာပါအေ၊ တချို့က မြေတွေအများကြီးဝယ်ထားပြီး အိုးမပိုင် အိမ်မပိုင်တဲ့၊ တချို့ကလည်း အိုးပိုင်အိမ်ပိုင်နဲ့နေရပြီး အဖေထားလို့နေတာပါ၊ အမေထားလို့ နေတာပါ၊ မပိုင်ပါဘူး၊ အမျိုးမျိုးပြောနေကြတာလေ၊ ဘာပဲဖြစ်ဖြစ် တာဝန်ရှိတဲ့သူတွေက အတိအကျစာရင်းကောက်ပြီး လုပ်ကြတာပဲလေ''

''ဒါနဲ့ အခု ကတ်ပြားရပြီဆိုတော့ တိုက်ခန်းပေးမှာလား၊ မြေနေရာပေးမှာလား၊ တချို့ပြောတာလည်း ခပ်ဝေးဝေးကို ပို့မယ်လို့ ပြောကြတယ်''

အေးဆိုင်ဇော်ဝကားကို အားလုံးက ထပ်တူ သိချင်နေကြသည်။ ရင်တထိတ်ထိတ်နှင့် ဒေါ်အာကျယ်၏အဖြေကို စိတ်ဝင်တစား နားထောင်နေကြသည်။

''အဲ့တာတော့ ကျုပ်လည်းမသိဘူး ဟေ့၊ သူတို့ပေးတဲ့နေရာမှာသာ နေ၊ အဓိက ပိုင်ဖို့ပဲမဟုတ်လား''

''ဘယ်နေ့ ပိုင်မှာလဲ''

''တစ်နေ့နေ့ပေါ့ အေ''

ဒီတစ်ခါ ဒေါ်အာကျယ်၏အဖြေကို သူတို့အားလုံး သဘောမကျပေ။ ထင်ထားသည့် အဖြေမျိုး မကြားရတော့ သူတို့ အားလုံး ဟင်ခနဲ အသံထွက်လာကြသည်။

မည်သို့ပင်ဖြစ်စေကာမူ သူတို့အားလုံးမှာ အိပ်မက်ကိုယ်စီ ရှိလာကြတာတော့ အမှန်ပင်။ ထို့အတွက် သူတို့အားလုံးက အိပ်မက် အမြန်ဆုံးပြည့်ဝရန် ဆုတောင်းနေကြတော့မှာပါ။

မျှော်လင့်ချက် တသသနှင့်···။

**အေးသုန်းခေတ်**



# တာခေုတာခေါင်း မူဝါဒကောင်း

ကိုဇော်




စင်ကာပူနိုင်ငံသည် မလေးရှားနိုင်ငံ ဂျဟိုး(Jahor)ပြည်နယ်ရဲ့ တောင်ဘက် အစွန်ဆုံးနေရာမှာရှိသော ကျွန်းနိုင်ငံငယ်ကလေးဖြစ်ပါတယ်။ အီကွေတာရဲ့မြောက်ဘက်(၁၃၇)ကီလိုမီတာ အကွာအဝေးတွင် တည်ရှိကာ၊ (၇၀၇၁)စတုရန်းမိုင် အကျယ်အဝန်းသာရှိပါတယ်။ အရှေ့တောင်အာရှတိုက်မှ နိုင်ငံနှင့်မြို့တော်ရဲ့ နာမည်တစ်ခုတည်းသာဖြစ်သော စင်ကာပူ။

စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် မြေနေရာမရှိသကဲ့သို့ အခြေအနေလည်း မပေးပါ။ သဘာဝသယံဇာတနှင့် ရေအရင်းအမြစ်လည်း မရှိမထွက်သော ကျွန်းမြေနိုင်ငံကလေး ဖြစ်သော်လည်း၊ ကမ္ဘာ့ပထဝီဝင်အနေအထားအရ သဘာဝကဖန်တီးပေးထားတဲ့အတွက် နိုင်ငံတကာလေကြောင်းနှင့် ရေကြောင်းဆိုင်ရာ သယ်ယူပို့ဆောင်ရေးတွင် ဗဟိုအချက်အချာကျတဲ့ လေဆိပ်နှင့် ဆိပ်ကမ်းနေရာဒေသတစ်ခုအဖြစ် တည်ရှိနေပြီး၊ ကမ္ဘာ့အရှေ့နဲ့ အနောက်ဘက်ခြမ်းနိုင်ငံများ ကုန်စည်ဖလှယ်တဲ့ ကုန်သွယ်ရေးဆိုင်ရာ အရေးပါသော စင်ကာပူကျွန်းနိုင်ငံငယ်ကလေး ဖြစ်လို့နေပါတယ်။



နှစ်ပေါင်းအတော်ကြာအောင် ဗြိတိသျှတို့ရဲ့ ကိုလိုနီအုပ်ချုပ်နယ်မြေဖြစ်ခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ နယ်ချဲ့ ဖက်ဆစ်ဂျပန်တို့ ကျူးကျော်သိမ်းပိုက်သွားခြင်းခံခဲ့ရပြန်တယ်။ စစ်ပြီးခေတ်တွင် မလေးရှား နယ်မြေများနှင့်အတူ ပူးပေါင်းကာ ဗြိတိသျှတို့ရဲ့ ကိုလိုနီအုပ်ချုပ်နယ်မြေ ပြန်ဖြစ်သွားပါတယ်။ ထိုသို့ ဖိနှိပ်ချုပ်ခြယ်လက်အောက်ခံကျွန်ဘဝမှ သီးခြားခွဲထွက်နိုင်ရေး လွတ်လပ်သောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရလာနိုင်ဖို့အရေး ကြိုးစားလုပ်ကိုင်ဆောင်ရွက်၊ ရုန်းကန်လှုပ်ရှားခဲ့ကြသောကြောင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ(၉)ရက်နေ့တွင် မလေးရှားမှခွဲထွက်ကာ စင်ကာပူသမ္မတနိုင်ငံတော် ဖြစ်လာခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံမှာ စီးပွားရေးချွတ်ခြုံကျကာ ဆင်းရဲမွဲတေမှုနှင့်အတူ လူမျိုးသီးခြားစီခွဲကာ စုပေါင်းနေထိုင်ထတ်ကြသော နိုင်ငံရဲ့လူမျိုးစုတွေကြားထဲမှ မစ္စတာလီကွမ်ယုဦးဆောင်သော ပြည်သူ့အဖွဲ့အစည်းပါတီ(People Association Party. PAP) ဟာ အများက ရွေးချယ်သဘောတူတင်မြှောက်ခြင်းခံရသော နိုင်ငံ အုပ်ချုပ်ခွင့် အာဏာရပါတီ ဖြစ်လာခဲ့ပါတယ်။

စင်ကာပူနိုင်ငံတွင်းမှာ လက်နက်ကိုင် ဆန့်ကျင်ရေးသူပုန်အဖွဲ့အစည်းရဲ့အန္တရာယ် မရှိခဲ့သော်လည်း အခြားသောနိုင်ငံရေးအတိုက်အခံပါတီများက ဝေဖန်ပြစ်တင်ကဲ့ရဲ့ ရှုတ်ချမှုတွေနှင့် စောင့်ကြည့်ပြောဆိုနေကြတဲ့ ကြားထဲမှပဲ၊ ဝန်ကြီးချုပ်လီကွမ်ယုဦးဆောင်သော နိုင်ငံတော်စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းနည်းစနစ် ဥပဒေမူဝါဒသစ်များ ရေးဆွဲချမှတ်ကာ သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနများဖွဲ့စည်းခန့်အပ်ခြင်း၊ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ဝတ္တရားခွဲဝေလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံရဲ့ လူမျိုးစုများဖြစ်ကြသော တရုတ်မျိုးနွယ်များ၊ တရုတ်လူမျိုး၊ မလေးမျိုးနွယ်များ၊ မလေးလူမျိုး၊ ကုလားလူမျိုး၊ ကပြားမွေးဖွားလာသူများ (Eurasia)စသည်ဖြင့် လူမျိုးစုတွေအားလုံး လူတန်းစားတူညီမျှတသော အခြေခံစားဝတ်နေရေးနှင့်လူ့အခွင့်အရေးများ၊ ဆင်းရဲချမ်းသာ ကွာဟမှုမကြီးထွားလာစေရေး၊ နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍဆိုင်ရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များကာ ဝင်ငွေများ ရရှိလာစေရေး၊ နိုင်ငံတော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းသန့်ရှင်းလှပ၊ စည်ပင်သာယာဝပြောရေးတွေကို ရှေးရှုကာ၊ နိုင်ငံတော်အစိုးရရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံကာစပြီး၊ စည်းကမ်းနည်းစနစ် ဥပဒေမူဝါဒဆိုင်ရာ အသစ်ရေးဆွဲပြဋ္ဌာန်းချက်များနှင့်အညီ သမာသမတ်ရှိမှာတိကျသော၊ ပြတ်သားသော စီမံအုပ်ချုပ်မှုတွေနှင့် အစီအစဉ် ကျနသေချာသောမူဝါဒစီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရာတွင် နိုင်ငံရဲ့ မြေအနေအထားအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေမြေအောက်သယံဇာတတူးဖော်လုပ်ကိုင်ထုတ်လုပ်ဖို့ မဖြစ်နိုင်ပေမယ့်၊ နိုင်ငံအတွက် ကိုက်ညီသောအသေးစား၊ အလတ်စားစက်မှုကုန်ထုတ်လုပ်ရေးနှင့် ကုန်သွယ်မှုစီးပွားရေးကို အဓိကစီးပွားရေးမဏ္ဍိုင်အနေနဲ့ ဦးစားပေးကာ စတင်အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြပါတယ်။

နိုင်ငံရဲ့လူမျိုးစုတွေကိုလည်း "တစ်ဦးချင်းမှ အားလုံးအတွက်···အားလုံးသည်လည်းတစ်ခုတည်းသော ဦးတည်ချက်အတွက် (ONE FOR ALL--ALL FOR ONE)"လူမျိုးစုတွေ တစ်ရုတစ်စည်းခြင်းဖြင့် တစ်ခုတည်းသော မိမိနိုင်ငံအတွက် ဖြစ်တည်ရမည်" (ONE PEOPLE-ONE NATION)ဆိုသည့် ဆောင်ပုဒ်နှင့်အညီ၊ စင်ကာပူနိုင်ငံရဲ့ လူမျိုးစုတွေနှလုံးစိတ်ဝမ်းထဲမှာ တစ်သွေးတည်းတစ်သားတည်းဖြင့် နိုင်ငံတော်အစိုးရ ချမှတ်ပြဋ္ဌာန်းထားသော စည်းကမ်းနည်းစနစ် ဥပဒေမူဝါဒများကို လေးစားလိုက်နာ၊ ကျင့်ကြံအားထုတ်၊ လုပ်ကိုင်ဆောင်ရွက် ကြိုးစားသွားကြမှသာ ဟိုယခင်ကဲ့သို့ သူတစ်ပါးကျွန်ခံနေရတဲ့ဘဝ၊ လူတန်းစား ခွဲခြားဆက်ဆံဖိနှိပ်ခံကာ၊ ပင်ပန်းကြီးစွာ ဆင်းရဲတွင်းနက်ခဲ့ရသည့်ဒုက္ခမှ လွတ်မြောက်နိုင်မည်ဟု ယုံကြည်ခံယူချက်



စိတ်ခံစားချက် မွေးမြူထားတတ်လာစေသော ကြောင့် ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ လူမျိုးစုတွေကိုးကွယ်ယုံကြည်ရာဘာသာတရား (ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူ ဘာသာစသည်ဖြင့်)တွေအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပြုထားသည့် ဘာသာရေးဆိုင်ရာမူဝါဒဖြစ်သကဲ့သို့ ဘာသာစကားနှင့်ဘာသာစာပေ (တရုတ် (မန်ဒရင်း)၊ မလေး၊ ကုလား(တမီလ်)၊ အင်္ဂလိပ်) တို့ကိုလည်း လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ ကျောင်းများတွင် သင်ကြားခွင့်ပြုထားသော ဘာသာစကားနှင့် ဘာသာစာပေဆိုင်ရာ မူဝါဒကိုကျင့်သုံးခဲ့ပါတယ်။

စင်ကာပူနိုင်ငံရဲ့ လူမျိုးစုတွေအတွက် အဓိကအခြေခံကျသော စားဝတ်နေရေး လူမှုရေးဆိုင်ရာ စည်းကမ်းနည်းစနစ်ဥပဒေ မူဝါဒမှာ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (Housing Development Board HDB)မှ တည်ဆောက်ပေးထားသော တိုက်ခန်းအိမ်ရာ(HDB Flat.)များတွင် မတူကြားနားသော လူမျိုးစုတွေကိုအတူတကွရောနှောပြီးနေထိုင်ခြင်း(Community) ဖြင့် လူမျိုးစုတွေရဲ့ အိမ်နားနီးချင်း သင့်မြတ်ကာ ကူညီပေးမရိုင်းပင်းမှုနှင့် ငြိမ်းချမ်းသာယာစွာ အတူယှဉ်တွဲနေထိုင်တတ်ကြဖို့ အတွက် လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်

> **တိုက်အိမ်ခန်းရဲ့တန်ဖိုးကို နေထိုင်သူ ပေးဆပ်ရာတွင်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အလုပ်မှရသော လစာဝင်ငွေပေါ်မူတည်ပြီး နှစ်သုံးဆယ်အတွင်း လစဉ်အရစ်ကျပေးဆပ်သွားရမည့် နှစ်ရှည်အိုးအိမ်ပိုင်စီမံကိန်းဖြစ်အောင်**

ချမှတ်လိုက်ခြင်းပင် ဖြစ်စေခဲ့ပါတယ်။

HDB Flat တွင်နေထိုင်ကြသော လူမျိုးစုတွေအတွက် သက်သောင့်သက်သာရှိစေဖို့ လေဝင်လေထွက်ကောင်းသော ပြတင်းပေါက်ကျယ်ကြီးများ ပါရှိတာကြောင့် နေရောင်ခြည်ကိုလည်း ကောင်းမွန်စွာရရှိနိုင်ပါတယ်။ အတက်အဆင်းပြုလုပ်ရန် ဓာတ်လှေကားများတပ်ဆင်ပေးထားပြီး မီးဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများထားရှိ

ပေးခြင်း၊ အမှိုက်သွန်ခြင်းအတွက် နည်းစနစ်တကျရှိအောင်လုပ်ပေးထားပါတယ်။ တိုက်အိမ်ခန်းရဲ့တန်ဖိုးကို နေထိုင်သူ ပေးဆပ်ရာတွင်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အလုပ်မှရသော လစာဝင်ငွေပေါ်မူတည်ပြီး နှစ်သုံးဆယ်အတွင်း လစဉ်အရစ်ကျပေးဆပ်သွားရမည့် နှစ်ရှည်အိုးအိမ်ပိုင်စီမံကိန်းဖြစ်အောင် HDB မှ စီစဉ်တည်ဆောက်ပေးထားသကဲ့သို့ စားသောက်နေထိုင်သူများ အဆင်ပြေစေရန်အတွက် မရှိမဖြစ်လိုအပ်သော စံချိန်စံညွှန်းမီပြီး စိတ်ချလုံခြုံသောလျှပ်စစ်မီးလိုင်း၊ Gas, ဂတ်(စ်)ပိုက်လိုင်း၊ ရေပိုက်လိုင်းများကို (PUB)မှ တပ်ဆင်ဆက်သွယ်ဖြန့်ဖြူး ဝန်ဆောင်မှုအပြည့်အဝပေးထားပါတယ်။ နေထိုင်သူရဲ့သုံးစွဲမှုပေါ်မူတည်ပြီး မီတာကျသင့်ငွေ ပေးဆောင်ရမှာဖြစ်ပါတယ်။(SBC) မှ အိမ်တိုင်းအတွက် Cable TVစနစ် တပ်ဆင်ပေးထားပါတယ်။ (Sing Tel:)မှတယ်လီဖုန်းလိုင်းများတပ်ဆင်ပေးကာ ဝန်ဆောင်မှုအပြည့်အဝပေးထားပါတယ်။ နေအိမ်တိုက်ခန်းမှ နေထိုင်သူများအနေနဲ့ စည်းကမ်းနည်းစနစ်ဥပဒေကိုလိုက်နာကျင့်ကြံနေထိုင် စားသောက်ရမှာဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းလုံး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် စင်ကာပူဘတ်စ်ကား (SBS.)မှလုံလောက်သောအစီးရေနှင့် လိုင်းပေါင်းစုံ ပြေးဆွဲပေးနေသကဲ့သို့ စင်ကာပူ



မြေအောက်ရထား(SMRT)မှလည်း နိုင်ငံတစ်ဝန်းလုံးကို သက်သောင့်သက်သာနဲ့ လိုရာခရီးကို ယာဉ်လမ်းကြောင်းကျဉ်းတည်းခြင်းကင်းစွာဖြင့် သွားလာနိုင်အောင် ဝန်ဆောင်မှုပြည့်ဝစွာပေးထားပါတယ်။ ထိုအတူ သီးသန့်အရေးပေါ်အမြန်လိုအချိန်တို့မှာ ခရီးသွားလိုပါက အငှားယာဉ်ကား (Taxi) တွေမှ ခရီးသည်ကို လုံခြုံစိတ်ချအဆင်ပြေစေသော ဝန်ဆောင်မှုပေးနေပါတယ်။ ဘတ်စ်ကားနှင့်ခရီးသည်များသည် ယာဉ်စီးခကို တစ်ခါသုံးကတ်ပြား (one way ticket) ဝယ်ယူသုံးစွဲစီးနင်းနိုင်သလို၊ လွယ်ကူချောမွေ့မြန်ဆန်သော ခရီးသွားယာဉ်စီးခ ငွေကြိုသွင်းထားရသော ကတ်ပြားကို အသုံးပြုနိုင်စေရန် စီမံဆောင်ရွက်ပေးထားပါတယ်။ Taxi ယာဉ်ငှားစီးခကို ငွေစက္ကူနှင့် ပေးချေနိုင်သကဲ့သို့ ငွေပေးချေသောဘဏ်ကတ် (credit card)နှင့်လည်း ပေးချေနိုင်အောင် စီမံဆောင်ရွက်ထားပါတယ်။ လမ်းခရီးသွားနေစဉ် ယာဉ်များ ယာဉ်စည်းကမ်းနည်းစနစ်ဥပဒေကို လိုက်နာကျင့်ကြံလုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်သကဲ့သို့ ခရီးသည်များသည်လည်း လမ်းစည်းကမ်းနည်းစနစ်ဥပဒေကို လိုက်နာကျင့်ကြံလုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ငွေကြေးကဏ္ဍတွင် အလုပ်မှရသောလစာဝင်ငွေနှင့် ပေးချေရန်ရှိသော ငွေ၊ စားဝတ်သွားလာနေထိုင်ရေး(တိုက်ခန်းအိမ်ဖိုး အရစ်ကျပေးဆပ်ခြင်း၊ သုံးစွဲသောလျှပ်စစ်၊ ဂတ်စ်၊ ရေဖိုး၊ အဝတ်အစားအသုံးအဆောင်များဝယ်ယူခြင်း)ဆိုင်ရာများကို လွယ်ကူလျှင်မြန်ချောမွေ့လည်ပတ်နိုင်စေဖို့ ဘဏ်များနှင့်ချိတ်ဆက်ကွန်ရက်ဖြန့်ထားသောကြောင့် ငွေစက္ကူအကြေကိုင်ဆောင်သုံးစွဲခြင်းနည်းပါးတာကြောင့် အကြွေလဲလှယ်ဖို့ရှားပါးခြင်း၊ အချိန်ကုန်ခြင်း၊ ငွေစက္ကူညစ်ပတ်ပေကျံစုတ်ပြဲခြင်းများကိုလည်း ကြိုတင်ကာကွယ်သောစည်းကမ်းနည်းစနစ်ဥပဒေ မူဝါဒပင်ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ သဘာဝသယံဇာတပိုင်းမှာ ရေချိုပင်မတွေ့ကြသော်လည်း စီးပွားရေးအခြေခံအဆောက်အအုံရဲ့အုတ်မြစ်ကို စည်းကမ်းနည်းစနစ် ဥပဒေသစ်မူဝါဒများချမှတ်ပြဋ္ဌာန်း၊ စီမံခန့်ခွဲအကောင်အထည်ဖေါ်လုပ်ကိုင်ဆောင်ရွက်မှုတွေနှင့် ခိုင်မာစွာ



> (တိုက်ခန်းအိမ်ဖိုး အရစ်ကျပေးဆပ်ခြင်း၊ သုံးစွဲသောလျှပ်စစ်၊ ဂတ်စ်၊ ရေဖိုး၊ အဝတ်အစားအသုံးအဆောင်များ ဝယ်ယူခြင်း)ဆိုင်ရာများကို လွယ်ကူလျှင်မြန် ချောမွေ့လည်ပတ်နိုင်စေဖို့ ဘဏ်များနှင့်ချိတ်ဆက်ကွန်ရက်ဖြန့်ထားသောကြောင့် ငွေစက္ကူအကြေကိုင်ဆောင်သုံးစွဲခြင်းနည်းပါး • • •

အုတ်မြစ်ချပြီး၊ အပေါ်ထပ်စီးပွားရေးအဆောက်အအုံကို နိုင်ငံနှင့်သဟဇာတဖြစ်ကိုက်ညီမယ့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် တိုးတက်မြင့်မားကောင်းမွန်စွာတည်ဆောက်နိုင်ခဲ့ပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးဗဟိုချက်မမြို့တော်ဖြစ်နေသော စင်ကာပူနိုင်ငံရဲ့အစိုးရမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများကို စည်းကမ်းနည်းစနစ်ဥပဒေများ မူဝါဒရေးဆွဲချမှတ်ပြီး ဖိတ်ခေါ်ခဲ့ပါတယ်။

စင်ကာပူနိုင်ငံသားနဲ့ အကျိုးတူပူးပေါင်းလုပ်ကိုင်လိုသော နိုင်ငံခြားမှစီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ကြေးအခွန်နှုန်းလုပ်ပိုင်ခွင့်နှစ်သက်တမ်းတို့အား အထူးနှုန်းထား စီမံသတ်မှတ်ပေးထားတာကြောင့် စင်ကာပူနိုင်ငံအတွင်းမှာ အသေးစားနှင့်အလတ်စား စီးပွားရေးစက်မှုလုပ်ငန်းပေါင်း တစ်သိန်းငါးသောင်းအထိ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။ စင်ကာပူနိုင်ငံရဲ့ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းတွေကို (Economic Development Board.)အဖွဲ့တွင် မှတ်ပုံတင်ထားသည်မှာ စက်မှုကဏ္ဍဆိုင်ရာ နိုင်ငံရဲ့(၇၀) ရာခိုင်နှုန်းအထိရှိနေပါတယ်။ ထိုစက်မှုလုပ်ငန်းများတွင် စည်းကမ်းနည်းစနစ်ဥပဒေမူဝါဒချမှတ်ပြဋ္ဌာန်းထားချက်အရ အလုပ်အကိုင်အခွင့်အလမ်းများ၊ နိုင်ငံရဲ့လုပ်သားအင်အား (၆၅)ရာခိုင်နှုန်းအထိရရှိကာ ပါဝင်လုပ်ကိုင်နိုင်ခဲ့ကြပါတယ်။ အလုပ်သမားနှင့်လူစွမ်းအား အရင်းအမြစ်ဝန်ကြီးဌာန (Ministry of Manpower)မှ တာဝန်ယူဦးဆောင်ကာ လုပ်သားစွမ်းရည်ပြည့်ဝမှု ရရှိစေရန် အရည်အချင်းမွမ်းမံမြှင့်တင်ရေး သင်တန်းများ၊ စီမံခန့်ခွဲပို့ချပေးစေခြင်းဖြင့် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ရာခိုင်နှုန်းပြည့် ရရှိစေပါတယ်။ ထို့အတူ လုပ်ငန်းခွင်များတွင်လည်း စိတ်ချလုံခြုံရေးသည် ပထမအဓိက(Safety First)ထား လုပ်ဆောင်ထားစေပါတယ်၊ ထိုသို့ စီးပွားရေးအပေါ်ထပ်အဆောက်အအုံကို ကောင်းမွန်တိုးတက်စေခြင်းသည်လည်း၊ နိုင်ငံရဲ့စီးပွားရေးမှာ ခိုင်မာလာသည်ထက် ပိုမိုခိုင်မြဲတောင့်တင်းနေဆဲ ဖြစ်လာပါတယ်။

စင်ကာပူနိုင်ငံမှ ဝန်ထမ်းအလုပ်သမားများရဲ့ လုပ်ငန်းတတ်မြောက်လုပ်ကိုင်နိုင်သော ကာယဉာဏအစွမ်းချည်နှင့်ကျွမ်းကျင်မှုအပေါ်မူတည်ပြီး၊ လုပ်သက်နှင့်ယှဉ်ကာ ထိုက်သင့်သောလစာငွေအပြင် အချိန်ပို (overtime)၊ ဆုကြေး(Bonus)၊ ခွင့်မယူဆုကြေး(Leavepay)၊အလုပ်နှင့်ပတ်သက်တဲ့ အခြားသော အကျိုးခံစားခွင့်ပြည့်ဝစွာရရှိနေသောကြောင့် မိသားစုစားဝတ်နေရေးအတွက် လောက်ငမှုလုံစေပါတယ်။ ထို့ကြောင့် လစာမှ ဝင်ငွေရသောအလုပ်ရဲ့ တာဝန်ဝတ္တရားတွေကို ကျေပွန်အောင် ကြိုးစားလုပ်ကိုင်နေကြရပါတယ်။ အလုပ်ပြုတ်ကာ နာမည်ဆိုးစာရင်းဝင်စေမယ့် အလုပ်မှာ တာဝန်မဲ့စွာ မှားယွင်းပျက်ကွက်စေခြင်း၊ အထူးသဖြင့် ခိုးယူလာဘ်စားခြင်းတို့ကို ရှောင်ကြဉ်ကြပါတယ်။

လုပ်သက်စေ့ အငြိမ်းစားယူခံစားခွင့် (Pension)၊အလုပ်မှကျန်းမာရေးအရ အငြိမ်းစားယူခံစားခွင့်ပင်စင်မရှိသော်လည်း၊ ကုမ္ပဏီအလုပ်ရှင်ထံမှ (၂၀)ရာနိုင်နှုန်း၊ အလုပ်သမားရဲ့အခြေခံလစာငွေရဲ့(၂၀)ရာနိုင်နှုန်း၊ထိုစုပေါင်းငွေကို လစဉ်အဓိကကျသော နောင်ရေးအတွက် ချွေတာစုဆောင်းသော ရန်ပုံငွေအဖွဲ့(CENTRAL PROVIDENT FUND. CPF)သို့ အလုပ်သမား

**သားသမီးတွေကလည်း မွေးဖွားလာပြီးကတည်းက အိမ်တွင်းမှုအကူ (Domestic helper) တွေလက်ထဲမှာ ကြီးပြင်းလာရပြီး၊ နိုင်ငံတကာအဆင့်မီပညာရေးစနစ်ကို အမီလိုက်ကာ သင်ကြားနေကြရပါတယ်။ အိမ်နှင့် ကျောင်း၊ ကျောင်းပြီးတော့ ကျူရှင်၊ ကျူရှင်ပြီးတော့ . . .**

ရဲ့ငွေစာရင်း(CPF ACCOUNT)မှာ ပေးသွင်းသွားရပါမယ်၊ ထိုငွေစာရင်းမှာ တိုးပွားမှု(increment)ရှိသကဲ့သို့ ဆေးကုသမှုနှင့်ဆိုင်သော အကုန်အကျသက်သာစေသည့် (Medical save)ကို ထောက်ပံ့ကူညီပေးထားသောအစီအစဉ်ရှိပါတယ်၊ ထို့အတူ အသက်အရွယ်ကြီးသူများအား ဆေးကုသထောက်ပံ့မှု(Medicare)လည်း ပါဝင်နေပါတယ်။ CPF- ငွေစာရင်းထဲမှ အိုစာမင်းစာစုဆောင်းထားသောငွေကို ငွေစာရင်းရှင် အသက်(၆၀)ပြည့်ရင် ထုတ်ယူခွင့်ပြုထားပါတယ်။ ထို့ကြောင့် အသက်အရွယ်ကြီးရင့်လာချိန်မှာ အိုးပိုင်အိမ်ပိုင်၊ အိုစာမင်းစာရှိနေတာမို့ စားဝတ်နေရေး ပြေလည်နိုင်ပါတယ်။

စင်ကာပူနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင်သာယာဝပြောသော စင်ကာပူမြို့တော်အဖြစ် ကမ္ဘာ့ထိပ်တန်း(၁၀)နိုင်ငံများစာရင်းတွင် (၂၁)ရာစုနှစ်ဦးပိုင်းမှာ ပါဝင်လာသည်နှင့်အညီ၊ လူနေမှုအဆင့်အတန်းသည်လည်း ခေတ်မီတိုးတက်မြင့်မားလာခဲ့ပါတယ်။ ထို့အတူ မိသားစုစားဝတ်နေရေးကုန်ကျစရိတ်ကို ဝင်ဆံ့လုံလောက်လည်ပတ်နိုင်အောင်၊ လစာဝင်ငွေရသောအလုပ်တွင် တည်တံ့ခိုင်မြဲနေအောင် စည်းကမ်းနည်းစနစ် ဥပဒေဘောင်အတွင်းမှာ တာဝန်နှင့်ဝတ္တရားကျေပွန်အောင် ကျင့်ကြံအားထုတ်လုပ်ကိုင်ဆောင်ရွက်နေကြရပါတယ်။ ထို့ကြောင့် မိမိရဲ့ကိုယ်ပိုင်အချိန်၊ လုပ်ပိုင်ခွင့်တွေနည်းပါးသော၊ အလွန်ရှုံးဖြောင့်စင်းသော လူနေမှုစနစ်ကို တွေ့နေရပါတယ်။ မိသားစုတစ်စုရဲ့ မိဘတွေမှာ အိမ်နှင့်အလုပ်၊ အလုပ်နှင့်အိမ် ဆိုသကဲ့သို့(လူမျိုးစုတွေရဲ့ ရိုးရာပွဲတော်နေ့(ဝါ)နိုင်ငံတော်ရဲ့ပွဲတော်နေ့နှင့် ရုံးအလုပ်ပိတ်ရက်များမှအပ)အလုပ်တာဝန်နှင့် ဝတ္တရားတွေမှာ ကျင်လည်ရှုန်းကန်လှုပ်ရှား လုပ်ကိုင်ဆောင်ရွက်နေကြရပါတယ်။ ထို့





အတူ သားသမီးတွေကလည်း မွေးဖွားလာပြီကတည်းက အိမ်တွင်းမှုအကူ(Domestic helper)တွေလက်ထဲမှာ ကြီးပြင်းလာရပြီး နိုင်ငံတကာအဆင့်မီပညာရေးစနစ်ကို အမီလိုက်ကာ သင်ကြားနေကြရပါတယ်။ အိမ်နှင့် ကျောင်း၊ ကျောင်းပြီးတော့ ကျူရှင်၊ ကျူရှင်ပြီးတော့ အိမ်ပြန်လာရတဲ့နေ့တွေနှင့် မိတရင်းခွင်၊ မိသားစုတွေ့ဆုံရတဲ့ကိုယ်ပိုင်ချိန်တွေ နည်းပါးနေပါတယ်။ နိုင်ငံတော်ရဲ့ ပွဲတော်နေ့ အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်မှတစ်ပါးအခြားမရှိပြီ။ Square Room Life လို့ပြောဆိုနိုင်ပါတယ်။ သေချာအနီးစပ်ကြည့်လိုက်မယ်ဆိုရင် စည်းကမ်းနည်းစနစ်ဥပဒေမူဝါဒနှင့်အညီ လိုက်နာကျင့်ကြံကြီးစားကာ စားဝတ်နေရေးလုပ်ကိုင်ဆောင်ရွက်နေကြသူများဖြစ်သော်လည်း၊ မြေသားနှင့် ခြေဖဝါးထိတွေ့မှု အလွန်နည်းပါးပြီး သက်ရှိသတ္တဝါ အိမ်မွေးတိရစ္ဆာန်၊ တိရစ္ဆာန်ဥယျာဉ်၊ ရေအောက်ကမ္ဘာ(Under water world)၊ Bird Park ၊Crocodile Park တွေမှတစ်ပါး အခြားသော မွေးမြူရေး ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ သိုး၊ နွားစသည့်တို့ သက်ရှိသတ္တဝါများကို မတွေ့မြင်ဘူးကြပါ။ အကောင်းအဆိုး ခွန်တွဲနေပါတယ်။

စင်ကာပူအစိုးရ ပညာရေးဝန်ကြီးဌာနမှ ကျောင်းသားကျောင်းသူတွေရဲ့ပညာရေး၊ ကျောင်းစာတွေဝန်ထုပ်ဝန်ပိုးလို ပိနေခြင်းမှ လျှော့ချပေးနိုင်ဖို့အတွက် ကျောင်းစာနှင့်ကျောင်းစာသင်ချိန်ကို လျှော့ချကာ၊ ဘက်စုံပညာရေးစနစ်ပြောင်းလဲခြင်းဖြစ်သော ကိုယ်လက်လှုပ်ရှားမှု၊ အားကစားအချိန်၊ အခြားသော ဗဟုသုတစိတ်ဝင်စားစရာ တီထွင်ဆန်းသစ်မှုအသိပညာ၊ အတတ်ပညာတွေကို လက်တွေ့လေ့ကျင့် လုပ်ဆောင်နိုင်ရန် စီစဉ်ညွှန်ကြားဆောင်ရွက်မှုတွေ ပေးနေပါတယ်။

စင်ကာပူနိုင်ငံရဲ့ မြို့နယ်တိုင်းတွင်ရှိသော မတူညီတဲ့လူမျိုးစုအတူတကွ နေထိုင်သူများမဟာဌာန(Community Center) များမှအပ ပြည်သူနှင့်ဆိုင်သော အလုပ်နှင့်ကျောင်းပိတ်ရက်များတွင် မိသားစုတွေ့ဆုံလှုပ်ရှားမှု ပျော်ပွဲရွှင်ပွဲများကို စီစဉ်ကျင်းပပေးထားသကဲ့သို့ ပျော်ရွှင်စွာ လည်ပတ်အပန်းဖြေ ပျော်ပွဲစား၊ ဈေးဝယ်၊ ရုပ်ရှင်ကြည့်၊ စားသောက်ခြင်းတို့ဖြင့် အထူးစည်ကားလို့ နေပါတော့သတည်း။

**ကိုဇော်**

source : - Asian Geographic.
- City by Wikipedia.com
- Economic Research Institute for Asean & East Asian. (ERIA) 2014-2015
- Asean Economic Community.(AEC)
- Envirconmental Recycling System. Straits Time(2015)
- It's time to clean up. Reader's Digest. Nov,2007

# စိုးရိမ်လို့ပါ

အတွေ့တွေ့ရောဂါကု ဆရာဝန်တစ်ယောက်နဲ့ သွားရောဂါကု ဆရာဝန်တစ်ယောက်ဟာ ဆေးရုံတစ်ရုံတည်းမှာ အတူတာဝန်ထမ်းဆောင်ကြရင်း အဲဒီဆေးရုံက သူနာပြုဆရာမလေးတစ်ယောက်ကို ချစ်ကြိုက်နေကြပါတယ်။

တစ်ခါတော့ သွားဆရာဝန်ဟာ အဝေးက အစည်းအဝေးတစ်ခုကို သွားတက်ဖို့ဖြစ်လာတယ်။ ''ကျွန်တော် တစ်ပတ်လောက် ခရီးထွက်ဖို့ရှိတယ်၊ ညီမအတွက် လက်ဆောင်တစ်ခု ပေးထားခဲ့မယ်။ ဒါပေမဲ့ ကျွန်တော်မသွားမီ ဖွင့်မကြည့်ပါနဲ့''ဆိုပြီး သွားဆရာဝန်က နာ့စ်မလေးကို နှုတ်ဆက်စကားဆိုတယ်။

နာ့စ်မလေးက ပါဆယ်ထုပ်ကို ဖွင့်ကြည့်လိုက်တော့–

ပန်းသီးခုနစ်လုံးနဲ့ စာတိုလေးတစ်စောင်ကို တွေ့လိုက်ရတယ်၊

စာတိုလေးမှာ ''တစ်နေ့တစ်လုံး ပန်းသီးစား။ ဆရာဝန်နဲ့ ဝေးရှောင်ရှား''လို့ ရေးသားပါတယ်။ ။

**မောင်သီဟ**






SHORT STORY

အဘကြီးသည် အရက်ဘုရားဝတ်တက်ပြီးသည်နှင့် သွားရမည့်ခရီးစဉ်ကို စိတ်ထဲတွက်လိုက်ပြီးနောက် အမယ်ကြီးကို လှမ်းအသိပေးလိုက်သည်။

''အမယ်ကြီးရေ ငါ့ကိုသားကြီးက သူမအားလို့ ဆေးဖိုးငွေကို ကိုယ်တိုင်လာယူလှည့်ပါတဲ့လေ''

မိုးမလင်းခင်မှသားသုံးလိုက်ရသည့်အတွက် စိတ်ထဲကသိကာအောင့်ဖြစ်မိသော်လည်း ဘယ်သူ့ကိုမှ မထိခိုက်စေလိုသောမှသားပဲဟု ကိုယ့်စိတ်ကိုယ်ဖြေလိုက်ရသည်။

''အို···တော်···သူနေတာကကျုပ်တို့နဲ့ အဝေးကြီးဟာ···တော့မလဲ ဒီခြေထောက်ကြီးနဲ့ ကားစီးဖို့အခေါင်ပြေပုံမလားလို့''

''ဘယ်တတ်နိုင်မလဲကွာ။ ညစဉ်တိုင်း မင်းကိုယ်ပူနေတာ ငါးရက်မကခဲ့တော့ဘူးလေ၊ ဝေးလည်းပဲ မင်းကိုဆေးခန်းပြဖို့ရာငွေလိုတယ်မဟုတ်လား။ ကုသိုလ်ဖြစ်ဆေးခန်းဆိုဦးတော့ တို့များလက်ထဲ ငွေလေးတော့ ဆောင်သွားဦးမှဖြစ်မယ်လေ အမယ်ကြီးရဲ့''

စိတ်ပြန်လက်ပြန်ရှိသောအဘကြီးက ပြောပြောဆိုဆို ကျူတခံမှာချိတ်ထားသော စစ်စိမ်းရောင်သက္ကလပ်ဦးထုပ်ဟောင်းကို ယူဆောင်းလိုက်၏။ အင်း···ဇော်နိုင်သမျှ စောထွက်မှ ရုံးချိန်ဆို ကားပေါ်တက်ဖို့ မလွယ်လောက်ဘူး။ ဟူး···

အဘကြီးကတွေးရင်း သက်ပြင်းတစ်ချက်မှုတ်ထုတ်ဖြစ်သည်။ ပြီးနောက်–

''အမယ်ကြီးရေ···ငါသွားဦးမယ်၊ မင်းလည်း သက်သောင့်သက်သာနေဦး။ အကယ်၍ မတော်လို့ ညနေငါဖို့ချော်သွားခဲ့ရင်လည်း စိတ်ပူမနေနဲ့ဦး။ ကြားလား''

သွားရမည့်နေရာများအတွက် အချိန်ကိုမှန်းဆပြီးဖြစ်၍ အမယ်ကြီးစိတ်မပူစေရန် အဘကြီး ကြိုကာထားခဲ့သည်။

✧ ✧ ✧ ✧ ✧

အမယ်ကြီးသည် အဘကြီးတစ်ရွေ့ရွေ့ ထွက်ခွာသွားသည်ကိုကြည့်ပြီး မျက်ရည်ဝဲမိသည်။ သူ့စိတ်ထဲ အဘကြီးစကားနားမထောင်ဘဲ အိုစာမင်းစာထားသော နောက်ဆုံးလက်ကျန်လေးကိုပင် မချန်ဘဲ သားကြီးမင်္ဂလာဆောင်တွင် သုံးလိုက်မိသည့်အခေါ် ပထမဆုံးအကြိမ်အဖြစ် နောင်တရမိသည်။ တကယ်တော့ တစ်သက်လုံး ကြိုးစားရှန်းကန်ခဲ့သော အမယ်ကြီးနှင့် အဘကြီးတို့အခြေအနေက ဒီလောက်ထိ ဆိုးရမည့်အခြေအနေမဟုတ်။ ခုများတော့ ''ကျူးကျော်ရပ်ကွက်''ဟုခေါ်သောနေရာတွင် တဲတစ်လုံးထိုး၍ နေခွင့်ရလို့သာတော်ပေသည်။ အဘကြီးလို ကိုယ်အားကိုယ်ကိုးပြီး စိတ်ဓာတ်ခိုင်မာသူက ယခုလို သားကြီးထံသွား၍ လိုသောငွေယူရခြင်းက မာနကို အတော်ချိုးနှိမ်သဘားမှ ဖြစ်နိုင်ပေမည်။

အမယ်ကြီးသည် အလွန်မိုးသားဆီ။ အိမ်ထောင်ကျချိန်ကတည်းက အဘကြီးအပေါ်မှီခိုပြီး၊ စေခိုင်းသည့်အတိုင်းသာ တစ်သက်လုံးနေခဲ့သူဖြစ်၍ လည်လည်ဝယ်ဝယ် မရှိသည့်အပြင် အတီးအတာထဲတွင်ပင် ပါဝင်သူ။ သို့ဖြစ်၍ အဘကြီးက အမယ်ကြီးကို စိတ်မချနိုင်။ သူတို့နှစ်ယောက်တဲနောက်ဆုံးအချိန်များတွင် သားသမီးများကို ဒုက္ခမပေးလို၍ အပြန်အလှန်ဂရုစိုက် နေထိုင်သည့်ကြားက ဇရာက ဖိစီးလာပြီဖြစ်၍ အနည်းနှင့်အများ ချူချာလာပြီဖြစ်သည်။

ထိုအခါ အမယ်ကြီးစိတ်ထဲ သားသမီးများအပေါ် အားကိုးလိုစိတ်များ မကြာခဏ ဝင်ရောက်မိသည်။ သားသမီးများသာ သူတို့အဖေ ဆယ်ပုံတစ်ပုံလောက်အားကိုးရလျှင်ကောင်းပေစွဟု အမေကြီးတွေးနေမိသည်။

✧ ✧ ✧ ✧ ✧

''ကိုကိုရေ···ကိုကို···ရှေ့မှာ အဖေရောက်နေတယ်၊ အဖေကလည်း ဘယ်အချိန်ထဲက ထွက်လာတာလဲ မိုးတောင်လင်းသေးရဲ့လား။ တော္တ···ကိုကိုအလုပ်မသွားခင် အမီလာပုံရတယ်နော့''

ချွေးမကြီး သည်လိုပြောမည်ဆိုတာကြိုတွေးထားမိပေမယ့် နားနှင့်ဆတ်ဆတ်ကြားလိုက်ရတော့လည်း ရင်ထဲမကောင်း။ ဒီသားကြီးနှင့် ချွေးမတို့က အိုမင်းမစွမ်းအဘကြီးတို့ကို တစ်သသုံးသောင်းထောက်ပံ့နေရတာကိုပင် များလှပြီမှတ်ထင်နေကြမှန်း အဘကြီးကသတိထားမိသည်။ ယခုခေတ်ကုန်ဈေးနှုန်းအရ ငွေသုံးသောင်းဆိုတာ ဆယ်ရက်ပြည့်အောင်ပင် မနည်းချစ်ချစ်ပြည့် သုံးရသည့်အနေအထားမှန်း၊ သားကြီးတို့မောင်နှံ မသိမဟုတ်။ သူတို့အိမ်ဈေးဖိုးပင် တစ်နေ့တစ်သောင်းလောက်ကုန်မှန်း၊ အညီးသန်သော သားကြီးမိန်းမပြောသံကြားဖူး၏။ သို့သော် ကိုယ့်သားသမီးလည်းဖြစ်၊ အဆင့်အတန်းချင်းလည်းကွာလွန်းလှသဖြင့် ''**ဆင်လည်းဆင်အတွား ဆိတ်လည်းဆိတ်အတွား**'' ဆိုသလို အဘကြီးတို့ မနာလိုခြင်း အလျှင်းမှုမရှိ။

သားသမီးအားလုံးထဲမှာ ဒီသားကြီးက အပြေလည်ဆုံး။ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ခြံဝင်း၊ ကိုယ်ပိုင်ကားနှင့်ဖုန်းနှင့်။ သို့ပေမယ့် ခုခေတ်ပညာတတ်၊ သူဌေးများပီသစွာ သားသမီးကတော့ နှစ်ယောက်ထက်ပိုမရှိခဲ့။ ဒါတောင် အတော်ကြိုးစားမွေးခဲ့ရသည်ဟု သိရသည်။ ချူချာလိုက်တာလည်းလွန်ပါရောလား။ ကြာတော့ကြာပါပြီ။ အဘကြီးတို့ဆီ သူတို့သားအဖတွေ လာကန်တော့ဖူးသည်။ သူမိန်းမကတော့ တစ်ခါမှပါမလာဖူး။ ခုတလေလာသည့်အချိန်အတွင်း သူ့သားအငယ်ခြင်းအကိုက်ခံရလို့ သွေးလွန်ကုပ်ကျွေးဖြစ်ပြီး ဆေးရုံတင်လိုက်ရသည်ဆိုပဲ။

သည်ကတည်းက သူ့သားသမီးတွေ

အမယ်ကြီးသည် အဘကြီးတစ်ရွေ့ရွေ့ ထွက်ခွာသွားသည်ကိုကြည့်ပြီး မျက်ရည်ဝဲမိသည်။ သူ့စိတ်ထဲ အဘကြီးစကား နားမထောင်ဘဲ အိုစာမင်းစာထားသော နောက်ဆုံးလက်ကျန်လေးကိုပင် မချန်ဘဲ··

ကို ဘယ်တော့မှခေါ်မလာသလို ဝါကျွတ်ကန်တော့ချိန်တွင်လည်း ကားဖြင့် ဒရိုင်ဘာကိုလွှတ်၍ အဘကြီးတို့ကိုလာခေါ်ပြီး သူတို့အိမ်တွင်သာ ကန်တော့ခံစေသည်။ အမယ်ကြီးကတော့ နှစ်ခါသုံးခါသာရောက်ခဲ့ပြီ။ နောက်ပြီး ဘယ်သောအခါမျှ ထပ်အကန်တော့မခံတော့ပါ။ ဘာကြောင့်ဆိုတာ မွှင်းဟ မပြောပေမယ့် သူ့ချွေးမ သူ့သားအပေါ် နိုင်စားနေတာ မကြည့်ရက်၍ဖြစ်မည်ဟု အဘကြီးစိတ်ထဲ သိနေသည်။

အကြီးဆုံး၊ အကြွယ်ဝဆုံးဖြစ်၍သာ အားကိုးပြီး ဦးတည်လာခဲ့ရသည်။ လာချင်သည်တော့မဟုတ်။ မလာချင်ဆို သားကြီးက သူ့မိန်းမကိုကြောက်ရသည်ကိုး။ မိန်းမမျက်နှာကြည့်နေရသူဆိုလည်း မမှား။ သူ့မိန်းမက အင်မတန်လည်သည်။ သားကြီးချစ်လို့ဆိုတာထက် ရာထူးကို ပိုမက်မှန်းလည်း အဘကြီးတို့သိသည်။ သားကြီးက ခွင်ကောင်းသောဌာနတစ်ခုက အကြီးအကဲ ရာထူးရထားသည်။ လည်လွန်းတဲ့သူ့မိန်းမက ရိုးသားတဲ့သားကြီးကိုဖန်နေပြီ။ နောက်ကွယ်ကနေ ခြယ်လှယ်စီးပွားရှာနေမှန်းလည်း အဘကြီးရိပ်မိသည်။ ဒါပေမဲ့ ဘာပြောနိုင်မှာလဲ။ ဒီအဖေ အမေလက်ထဲ ချို့ချို့တဲ့တဲ့ကျောင်းတတ်ခဲ့ရတဲ့ သားကြီးက ချမ်းသာတဲ့ဒဏ်မခံနိုင်ဘဲ စည်းစိမ်ယစ်မူးနေခဲ့ပြီဆိုမှတော့...

"ဟော...အဖေ အစောကြီးပါလား။ အကြောင်းကိစ္စရှိရင်..."

သားကြီးကိုမြင်လိုက်ရ၍ ဝမ်းသာမည်မှ မကြာသေး။

"ကိုကိုရေ...ဒီနေ့အစည်းအဝေးက အရေးကြီးတယ်မဟုတ်လား။ နောက်ကျနေပါ့မယ်၊ အဖေ့ကိစ္စကို သင်းတာဝန်ယူလိုက်ပါ့မယ်၊ ကိုကိုစိတ်သာချ၊ အဖေရယ် ဒီနေ့အစောကြီးထဲက ကိုကို့ကို နှိုးနေတာ၊ မရဘူးလေ၊ ခုတော့ အစည်းအဝေးချိန်ကကပ်နေပြီအဖေရဲ့၊ ဒါ့ကြောင့်ပါ"

"ကျေးဇူးပါသင်းရယ်...ကဲ...အဖေလိုတာ သင်းကိုပြောလိုက်နော်၊ ကျွန်တော် ဒီနေ့ သိပ်အရေးကြီးတဲ့ အစည်းအဝေးရှိနေလို့ပါ၊ သင်းရေ...ကိုကိုစိတ်ချမယ်နော်"

သူ့မိန်းမက ပညာတတ်ပီပီ စကားအလှမှာသုံးပြီး သားကြီးကို ပထုတ်လိုက်မှန်း အဘကြီးရိပ်မိလိုက်သော်လည်း၊ တဆက်တည်းထွက်ပေါ်လာသော သားဖြစ်သူစကားကြောင့် "တောက်"ခေါက်သံထွက်မသွားအောင် အဘကြီးကိုယ့်ကိုယ်ကိုယ်သတိထားလိုက်ရ၏။ **မလာစဖူး၊ အလာထူးတဲ့အဖေ**ကိုတောင် နေကောင်းလားတစ်ချက်မမေးဘဲ အိတ်ဆွဲပြီး အပြေးတစ်ပိုင်းထွက်သွားတဲ့ သားဖြစ်သူနောက်ကျောကိုကြည့်ပြီး "**ဘေးကင်းပါစေ၊ ရန်ရှင်းပါစေ**" ဆုတောင်းပေးရမည့်အစား အဘကြီးစိတ်ထဲ "**မယားကြောက်**"ဟုပင် ခေါ်မိသွားသည်။

ခဲလေသမျှသဲရေကျချပြီ။ ကိုယ်ပိုင်ကားနှင့်ရုံးတက်သွားမှ မနက်ရှစ်နာရီလောက်ရောက်လျှင် သားနှင့်ခဏလောက်စကားပြောခွင့်ရမည်ထင်ခဲ့မိ၏။ ရုံးနှင့်အိမ်ကလည်း ၁၅ မိနစ်ထက် ပိုမဝေးရသောခရီး။ ခုတော့ မိုးမလင်းခင် အိမ်ကထွက်လာရသော အဖေကို သူ့အစည်းအဝေးလောက်မှ ခေါင်းထဲမရှိ။ ဧည့်ခန်းနံရံပေါ်က အကောင်းစား နာရီကြီးကို လှမ်းကြည့်မိတော့ ရှစ်နာရီထိုးဖို့ပင် ၁၀မိနစ်လိုသေးသည်။ ဝန်ထမ်းလုပ်ခဲ့သူပီပီ အစည်းအဝေးများက ကိုးနာရီထက် ဘယ်တော့မှမစောမှန်း အဘကြီးသိနေ၏။ ခဏအကြာ...



"အဖေ...ဒီမှာကော်ဖီနဲ့ မုန့်စားဦး။ ဖြည်းဖြည်းပေါ့အဖေရယ်...ဟဲ့...မိအေး သားငယ်လေးကိုသွားကြည့်စမ်းပါဦး၊ မနေ့က ဆရာဝန်က အဖျားရှိတယ်တဲ့လေ၊ အဖေရယ်...အဖေ့မြေးက မနေ့ညနေကရေချိုးမှားပြီး ညတွင်းချင်းကိုယ်တွေပူလာလို့ ဆေးခန်းပြေးရသေးတယ်၊ ပြီးခဲ့တဲ့ တစ်ပတ်ကလည်း ဖျားသေးတယ်၊ သူက ချူချာတာ အဖေသိတဲ့အတိုင်း။ နည်းနည်းလေးမှအမှား မခံဘူး၊ သမီးတို့လည်း ညက သူလေးကြောင့် အိပ်ရေးပျက်ရသေးတယ်၊ သူ့အဖေလည်း အိပ်တာနောက်ကျလို့ မထနိုင်တာ"

သူ့ချွေးမပြောတဲ့သားငယ်လေးဆိုတာ ငယ်ငယ်က အိမ်လာတုန်း ခြင်ကိုက်ခံရပြီး ဆေးရုံတက်ရတဲ့ကောင်။ ခုဆို ငါးတန်းရောက်နေပြီ။ မြေးအကြီးဆုံးက ခုနှစ်တန်းမို့ မနက်ကျောင်းသွားနေပြီထင်ပါရဲ့၊ မြေးတွေကလည်း အဖေ့ဘက်က အဘိုးအဘွားထက် ချမ်းသာတဲ့သူ့အမေဘက်က ဘိုးအေဘွားအေတွေကိုသာ ခင်တွယ်ပါတယ်လေ။ ဒါလည်း သူတို့မလွန်ပါဘူး။ သူ့အဖေကိုယ်တိုင်က မြေးတွေခင်တွယ်လောက်အောင် ကိုယ်တွေအပေါ် အလေးမှမထားဘဲကိုး။

"..."

အဘကြီးက စကားတွေအတော့မသတ်ပြောနေသော သူ့ချွေးမကိုကြည့်ရင်း နိုတစ်ကောင်ကဲ့သို့ မှတ်ထင်လာ၏။ သပနပေါင်းစုံ ညီးတွားပြနေသည့် ချွေးမကြောင့် သားကြီးနှင့်တွေ့လျှင် သူ့အမေအကြောင်းပြောပြီး ဆေးဖိုးငွေတောင်းမည့် စကားတွေလည်းပျောက်လုလု။ အမယ်ကြီးအတွက် ဆေးစစ်ရန် သားကြီးဆီမှ ငွေငါးသောင်းလောက် ခဏလှည့်ချင်မိ၍ အိမ်ကနေ ထိုမျှစောစောထွက်လာခြင်း။ ညည်းတွားနေသည့်ချွေးမက နာရီဝက်ခန့်ရှိတော့မှ အိမ်နောက်ဘက်သို့ လှမ်းအော်သည်။

"မိအေး ဒီကိုရေတစ်ခွက် မြန်မြန်ယူလာခဲ့စမ်း"

ထိုအခါမှ နှစ်နာရီမျှ ကြိတ်ကြိတ်တိုးကားစီးခဲ့ရသောအဖြစ်ကို သတိရပြီး အဘကြီး နှုတ်ခမ်းကို လျှာဖြင့်သပ်မိ၏။ သူ့ရေဆာနေပါသည်။ ဒီလိုတော့လည်း အလိုက်သိရှာသားဟု အဘကြီး အတွေးမဆုံးခင် လာပေးသောဖန်ခွက်ကိုကိုင်၍ ဂလု ဂလုနှင့်

အငမ်းမရမျှော်လိုက်သောခွေးမဖြစ်သူကြောင့် အော…မယ်မင်းကြီးမ ငါ့ကို ရေတိုက်မယ် မှတ်နေတာ၊ ကမြင်းမ ခုတော့ သူသောက်ဖို့ပါလား။

"ပြော…အဖေ ထုံးစံအတိုင်း ငွေလို နေတာပဲ မဟုတ်လား"

ရေသောက်အပြီး တစ်ဆက်တည်း မေးလိုက်သောခွေးမ၏စကားက မရှိဆင်းရဲသား အဘကြီး၏မာနကို ခေါင်းထောင်ထစေခဲ့ပြီ။ ဘယ်နှယ့်…ယောက္ခမကို သားကြောင်း မာကြောင်းမမေးဘဲ တင်တင်စီးစီး ပြောလိုက်သည်ကို။ လက်ရှိဘဝအခြေအနေကြောင့် စိတ်ကိုချုပ်ထိန်းလိုက်ရသော်လည်း လာရင်းကိစ္စကို အဘကြီးမပြောဖြစ်တော့ပါ။

"အဖေ့သားကြီးနဲ့များ တွေ့ရမလားလို့ ဝင်လာတာ၊ သမီးတို့ရဲ့တစ်ဖက်ရပ်ကွက်မှာ အဖေ့သူငယ်ချင်းတစ်ယောက်ရှိတယ်၊ ခု သူ့တော်တော်လေး နေမကောင်းဘူးဆိုလို့ သတင်းလာမေးတာ"

"အမလေး…ဒါများအဖေရယ်… တကူးတကန့်လာမေးနေရသေး၊ ကိုယ့်အခြေအနေ ကြည့်ပါလေ…သမီးက



အဖေ့သား နို့ညှာကောင်အတွက် ငွေလိုပြန်ပြီလားလို့"

အဘကြီးခြေထောက်ကိုကြည့်ပြီး ပြစ်တင်ဝေဖန်စကား ပြောမလိုလုပ်ပြီးမှ နို့ညှာကောင်ဆက် သူလှည့်သွားသည်။ သူပြောမှ နို့ညှာကောင် အိမ်ပြန်မလာတာ တစ်ပတ်ရှိမှန်း အဘကြီးသတိရသွားသည်။ ဒီပြဿနာကောင် အလေနတော ဘယ်ပျောက်သွားနေပါလိမ့်။ အဘကြီးသား နို့ညှာကောင်က တစ်မိပေါက်တစ်ယောက် ဆိုရလောက်သူ၊ အရက်ကို ချိုကာပ်အောင်သောက်တတ်ပြီး၊ မူးလျှင်လည်း သွေးအလွန်ဆိုးသူ၊ ရပ်ကွက်ထဲ ထစ်ကနဲစီကနဲဆိုသူပဲ။ လွန်ခဲ့သောနှစ်နှစ်ခန့်ကတော့ လူရိုက်မှုနဲ့ထောင်ကျမလိုဖြစ်လို့ လျော်ကြေးပေးရန်သားကြီးအကူအညီကို မှတ်မှတ်ရရယူခဲ့ဖူးသည်။ ခွေးမက ယခုချိန်ထိ ထိုကိစ္စကို မမေ့နိုင်သေး။ လာတိုင်းအမြဲလိုထည့်ပြောတတ်သည်။ သားသမီးမကောင်း မိဘခေါင်းကို။

ပြောမယ့်သာပြောတာ။ နို့ညှာကောင်နှင့်ပတ်သက်ပြီး စိတ်ဆင်းရဲရသည်ကိုဆိုပေမယ့် သူက မိဘကိုတော့ဘယ်တော့မှ မလွန်ကျူး။ အပြစ်မှာသာ သောင်းကျန်းတတ်ပေမယ့် မိဘရှေ့ရောက်သည်နှင့်အငြိမ်ကုတ်သည်။ သူ့အရက်နာကျပြီး ပြန်နာလန်ထချိန်ဆို အကောင်းဆုံး။ မိဘကိုခြေဆုပ်လက်နယ်ပြုပေးတတ်သည့်အပြင် မရှိရှိတာရှာကြံပြီး ထမင်းဟင်းပါ ချက်ပေးတတ်သူ။ ခက်တာက တစ်နှစ်မှာရှစ်လလောက် သူ့ခေါင်းမထူနိုင်တာ။

"ဘာပဲဖြစ်ဖြစ် အဖေလာလက်စနဲ့ သမီးက ထပ်ကန်တော့လိုက်ပါမယ်။ ရော့-ရော့"

အဘကြီးအတွေးစကို ခွေးမဖြစ်သူက စားထက်ထက်နှင့် ဖြတ်ချလိုက်သကဲ့သို့။ ပြောတော့ပြင့် ကန်တော့လိုက်ပါမယ်။ ပေးပုံက သူတောင်းစားပေးသလို ရော့…အင့်။ အမယ်ကြီး၏ရုပ်ပုံလွှာကို မြင်ယောင်လာ၍သာ

"ကျေးဇူးပါသမီးရေယ်" ဟုပြောပြီး လှမ်းယူဖြစ်သွားသည်။ အဘကြီးစိတ်နှင့်ဆို မယူချင်။

"အဖေ့ကိစ္စအတွေအထူးမရှိတော့ဘူးဆိုရင် သမီးဈေးသွားလိုက်ဦးမယ်။ အဖေ့

မြေး လူမမာက ပုဇွန်ထုပ်ဟင်းစားချင်တယ် တဲ့လေ။ အဲ့ဒါ…"

"အေး…အေး…သွားလေ၊ အဖေလည်း ပြန်အုံးမှ"

"အေးဆေးနေချင်နေနော်၊ နေ့လယ်စာ ပုဇွန်ထုပ်ဟင်းချက်မှာမို့ စောင့်စားလည်း ရတယ်။ ခုတော့ ကော်ဖီနဲ့မုန့်စားဦး။ ဒါတွေက ဈေးကြီးတယ်အဖေရဲ့"

"ဒါတွေတစ်ချိန်က အဖေမစားချင်အဆုံးဖြစ်ခဲ့တာပါ သမီးရယ်၊ အဖေသွားမယ်"

ခွေးမပြောသမျှ စကားလုံးတိုင်း နားထဲ ထော်လော်ကန့်လန့်ချည်း၊ တိုးဝင်နေသည်မို့ ထိုင်ရာမှ အားယူရပ်ရင်း အဘကြီး တစ်ခွန်းတော့ တုံ့ပြန်ပြောလိုက်သည်။ ခွေးမက မဲ့ပြုံး ပြုံးသည်။ အဘကြီးက မသိဟန်ဆောင်ကျောခိုင်းလိုက်၏။ စားပွဲပေါ်ရှိ အေးစက်နေပြီဖြစ်သော ကော်ဖီနှင့်မုန့်များက အရာမယွင်းခဲ့။

✧ ✧ ✧ ✧ ✧

အဘကြီးစိတ်ထဲ တော်တော်ခံရခက်လှသည်။ သူတို့မွေးလို့လူဖြစ်ပြီး ပညာတတ်ဘွဲ့ရတော့ မိန်းမမှမိန်းမဖြစ်သွားသော သားဖြစ်သူကို ပိုလို့ဒေါသထွက်နေမိသည်။ ဒီသားအတွက်နဲ့ ကုန်လိုက်ရတဲ့ငွေတွေက နည်းသို့လား။ သားသမီးအားလုံးထဲ ထူးချွန်သူပီပီ အခွင့်အရေးလည်း အပေးခံရဆုံး။ ဆယ်တန်းမအောင်ခင် တက်လိုက်တဲ့ ကျူရှင်၊ ထားလိုက်ရတဲ့ဝိုင်း။ ဟော…ဆယ်တန်း အောင်ပြီးတော့လည်း စာတွေသင်လို့ သင်တန်းတွေတက်မဆုံး။ သားအကြီးဆုံးဖြစ်တဲ့အပြင် ထူးချွန်လွန်းတဲ့ သားကြီးဆိုပြီး မပြောရက်၊ မဆိုရက်၊ အလိုလိုက်လွန်းလို့ အငယ်တွေကတောင် အဘကြီးတို့အပေါ် မကျေမနပ်ဖြစ်ရတဲ့အထိ။ ဟော…ကျောင်းပြီးလို့ ဒေါက်တာဘွဲ့ဆိုတာလည်းရရော အလုပ်ကလည်း အဆင်သင့်သလို ယူမယ့်မိန်းမကလည်း အသင့်။

မိဘနှစ်ပါးက အဖကာဝန်ထမ်းဘဝနှင့် အမေကဈေးဆိုင်တည်၊ ခြစ်ခြစ်ကုတ်ကုတ် နေထိုင်ချွေတာစုဆောင်းပြီး သားသမီးတွေကို အတတ်နိုင်ဆုံးကြိုးစားရှာဖွေကျွေးမွေးခဲ့ပေမယ့် ပညာသင်စရိတ်ကို လိုက်မမီလို့

အစိုးရဆီကရထားတဲ့ ပေလေးဆယ်၊ ပေခြောက်ဆယ်မြေကိုတောင် တစ်ဝက်ဖဲ့ ရောင်းခဲ့ရတယ်။ အဲဒါလည်း ပညာသင်မဆုံးတဲ့သားကြီးရဲ့ ကျောင်းစရိတ်အတွက် ကုန်ခဲ့တာဆို ပိုမှန်ပေမည်။

ပေနှစ်ဆယ်၊ ပေခြောက်ဆယ်သာ ကျန်တဲ့မြေမှာ သားအမိ သားအဖခုနစ်ဦး နေထိုင်ရာကနေ အရွယ်ရောက်လာတဲ့ သားသမီးတွေက အသီးသီးအိမ်ထောင်ပြု ကလေးတွေမွေးလိုက်ကြတာ လူဦးရေက နှစ်ဆအထိတက်လာတယ်။ သားသမီး အိမ်ထောင်သည်တွေအားလုံး စုပေါင်းနေထိုင်ကြရင်း မြေဈေးတွေတက်လာတော့ အဖေနဲ့ အမေနေတဲ့မြေကို သိန်းငါးရာတောင်ပေးနေတယ်။ အားလုံးလည်းနေရတာ သိပ်ကြပ်တည်းတယ်။ ဈေးကောင်းလေးရတုန်း ရောင်းပြီး ခွဲနေရင်ကောင်းမယ် အတင်းတိုက်တွန်းထောင်းဆိုကြလို့ အိမ်ထောင်သည်တွေဂုဏ်ကို ကိုယ်ချင်းစာပြီး သူတို့ဆန္ဒအတိုင်း ရောင်းပြီးခွဲပေးလိုက်ရပါပေါ့လား။ ဒီကစလို့ အဘကြီးတို့ ဇနီးမောင်နှံဘဝ လမ်းဘေးရောက်ဖို့ အစပြုခဲ့တာပေါ့။

အကြီးဆုံးသားကတော့ သူစေစုရတဲ့ ငွေတွေကိုလည်း နိုင်ငံခြားမှာ ပညာတွေ ဆက်သင်ယူနေပြန်တယ်။ သားကြီးက အဖေတို့ကို ကျေးဇူးပြန်ဆပ်ဖို့မယ် ပြောခဲ့ပေမယ့် လုပ်ငန်းအတည်တကျဖြစ်ဖြစ်ချင်း မင်္ဂလာဆောင်လိုက်တယ်။ ဒီလိုဆိုပြန်တော့လည်း၊ အမယ်ကြီးက သားကြီးမျက်နှာ မငယ်ရအောင် ကိုယ့်အတွက် အိုစာမင်းစာ ဆိုပြီးချန်ထားခဲ့တဲ့ ဘဏ်ကငွေတွေကိုလည်း ထုတ်သုံးခဲ့လို့ ကုန်ပြန်တယ်။ ကံကောင်းတာ အယ်သားသမီးနဲ့မှ လိုက်မနေဘဲ ဒီ ကျူးနေရာမှာ တဲလေးတစ်လုံး နိုင်နိုင်နင်းနင်း ဆောက်မိပေလို့ တော်သေးတယ်။

ပြောမယ့်သာပြောတာ။ သားသမီး ငါးယောက်ထဲ အမွေမယူတာဆိုလို့ အရက်သမားဖြစ်နေတဲ့ ရှိညာကောင်တစ်ယောက် ရယ်။ သူကတော့ ကျွပ်တို့နဲ့ သေတပန် သက်တဆုံးနေမယ်ပြောတာပဲ။ ဒါပေမဲ့သူက အမြင်မှာမူးနေတာများပ။ သူ့ကိုပေးရတာ လည်း အရင်ကဆို တစ်နေ့ငါးရာ။ နောက်ပိုင်းတော့ နှစ်ရာ။ ခုတော့ တစ်ရာတောင် မပေးနိုင်တော့ဘူး။

အင်း…ဒီကောင် ခု ဘယ်ရောက်နေပါလိမ့်။ ဟိုတစ်ရက် ဆော်တော်ရှေ့ပြီးက တည်းက ပျောက်သွားတာ တစ်ပတ်တောင်ရှိပါပေါ့လား။ ဘေးကင်းရန်ရှင်းရှိပါစေသား ရယ်…ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်ငွေလေးရှိလို့သာ လက်ရှိနေတဲ့ တဲကလေးကို တောင့်တောင့်တင်းတင်း ဆောက်နိုင်ခဲ့ပြီး အချိန်တော်တော်ကြာထိ ဘယ်သားသမီး အထောက်အပံ့မှမယူဘဲ ရပ်တည်နေနိုင်ခဲ့တာ အဘကြီးအသိဆုံး။ ခုတော့ငွေလည်း ကုန်ချိန် ဖရောလည်းထောင်းခဲ့ပြီ။

✧ ✧ ✧ ✧ ✧

အဘကြီးသည် သူ၏ ဒုတိယသမီးနေထိုင်ရာသို့ ဦးတည်လိုက်ရင်း လိုင်းကားပေါ်တွင် သူ့ဘဝအကြောင်းကို ပြန်တွေးတောနေသည်။ ဒီသမီးက ပြီးခဲ့တဲ့ဆယ်ရက်ကပဲ ဆီတစ်ပိဿာနဲ့ ဆန်ငါးပြည်လာပို့ထား တော့ ငွေရေးကြေးရေးထပ်ပြောရမှာ အဘကြီးစိတ်ထဲ ဝန်လေးနေမိသည်။ သို့ပေမယ့် မတတ်နိုင်။ သူ့တို့အမေအိုကြီး နေမကောင်း မှန်းသိရင်တော့ သမီးမိန်းကလေးပီပီ ပစ်ပယ်ထားမယ်မထင်ပါဘူးလေဟု ကိုယ့်ကိုယ်ကိုယ်အားတင်းလိုက်၏။ သမီးလတ်တို့ မိသားစုက သားကြီးတို့လောက် မချောင်လည်ပေမယ့် သူ့ယောက်ျားက ကြတတ်ဖန်တတ်သူဆိုတော့ အခြေအနေမဆိုးလှ။ ခက်တာက…

"ဟယ်…အဖေလိုက်လာတယ်၊ ဘယ်လိုကနေ ဘယ်လိုသတင်းကြားပြီ၊ ရောက်လာတာလဲအဖေရယ်၊ သမီးက အဖေတို့ကို တမင်အသိမပေးဘဲ ထားတာကို"

ကိုယ့်အတွေးနှင့်ကိုယ် သမီးအိမ်ရှေ့ ရောက်နေသည်ကို သတိမထားမိဖြစ်နေသောသူ့ကို သမီးလတ်က ထိုသို့ပြောရင်း ဆီးကြိုသည်။

"လာရမှာပေါ့သမီးရယ်…အဖေတို့က မိသားစုတွေပဲလေ"

သမီးစကားကို ချော်လဲရောထိုင်လုပ်၍ အဘကြီးက ပြန်ဖြေလိုက်သည်။

"ဒါတော့ ဒါပေါ့အဖေရယ်…ဒါပေမဲ့ သမီးက မကောင်းသတင်းဆိုတော့ အဖေတို့ကို အသိမပေးချင်လို့ပါ"

"ဟဲ့–ဆိုစမ်းပါဦး။ ဘယ်လိုဖြစ်တယ်ဆိုတာ"

သမီးတို့အိမ်မှာ အကြောင်းကိစ္စထူး

> သူ သိပ်မိုက်တယ်အဖေ၊
> အခုတော့
> ဒီကလေးသုံးယောက်နဲ့
> သမီး ဘယ်လိုရှေ့ဆက်ရပါ့မလဲ၊
> ခုတောင် သူလွတ်အောင်
> ဟိုပေးဒီကမ်းလုပ်နေရတာ
> အတော်ကုန်လှပြီ…

တာသေချာနေပြီမို့ အဘကြီးက အချိန်မဆိုင်း မေးလိုက်သည်။

"အဖေပြောသလို သမီးလည်း သူ့ကို လောင်းကစားမလုပ်ဖို့ အတန်တန်တားပါတယ်၊ ပြောနေတာနေတဲ့ကြားထဲက ခုလိုဖြစ်တာပါပဲ အဖေရယ်"

"ဟင်း…"

"သူ သိပ်မိုက်တယ်အဖေ၊ အခုတော့ ဒီကလေးသုံးယောက်နဲ့သမီး ဘယ်လိုရှေ့ဆက်ရပါ့မလဲ၊ ခုတောင် သူလွတ်အောင် ဟိုပေးဒီကမ်းလုပ်နေရတာ အတော်ကုန်လှပြီ"

"ဟင်…ဘယ်လို…ဘယ်လို"

ဒီသမက် လောင်းကစားထဲသာနေပါမှန်း သိပေမယ့် ဟိုပေးဒီကမ်းဆိုသော စကားကြောင့် အဘကြီး ရုတ်တရက် နားမရှင်းဖြစ်သွားသည်။ ထိုအခါ သမီးက ငိုရှိုက်နေရင်းပြောသည်။

"အဖေ့သားမက်က နှစ်လုံး သုံးလုံး ထောက်ချာတွေရော၊ ငွေတွေပါ လက်မှုးလက်ကြပ်မိတော့ အချုပ်ခန်းထဲပြန်ရောပြီပေါ့ အဖေရဲ့ ဟင့်…ဟင့်"

''ဘုရား…ဘုရား''

အဘကြီးစိတ်ထဲ ဒီသားမက်က ကျောင်းကားဖါးပါသနာပါသူမို့ ကစားပွဲမှာ ရှုံးတာလောက်ပဲ ထင်ထားမိတာ။ ခုတော့ အချုပ်ထဲမှာဆိုပါလား။

သောကအပူမီးတောက်လောက်နေသော သမီးကို ငြိမ်းအောင်မပြောနိုင်ရ သူကိုယ်တိုင်ပင်အစရှာမရ။ ခေတ္တငြိမ်နေလိုက်ပြီးမှ အဘကြီးထံမှ အသံထွက်လာသည်။

''ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ သမီးရယ်…အဖေက ဒါတွေကို ကြိုမြင်လို့ တားတော့လည်း သူကအရေးမစိုက်ဘဲ၊ ဒီတော့ ခုဘယ်လိုတဲ့လဲ''

''ဟုတ်တယ်အဖေ၊ ဒါနောက်ဆုံးအကြိမ် လောင်းကစားလုပ်ခြင်းပဲလို့ပြောပြီး သူက လက်ခွဲဒိုင်လိုလုပ်ခဲ့တာ။ ထိုးသားတွေရဲ့ပိုက်ဆံတွေရော၊ စာရွက်တွေပါ လက်ငယ်မိတာဆိုတော့ အဟင့်…ဟင့်…သမီးတော့ သေချင်တာပဲအဖေရယ်၊ ဒီရက်ပိုင်းအတွင်း သူလွတ်အောင်လိုက်လုပ်နေရတာ ချွဲကြိုးနဲ့ နားကပ်တောင် သမီးရောင်းလိုက်ရပြီ''

ဟုတ်ပါရဲ့။ သမီးရဲ့နားနှစ်ဖက်မှာ ဝတ်နေကျပတ္တမြားခြယ်နားကပ်လေး မရှိတော့သလို၊ လည်ပင်းလည်း ဗလာဖြစ်နေပါပေါ့လား။ ဖြစ်ရလေသမီးရယ်။ လင်သားက အချုပ်ထဲမှာဆိုတော့ သူ့ခမျာအားငယ်နေရှာမှာပဲ။ မိုက်လုံးကြီးလှတဲ့ သားမက်ပါလားနော်။

သမီးက သူ့အပူနှင့်သူမို့ အဘကြီး၏ မျက်ယွင်းနေသောမျက်နှာကို အရိပ်အကဲ မမြင်မိ။ အဘကြီးကတော့ အမယ်ကြီးကို စိတ်ထဲရောက်နေမိသည်။ သမီးကို အားပေးစကားပြောရင်းက စခန်းမှူးမှာ အလွှန်ရင်းနှီးခဲ့သူဖြစ်မှန်း အဘကြီးသိလိုက်ရသည်။ မိတ်ဆွေစခန်းမှူးထံသို့ တုန်ရီသော လက်ရေးဖြင့် အဘကြီးစာတစ်စောင်ရေးအပြီး သမီးလက်ထဲထည့်ရင်း ပြောလိုက်သည်။

''သူ့အပေါ် အဖေ့ကျေးဇူးတွေရှိခဲ့ဖူးပေမယ့် အဖေ့လိုတစ်ခါမှ အကူအညီမတောင်းဖူးဘူး။ ဒီစာကိုပြလိုက်။ အဖေ့သားမက်မှန်းသိရင် သူတတ်နိုင်သလောက်ကူညီမယ်ဆိုတာ အဖေယုံတယ်။ ပြီးတော့ အဖေတို့မိသားစုအားလုံး စုစည်းရိုက်ထားတဲ့ ဟောဟိုကဓာတ်ပုံကို လိုရမယ်ရယူသွား။ ဒီပုံကိုကြည့်တာနဲ့ အဖေမှန်းသူသိတယ်။

> စာအိတ်လေးကို
> ကျစ်ကျစ်ပါအောင်လိပ်ပြီး
> သေချာသိမ်းလိုက်သည်။
> မရှိတဲ့အထဲက ဒါးပိုက်နိုက်
> အစာဖြစ်လို့ မဖြစ်ဖူးလေ။
> ပူမည့်သာပူသည်။ အဘကြီးက
> သူ့ကိုယ်သူ ပြန်သတိထားမိပြီး
> ပြုံးမိသွားသည်။ သူ့ပုံက
> ဒါးပိုက်နိုက်တောင်
> ပြန်ပေးချင်မည့်ပုံစံ…

အဖေတော့မလိုက်တော့ဘူးကွာ။ ခုနင်ယောက်ျား နောင်ကျဉ်အောင် အဖေလုပ်ရမယ်။ အဖေစိတ်တိုနေမှန်းသိအောင် ပြောလိုက်''

ပြောအပြီး သမီးလတ်အိမ်က အဘကြီး ထွက်ခဲ့သည်။ ခက်တော့နေပြီ။ သမီးဆီက ဆေးဖိုးလေးများထပ်ရမလားလို့ မျှော်ကိုးလာမိပါတယ်။ ကိုယ်ကပဲ ကူခဲ့ရတယ်။ သူ့ကိုသိပ်ခင်၊ သိပ်လေးစားတဲ့စခန်းမှူးဖြစ်နေလို့ သမီးကံကောင်းပါစေဆုတောင်းရင်း အင်း…ဒုက္ခ…ဒုက္ခ။

အဘကြီးသည် သမီးလတ်အိမ်က အပြန် ဈေးမကြီးပေးလိုက်သောစာအိတ်လေးကိုဖွင့်ပြီး ရေတွက်ကြည့်မိ၏။ ထောင်တန်အနွမ်းဆယ်ရွက်ရှိသည်။ သားကြီးဆီက ခေတ္တလှည့်ချင်တာ ငွေငါးသောင်းလောက်ဖြစ်၍ အားငယ်သွားမိသည်။ ကုသိုလ်ဖြစ် ဆေးခန်းကအရေးကြီးတဲ့ ဆေးစစ်၊ ဆေးစစ်ချက်တွေကို လိုအပ်လျှင်ရော အလကားလုပ်ပေးပါ့မလား။ အဘကြီး မသွားဖူး၍ စိတ်ပူမိသည်။ စာအိတ်လေးကို ကျစ်ကျစ်ပါအောင်လိပ်ပြီး သေချာသိမ်းလိုက်သည်။ မရှိတဲ့အထဲက ဒါးပိုက်နိုက် အစာဖြစ်လို့ မဖြစ်ဖူးလေ။ ပူမည့်သာပူသည်။ အဘကြီးက သူ့ကိုယ်သူ ပြန်သတိထားမိပြီး ပြုံးမိသွားသည်။ သူ့ပုံက ဒါးပိုက်နိုက်တောင် ပြန်ပေးချင်မည့်ပုံစံပေါက်နေသည်မဟုတ်လား။

✧ ✧ ✧ ✧ ✧

မျှော်လင့်ချက်ကုန်သလောက်ဖြစ်နေသော်လည်း ထွက်လက်စနှင့် ဒုတိယသား အိမ်ကို ဝင်ချင်စိတ်ပေါ်သည်မို့ သားဖြစ်သူနေထိုင်ရာမြို့နယ်သို့ ပြေးဆွဲသည့်ကားကို မေးပြီး အဘကြီးတက်စီးခဲ့ပြန်သည်။

''ဟော…အဖေပါလား''

သားကစက်ဘီးပြင်နေရာမှ အဖေကို တွေ့တွေ့ချင်း အမြန်ဆီးကြိုသည်။

''အဖေရယ်…နေပူကြီးထဲပင်ပန်းလိုက်တာ၊ အရေးကိစ္စရှိရင် သားကိုဖုန်းဆက်ပါလို့ ပြောထားသားနဲ့''

သားဖြစ်သူပြောမှ တလောက အိမ်ကိုလာရင်း သူ့ကိုဆက်လို့ရတဲ့ နံပါတ်တစ်ခုပေးသွားတာ အမှတ်ရသည်။ ''ဆင်းကတ်က တောင်ငါးရာဆိုပေမယ့် ကျွန်တော်တို့မြို့နယ်မှာ ငါးသောင်းတစ်ဖုန်းလောက်ကိုင်မှ လိုင်းမိတာမို့ ခုမှကိုင်နိုင်တာအဖေရေ့''ဆိုပြီး ရယ်ရယ်မောမော ပြောသွားသေး။

''ဈေးတွေလည်းရှဲလို့ပါလား၊ အဖေရယ်…မိန်းမရေ…မိန်းမ…ဒီမှာ အဖေ ရောက်နေတယ်ကွ။ ရေတစ်ခွက်ယူခဲ့စမ်းပါ မြန်မြန်လေး''

သားလတ်က ထိုသို့အလိုက်သိသလို မိန်းမအားပေါ်လည်း ဩဇာညောင်းသူ။

''လာပါပြီတော်…လာပါပြီ…အဖေ ဟောဒီမှာ ရေလေးသောက်လိုက်ဦး။ ဖြည်း ဖြည်း ဖြည်းဖြည်း ကြည့်ပါဦးတော်၊ ကျုပ်တို့အဖေ ဘယ်အချိန်ကတည်းက ရေငတ်လာတယ်မသိ၊ ဈေးတွေလည်းနှစ်လို့ အဖေရယ် နေကခေါင်းပေါ်တောင် ရောက်နေမှကို။ ခဏလေးအဖေ၊ အဖေရေသောက်လို့ ဝမယ်မထင်ဘူး။ ကျုပ်ထမင်းခပ်ပေးဦးမယ်''

ချွေးမလတ်က တောသူပီပီ ဘွင်းဘွင်းကြီးပြောရင်း ရေလည်းတိုက်၊ ယပ်လည်းခပ်ပေးနေသည်။ အဘကြီးက သားကြီးမိန်းမမျက်နှာပြေးမြင်မိပြီး ခေါင်းကိုယမ်း

မိသွားဇါ။

''တော်ပြီလားအဖေ''

ခေါင်းခါလိုက်သည်ကိုမြင်ပြီး ချွေးမက သူရေမလိုဘူး ထင်သွားသည်။ အဘကြီးက

''မဟုတ်ဘူး၊ ထပ်ခပ်ပေးဦးလို့ ပြောတာ''

''ကျုပ်ဆင်ပါတယ်၊ အဖေ ရေမဝလောက်သေးပါဘူးလို့၊ အဖေကလည်း နောက်တတ်သားနော်''

အဘကြီးက ပြုံးနေလိုက်သည်။ ဒီချွေးမက မှုယာလည်းမများ၊ ဟန်ပန်လည်း မရှိသောအညာသူ။ ရိုးသားပြီးချစ်စရာကောင်းသည်။ ရုပ်ကချောသည့်ထဲမပါသော်လည်း စိတ်သဘောထားအလွန်လှသူ။ သားအပေါ်လည်း၊ အတော်ကို အနုံတာခံနိုင်သည်။ သားသမီးတွေထဲ ရုပ်အဖြောင့်ဆုံး ဒီသားက သူနှင့်ဆန့်ကျင်ဘက်မိန်းမကို ရှာယူသည်။ သူသားလက်ထပ်ခါစက အဘကြီးသည်…

''ဒီကောင် သူချောတာ လူတွေသတိမထားမိမှာစိုးလို့ ချွေးမရုပ်ဆိုးဆိုးတာမင်ရှာယူတာဖြစ်မယ်''

ဟု သူ့သားကို စနောက်တတ်သည်။ ထိုအခါသူ့သားက ''အဖေ့ချွေးမက စိတ်လှလွန်းတာ အဖေမသိသေးလို့နော်''ဟု ပြန်ပြောတတ်သည်။ ချွေးမသဘောထားပြည့်ဝမှန်း အတူနေထိုင်ရင်းက အဘကြီးသိလာတော့ သူစနောက်မိတာတွေအတွက် စိတ်မကောင်းဖြစ်မိသည်ဟု မကြာမကြာ သားဖြစ်သူကို ပြောတတ်သည်။

''အဖေ အကြောင်းထူးရှိလို့လား။ အမေရော နေကောင်းရဲ့လားဟောင်''

သားက အလိုက်တသိမေးလိုက်သော်လည်း အဘကြီးမေမျှာပြောမထွက်။ ဒီသားက စက်ဘီးပြင်တဲ့အပြင် ဘာယ်တော့မှ အအားမနေဘဲ အိမ်စရိတ်ကာမိစေရန် တတ်သမျှ တိုလီထွာလီကြုံရာကျွမ်းလုပ်ကိုင်သူ။ အညာသူ သူ့မိန်းမကလည်း အိမ်ဆိုင်လေးတည်ပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာပေးနေသူ။ မပြည့်စုံသော်လည်း ကောင်းရောင်းကောင်းဝယ် အသက်မွေးကြသူများ၏ ထုံးစံအတိုင်း စားသောက်ရုံမျှသာဖြစ်သည်။ ဒီကြားထဲ သားက ဖအေစံချိန်အတိုင်း ကလေးငါးယောက်ရှိသည်။ ကလေးတွေကလည်း ဆယ်တန်း၊ ရှစ်တန်း၊

အဘကြီးရောက်ကတည်းက

သူတို့လင်မယား လိုသည်မရှိ

ညှော်ဝတ်ကျေတာနှင့်ပင်

အဘကြီးနုတ်က

သူတို့အမေဖြစ်နေသည်ကို

ပြောမထွက်ရက်။

အတန်းကြီးလာပြီဖြစ်သော

ကလေးတွေစရိတ်ကြောင့်…



ခြောက်တန်း၊ သုံးတန်းတက်နေသူများနှင့် ယခုနှစ်မှ မူကြိုစတက်တဲ့ကလေးပါဆို ဆိုက်စုံဖြစ်သည်။ သူတို့ကျောင်းစရိတ်ပင်မနည်း။

လက္ခဏ်က အပြေးအလွှားအိပ်စရိတ်လာပေးသွားခဲ့တဲ့ သားလတ်ကိုကြည့်ပြီး အဘကြီးက စိုးရိမ်ပူပန်စိတ်ဖြင့်

''နားနားနေနေလုပ်ပါသားရယ်''ဟုပြောလိုက်မိသည်ကိုပင် သူက အဖေကိုပြန်၍–

''နားနားနေနေလုပ်ရင်းက အဖေ့စံချိန် ချိုးသွားတာပါအဖေရယ်''ဟု ခွတ်နောက်နောက်ပြောခဲ့သည်။ ဒီကောင်က အဲသလို ဘဝကိုအသောလေးများဖြင့် ဖြတ်သန်းနေထိုင်တတ်သူ။ သူ့မိန်းမကလည်း တော်ရှာသည်။ ပါရိုပါချက်အိမ်ဆိုင်ကလေးကနေ ခုဆိုပစ္စည်းအမယ် အတော်စုံစုံတင်နိုင်ခဲ့ပြီဖြစ်သည်။

''အဖေ ဘာတွေစဉ်းစားနေတာလဲ၊ အမေရောနေကောင်းရဲ့လားလို့ ကျွန်တော်မေးနေတာကြာပြီ''

သည်အမေးနဲ့တင် အဘကြီးအတွက် လုံလောက်ခဲ့ပြီ။ ပြီးတော့ အဘကြီးရောက်ကတည်းက သူတို့လင်မယား လိုသည်မရှိ ညှော်ဝတ်ကျေတာနှင့်ပင် အဘကြီးနုတ်က သူတို့အမေဖြစ်နေသည်ကို ပြောမထွက်ရက်။ အတန်းကြီးလာပြီဖြစ်သော ကလေးတွေစရိတ်ကြောင့် သားကိုထပ်မံအပူမကပ်လို။ သူတို့ ဖနီးမောင်နှံဝန်ပိမည်ကိုလည်း မလိုလား။ သို့ဖြင့် သမီးဖြစ်သူယောက်ျား အကြောင်းပြောပြရင်း သူတို့ဆီကအပြန် လှည့်ဝင်ခဲ့တာဟု အဘကြီးပြောဖြစ်သွား၏။ ဒါတောင် သားနှင့်သမီးက အဖေကိုအိမ်ဦးခန်းရှိ ဘုရားကျောင်းဆောင်ရှေ့တွင်ထိုင်စေပြီး ငွေတစ်သောင်းဖြင့် ကန်တော့သေးသည်။

''ဘုန်းကြီးလို့သက်ရှည်၊ ကောင်းကျိုးလိုရာဆန္ဒပြည့်ဝပါစေ''ဟု ဆုတောင်းပေးရင်း အဘကြီးမျက်ရည်ဝဲရသေးသည်။ သားကြီးအတွက် အားစိုက်ပြည့်ဆည်းပေးနေရ၍ ပညာရေးတွင်ထူးချွန်ခဲ့သော သားလတ်အပေါ် အဘကြီးက ဂရုစိုက်မှုအတန်ငယ် လျော့ခဲ့သည်ကို။ သားလတ် ဆယ်တန်းအရောက် မဟာဘွဲ့ယူရန် ဆက်လုပ်နေသော သူ့အစ်ကိုကြောင့် ကျူရှင်တောင်ဘာသာစုံမထားနိုင်ခဲ့ဘူး။ သူ့ကိုပံ့ပိုးပေးနိုင်

ရင် သားကြီးထက်တောင် ထူးချွန်ရှာမှာကို တွေးမိပြီးစိတ်မကောင်းဖြစ်သွားရျဖြစ်သည်။

ဗိုပြင်လက်ရှိတွင် ငွေတစ်သောင်း လက်ခံရတာချင်းတူတူ ခံစားရသော ပီတိ ချင်းက အဘကြီးအတွက် ကွာခြားလှသည်။ ငါးကြက်လေးများကြော်ပြီး၊ ချဉ်ပေါင်ဟင်း ချည်၊ငါးပိချက်၊ တို့စရာစုံစုံလင်လင်ဖြင့် မွှယ် မွှယ်ရာရာစေတနာပါပါ ကျွေးမွေးသည့်ခံပြန် သည်။ မနက်က ပုစွန်ထုပ်ဟင်းချက်မည့် ချွေးမကြီးအိမ်ထက် ခံတွင်းမြိန်သည်မှာ သေချာသည်။ နေ့လယ်စာစားပြီး နားနား နေနေ နေဝိုင်းပြန်တော့ မိုးမလင်းခင် အိမ် ကထွက်ခဲ့ရသော အဘကြီး၊ တစ်ခေတချင်း ဆိုသလို အိပ်ပျော်သွားတော့သည်။

✧ ✧ ✧ ✧ ✧

အဘကြီးနေထိုင်ရာ ကျေးသမားများ စုဝေးရာအရပ်ကို အဘကြီးပြန်ရောက်လာ တော့ နေပင်စောင်းလှပြီ။ နေ့ခင်းတရေး တမောအိပ်လိုက်ရသဖြင့် ခွန်အားပြည့်ခဲ့ သော်လည်း ရုံးဆင်းကားကျပ်ချိန်မို့ အဘ ကြီးအတွက် အတက်အဆင်းခက်ခဲ့ခဲ့သည်။ ဒီကြားထဲ ခါးပုံစထဲထည့်ဝှက်ထားသော ငွေ အတွက်လည်း ပူပန်ရသေးသည်။ အပြန် သားလေးက လိုက်ပို့ပေးမည်ကို အဘကြီး က အပို့မခံဘဲ အလုပ်ပေးရန် လာခေါ်သူ နောက်သို့သာ လိုက်လုပ်စေခဲ့သည်။

ဆဲသံ၊ ဆူသံများက ရပ်ကွက်ထဲမဝင် ခင်မှာပင် ကြားနေရပြီ။ ထိုစဉ် ရပ်ကွက်ထိပ် ကားဂိတ်ရှိရာ အပြေးအလွှားထွက်လာ သော သားအငယ်ဆုံးဇော်မိန်းမကို လှမ်းတွေ့ လိုက်ရ၏။ ချွေးမအငွေးဆုံးက ကိုယ်လေး လက်ဝန်ကြီးနှင့် ကသုတ်ကရက်ပြေးလာပုံ ထောက် တစ်ခုခုပဲ။ အတွေးထဲ အမယ် ကြီးကို စိတ်ပူသွားမိ၏။ အနားရောက် သော်။

"အဖေ…အဖေပါလား…အခန့်သင့် လိုက်တာ သမီးလည်း အဖေတို့ဆီဝင်လာ အုံးမလို့ ကယ်ပါအုံးအဖေရယ် အဖေ့သား-အဖေ့သား လုပ်ငန်းခွင်ထဲမှာ မတော်တဆ ဖြစ်လို့တဲ့၊ အဲ့ဒါခုဆေးရုံမှာ"

"ဟေ"

အဘကြီး ယိုင်လဲမသွားအောင် ကိုယ့် ကိုယ်ကိုယ် သတိထားလိုက်ရ၏၊ ချွေးမက အသောကူထိန်းရင်း…။

"အဖေပါဖြစ်နိုင်ရင်လိုက်ခဲ့စေချင်တယ်၊ ကျွန်မအားငယ်လွန်းလို့ပါအဖေရယ်…နော်"

ချွေးမက အဘကြီးလက်မောင်းကို အားကိုတကြီးကိုင်ရွဲရင်း ပြောလေသည်။ အမှန်တော့ အဘကြီးသည် ချွေးမကိုကြည့် မရ၊ သူမဆင်မခြင် ရသမျှအမွေအားလုံးကို နှစ်လုံးကစားပစ်၍ သားဖြစ်သူပါ အဘကြီး တို့နေထိုင်ရာ ပုံကျရပ်ကွက်သို့ ရောက်လာ ခြင်းကို။ သို့ပေမယ့် သားတွေးသတင်းကြား တော့လည်း မနေနိုင်ပါ။

"ကဲ… ကဲ… ငိုမနေနဲ့ လိုက်သွားစို့"

✧ ✧ ✧ ✧ ✧

ဆေးရုံတွင် သားကိုအသက်အန္တရာယ် ကင်းကင်းတွေ့လိုက်ရမှ အဘကြီးရော ချွေးမဖြစ်သူပါ သက်ပြင်းချနိုင်သည်။ သူတို့ ၏ သားဦးလေးမွေးခါနီးမှ သားဖြစ်သူက ခုလိုဖြစ်ရသည်မို့ အဘကြီးစိတ်ထဲလေးလံလှ သည်။ ကုမ္ပဏီက ကုသမှုကိုတာဝန်ယူပြီး၊



ထောက်ပံ့စရိတ်ရရှင်းလာပြန်ပေးပါမည်ဟု အထပ်ထပ်အခါခါကတိပေးသည်။ သား တွေးကတော့ မျက်နှာမကောင်း။ ကိုယ့် မကာယ်နိုင်ပေမယ့် သူ့ကိုကူနိုင်ခဲ့လို့ အဖေပီပီ အဘကြီးကျေနပ်သည်။ အမယ်ကြီးလည်း၊ ထိုသို့ပေးခဲ့ခြင်းအပေါ် ကျေနပ်နေမှာ သေ ချာ၏။

✧ ✧ ✧ ✧ ✧

ဆေးရုံကပြန်တော့ နေမင်းကြီးက လုံးလုံးကွယ်လေပြီ။ မှောင်လည်းမှောင်စ ပြုလေပြီ၊ အဘကြီးမှာ ပါသမျှလည်းကုန်ခဲ့ ပြီ။ အဘကြီးခေတ္တမျှ ငိုင်နေမိသည်။ ပြီး နောက် လူစည်ကားရာနေရာတစ်ခုသို့ ဖြည်းဖြည်းချင်း လှမ်းသွားခဲ့သည်။

ချိုင်းခံထောက်ကို နံဘေးတွင်ချပြီး ခေါင်းပေါ်က သက္ကလပ်ဦးထုပ်ကို အဘကြီး က သူ့ရှေ့တွင်ပက်လက်အနေအထားဖြင့် ချထားလိုက်သည်။ ဦးခေါင်းပေါ်ရှိ ပါးလှပ် နေသောဆံစများက လမ်းမီးတိုင်အောက် တွင် ဖွေးဖွေးလှုပ်နေသည်။ ခေါင်းကိုတွင် တွင်ငုံ့ကာ ထိုင်နေသော အဘကြီးသည် ဦးထုပ်ထဲက ပိုက်ဆံငွေစက္ကူအကြွေများကို စိုက်ကြည့်နေ၏။ တစ်ယောက်တလေက ငါးရာတန် တစ်ထောင်တန်လေးများထည့် သွားလျှင်တော့ နံဘေးကိုမသိမသာလှမ်း ကြည့်ပြီး အဘကြီးခါးပုံစထဲသို့ အမြန် ကောက်ယူသိမ်းလိုက်သည်။ ခုချိန်လောက် ဆို အမယ်ကြီး အဖျားတက်နေမည်ကို အဘကြီးမှန်းမိ၏။

**"ဒီနေရာက ဒီလောက်အဆင်ပြေ မယ်မှန်းသိရင် ငါမနက်အစောထဲက ထိုင် နေမိမှာပါ အမယ်ကြီးရာ"**

အမယ်ကြီးကိုတိုင်တည်ပြီး အဘကြီး စိတ်ထဲထိုသို့ပြောမိသည်။ မကြာမီ မျက်ရည် များ စီးကျလာပြန်သည်။

တစ်ချိန်က သူ့အရာရှိဖြစ်ခဲ့တာကို ပြန် တွေးမိ၍လား။ သူ့သားသမီးများအကြောင်း ကို တွေးမိ၍လား။ သူ့သံယောဇဉ်ကြီးသော အမယ်ကြီးကို သနား၍လားမပြောတတ်။ ခေါင်းကို မြုပ်နေအောင်ငုံ့ထားသော အဘ ကြီးက မျက်ရည်များကို ချက်ချင်းအတော မသတ်နိုင်သေး။ ။

**မြနှင်းဝေဝေအောင်**



# သန္တာကျောက်တန်းရဲ့ ဖန်ဆင်းရှင်များ

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့အရပ်ရပ်ရှိ ပင်လယ်ရေမျက်နှာပြင်တို့၏အောက်တွင် ကီလိုမီတာ ရာပေါင်းများစွာရှည်လျားပြီး အရောင်အသွေးစုံလင်လှပသော သန္တာကျောက်တန်းများကို တွေ့ရှိနိုင်သည်။ ပင်လယ်ရေတိမ်ပိုင်းဒေသများ၌ ဖြစ်ပေါ်တည်ရှိနေသော အဆိုပါ သန္တာကျောက်တန်းများကို အမိုသဟဲပြု၍ ငါးမျိုးစုံ၊ ပင်လယ်လိပ်များ၊ ပုစွန်နှင့် ငါးရှဉ့်စသော ရေသတ္တဝါမျိုးစုံတို့ ရှင်သန်ပေါက်ဖွား ကျက်စားလျက်ရှိနေကြသည်။

အကယ်၍ သန္တာကျောက်တန်းများ မရှိခဲ့လျှင် အရောင်အသွေးစုံလင်သည့် ကျောက်တန်းငါးများ၊ ရေဘဝဲများ၊ ကျောက်ပုစွန်နှင့် ပင်လယ်ဂဏန်း စသော ပုံစံထူးခြားလှသည့် ရေသတ္တဝါများလည်း ပေါက်ဖွားရှင်သန်နိုင်တော့မည် မဟုတ်ပေ။ သန္တာကျောက်တန်း





များသည် အမျိုးအစားစုံလင်သော ပင်လယ်ဇီဝ အမျိုးမျိုးတို့၏ ရှင်သန်ပေါက်ဖွားရာ မဟာဗျူဟာမြောက်သည့် သဘာဝအရင်းအမြစ်များ ဖြစ်ကြသည့်အတွက် ပင်လယ်ရေထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းကိုပါ အဓိကအားဖြင့် ထောက်ပံ့ပေးလျက် ရှိနေကြသည်။

အင်အားပြင်းသည့် မြေငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပင်လယ်နှင့် သမုဒ္ဒရာကြမ်းပြင်များ အက်ကွဲသည့်အခါ ဖြစ်ပေါ်လာတတ်သော ဧရာမ ဆူနာမီရေလှိုင်းကြီးများသည် ပင်လယ်ကမ်းခြေများဆီသို့ ပျမ်းမျှ တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ နှုန်းဖြင့် အရှိန်ပြင်းစွာ ဝင်ရောက်လာချိန်တွင် ပင်လယ်ကမ်းလွန်ရေပြင်အောက်ရှိ သန္တာကျောက်တန်းများသည် ဆူနာမီရေလှိုင်း၏အရှိန်ကို သိသိသာသာ လျော့ကျသွားစေခြင်းဖြင့် ပင်လယ်ကမ်းခြေဒေသများ ပျက်စီးဆုံးရှုံးရမှုကို အတိုင်းအတာတစ်ရပ်အထိ ကာကွယ်ပေးနိုင်စွမ်းရှိသည်။

ထို့ပြင် ဆေးရောင်စုံ ပန်းချီကားတစ်ချပ် ရေးဆွဲထားသည့်အလား လှပဆန်းကျယ်လွန်းသော သန္တာကျောက်တန်းများသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အရေးပါသော ကဏ္ဍတစ်ခုအနေဖြင့် ပံ့ပိုးရပ်တည်ပေးထားလျက် ရှိနေသည်။ ဩစတြေးလျကမ်းလွန်ရှိ မဟာသန္တာကျောက်တန်းကြီး (Great Barrier Reef) နှင့် အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါကမ်းလွန်ပင်လယ်ပြင်ရှိ ဖလော်ရီဒါ သန္တာကျောက်တန်းကြီး (Florida Reef) များကို အကြောင်းပြု၍ ကမ္ဘာလှည့်ခရီးသွားများထံမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းနှင့်ချီ၍ ရရှိနေကြခြင်းသည် သန္တာကျောက်တန်းများ၏ ဆွဲဆောင်မှုကြောင့်ပင် ဖြစ်သည်။

သန္တာကျောက်တန်းများကို အီကွေတာနှင့်နီးသော ဒေသတစ်ဝိုက်တွင် အများအပြားတွေ့ရှိနိုင်သည်။ အဆိုပါ ဒေသတွင် ရေတိမ်သန္တာကျောက်တန်းပေါင်း ၆၀၀ ကျော်မျှ ရှိနေသည်။ သို့ရာတွင် ဆော်လမွန်ကျွန်းစုများမှသည် ဩစတြေးလျတိုက်၏ မြောက်ဘက်စွန်းကိုဖြတ်သန်းပြီး ဘော်နီယိုကျွန်းစုနှင့် ဖိလစ်ပိုင်ကျွန်းစုများဆီတိုင် ကျယ်ပြန့်စွာ တည်ရှိနေသော ကြိဂံသန္တာကျောက်တန်းများသည် စုစုပေါင်း စတုရန်းကီလိုမီတာ ၅.၇ သန်း ရှိနေသည့်အတွက် ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အကျယ်ပြန့်ဆုံးသော သန္တာကျောက်တန်းအုပ်စုကြီးပင် ဖြစ်သည်။

အဆိုပါ ကြိဂံသန္တာကျောက်တန်းကြီးကို အမှီပြု၍ ငါးမန်းနှင့် ပင်လယ်လိပ်ကြီးများ၊ ငါးလက်တုံနှင့် ငါးလိပ်ကျောက် စသော ငါးအမျိုးအစားပေါင်း ၃၀၀၀ ခန့်နှင့် လင်းပိုင်မျိုးစိတ်ပေါင်း ၂၀ ကျော်တို့ ရှင်သန်ပေါက်ဖွား ကျက်စားလျက်ရှိနေသည်။

သန္တာကျောက်တန်းများသည် ပင်လယ်ရေအောက်ကြမ်းပြင်ပေါ်၌ သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသော ရေအောက် တောင်တန်းများမဟုတ်ဘဲ ပင်လယ်ရေပြင်အတွင်း ရှင်သန်ပေါက်ဖွားနေကြသည့် ရေသတ္တဝါငယ်ကလေးများက တည်ဆောက်ပေးသည့် အဆောက်အအုံများသာလျှင် ဖြစ်ကြသည်။ တစ်နည်းဆိုရသော် သန္တာကျောက်တန်းများသည် ဂေဟာစနစ်ကောင်းမွန်သော ပင်လယ်ရေအောက် နယ်မြေအတွင်း ဇီဝယန္တရား လည်ပတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ရှင်သပ်ရှုမောဖွယ်ရာ ရေအောက်အဆောက်အအုံများဖြစ်ကြသည်။ သန္တာကျောက်တန်းများကို ပိုလစ် (Polyp) ဟုခေါ်သော အလွန်သေးငယ်သည့် ပင်လယ်ရေအောက် သတ္တဝါငယ်ကလေးများ၊ အကောင်ရေ သန်းထောင်ပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ ပိုလစ် ရေသတ္တဝါငယ်လေးများသည် အမြဲဆာလောင်နေကြပြီး၊ ယင်းတို့၏အနီးမှ ဖြတ်သန်းကူးခတ်သွားသော အပင်မျောလေးနှင့် အကောင်မျောလေးများ၊ ပိုးကောင်နှင့် သံပြွပ်ကောင်များ၊ ငါးများကို အဆိပ်နှင့်ထိုးပြီး မေ့မျောအောင်ပြုလုပ်ကာ တိုက်ရိုက်မျိုချခြင်းအားဖြင့် အစာချက်လုပ်ကာ ရှင်သန်ကြရသည်။

သန္တာပိုလစ် အကောင်ငယ်ကလေးများ



**သန္တာကျောက်တန်းများသည် ပင်လယ်ရေအောက်ရှိ ရေနေသတ္တဝါမျိုးစိတ်ပေါင်း ၃၀၀၀ ကျော်တို့ ရှင်သန်ပေါက်ဖွားရာ သဘာဝပတ်ဝန်းကျင်ကြီးဖြစ်သလို၊ အစားကြူးသည့် ငါးများ၏ အန္တရာယ်မှလည်းကောင်း၊ မသိမသာ ကိုက်ဖြတ်ဖျက်ဆီးတတ်သည့် ရေသတ္တဝါတို့၏ အန္တရာယ်မှလည်းကောင်း၊ ဆူနာမီရေလှိုင်းတို့၏ အန္တရာယ်မှ လည်းကောင်း ကာကွယ်နိုင်ရန်အတွက်**

အတွက် လိုအပ်သော အဓိကစွမ်းအင်ကို နေရောင်ခြည်ကတစ်ဆင့် ရယူကြသည့်အတွက် အီကွေတာ၏ တစ်ဘက်တစ်ချက် ၃၀ ဒီဂရီအတွင်းရှိ ပင်လယ်နှင့် သမုဒ္ဒရာ ချေပြင်များတွင် သန္တာကောင်မျိုးစိတ်များစွာတို့ ပေါက်ဖွားရှင်သန်နေကြခြင်းဖြစ်သည်။ ထို့ကြောင်းပင် သန္တာပိုလစ် ရေသတ္တဝါငယ်ကလေးများက တည်ဆောက်သည့် သန္တာကျောက်တန်းများကို အီကွေတာနှင့်နီးကပ်သော ပူနွေးသည့် ကမ်းလွန်ပင်လယ် ချေပြင်များ၏အောက်တွင် အများအပြားတွေ့ရှိရခြင်း ဖြစ်သည်။

အများစုသော သန္တာပိုလစ် ရေသတ္တဝါငယ်လေးများသည် ပင်လယ်ရေမျက်နှာပြင်နှင့် နီးကပ်စွာနေထိုင်ရှင်သန်ကြရင်း သန္တာကျောက်တန်းများကို စဉ်ဆက်မပြတ် တည်ဆောက်လျက်ရှိနေကြသည်။ သို့ရာတွင် အချို့သော သန္တာကောင်မျိုးစိတ်များသည် သမုဒ္ဒရာ ကြမ်းပြင်မှ ထိုးထွက်နေသော ရေအောက်တောင်များ၏ ပတ်လည်တွင် ရှင်သန်ကျက်စားလျက်ရှိသည်။ သမုဒ္ဒရာချေပြင်အောက် မီတာ ၅၀၀၀ မျှနက်သည့် မည်းမှောင် အေးစိမ့်သော နေရာများ၌ နေထိုင်ရင်း သန္တာကျောက်တန်းများကို အလွန်နှေးကွေးသောနှုန်းဖြင့် တည်ဆောက်နေကြသည်။

သန္တာကျောက်တန်းများသည် ပင်လယ်ရေအောက်ရှိ ရေနေသတ္တဝါမျိုးစိတ်ပေါင်း ၃၀၀၀ ကျော်တို့ ရှင်သန်ပေါက်ဖွားရာ သဘာဝပတ်ဝန်းကျင်ကြီးဖြစ်သလို၊ အစားကြူးသည့် ငါးများ၏ အန္တရာယ်မှလည်းကောင်း၊ မသိမသာ ကိုက်ဖြတ်ဖျက်ဆီးတတ်သည့် ရေသတ္တဝါတို့၏ အန္တရာယ်မှလည်းကောင်း၊ ဆူနာမီရေလှိုင်းတို့၏ အန္တရာယ်မှ လည်းကောင်း ကာကွယ်နိုင်ရန်အတွက် မတူကွဲပြားသော ပုံပန်းသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွဲ့စည်း ဖြစ်တည်လျက်ရှိနေကြသည်။

ထို့ကြောင့်ပင် သန္တာကျောက်တန်းများကို စေ့စေ့သေချာစွာ လေ့လာကြည့်ပါက ပန်းဂေါ်ဖီပွင့် ပုံသဏ္ဌာန်များ၊ မှိုပွင့်ပုံသဏ္ဌာန်များ၊ ပန်းပွင့်ပုံသဏ္ဌာန်များ၊ ကြာပွတ်ပုံသဏ္ဌာန်များ၊ ယပ်တောင်ပုံသဏ္ဌာန်များ စသည်ဖြင့် ထူးခြားအံ့ဩဖွယ်ရာ ပုံသဏ္ဌာန်အမျိုးမျိုးတို့သည် သူ့နေရာနှင့်သူ ဖြစ်တည်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

**သန္တာကျောက်တန်းတို့၏ ဗိသုကာများ ဖြစ်ကြသော သန္တာပိုလစ် ရေသတ္တဝါ**

**ငယ်လေးများ၏ မျိုးပွားပုံကမူ အထူးပင် စိတ်ဝင်စားစရာ ကောင်းလှသည်။ သန္တာကောင်လေးများသည် ဖိုမဆက်ဆံမှုမရှိဘဲ ကွဲပွားနည်းဖြင့်လည်း မျိုးပွားနိုင်ကြသည်။ ဖိုမဆက်ဆံမှုဖြင့်လည်း မျိုးပွားနိုင်ကြသည်။ ထို့ပြင် ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များ၏ အောက်တွင် အဖိုသန္တာကောင်များက ထုတ်လွှတ်ထားသော သုတ်ကောင်များနှင့် အမ သန္တာကောင်များက ထုတ်လွှတ်ထားသော မျိုးဥကလေးများမှာ သဘာဝ အလျောက် ကူးခတ်ရင်း တွေ့ဆုံသွားကြပြီး သန္တာကောင် ပိုးလောက်လန်းများ အဖြစ်လည်း ပေါက်ဖွားလာနိုင်ကြသည်။ အဆိုပါ ဖြစ်စဉ်သည် အဏ္ဏဝါဇီဝဗေဒ ပညာရှင်တို့အတွက် အလွန်စိတ်ဝင်စားစရာ ကောင်းသော ရေအောက်မျိုးအောင်ခြင်းပင် ဖြစ်သည်။**

နည်းလမ်းမျိုးစုံဖြင့် ပေါက်ဖွားလာကြသော သန္တာပိုလစ် ရေသတ္တဝါငယ်လေးများသည် သန္တာကျောက်တန်းမရှိသေးသော နေရာများဆီသို့ ကူးခတ်သွားကြပြီး သန္တာကျောက်တန်းအသစ်များကို စတင်တည်ဆောက်ကြတော့သည်။ သန္တာကျောက်တန်းအသစ်များ၏ ဖြစ်ပေါ်တည်ရှိမှုနှုန်းမှာ အလွန်ကောင်းမွန်သော ရေအောက်ဂေဟစနစ် ဖြစ်ထွန်းနေရိုးရှိ၍ပင် ၂ စင်တီမီတာခန့် ကြီးထွားလာရန်အတွက် အနည်းဆုံး အချိန်ကာလ တစ်နှစ်ကြာမြင့်သည်။ ထို့ကြောင့်ပင် ဧရာမ သန္တာကျောက်တန်းကြီးများ ဖြစ်တည်လာစေရန်အတွက် နှစ်ပေါင်း သန်းနှင့်ချီ၍ ကြာမြင့်ခြင်းဖြစ်သည်။



မျက်မှောက်ကာလတွင် ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် တစ်ကမ္ဘာလုံးက ထုတ်လွှတ်နေကြသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကြောင့် ကမ္ဘာကြီး ပူနွေးလာနေမှုနှင့်အတူ ပင်လယ်နှင့် သမုဒ္ဒရာရေများ အပူချိန်တိုးလာလျက်ရှိနေသည်။ ပင်လယ်နှင့် သမုဒ္ဒရာရေများ အပူချိန်တိုးလာခြင်းကြောင့် သန္တာကျောက်တန်းများ၏ ရှင်သန်ရပ်တည်မှုအတွက် လိုအပ်သော အယ်လ်ဂျေများကို စွန့်ထုတ်လိုက်ကြရသည်ဖြစ်ရာ သန္တာကျောက်တန်းအချို့၏ နေရာအများစုတွင် ယခင်ကကဲ့သို့ အစိမ်း၊ အဝါ၊ အညိုစသော အရောင်အသွေးများ မရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်လာခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူနေရမှု ပမာဏ လွန်ကဲစွာမြင့်တက်လာခြင်းကြောင့် ပင်လယ်နှင့် သမုဒ္ဒရာရေများ အချဉ်ပေါက်လာသည့်အတွက် သန္တာကျောက်တန်းများ အက်ကွဲလာခြင်း၊ ဓာတုအညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် ပင်လယ်နှင့် သမုဒ္ဒရာရေများ ညစ်ညမ်းပြီး သန္တာကျောက်တန်း၏ ဂေဟစနစ် ထိခိုက်လာခြင်း၊ မိုင်းခွဲပြီး ငါးဖမ်းခြင်းနှင့် ပိုက်ချငါးဖမ်းခြင်းများကြောင့် သန္တာကျောက်တန်းများ ကျိုးပဲ့ပျက်စီးသွားခြင်း စသည်တို့ကို ရင်ဆိုင်နေရသည်။



သန္တာကျောက်တန်း၏ ဗိသုကာများဖြစ်ကြသော သန္တာပိုလစ်ကောင်ကလေးများ၏ ဇွဲဝီရိယရှိစွာ စဉ်ဆက်မပြတ် လည်ပတ်မှုဖြင့် ဖြစ်တည်လာသော၊ သက်တမ်းအားဖြင့် နှစ်ပေါင်းသန်းနှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သော၊ ပင်လယ်ရေအောက် ဂေဟစနစ်၏ အဓိပတိဖြစ်သော၊ ရေနေသတ္တဝါမျိုးစိတ်ပေါင်း ၃၀၀၀ ကျော်၏ မှီခိုအားထားရှင်သန်ပေါက်ဖွားရာဖြစ်သော၊ သန္တာကျောက်တန်းများကို ပျက်စီးမှုဖြစ်စေမည့် လုပ်ရပ်မှန်သမျှကို ရှောင်ရှားကြခြင်းအားဖြင့် သန္တာကျောက်တန်းများကလည်း ဂေဟစနစ်ကောင်းမွန်ပြည့်စုံသော ရေအောက်ကမ္ဘာလောကကြီးအဖြစ် ထာဝရ အလှဆင်ပေးနေလိမ့်မည် ဖြစ်ပေသည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**












# သန့်ရှင်းရေး သန့်ရှင်းရေးဟုဆိုကာ

ဘနှင်း(မြန်မာပြန်)

Are You A Litterbug by William S.Dutton
(R.D:June 1994)

ဤသို့အားဖြင့် အဝေးပြေးကားလမ်းများပေါ်တွင် တာဝန်ကျသူရဲများအား စည်းကမ်းမဲ့စွာ အမှိုက်ပစ်သူများကို ကားအမြန်မောင်းသူများလိုပင် ဖမ်းဆီးရန် အမိန့်ပေးထားခဲ့သည်။

ကျွန်ုပ်တို့ အမေရိကန်လူမျိုးများသည် အသန့်ရှင်းဆုံးနှင့် အညစ်ပတ်ဆုံးနိုင်ငံသားများ ဖြစ်ကြသည်။ အခြားနိုင်ငံများထက် ပိုမို၍ ရေ၊ ဆပ်ပြာ၊ တံမြက်စည်း၊ ပိုးသတ်ဆေးများ သုံးစွဲကြသည်။ သွားနှိုကို ကျိုသောက်ကြသည်။ သန့်ရှင်းသော သောက်ရေ၊ သုံးရေများကို သုံးစွဲကြသည်။ ယင်ကောင်ကို ရှုံရှာမုန်းတီးကြသည်။ သို့သော် လမ်းများ၊ ပန်းခြံများ၊ ကမ်းခြေများတွင် ဘီယာဘူးခွံများ၊ အချိုရည်ပုလင်းခွံများ၊ စက္ကူစုတ်များ၊ စီးကရက်ဘူးခွံများ၊ ပစ္စည်းဟောင်းများကို စည်းကမ်းမဲ့စွာ စွန့်ပစ်ထားတတ်ကြသည်။ ထိုအရာများသည် ယဉ်ကျေးသော တိုင်းပြည်သားများအတွက် ထိတ်လန့်စရာအကောင်းဆုံးအရာများ ဖြစ်ကြသည်။

ဗြိတိသျှခရီးသည် တစ်ယောက်က ဘယ်လ်ဂျီယံနှင့် တိုင်းပြည်၏ မြို့တော်အကြားရှိ အမှတ်တစ် အဝေးပြေးလမ်းမကြီးကိုကြည့်ပြီး

အလွန်ကြောက်သွားခဲ့သည်။ နှစ်ဆယ့်ရှစ်မိုင်ခန့် ရှည်လျားသော အမှိုက်များသည် ကျွန်ုပ်တို့နိုင်ငံမှထွက်သော အစားအသောက်များ၊ အချိုရည်ပုလင်းများ၊ ဆေးလိပ်များကို ကြော်ငြာပေးသကဲ့သို့ ဖြစ်နေကြသည်။

အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံးတွင် ထိုပုံစံအတိုင်း ဖြစ်နေ၏။ ဝိုမင်းပြည်နယ် ဘစ်ဟွန်ရုစ်တားကမ်းဘေးတွင်ရှိသော ဂရေးဘူးလ်မြို့တွင် လူဦးရေ ၂၅၀၀ သာရှိ၏။ နယ်မြေဒေသကျယ်ဝန်းပြီး၊ လူဦးရေနည်းသဖြင့် အမှိုက်သရိုက်မရှိဟု သင်ထင်ပေလိမ့်မည်။ သို့ရာတွင် အယ်(က်)လော့(ဂ်)က ဘွိုင်းစကောက်များအား မြို့တွင်းသို့လာသော လမ်းများပေါ်ရှိ ဘီယာဘူးခွံများကို တစ်ဘူးလျှင် တစ်ပဲနီပေး၍ ကောက်နိုင်းသောအခါ တစ်နေ့ လယ်ခင်းမှာပင် ဘီယာဘူးခွံ ၇၄၀၀ ကောက်နိုင်ခဲ့၏။

လွန်ခဲ့သော ဆောင်းရာသီက နယူးယောက်မြို့ လူထုဆက်သွယ်ရေး ကုမ္ပဏီတစ်ခုသည် အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးကို လေ့လာရေးပြုလုပ်ခဲ့၏။ အမှိုက်ကင်းသောပြည်နယ်ဟူ၍ မရှိပေ။ ထိုကိစ္စကို ပပျောက်အောင်လုပ်ရန်အတွက် လက်ရှိဥပဒေများမှာ အားနည်းလွန်းလှ၏။ တစ်ခါတစ်ရံသာ သန့်ရှင်းရေးကို ပြင်းပြင်းထန်ထန်ပြုလုပ်ကြ၏။ တစ်ခဏသာဖြစ်သည်။ ဤသို့လုပ်ရုံဖြင့် ပုလိပ်ရောဂါကို မတားဆီးနိုင်ပေ။

မည်သူတွင် တာဝန်ရှိပါသလဲ၊ ထိုလေ့လာမှုကို ညွှန်ကြားသူ **ဟောင်းဝင်ရှေ့(စ်)** က ဖြေသည်။ ''အိပ်ရာထဲလဲနေသူတွေ၊ ထောင်ကျနေသူတွေနဲ့ မွေးစကလေးတွေကလွဲပြီး ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်''

ထိုကဲ့သို့ ဖြစ်ရခြင်းအကြောင်းမှာ ရှင်းပါသည်။ ယခင်ကဆိုလျှင် စွန့်ပစ်ရမည့်အမှိုက်အနည်းငယ်သာရှိ၏။ အစားအသောက်များကိုခွက်ဖြင့်သော်လည်းကောင်း၊ စည်များဖြင့်သော်လည်းကောင်း ရောင်းကြ၏။ ရေခဲမုန့်ကို ပန်းကန်ဖြင့်ဝယ်ပြီး အိမ်ယူသွားကြ၏။ ဘီယာကို ပုံးခွံဖြင့်ဝယ်ကြ၏။ သစ်သားသေတ္တာနှင့် စည်ပိုင်းများပျက်သောအခါ ထင်းအဖြစ်အသုံးပြုကြ၏။ စားစရာများကို သတင်းစာဖြင့်ထုပ်ပြီး ကြိုးဖြင့်သယ်သွားကြ၏။ လူအများသည် အိမ်နှင့်ဝေးဝေးသို့ မ,သွားကြ၏။ အမှိုက်များကို မြက်ခင်းပေါ်တွင် သတ်မှတ်ပြီး စုပုံကြ၏။

ယခုအခါ ထုပ်ပိုးပစ္စည်းများ အလွန်လိုအပ်လာလေပြီ။ စတိုးဆိုင်မှ တစ်ခေါက်ပြန်လာလျှင် စက္ကူအိတ်များ၊ ကတ်ထူဘူးများ၊ ဘူးခွံများ၊ ပုလင်းများ၊ ဖန်ဘူးများ ပါလာမြဲဖြစ်၏။ ကျွန်ုပ်တို့သည် သုံးနေကျ ရေခွက်များကိုစွန့်၍ လှပသော စက္ကူခွက်များကိုသုံးစွဲကြ၏။ ဘီယာကို ရေတကောင်းများဖြင့် မထည့်တော့ဘဲ သံဘူးများ၊ ပုလင်းများဖြင့် ထည့်ကြ၏။ အချိုရည်များကိုလည်း သံဘူးဖြင့်ထည့်ကြ၏။ ခဲထားသော အစာများကိုလည်း သံဘူးဖြင့်ထည့်ကြ၏။ ၁၉၅၃ ခုနှစ်တွင် တစ်ခါသုံး သံဘူး ၃၅ ဘီလျံ ထုတ်ခဲ့၏။ ထိုသံဘူးများကို တစ်နည်းနည်းဖြင့် ဖျက်ဆီးရပေတော့မည်။

တစ်ချိန်တည်းမှာပင် ကားဖြင့် ခရီးသွားနေသော လူသန်းပေါင်းများစွာသည် ထုပ်ပိုးခွံများကို သုံးသန်းမျှရှည်သော ကားလမ်းများပေါ်တွင် စွန့်ပစ်ခဲ့ကြ၏။ အနောက်အလယ်ပိုင်းမှ လယ်သမားတစ်ဦးသည် သူပိုင်သော လမ်းများပေါ်မှ အမှိုက်များကို ကောက်၍ ရုံးလော့ကားထစ်များပေါ်တွင် စုပုံပြီး လူထုဆက်ဆံရေးအရာရှိများကို တိုင်ကြားခဲ့၏။ သို့သော် အကြောင်းမထူးပေ။ နေရာတိုင်းတွင် ပေါ်ပေါက်နေသော မကျေနပ်မှုလိုပင် ဖြစ်နေတော့သည်။

စည်းကမ်းမရှိမှုအတွက် အပြစ်ဒဏ်များကို တိုးမြှင့်ထား၏။ ဒဏ်ငွေဒေါ်လာ ၁၀၀ မှ တောင်ကာရိုလိုင်းနား၊ နီဘရာစကား၊ အင်ဒီးယားနားနှင့် ပြည်နယ်အချို့တွင် ထောင်ဒဏ်သတ်မှတ်ထား၏။ အိုဟိုင်းအိုနှင့် နယူးဂျာစီပြည်နယ်များတွင် အဝေးပြေး ကားလမ်းများပေါ်တွင် တာဝန်ကျသူရဲများအား စည်းကမ်းမဲ့စွာ အမှိုက်ပစ်သူများအား ကားအမြန်မောင်းသူများလိုပင် ဖမ်း



ဆီးရန် အမိန့်ပေးထားခဲ့သည်။ ကုန်ကား ပိုင်ရှင်များမှာ ဘီယာပုလင်းများကြောင့် ကားတာယာများ ပျက်စီးသည်ကို မခံမရပ်နိုင်အောင် ဖြစ်လာကြ၏။

ထို့ကြောင့် ဘီယာကို ပုလင်းပြန်အပ်သော စနစ်ဖြင့်ရောင်းရန် အမိန့်ထုတ်ထား၏။ ထိုဥပဒေကို ဘီယာထုတ်လုပ်သူများက မကျေနပ်သဖြင့် ပယ်ဖျက်ပေးရန် တောင်းဆိုနေကြ၏။ ဘီယာသယ်သော ကားများသည် ကြိုတင်ငွေအများကြီးတင်ပြီးမှသာ တစ်နေရာမှ တစ်နေရာသို့ ဘီယာပုလင်း တင်ဆောင်မောင်းနှင့်ရကြသည်။

မြို့ပြဆိုင်ရာ အဖွဲ့အစည်းများကလည်း သူတို့အလုပ်ကို လုပ်ကိုင်နေကြပါသည်။ The National Council of Garden Clubs သည် State Roadside Council ကဲ့သို့သော အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ The Great American Disgrace ဟု အမည်ပေးထားသော ထိုကိစ္စ ပပျောက်အောင် အမျိုးသားလှုပ်ရှားမှု အသွင်သဏ္ဌာန်ဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်နေပြီဖြစ်၏။ ထိုလုပ်ငန်း၏ အမှတ်အသားအဖြစ် အရုပ်ဆိုးသော ကြမ်းပိုးတစ်ကောင်က အမှိုက်များလွှင့်ပစ်နေပုံကို ကာတွန်းရေးဆွဲပြီး ခြေကြောင်းကြိုသံမှာ Don't be a Litterbug ဟု ရေးထားသည်။ ဤအထိမ်းအမှတ် တံဆိပ်များကို မော်တော်ကားများပေါ်တွင် ချိတ်ထားရန်အတွက် ရေစိုပေါ်ပေါ်ဖြင့် ရောင်းချသည်။ အစည်းအဝေး ခန်းမဆောင်နှင့် စာသင်ကျောင်းများတွင် ပိုစတာများရေးဆွဲပြီး ချိတ်ထား၏။



လမ်းပေါ်မှာ ဘီယာဘူးခွံတွေ

လွှင့်ပစ်တာဟာ ကျွန်တော်တို့နဲ့

မဆိုင်ပါဘူး။ ဒါပေမဲ့

ဘီယာဘူးခွံတွေအပေါ်မှာ

ကျွန်တော်တို့ စက်ရုံအမည်ပါနေ

တာကြောင့် လူတွေက

ကျွန်တော်တို့မှာ

တာဝန်ရှိတယ်လို့ . . .

အားကစားကွင်းများ၊ လမ်းဘေးများနှင့် ပန်းခြံများတွင် သတ္တုပြားပေါ်တွင် မပျက်နိုင်သော ဆေးဖြင့် အလားတူဆိုင်းဘုတ်များ ရေးဆွဲရိုက်ထားခဲ့သေးသည်။

စည်းကမ်းမဲ့မှုကို ဆန့်ကျင်သော




အထင်ရှားဆုံးအဖွဲ့အစည်းမှာ နယူးယောက်စီးတီးတွင် ဌာနချုပ်ဖွင့်ထားသော Keep America Beautiful (KAB) အဖွဲ့အစည်းဖြစ်သည်။ ကောအောဘီ၏ လှုပ်ရှားမှုကို American Can Co. ဥက္ကဋ္ဌ ဝိလျံစီတော့က ဦးဆောင်၏။ အေစီစီကုမ္ပဏီသည် တရိပ်ရိပ်မြင့်တက်နေသော သံဘူးခွံထုတ်လုပ်မှု၏ လေးဆယ်ရာခိုင်နှုန်းကို ထုတ်လုပ်သော ကုမ္ပဏီဖြစ်သည်။ ချာတာမင်ဘာများမှာ ဘူးခွံ၊ ပုလင်း၊ သေတ္တာ၊ စက္ကူအိတ် ထုတ်လုပ်သော လုပ်ငန်းရှင်ကြီးများဖြစ်သည်။ ဘီယာစက်ရုံပိုင်ရှင်များနှင့် ပိုင်အရက်ချက်စက်ရုံပိုင်ရှင်များလည်း ပူးပေါင်းဆောင်ရွက်ကြ၏။

၎င်းပြင် စီးကရက်ထုတ်လုပ်သူများ၊ စက္ကူမီးခြစ်ဘူး ထုတ်လုပ်သူများ၊ ချွင်ဂမ်၊ ရေခဲမုန့်ထည့် ခွက်များ၊ အချိုရည်ပုလင်း၊ သတ္တုအဖုံးဘူးခွံ၊ ဆယ်လိုဖိန်စက္ကူစသည်ဖြင့် စွန့်ပစ်ပစ္စည်းထုတ်လုပ်သူများလည်း ပူးပေါင်းဆောင်ရွက်ကြ၏။ သတင်းစာ ထုတ်ဝေသူများ၊ မော်တော်ကား စက်ရုံပိုင်ရှင်များ၊ ကြော်ငြာလောင်စာ ထုတ်လုပ်သူများကလည်း ပါဝင်ကြ၏။ ဤအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်စေခြင်းမှာ အမှိုက်ပြဿနာကို တကယ်တန်း ထိထိရောက်ရောက် ဖြေရှင်းပါက ၎င်းတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်သောကြောင့် ဖြစ်ပါသည်။

ဘီယာထုတ်လုပ်သူတစ်ယောက်က ပြော၏။ ''တကယ်တော့ လမ်းပေါ်မှာ ဘီယာဘူးခွံတွေ လွှင့်ပစ်တာဟာ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး။ ဒါပေမဲ့ ဘီယာဘူးခွံတွေအပေါ်မှာ ကျွန်တော်တို့ စက်ရုံအမည်ပါနေတာကြောင့် လူတွေက ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ ယူဆနေကြတယ်။ ကျွန်တော်တို့ ရင်ဆိုင်နေရတာ အဲဒီအချက်ပါပဲ''

Keep American Beautiful အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက Anti Litter နှိုးဆော်ချက်များကို သံဘူးခွံများ၊ လက်ဖက်ရည်ထည့်ခွက်များ၊ ပုလင်းများ၊ စက္ကူဘူးများပေါ်တွင် ရေးသားထားရပေမည်။ ရေဒီယို၊ တီဗွီနှင့် သတင်းစာများ၊ မဂ္ဂဇင်းများမှလည်း သတိပေးနှိုးဆော်ရန် လို၏။ ဤအတိုင်း ဆက်လက်ဆောင်ရွက်မည်ဆိုပါက လူထုသည် ထိုလုပ်ငန်းကို

ပူးပေါင်းပါဝင် ဆောင်ရွက်လာမည်သာဖြစ်၏။

ဥပဟုဂ္ဂိုလ်များအတွင်းရှိ ကာလပ်ပိုင်ရှင်များကလည်း အမှိုက်များ စည်းကမ်းမဲ့စွာ လွှင့်ပစ်မှုပပျောက်သွားအောင် တင်ပြထားသော အချက်တစ်ချက်ရှိသေးသည်။ မော်တော်ကားများအတွင်း အမှိုက်ထည့်သော အိတ်တစ်အိတ် ယူဆောင်သွားရန်ဖြစ်သည်။

အညိုရောင် စက္ကူအထူဖြင့် ပြုလုပ်ထားသော အောက်ခြေလေးထောင့် ပုံသဏ္ဌာန်ရှိသည့် အိတ်ဖြစ်သည်။ အရွယ်အစားအားဖြင့် ဈေးဝယ်အိတ်၏ တစ်ဝက်ခန့်ရှိ၏။ ကားတံခါးအတွင်းပိုင်းတွင် ချိတ်ထားရန်လို၏။ အများအပြားဝယ်လျှင် တစ်ဆင့်ခွဲ တန်ပြီး၊ သုံးလကြာသုံးစွဲနိုင်၏။ လောင်စာဆီထုတ်လုပ်သော ကုမ္ပဏီများမှ ထိုအိတ်များကို တာဝန်ယူထုတ်ပေးလိမ့်မည်ဟု မျှော်လင့်ထားကြ၏။

The National Park သည် ထိုစိတ်ကူးကို လွှန်ခဲ့သော နွေရာသီက စတင်ဆောင်ရွက်ခဲ့သည်။ ပန်းခြံအစောင့်များသည် ရောက်လာသော ကားတိုင်းအား ထိုအိတ်များပေးပြီး ရည်ရွယ်ချက်ကို ရှင်းပြ၏။ အိတ်ကို လွှင့်မပစ်ဘဲ ပြန်ပေးရန်မှာကြား၏။ လုပ်ငန်းစတင်လေပြီ။

The Mid-continent Oil Company ကလည်း ထိုအစီအစဉ်ကို အုတ်ကလာဟိုမာပြည်နယ် တူ(လ်)ဆာမြို့တွင် စတင်လုပ်




ခဲ့၏။ ဆိုင်သို့ ဆီလာဖြည့်သော ကားတိုင်းအား ထိုအိတ်ပေးပြီး မည်သည့်ဓာတ်ဆီဆိုင်ကမဆို ထိုအိတ်တွင်းမှ အမှိုက်များကို ဝမ်းသာအားရသွန်ပေးပါမည်ဖြစ်ကြောင်း ပြောပြသည်။

အခြားသော လောင်စာဆီထုတ်လုပ်သော ကုမ္ပဏီများကမူ ထိုကဲ့သို့လုပ်ရန် ဝန်လေးနေကြဆဲဖြစ်သည်။ အမှိုက်သိမ်းနေရပါက သူတို့လုပ်ငန်း နှောင့်နှေးကြန့်ကြာမည်ဟု အကြောင်းပြကြသည်။ Iowa Petroleum Retailers Assn ကမူ ထိုကဲ့သို့ လုပ်ပေးရန် သဘောတူ၏။

မကြာခင်မှာပင် ကျွန်ုပ်တို့၏ ကားများထဲတွင် လမ်းပြမြေပုံများ မဖြစ်မနေပါသလို အမှိုက်ထည့်သည့် အိတ်များလည်းပါမည်ကို သံသယဖြစ်ဖွယ် မရှိတော့ပါ။ ခေါင်းမာသော မော်တော်ကားပိုင်ရှင်များသာ ကားထဲတွင် အမှိုက်အိတ်ထားဖို့ ငြင်းဆန်ပေလိမ့်မည်။ ကျွန်ုပ်တို့ တိုင်းပြည်သန့်ရှင်းစေရန်အတွက် အမှိုက်များအား စည်းကမ်းမဲ့စွာ လွှင့်မပစ်ရန်မှာ အမေရိကန်လူမျိုးတိုင်း၏ တာဝန်သာဖြစ်ပါသတည်း။

**ဘနင်း(မြန်မာပြန်)**

## မိမိကိုယ်မိမိ စိတ်ချသူ



အစိုးရအဖွဲ့ဝင် ပြည်သူ့အကျိုးဆောင် ပုဂ္ဂိုလ်တစ်ဦးဟာ နှစ်ဦးဘဝတုန်းက ပြိုင်ဘက်နဲ့ နှစ်ယောက်ချင်း စီးချင်းထိုးပွဲ(Duel) တွေ အများအပြားကြုံခဲ့ရတယ်၊ တစ်ခါတော့ မြို့တော်နဲ့အလှမ်းဝေးတဲ့ အစွန်အဖျားနေရာတစ်ခုမှာ နှစ်ယောက်ချင်းသဘောတူ ဖိုက်ကြဖို့ဖြစ်လာတယ်။

သူရော သူ့ပြိုင်ဘက်ရော အဲဒီနေရာ မီးရထားဘူတာရုံကို တစ်ချိန်တည်း ရောက်လာကြတယ်။ ပြိုင်ဘက်ပုဂ္ဂိုလ်က ဘူတာရုံမှာ အသွားအပြန် လက်မှတ်ဝယ်ခဲ့ပေမဲ့ ကိုယ်တို့ဓာတ်လိုက်က အသွားအတွက်ပဲ လက်မှတ်ဝယ်တယ်။

''ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းလှချေလား'' လို့ ပြိုင်ဘက်က လှောင်တယ်၊

''ကျုပ်က နှစ်ယောက်ချင်းဖိုက်ပြီးရင် အမြဲတန်း ပြိုင်ဘက်ရဲ့ အပြန်လက်မှတ်ကိုပဲ သုံးလေ့ရှိတယ်ဗျ''လို့ ပြန်ပြောလိုက်ပါတယ်။ ●

**မောင်သီဟ**

"ကျွန်တော့်နာမည်က 'အောင်ပု'၊ ဦးလေး မြင်တဲ့အတိုင်း ကိုယ်လုံးကိုယ်ပေါက်က သေးသေးလေး၊ အရပ်ကလည်း ပုပုလေးဆိုတော့ လူတွေက ပြောင်နောက်ပြီး 'ဗလကြီး'လို့ ခေါ်ခဲ့ကြတာ၊ 'ဗလကြီးအောင်ပု'ပေါ့၊ ကြာတော့ အဲဒီလူတွေက 'အောင်ပု' ထည့်ခေါ်ရတာ ရှည်တယ်ဆိုပြီး 'ဗလကြီး'လို့ပဲ ခေါ်ကြတာ"

ဗလကြီးက ပါးစပ်က သွက်သကဲ့သို့ လက်ကလည်း သွက်သည်။ ပက်လက်လှန်သော ဦးမန်းစောၡ ခြေသလုံးပေါ်မှာ ဗလကြီး၏လက်ချောင်းကလေးများက စနှယား ခလုတ်နှိပ်သည့်အလား သွက်လက်လှုပ်ရှား နေလေသည်။ "အဖ သမီးကျောင်းသွားတော့မယ်"

ဦးမန်းစော၏ သမီးအငယ်မ 'နော်ဖော'က အ-မ-က လိန်ကုန်းမှာ တာဝန်ကျသော အလယ်တန်းပြဆရာမ။ သူမက ဦးမန်းစောကို 'အဖေ'ဟု မခေါ်။ ကရင်

ပန်းတရှူး



**အနိုပ်ခံပြီး အပူထုတ်တာမခံတဲ့လူမှာတော့ နှစ်မျိုးခံစားရတယ်၊**

**တစ်မျိုးက အပူမစုတာ၊ တစ်မျိုးက အပူစုတာ၊ အပူမစုတာဆိုတာက အနိုပ်ခံတဲ့လူမှာ အပူတွေစုမနေအောင်**

**အနိုပ်သည်က အပူတွေဖြန့်ပေးတာ၊ သဘောက . . .**

တိုင်းရင်းသားတို့၏ ခေလှေထုံးစံအတိုင်း 'အဖ'ဟုခေါ်ခြင်းဖြစ်သည်။ ''သမီးအမိုးဆီက မုန့်ဗိုးယူသွားအုံးလေ''ဟု အနိုပ်ခံနေသော ဦးမန်းစောက သတိပေးသည်။

သည်အဖေက အလယ်တန်းပြဆရာမ ဖြစ်သည်မှာ သုံးနှစ်ပင်ကျော်ပြီဖြစ်သော သမီးချိုကို မုလာဆန်းကျောင်းသူဟု သဘောထားနေဆဲ။

''ပေးပြီးပါပြီတော်''

ခဆေးပစ္စည်းမျိုးစုံရောင်းသည့် ကုန်စုံဆိုင်ထဲရှိ ကောင်တာစားပွဲတွင် ထိုင်နေရာမှ ဇနီးဖြစ်သူ 'ဒေါ်နော်ကူး'က လှမ်းအော်ပြောခြင်းဖြစ်သည်။

မိခင်၏ စကားအဆုံး၌ သမီးကြီး 'နော်အယ်'ကလည်း–

''အဝယ်မကာ သိပ်လည်တယ်၊ သူ့လစာရှိသားနဲ့ အမိုးဆီက မုန့်ဖိုးတောင်းတယ်၊ သမီးဆီကလည်း အနှမ်း မုန့်ဖိုးပေးဆိုပြီး လက်ဖြန့်တောင်းတယ်၊ အဖတောင်မှ အနိုပ်ခံနေတုန်းမို့ ဒီကောင်မလေးက မုန့်ဖိုးမတောင်းတာ''ဆိုပြီး ရောင်းရန် လျော့နည်းသွားသော ကုန်စုံဆိုင်ထဲရှိ ပစ္စည်းများကို စာရင်းလုပ်မှတ်သားနေရာမှ လှမ်းပြောသည်။

မိသားစုသုံးယောက် စကားပြောနေစဉ် 'နော်ဖော'က–

''အစမ့် သွားပြီ''ဟု သူမမတ်ပါးကို ရွတ်ခနဲနမ်းရင်း ကျောင်းသက်ရန် ထွက်ခွာသွားလေသည်။

ဗလကြီး၏ မျက်လုံးတစ်စုံက အိမ်မှ ထွက်သွားသော နော်ဖောကိုကြည့်လိုက်သော်လည်း သူ၏လက်ချောင်းဆယ်ချောင်းက အနိုပ်ခံနေသော 'အယ်ဖောကူး'အမည်ရှိ ကုန်မျိုးစုံဆိုင်ပိုင်ရှင် ဦးမန်းစော၏ ခြေဖမိုးနှစ်ဘက်ကို နှိပ်နေသည်။ ပြီးမှ ခြေချောင်းလေး တစ်ချောင်းချင်းကိုကိုင်၍ ဆွဲခါလိုက်လေသည်။

''ဖျောက်–ဖျောက်–ဖျောက်–ဖျောက်''

✤ ✤ ✤ ✤ ✤

ဗလကြီးက ဦးမန်းစော၏ ခြေသလုံးကို လက်ဖမောင်းဖြင့် ဖိနှိပ်ပေးလိုက်သည်။

''အနိုပ်သည်တွေက ခြေသလုံးတွေ၊ ပေါင်တွေကို လက်နဲ့နှိပ်တာထက် ခြေထောက်နဲ့နင်းတာများတယ်။ မင်းက ဘာလို့ လက်မောင်းနဲ့ နှိပ်တာလဲ''

ဦးမန်းစော၏အမေးကို ဗလကြီးက–

''တစ်မျိုးစီပေါ့ ဦးလေးရာ၊ ခြေထောက်နဲ့နင်းတာက အဖိ၊ အဖော့လုပ်ရတာ လက်မောင်းနဲ့ ဖိနှိပ်ရတာလောက် အဆင်မပြေဘူးလို့ ကျွန်တော်ထင်တယ်''ဟု ရှင်းပြနေသော်လည်း လက်ကနှိပ်သည်ကို အပျက်မခံ။

ခြေသလုံးပြီးတော့ ပေါင်၊ ပေါင်ကို တော့ တံတောင်ဆစ်ဖြင့် နှိပ်ပေးသည်။ ဗလကြီး နှိပ်ပေးနေသည်က ပညာပါသည်။



ကိုယ်လုံးပြင့်မဗီတဲ ခပ်ရှရှသာနှိပ်သည်။ ခပ်ရှရှ ခပ်သဲသဲနှိပ်သောကြောင့် ပေါင်ရှိ သွေးကြောများပွင့်လာ၍ ဦးမန်းစောစိတ်ထဲ၌ ဖိန်းဖိန်းရှိန်းရှိန်း ခံစားလာရသည်။ ထိုအခါမှ ဗလကြီးက ခပ်ဖိဖိနှိပ်ပေးသည်။ နှိပ်ပေးပြီးမှ ဦးမန်းစောကို–

''အပူထုတ်ပေးရမလား''ဟုမေးသည်။

''မင်း သင့်သလိုလုပ်၊ အပူထုတ်သင့်ရင်ထုတ်၊ မထုတ်သင့်ရင် မထုတ်နဲ့''

''တချို့လူတွေက အပူထုတ်တာမခံဘူး၊ အပူတွေ ပြန်မှာစိုးတယ်တဲ့''

''အဲဒါ မဟုတ်ဘူးလား''

''မဟုတ်ဘူး၊ အပူထုတ်ပါတယ်ဆိုမှ ကိုယ်ခန္ဓာထဲကအပူတွေ ကင်းစင်အောင်၊ ထွက်သွားအောင်လုပ်တာ''

''ဒါဆို အပူမထုတ်တဲ့လူတွေ၊ အနိုပ်မခံတဲ့လူတွေမှာ အပူတွေစုနေမှာပေါ့''

ထိုအခါ အတွေ့အကြုံများသော ဗလကြီးက ဤသို့ရှင်းပြပါသည်။

''အနိုပ်မခံတဲ့လူတွေမှာ အပူတွေမထွက်ဘဲ အပူတွေလှောင်နေပြီး အပူတွေစုနေမယ်ဆိုတာ မှန်တယ်၊ ဦးလေး အပူနာ၊ အအေးနာဆိုတာ ကြားဖူးမှာပေါ့၊ အနိုပ်ခံပြီး အပူထုတ်တာမခံတဲ့လူမှာတော့ နှစ်မျိုးခံစားရတယ်၊ တစ်မျိုးက အပူမစုတာ၊ တစ်မျိုးက အပူစုတာ၊ အပူမစုတာဆိုတာက အနိုပ်ခံတဲ့လူမှာ အပူတွေစုမနေအောင် အနိုပ်သည်က အပူတွေဖြန့်ပေးတာ၊ သဘောက ချက်လို့ကျက်ပြီးစ ထမင်းပူပူလောလော၊ အငွေ့တထောင်းထောင်း ထနေတာကို မြန်မြန်အေးအောင် လင်ဗန်းထဲ၊ ဆန်ခါပြန့်ထဲ ဖြန့်ထည့်လိုက်တာမျိုး။ ဒီလို မဖြန့်ဘဲ ရေနွေးလုံးကြီးထဲကို ရေတစ်ဝက်နီး ပါးထည့်ပြီး အဲဒီရေထည့်ထားတဲ့ ဇလုံကြီးထဲ အဖုံးဖွင့်ထားတဲ့ ပူပူလောလောထမင်းအိုးကို ထည့်တာမျိုး။ ထမင်းပူပူလောလောတွေ

**စကားတော်တော်ပြောသော ဖလကြီး၊ လက်တော်တော်သွက်သော ဖလကြီး၊ ဗဟုသုတများသော ဖလကြီး**

**ထိုဖလကြီးသည်ကား ငယ်စဉ်ကတည်းက မိဘနှစ်ပါးကို မသိမမြင်ဘူးခဲ့၊**

**တောလက်သည်နှင့် မီးမဖွားနိုင်ခဲ့သော မိခင်၊ မြို့ဆေးရုံသို့ ပို့ဆောင်တင်ခဲ့စဉ်...**

ကို အပူရှိန်တွေလျှော့ပြီး နွေးအောင်၊ အေးအောင် လုပ်သလို အနှိပ်သည်က သူ့ပညာနဲ့ သူ့အတတ်ပညာနဲ့ သူ့အတွေ့အကြုံနဲ့ သူ့အစွမ်းနဲ့လုပ်ပေးလို့ အနှိပ်ခံရတဲ့လူမှာ အပူမစုတာ၊ အပူစုမခံချင်လို့ လူတွေအနှိပ်ခံတယ်၊ အပူကင်းဖို့ အပူကင်းတော့ အပူမရှိတော့ အညောင်းအညာအကိုက်အခဲတွေ သက်သာတာ၊ ပျောက်တာ၊ သွေးကြော၊ လေကြောတွေပွင့်တယ်၊ သွေးလမ်းကြောင်း၊ လေလမ်းကြောင်းတွေကောင်းတော့အင်္ဂလိပ်ဆေးတိုးတော့ မစုဘူး။ ဆေးမခံဘူး။ ဒါကြောင့် ဆရာဝန်တွေတောင် အနှိပ်ခံကြတယ်၊ အနှိပ်မခံတဲ့လူတွေမှာ အပူစုတာ၊ အပူရှိတာက ရှင်းတယ်၊ အနှိပ်မခံချင်ရင် ဝမ်းမှန်၊ လေမှန်အောင် မန်ကျည်းဖျော်ရည်သောက်၊ အနှိပ်ခံပြီး အပူစုခံရတဲ့လူကတော့ အနှိပ်သည်ကြောင့်ဖြစ်တာ၊ ပိုက်ဆံရရင်ပြီးရောသဘောထားပြီး အပူမထုတ်ဘဲ အပူပြန့်ထွက်အောင် မနှိပ်ပေးတာ၊ လူ့အမျိုးမျိုး။ စိတ်အထွေထွေမှာ အနှိပ်သည်တွေပါတယ်၊ စိတ်ရင်းမကောင်းတဲ့ အနှိပ်သည်ကြောင့် ပိုက်ဆံအကုန်ခံပြီး အနှိပ်ခံတဲ့လူတွေ ဒုက္ခဖြစ်တာရှိခဲ့တယ်၊ အဲဒီလူတွေက အနှိပ်ခံပြီးတာနဲ့ ရေချိုးဖို့ပြောတတ်ကြတယ်၊ ဘယ်တော့မှ ရေမချိုးနဲ့ ထမင်းဟင်းအိုးတွေတည်ဖို့ မီးဖိုအဖြစ် အောက်ခံထားတဲ့ အုတ်ခဲတွေ၊ အပူတွေလျှောင်နေတဲ့ အုတ်ခဲတွေ၊ ရေနဲ့လောင်းကြည့်၊ အငွေ့တထောင်းထောင်း ထွက်သွားမယ်၊ အဲဒီလိုပဲ အနှိပ်ခံပြီး တစ်ကိုယ်လုံး အပူတွေပြန့်နေတုန်း ရေချိုးရင် မြန်မြန်သေတယ်''

ဗဟုသုတကို အတွေ့အကြုံ ဗဟုသုတများပြီး စိတ်ကောင်းရှိသော ဖလကြီးပါလား ဟု ဦးမန်းဇော ချီးကျူးလိုက်မိသည်။ ထိုစဉ် ဒေါ်နော်ကူးဇော်အသံ ထွက်ပေါ်လာသည်။

''တော်တို့ ထမင်းစားတော့မယ်ဆိုပြောနေ၊ ဖလကြီး ဒီမှာထမင်းစားသွား''

ဦးမန်းဇော်ကို အပူထုတ်ပေးပြီး ဖက်ကြော၊ ကုတ်၊ ကျောရိုး၊ ခါးတို့ကိုနှိပ်ပေးနေသော ဖလကြီးက ဟီးခနဲရယ်ပြီး–

''အခေါ်ရေ•••ကျွန်တော်က ရှက်တတ်တယ်ဗျ၊ စိတ်ချ ထမင်းစားပြီးမှပြန်မှာ၊ ဘုန်းကြီးကျောင်းကို မိုးမချုပ်ခင် အိပ်တန်းပြန်ဝင်နိုင်ရင်ပြီးရော–ဟား–ဟား–ဟား''

စကားတော်တော်ပြောသော ဖလကြီး၊ လက်တော်တော်သွက်သော ဖလကြီး၊ ဗဟုသုတများသော ဖလကြီး၊ ထိုဖလကြီးသည်ကား ငယ်စဉ်ကတည်းက မိဘနှစ်ပါးကို မသိမမြင်ဘူးခဲ့၊ တောလက်သည်နှင့် မီးမဖွားနိုင်ခဲ့သော မိခင်၊ မြို့ဆေးရုံသို့ ပို့ဆောင်တင်ခဲ့စဉ် မြို့နှင့်တော ဆက်သွယ်သော 'ဒိုင်နာကား'မှာ ထိုစဉ်က ဆိုးရွားသောလမ်းကြောင့် မှောက်ခဲ့သည်။ ကားမှောက်၍ အသက်ပျောက်သူများတွင် ဖလကြီး၏ မိဘနှစ်ပါးလည်း ခရီးသည်များနှင့်



အတူပါသည်။

ကံကောင်းထောက်မ၍ အသက်မသေသူတစ်ဦးသာ ရှိခဲ့သည်။ ထိုသူကား အခြားမဟုတ် 'ဖလကြီး'ဆိုသော 'အောင်ပု'။ သူက သူ့မိခင်၏ ဝမ်းဗိုက်ထဲတွင် အသက်ရှင်နေဆဲ။ ဆေးရုံတင်လိုက်ကြသူများက ဖလကြီး၏ ပထမကျေးဇူးရှင်၊ ဒုတိယကျေးဇူးရှင်မှာ အသက်မရှင်တော့သော မိခင်ကြီး၏ ခန္ဓာကိုယ်တွင်းမှ သူ့ကို မွေးဖွားသန့်စင်ပေးခဲ့ကြသော မြို့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများ။ တတိယကျေးဇူးရှင်မှာ ရွာမှ ကျောင်းထိုင်ဆရာတော်ကြီး။

ဆရာတော်ကြီးက သူ့ကို 'အောင်ပု' ဟု နာမည်ပေးပြီး ရဟန်းဖတော်၊ မယ်တော်များထံ အပ်နှံခဲ့သည်။ ရဟန်းဖတော်၊ မယ်တော်တို့က အောင်ပုကို အသက်ငါးနှစ်အထိ သူတို့အိမ်တွင် ကျွေးမွေးပြုစုယုယ စောင့်ရှောက်ခဲ့သည်။ အသက်ငါးနှစ်မှစ၍ ဆရာတော်ကြီးက သူ့ကို ဘုန်းကြီးကျောင်းသို့ ခေါ်ယူကာ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမခဲ့သည်။ ဘုန်းကြီးကျောင်းသားအဖြစ် ရှိနေသောသူ့ကို ဆရာတော်က–

''အောင်ပု မင်းက သူများလို သိပ်ပြီး သန်သန်စွမ်းစွမ်း ရှိတာလည်းမဟုတ်ဘူး၊ မိဘတွေလည်း ရှိတာမဟုတ်ဘူး။ ညီအစ်ကိုမောင်နှမတွေလည်း ရှိတာမဟုတ်ဘူး။ ငါကလည်း လေးတန်းအောင်တဲ့အထိပဲ မင်းကို ကျောင်းထားပေးနိုင်တယ်၊ မြို့ကျောင်းကို ပို့ပြီး ကျောင်းထားပေးဖို့လည်း မတတ်နိုင်ဘူး။ ဒီတော့ မင်းဘဝအတွက် ပင်ပန်းတယ် ဆိုပေမယ့် အလွန်အကျွံမပင်ပန်းတဲ့ အနှိပ်သည်ပညာကိုရအောင်ယူ၊ ဒီပညာနဲ့အသက်မွေး''ဆိုပြီး ရှေးဟောင်းအနှိပ်ပညာကျမ်းစာအုပ်တစ်အုပ်ကို ပေးခဲ့သည်။

ဘုန်းကြီးကျောင်းသား အောင်ပု

မင်းတတ်ထားတဲ့

အနိုပ်ပညာနဲ့

ထွက်ပြီးစီးပွားရှာပေတော့၊

စားတော့ ကျောင်းမှာစား၊

အိပ်တော့ ကျောင်းပြန်အိပ်၊

ကျောင်းမှာရှိတဲ့အချိန်

တခြားဘုန်းကြီးကျောင်းသားတွေကို••

အသက် ဆယ့်ငါးနှစ်ရောက်သည်နှင့်–

''ကဲ•••အောင်ပု၊ မင်းတတ်ထားတဲ့ အနိုပ်ပညာနဲ့ ထွက်ပြီးစီးပွားရှာပေတော့၊ စားတော့ ကျောင်းမှာစား၊ အိပ်တော့ ကျောင်းပြန်အိပ်၊ ကျောင်းမှာရှိတဲ့အချိန် တခြားဘုန်းကြီးကျောင်းသားတွေကို ဝိုင်းဝန်းကူ''ဟူသော ဆရာတော်ကြီး၏ ကြီးမားသော စေတနာဖြင့် အောင်ပု အနိုပ်သည်ဘဝဖြင့် စီးပွားရှာခဲ့သည်မှာကြာပြီ။

✤ ✤ ✤ ✤ ✤

ထိုင်လျက်အနိုပ်ခံနေသော ဦးမန်းစောကို ဖလကြီးက–

''ပက်လက်ပြန်လှန် ဦးလေး''ဟုပြောသောကြောင့် ဦးမန်းစော ပက်လက်လှန်ပေးလိုက်ပြန်သည်။

''ဦးလေး အတွင်းခံဘောင်းဘီဝတ်လား''

''မဝတ်ဘူး။ ဝတ်ရင် ဆီးအောင့်လို့''

''ဒါဆို ပုဆိုးခါးတောင်းကျိုက်၊ မကျိုက်ရင် ပုဆိုးကို ပေါင်ရင်းမှာစုညှပ်''

''ဘာလုပ်မလို့လဲ''



''ကျွန်တော်က ဦးလေးခြေရင်းက မတ်တတ်ရပ်မယ်၊ ဦးလေးက ပက်လက်လှန်ပြီး ခြေထောက်တစ်ချောင်းစီထောင်၊ နိုပ်ပေး ဆွဲပေးမလို့''

သဘောပေါက်သွားသော ဦးမန်းစောက ခါးတောင်းထကျိုက်ပြီး ပက်လက်ပြန်လှန်သည်။ သူ့ကို မျက်နှာချင်းဆိုင်ကြည့်သော ဖလကြီးပြောသည့်အတိုင်း လိုက်လုပ်သည်။

ညာဘက်ခြေထောက်ကို ဆန့်တန်းမြှောက်သည်။ ဖလကြီးက ထိုခြေထောက်ရှိ ခြေချောင်းလေးများကို ဘယ်ဘက်လက်ဝါးဖြင့် စုကိုင်ပြီး အောက်သို့ တဖြည်းဖြည်းဖိသည်။ ဦးမန်းစော၏ဖနောင့်ကို ညာဘက်လက်ဖဝါးဖြင့် စုကိုင်ပြီး အထက်သို့ တဖြည်းဖြည်း ဆွဲမသည်။

ဦးမန်းစော တော်တော်အကြောလျှော့သွားသည်။ ညာဘက်ခြေထောက်ပြီးတော့ ဘယ်ဘက်ခြေထောက်၊ ထို့နောက် ညာဘက်ခြေထောက်ကိုပင့်ပြီး ဘယ်ဘက်ခြေထောက်ကို ကွေးခိုင်းကာ ညာဘက်ခြေသလုံးပေါ်တင်သည်။ ဖလကြီးက ဦးမန်းစောကို ကျောပေးပြီး ကွေးထားသော ခြေထောက်ကို ကိုယ်ဖြင့်ခံကာ ထောင်ထားသော ခြေထောက်ကို တဖြည်းဖြည်းပင့်သည်။ ခြေဖနောင့်ကိုပင့်ပြီး ခြေဖျားကို တဖြည်းဖြည်းဖိသည်။

''အဖ အနိုပ်ခံလို့ပြီးတော့မလား။ သမီး ထမင်းပွဲပြင်ရတော့မလား''ဆိုသော အကြီးမ 'နော်အယ်'၏စကားသံ ထွက်လာရာ ဖလကြီးက လက်ကအလုပ်လုပ်နေရာမှ–

''မပြီးသေးဘူး။ ကျွန်တော့်တင်ပါးကို သူ့ခြေဖျားနဲ့ကန်ပြီး ဆွဲပေး။ ပင့်ပေးရအုံးမယ်၊ နားထင်၊ နားရင်းတွေဖိပြီး လက်ကို ကိုင်ဆွဲ၊ ခါဆွဲပေးရအုံးမယ်၊ မှောက်ပြီး ခြေထောက်တွေ ချိုးပေးရအုံးမယ်''ဟု ပြောလိုက်လေသည်။

✤ ✤ ✤ ✤ ✤

''ထမင်းပွဲပြင်တော့ဟေ့''

ဦးမန်းစောကို ဖလကြီး စိတ်ကြိုက်နိုပ်ပြီးပြီ၊ ဦးမန်းစောတစ်ယောက် အနိုပ်မခံရစဉ်ကနှင့် မတူတော့၊ ထိုင်းထိုင်းမှိုင်းမှိုင်း မဟုတ်၊ သွက်သွက်လက်လက်ဖြစ်နေပြီ၊

ဖလကြီး၏ ထက်နှစ်ဘက်ကို ရေစလား အတွင်းရှိ ရေများကျန်အောင် အရှိန်ဖြင့် လောင်းပေးပြီး ဦးမန်းစောကပြောလိုက်ခြင်း ဖြစ်သည်။

ထမင်းပွဲက ဟင်းစုံသည်။ ကြက်သား ဆီပြန်ဟင်း၊ ငါးရံ့ခေါင်းဟင်းချို၊ မုန့်ငုံပြာ ရည်ချက်၊ ငါးဖယ်ခြစ်ကြော် တော်တော်စုံ သည်။ တို့စရာလည်းပါသည်။

''ဖလကြီး စားကွ၊ အားမနာနဲ့''

''ဟုတ်ကဲ့ပါ ဦးလေး''

''မင်းတို့ဘုန်းကြီးကျောင်းလောက် တော့ ဘယ်ဟင်းစုံမလဲကွ''

''ဦးလေးတို့လို သဒ္ဓါတရားထက်သန် တဲ့ အလှူရှင်တွေ၊ စေတနာရှင်တွေကြောင့် ဟင်းတွေတော့ စုံပါတယ်၊ ဒါပေမဲ့ နေ့ဖို့ ညစာထားလို့ခံတဲ့ အကြော်အလှော်မျိုးကို နောက်နေ့ အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားတွေ ချန်ထားပါတယ်၊ အာဂန္တုရဟန်းတွေနဲ့ လူ ဧည့်သည်တွေရောက်လာရင်လည်း အဆင် သင့်ဖြစ်အောင် ကျွန်တော်တို့ ဖယ်ထား ချန်ထားကြပါတယ်၊ ကျွန်တော်တို့ ဘုန်းကြီး ကျောင်းသားတွေ အကြိုက်ဆုံးက…''

''ဘာဟင်းလဲကွ၊ ဖလကြီး''

''ပေါ့ဒီလို ဟင်းလေးကြီး ဦးလေး ရေ၊ ဟင်းလေးကြီး''

ဆိုပြီး ဖလကြီးက ဒေါ်နော်ကျူး၏ လက်ရာ သီးရွက်စုံဟင်းလေးကြီးကို အားပါး တရ သောက်လိုက်လေသည်။

✤ ✤ ✤ ✤ ✤

ဦးမန်းစောက ဖလကြီးကို ငွေနှစ် ထောင် ပေးသည်။

''တစ်ထောင်ပဲပေးပါ ဦးလေး၊ ဒီမှာ တစ်ထောင်ပိုနေတယ်''

''မပိုပါဘူး ဖလကြီးရဲ့၊ မင်းရဲ့ အနိုင် ပညာနဲ့ မင်းဆီကရတဲ့ ဗဟုသုတတွေ အတွက် ပေးတာပါကွာ၊ ယူပါ…ယူပါ''

ထိုအခါမှ ဖလကြီးက–

''ကျေးဇူးတင်ပါတယ် ဦးလေး''

ဆိုပြီး တစ်ထောင်တန်နှစ်ရွက်ကို အိတ်ထဲထည့်ရင်း–

''ကျွန်တော့်ကို ပြန်ခွင့်ပြုကြပါ''ဟု ခွင့် တောင်းရာ ဒေါ်နော်ကျူးက–

''မပြန်နဲ့အုံး ဖလကြီး၊ ခဏလေး''ဟု တားသည်။ ထို့နောက် သခွါးကြီး နော်အယ်က ပန်းသီးသုံးလုံး၊ လိမ္မော်သီး ငါးလုံးနှင့် သစ် သီးကိတ် နှစ်လုံးကို အိတ်ထဲထည့်ယူလာ ပြီး ဖလကြီးကိုပေးသည်။

''ဒါတွေကို ဆရာတော့်ကို ဆက်ကပ် ပေးပါ၊ ကျွန်မတို့မိသားစု လှူတာလို့လည်း ပြောပေးပါ ကိုဖလကြီး''ဟု ပြောသော ကြောင့် 'ဖလကြီး'ဟုခေါ်သော 'အောင်ပုံ' က ''စိတ်ချပါခင်ဗျာ''ဆိုပြီး ယူရင်းပြန်ခဲ့ တော့သည်။

ထိုအခါ ဦးမန်းစောက–

''အနိုင်သည်အစစ်၊ လက်မှုပညာရှင် အစစ်ဖြစ်တဲ့ ဖလကြီးကြောင့် လူတွေ ကျန်း မာကြသလို၊ ဖလကြီးရေ မင်းရဲ့ဘဝလမ်း လည်း အခက်အခဲမရှိဘဲ လျှောက်လှမ်းနိုင် ပါစေကွာ''ဟု ဆုမွန်ကောင်းတောင်းပေး လိုက်လေသည်။

**ပန်းတနော်နောင်လတ်**

## အင်တာဗျူး

သတင်းထောက်လူငယ်လေးတစ်ယောက်ကို လူသတ်မှု တစ်ခုအတွက် သတင်းယူဖို့ တာဝန်ပေးလိုက်တဲ့အခါ တက္ကစီ တစ်စီးတားပြီး သွားမယ့်လိပ်စာကို ယာဉ်မောင်းအားပြောကာ အမြန်ထွက်လာခဲ့တယ်။



ဖြစ်စဉ်ရှိတဲ့နေရာကို ရောက်တဲ့အခါ လူအတော်များများ စုဝေးရောက်ရှိနေပြီ ဖြစ်ပါတယ်။ အရင်ရောက်နှင့်ပြီးဖြစ်တဲ့ အနီးအနားက ပုဂ္ဂိုလ်တွေကိုရော၊ အသတ်ခံရတဲ့ပုဂ္ဂိုလ်ရဲ့ မိသားစုဝင်၊ ဆွေမျိုးတွေကိုရော အင်တာဗျူးလုပ်နေပါတယ်။

တစ်နေရာအရောက်မှာ အသတ်ခံရတဲ့ပုဂ္ဂိုလ်ကို လူ တစ်ယောက် စူးစူးစိုက်စိုက်ကြည့်နေတာ တွေ့လိုက်ရတယ်။ ဒီတော့ သတင်းထောက်လူငယ်လေးက–

''ခင်ဗျားက ဒီအနီးအနားကလား''လို့ မေးတယ်။ ထိုပုဂ္ဂိုလ်က ''မဟုတ်ပါဘူး''လို့ ပြောတယ်။ ဆက်မေးပြန် တယ်–

''ဒါဆို ခင်ဗျားက ဒီကပုဂ္ဂိုလ်နဲ့ ဘာတော်ပါသလဲ''

''ဘာမှ မတော်ပါဘူး''လို့ ပြောတယ်၊

''ဒါဆို ခင်ဗျားက ဒီလူနဲ့ ဘယ်လိုပတ်သက်မှုရှိလဲ''လို့ ထပ်မေးပြန်တယ်၊

''ဘယ်လို ပတ်သက်မှုမျိုးမှ မရှိပါဘူး''

''ဒါဖြင့် ခင်ဗျား ဘာဖြစ်လို့ ဒီနေရာရောက်နေတာလဲ''

''ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ခင်ဗျားစီးလာတဲ့ တက္ကစီရဲ့ ယာဉ်မောင်းလေ''လို့ ပြန်ဖြေလိုက်ပါတယ်။


**မောင်သီဟ**



ရဲမာန်ခ


# လာရန်ဂါ ဗုဒ္ဓဘာသာအကယ်ဒမီကျောင်း

တရုတ်နိုင်ငံတောင်ပိုင်း၊ ချန်ဒူမြို့မှမိုင် ၃၇၀ အကွာ ဆာတာဒေသ၊ လာရန်ဂါမြို့တွင် တည်ဆောက်ထားသည့် လာရန်ဂါဗုဒ္ဓဘာသာ အကယ်ဒမီ ကျောင်းတော်ကြီးဖြစ်ပါသည်။ ထူးခြားချက်မှာ ဗုဒ္ဓဘာသာအကယ်ဒမီ စာသင်ကျောင်းများစွာ ဖွဲ့စည်းတည်ဆောက်ထားသဖြင့် ဘုန်းကြီးမြို့တော်ဟု သတ်မှတ်ကလည်းရပေသည်။ ထိုသို့သတ်မှတ်ရခြင်းမှာလည်း ဆွမ်းကွမ်းဝေယျာဝစ္စများအတွက် လူသူအနည်းငယ်မှအပ နေထိုင်ကြသူအများစုမှာ ဘုန်းကြီးများနှင့်သီလရှင်များသာ ဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။ သိတင်းသုံးရာ အဆောက်အအုံ အားလုံးမှာလည်း အနီရောင်တဲကျောင်းများဖြင့် တည်ဆောက်ထားသည့် ဗုဒ္ဓဘာသာဘုန်းတော်ကြီး တဲကျောင်းများသာ ဖြစ်ပါသည်။ လာရန်ဂါတောင်ကြားဒေသတွင် သီးခြားမြို့ပမာ တည်ရှိနေသည့် အဆိုပါ ဗုဒ္ဓဘာသာနယ်မြေတွင် ဘုန်းတော်ကြီးနှင့် သီလရှင် စုစုပေါင်း အပါး ၄၀၀၀၀ ကျော် သိတင်းသုံးလျက်ရှိပါသည်။



© Gael Michaud/Demotix/Corbis

ဘုန်းတော်ကြီးများနှင့် သီလရှင်များတို့၏နေထိုင်ရာ တဲကျောင်းများကြားတွင် လမ်းမကြီးဖြင့် စည်းခြားပေးထားပါသည်။ အဆိုပါ ဗုဒ္ဓဘာသာဘုန်းတော်ကြီးမြို့ကို လာမာဘုန်းတော်ကြီးတစ်ပါး ဖြစ်သူ ဂျစ်မီဖန့်ဆော့စ်က လူသူနေထိုင်ခြင်းမရှိသည့် လာရန်ဂါတောင်ကြားဒေသ၌ ၁၉၈၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ဝေးလံခေါင်သီသည့်ဒေသတွင် တည်ရှိသော်လည်း လာရန်ဂါ ဗုဒ္ဓဘာသာနယ်မြေမှာ ယနေ့အချိန်တွင် ကမ္ဘာ့အကြီးဆုံးဗုဒ္ဓဘာသာ အခြေချ နယ်မြေတစ်ခုဖြစ်လာခဲ့ပါသည်။ ဘုန်းတော်ကြီးများနှင့် သီလရှင်များအတွက် မိမိတို့လေ့လာလိုသည့် ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဒများကိုသာ သင်ယူလေ့လာ ခွင့်ရှိပါသည်။ နေ့စဉ် စာသင်သားများ၏ ဓမ္မစာပေရွတ်ဆိုသံများသာ ကြားရ ပြီး ရန်ဖြစ်ဆဲဆိုသံကိုမကြားရသည့် အလွန်အေးချမ်းပြီး တိတ်ဆိတ် ငြိမ်သက်သော ဗုဒ္ဓဘာသာနယ်မြေတစ်ခုပင် ဖြစ်ပါသည်။ ထူးခြားချက်မှာ အဆိုပါ ဒေသတွင် ရုပ်မြင်သံကြားအစီအစဉ် ကြည့်ရှုခြင်းများကို တင်းကြပ်စွာ ပိတ်ပင် ထားသော်လည်း မိုဘိုင်းဖုန်းများကို ကိုင်ဆောင်ခွင့်ပေးထားပါသည်။ ရုပ်မြင်သံကြားကြည့်ရှုခွင့် ပိတ်ပင် ထားခြင်းမှာလည်း ဘုန်းတော် ကြီးများနှင့် သီလရှင်များအတွက်



© Liu guoxing - Imaginechina


© Gael Michaud/Demotix/Corbis

ဘာသာရေးစာပေများလေ့လာသင်ယူခြင်း၊ ဘုရားရှိခိုးခြင်းတို့အတွက် ကောင်းကျိုးရရှိရန် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ဘုန်းတော်ကြီးများနှင့် သီလရှင်များမှာ ၎င်းတို့၏ ကျောင်းများအနီးတွင်နေထိုင်ကြပြီး အသက်အရွယ်နှင့် ကျားမကွဲပြားမှုပေါ်မူတည်၍ ခွဲခြားထားပါသည်။ ထောင်နှင့်ချီ၍ရှိသည့် အနီရောင်သစ်သားတဲအိမ်များသည် အခန်း ၁ ခန်းမှ ၃ ခန်းအထိ ပါဝင်ဖွဲ့စည်းထားပါသည်။ အအေးဓာတ်လွန်ကဲသည့် လာရုန်ဂါတောင်ကြားဒေသတွင် အပူပေးစနစ်ကိုတော့ တပ်ဆင်ပေးထားခြင်းမရှိပေ။ ခေတ်သစ် ဗုဒ္ဓဘာသာနယ်မြေဖြစ်သည့်အတွက် နေထိုင်ကြသူအများစုမှာ အလှူခံခြင်း၊ ကုန်စုံဆိုင်ကဲ့သို့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် ရပ်တည်ကြပါသည်။ ယနေ့အချိန်တွင် လာရုန်ဂါဒေသဗုဒ္ဓဘာသာ ဘုန်းကြီးမြို့တွင် စာသင်သားများအဖြစ် တရုတ်၊ ထိုင်ဝမ်၊ တိဘက်၊ ဟောင်ကောင်၊ စင်ကာပူနှင့် မလေးရှားမှစာသင်သားများပါ လာရောက်ဆည်းပူးလျက်ရှိပါသည်။



## ဂျင်မိဖန့်ဆော့စ်၏ ကိုယ်ရေးအကျဉ်း

၁၉၃၃ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် တိဘက် ခရိုင်ဆာတာဒေသတွင် ဖွားမြင်သည်။ ငယ်စဉ်ကပင် ဗုဒ္ဓဘာသာနှင့် ပျော်မွေ့ခဲ့သူ ဖန့်ဆော့စ်သည် သက်တော် ၂၄ နှစ် အရွယ်မှာပင် တိဘက်ဒေသရှိ နုဘာဇာကျောင်းတိုက်၏ ကျောင်းတိုင်ဆရာတော် တစ်ဦးအဖြစ် ရွေးချယ်ခြင်းခံရသည်။ ယင်းနောက်ပိုင်း ၁၉၈၀ ပြည့်နှစ်တွင် လာရုန်ဂါတောင်ကြားဒေသ၌ လာရုန်ဂါဗုဒ္ဓဘာသာအကာယ်ဒမီကျောင်းကို စတင်တည်ထောင်ခဲ့သည်။ ဖန့်ဆော့စ်၏ ရည်ရွယ်ချက်မှာ ၁၉၆၆–၇၆ ကာလအတွင်း တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုကာလအတွင်း တိဘက်ဒေသ၌ အားနည်းခဲ့ရသည့် ဗုဒ္ဓဘာသာကို စည်ပင်ပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ပြည်မကြီးနှင့် အလှမ်းကွာဝေးသည့်နေရာတွင်တည်ရှိသော်လည်း နောက်ပိုင်းတွင် လာရုန်ဂါဒေသသို့ နိုင်ငံတွင်းမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအပြင် ပြည်ပမှ



ဘုန်းတော်ကြီးများသာမက သီလရှင်များပါ လာရောက်အခြေချခဲ့ကြသည်အထိ စည်ကားလာခဲ့ပါသည်။ ဖန့်ဆော့စ်အနေဖြင့် ထိုသို့ အောင်မြင်စွာအခြေချဖွဲ့စည်းနိုင်ရန် အတွက် ကနဦးကာလကြိုးပမ်းစဉ်တွင် တရုတ်အစိုးရအဖွဲ့၏ငြိုငြင်မှုကိုလည်း ခံခဲ့ရသည့် ဘုန်းတော်ကြီးတစ်ပါးလည်း ဖြစ်ပါသည်။ အထူးသဖြင့် တိဘက် ဘုန်းတော်ကြီး ဒလိုင်းလားမား၏လမ်းစဉ်ကဲ့သို့ ဆောင်ရွက်မည်စိုးသဖြင့် ဖန့်ဆော့စ်၏ ပြည်တွင်း ပြည်ပ ခရီးစဉ်များကိုလည်း အစိုးရက ကန့်သတ်ခဲ့ခြင်းကိုလည်း ခံခဲ့ရပါသည်။ တစ်ဆက်တည်းမှာပင် လာရန်ဂါဒေသအတွင်း တိုးပွားလာသည့် ဘုန်းတော်ကြီးများနှင့် သီလရှင်များ၏အရေအတွက်ကို လျှော့ချပေးရန် တရုတ်အစိုးရ၏ တောင်းဆိုမှုကို ဖန့်ဆော့စ်က ငြင်းဆန်ခဲ့မှုကြောင့် လာရန်ဂါဒေသ၌ ပဋိပက္ခအချို့ အနည်းငယ်ဖြစ်ခဲ့ပါသည်။ သို့သော်လည်း လက်ရှိအချိန်တွင် ကမ္ဘာ့လူဦးရေအနည်းဆုံး နိုင်ငံများထက် အဆမတန်များပြားသည့် လာရန်ဂါဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်နေသည့်အခြေအနေများက တရုတ်အစိုးရ၏သဘောထားကိုလည်း ထင်ဟပ်စေပါသည်။ ထိုကဲ့သို့ လာရန်ဂါဒေသ၌ ဗုဒ္ဓဘာသာသာသနာကို စည်ပင်ဖွံ့ဖြိုးအောင် ဦးစီးဦးဆောင်ပြုခဲ့သူ ဘုန်းတော်ကြီးဂျင်မီဖန့်ဆော့စ်သည် စီချွမ်ပြည်နယ်၊ ချန်ဒေါင်မြို့ရှိ အမှတ် ၃၆၃ တပ်မတော်စစ်ဆေးရုံ၌ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် နှလုံးရောဂါဖြင့် တက်ရောက်ကုသမှုခံယူနေရာမှ ၎င်းရောဂါဖြင့် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ပျံလွန်တော်မူခဲ့ပါသည်။ ။

**ရဲမာန်ခ**

Source: Larung Gar Buddhist Academy by Wikipedia.com
Jigme Phuntsok Biography by Wikipedia.com





''အမေတစ်ယောက်နဲ့ စိတ်ညစ်ပါတယ် မောင်ရယ်''

အိပ်ရာကနိုးပေးမယ့် ရုံးပိတ်ရက်မို့ မထသေးပဲ နှပ်နေသော ကိုစိုးမောင် မိန်းမဖြစ်သူရဲ့ ခပ်တိုးတိုးစကားကြောင့် ခေါင်းထောင်သွားသည်။

''ဘာလို့လဲ…မိန်းမရဲ့''

''ဘုရားပန်းတွေဝယ်လာတာတဲ့ ကျူးလစ်ပန်းတွေလေ၊ တစ်ခက်တစ်ခက်ကို ဈေးကြီးပေးပြီး ပန်းကျတော့ ပွင့်အာပြီးကြွေကျတော့မယ်၊ ရောက်ရှက်ကလည်း နွမ်းဖက်နေတာပဲ စိတ်ညစ်တယ်''

''အော်…မိန်းမရယ်၊ ဘာများဖြစ်တာလဲလို့ တစ်ခါတစ်ခါရောင်းမှားဝယ်မှား ဖြစ်တာနေမှာပေါ့''

''အဲ့လိုမဖြစ်စေချင်လို့ပေါ့မောင်ရယ်၊ မောင့်ကိုသာ အခုမှပြောပြတာ၊ အမေ အဲ့လိုဖြစ်နေတာကြာပြီ၊ ဘာလုပ်လုပ်စိတ်ထဲက မပါတာလား၊ တစ်ခုခုဖြစ်နေလားမသိဘူး။ ဟိုတစ်ခါကလည်း ဝက်သားဝယ်လာတာဝက်သိုးသားဖြစ်နေတော့ အနံ့နဲ့တင် ချက်နေရင်းခေါင်းတွေကိုက်လာလို့ သွန်ပစ်လိုက်ရတယ်။ နှငယ်တို့က လခစားဝန်ထမ်းတွေလေ၊ တစ်လ၊ တစ်လ အလျှင်မီအောင် သုံးရစွဲရတာ…အခုဆို ရက်ကြာကြာထားရမယ့်ဘုရားပန်းကို ထပ်ဝယ်ရတော့မယ်၊ လေလွင့်တာပေါ့၊ ကဲ–ထ၊ ရှင့်အစ်ကိုရောက်နေတယ်။ နှငယ်အိပ်ရာတွေ သိမ်းလိုက်ဦးမယ်''

မိန်းမဖြစ်သူရဲ့အပြောကလည်း မှန်နေသဖြင့် သူဘာမှစောဒကတက်မနေတော့။ မျက်နှာသစ်ရန် အိပ်ရာမှထပြီး နောက်ဖေးကိုထွက်လာတော့ အမေကသူ့ကို ပြုံးရွှင်စွာဖြင့်–

''သား မျက်နှာသစ်၊ မင်းအစ်ကိုကြီးလည်း အိမ်ရှေ့မှာရောက်နေတယ်၊ အမေထမင်းကြော်ထားတယ်။ ငယ်ငယ်က သားတို့ကြိုက်သလို နနွင်းလေးနဲ့ ဝါဝါလေး။ အမေချွေးထားလိုက်မယ်နော်''

အမေ့ကိုခေါင်းညိတ်ပြရင်း မျက်နှာမြန်မြန်သစ်ကာ ထမင်းစားပွဲမှာထိုင်တော့ အမေက အငွေ့ထောင်းထောင်းထနေသော ထမင်းကြော်ကို ငါးနီတူခြောက်ကြော်လေးနှင့် တွဲကာလာချပေးသည်။ စားနှင့်နေပြီဖြစ်သော အစ်ကိုကြီးနှင့်အမေ့ကို ပြုံးပြပြီး သူ



နှငယ်တို့က

လခစားဝန်ထမ်းတွေလေ၊

တစ်လ၊ တစ်လ

အလျှင်မီအောင်

သုံးရစွဲရတာ…အခုဆို

ရက်ကြာကြာထားရမယ့်

ဘုရားပန်းကို

ထပ်ဝယ်ရတော့မယ်…

တစ်ဇွန်းခပ်စားလိုက်တော့ နနွင်းနံ့ မပျောက်သေးသော ခပ်ငန်ငန်ထမင်းကြော်က သူ့ကိုစိတ်ညစ်သွားစေသည်။ ကြိတ်မှိတ်မြိုချရင်း အမေ့ကိုကြည့်လိုက်တော့ အမေ့မျက်နှာက သားဖြစ်သူ စားကောင်းမကောင်းကို အကဲခတ်ဟန်ဖြင့်–

''ကောင်းရဲ့လားသား၊ ဘာလိုသေးလဲ''

''မလိုပါဘူးအမေရဲ့၊ အမေ့လက်ရာကဟိုအရင်ကအတိုင်းပဲ စားကောင်းနေကျ''

သူ့မဖြေခင် အစ်ကိုကြီးက အရင်ဖြေသည်။ အစ်ကိုကြီးရဲ့မျက်နှာကို သူတအံ့တသြကြည့်မိသည်။ အသက်ခုနစ်ဆယ်အရွယ် အမေ့မျက်နှာကို ငိုတီတဝေဝေနှင့်

ပြုံးရွှင်စွာ။ သူကတော့ ဆက်မစားလိုတာကြောင့် ကော်ဖီခွက်ကိုယူကာသောက်ရင်း အမေ့အလစ် ချောင်းနေမိတော့သည်။

\+ + + + +

''အမေကလည်းနော်၊ စောစောစီးစီး သတိထားမှပေါ့အမေရယ်၊ စိတ်တွေညစ်လိုက်တာ''

မိန်းမဖြစ်သူရဲ့အသံကြောင့် သူပက်လက်ကုလားထိုင်မှာထိုင်ပြီး သတင်းစာဖတ်နေရာက နားစွင့်လိုက်မိသည်။ မိန်းမရဲ့ ခပ်တိုးတိုးရေရွတ်သံကိုကြားသော်လည်း အမေ့အသံကိုမကြားရတာမို့ သူထိုင်နေရာက အသာထကာ မီးဖိုချောင်ဖက်သွားကြည့်တော့ ထမင်းစားပွဲမှာ ထမင်းချိုင့်ထည့်နေသော မိန်းမက သူ့ကိုတစ်ချက်ကြည့်ရင်း–

''မောင်ရေ ရုံးသွားခါနီး အလုပ်ပေါ်ပြီ။ အမေရယ် အိမ်သာသွားရင်း လမ်းမှာထွက်ကျလို့''

သမီးဖြစ်သူအိအိက အမေ့ခြေထောက်တွေကို ရေဆေးပေးနေသော်လည်း မျက်နှာက မကျေနပ်သလို ပါးစပ်ကလည်း ပွစိပွစိပြောနေတာကြောင့် သူ့အခန်းထဲက ထဘီတစ်ထည်ယူကာ အမေ့ကိုလှမ်းပေးလိုက်သည်။ သူ့ကိုမြင်တော့ အိအိက ဘာမှဆက်မပြောတော့။ အိမ်နောက်ဖေးအိမ်ပေါက်ဝမှာ ရပ်နေသောအမေက သူ့မျက်နှာကို အားနာစွာ ကြည့်နေသဖြင့်–

''အမေ … ဘယ်လိုဖြစ်တာလဲ။ ကလေးမဟုတ် သူငယ်မဟုတ် ထွက်ကျရတယ်လို့''

''အမေလည်း အိမ်သာကိုအမြန်သွားတာပဲ သားရေ…ဘယ်လိုဖြစ်သွားလဲ မသိပါဘူး''

အမေ့အသံက ခပ်တိုးတိုးရှိလှသည်။ ချွေးမကိုအားနာစိတ်၊ သားဖြစ်သူကို ရှက်သောစိတ်ကြောင့် မျက်နှာကခပ်နီနီ။

သူဘာမှ ဆက်မပြောတော့။ အိမ်ရှေ့မှာ ရုံးကလာကြိုသော ဖယ်ရီရောက်လာသဖြင့် စကားဖြတ်ကာသူနှင့်တစ်ပါတည်း ယူစရာရှိတာတွေယူပြီး ရုံးကားပေါ်တက်ထိုင်လိုက်သည်။ ခဏနေမှ မိန်းမက သုတ်သုတ်ပြာပြာနှင့် ကားပေါ်တက်လာသည်။

''ဒီနေ့ မမနဲ့ နောက်ကျတယ်''

စုစုက ခပ်ပြုံးပြုံးဝသည်။

''နေ့တိုင်းနောက်ကျတယ်စုရေ။ အိမ်က ယောကျ်ားမကြီးလည်း ဘာဖြစ်မှန်းကို မသိဘူး။ အခုတလော ဆီးထွက်ကျ ဝမ်းထွက်ကျနဲ့ အလုပ်က ပင်ပန်းပြီးပြန်လာရင် ကိုစိုးမောင်တို့က အိတ်ကလေးချ ပန်ကာလေးဖွင့်ပြီး နားနေရော၊ ကိုယ့်မှာသာ ဖတ်သီဖတ်သီနဲ့ သေးစိုဝတ်တွေလျှော် ညနေစာချက်၊ သိမ်းဆည်း၊ အားလုံးလည်းပြီးရော အိပ်ချိန်ရောက်ပြီ၊ တစ်နေ့တစ်နေ့ဆိုတာ ဘယ်လိုနေဝင်ပြီး ဘယ်လိုနေထွက်မှန်း မသိတော့တာကြာပေါ့ စုစုရေ''

သူ မိန်းမဖြစ်သူကို လှမ်းကြည့်လိုက်သည်။

မိန်းမက သူ့ကိုပြန်မကြည့်။ ပြောချင်ရာ ပြောလိုက်ရလို့ စိတ်ပေါ့သွားဟန်ဖြင့် ကားပြတင်းပေါက်ကနေ အဝေးကိုငေးနေတာကို တွေ့ရသည်။ စိုးမောင် သက်ပြင်းမွဲ ချမိသည်။

အခုတလော အမေ့ပုံစံက ချူချာသလို ထင်ရသည်။ တစ်ခါတစ်ခါ ဟိုးအရင် သူတို့ ငယ်ငယ်က အကြောင်းလေးတွေကို ပြန်သတိရချင်ရနေတတ်ပြီး လက်ရှိမှာ ထမင်းစားပြီးသလားကိုပင် မေ့နေတတ်ပြန်သည်။ ကြာတော့ မိန်းမဖြစ်သူဆီကနေ အသံထွက်လာတော့တာကြောင့် အမေ့ပုံက အားနာသလို နေရခက်သလိုဖြစ်နေသည်ဟု သူ ခံစားရသည်။

ရုံးပိတ်ရက်ကျရင်တော့ ဆေးခန်းလေးဘာလေးပြကြည့်ဖို့ သူစိတ်ကူးလိုက်သည်။ သို့သော် သူစိတ်ကူးတို့သည် စိတ်ကူးသာဖြစ်ပြီး လက်တွေ့မှာဖြစ်မလာနိုင်ခဲ့။

\+ + + + +

''ဟိုတစ်နေ့ကဆို သူစားမယ့် ထမင်းပန်းကန်ထဲ ရွှေဖရုံသီးဟင်းတွေထည့်ပြီး နယ်ထားတာ။ ဘေးကနေ မန်ကျည်းသီးစိမ်းကြော်လေးပုံပြီး ဖွန်းတော်၊ ရေနွေးကြမ်းတစ်ခွက် အဆင်သင့်ချထားတာ…နင်ယ်က ဘုရားပန်း လဲနေလို့မသိလိုက်ဘူး။ အိမ်နောက်ဖေးဝင်ကြည့်တော့မှ တစ်အိမ်လုံး ပွစာကြဲနေတာပဲအစ်ကိုကြီးရယ်၊ အမေ ဘာလုပ်နေတာလဲဆိုတော့မှ ဒါ…သားငယ်လေးအကြိုက်တဲ့၊ ငယ်ငယ်ကဆို အမြဲချက်ကျွေးရတယ်…ချက်ပြီး အဲ့လိုနယ်ဖတ်ပေးမှ သူက စားတာတဲ့…ဟင်း…ဟင်း။ သူ့သားက တစ်လုပ်စားပြီး ငန်လွန်းလို့ဆိုပြီး ဆက်မစားဘူး''

မိန်းမဖြစ်သူရဲ့အပြောကို အစ်ကိုကြီးက ပြုံးကာနားထောင်သည်။ ပြီးမှ အမေ့ဘက်ကိုကြည့်ပြီး–

''အမေက ဘက်လိုက်တယ်၊ သူ့သားကျ ချက်ကျွေးတယ်၊ သားကိုကျတော့ အဲ့လိုမျိုး လုပ်မကျွေးဘူး''

အစ်ကိုကြီးစကားကြောင့် အမေ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူ့သားကို အတော်လေးအားနာသွားဟန်ဖြစ်သွားတာကိုလည်း တွေ့ရသည်။

''အမေ သွားပြင်လိုက်မယ်''

အမေထိုင်နေရာမှထတော့ အစ်ကိုကြီးက လက်ပြကာတားရင်း–

''သူတို့အိမ်မှာ ချက်ထားတာတွေ မစားချင်ပါဘူးအမေရာ၊ သားက အမေကိုယ်တိုင်ချက်ပြုတ်ပြီး ကျွေးတာကို စားချင်တာ။ အမေ သားနဲ့ အိမ်လိုက်ခဲ့နော်၊ သားနဲ့တစ်လှည့်နေပြီး သားကို ငယ်ငယ်တုန်းကလို ထမင်းနယ်ကျွေးမယ်မဟုတ်လား''

''ကျွေးမှာပေါ့''

အမေ့အသံက ရွှင်လန်းလာသည်။

ကျွန်တော် အစ်ကိုကြီး ဝင်းမောင်ရဲ့ မျက်နှာကိုကြည့်မိသည်။ အစ်ကိုက မျက်စိတစ်ဖက်မှိတ်ပြရင်း၊ အမေ့ဘက်လှည့်ကာ–

''အမေ၊ အမေ့အကျီတွေ သွားယူလေ၊ သားတော်ကြာနေပြန်တော့မှာ''

''အေး…အေး''

အမေထိုင်ခုံနေရာမှ ခပ်သွက်သွက်ထကာ အိပ်ခန်းထဲဝင်သွားမှ အစ်ကိုကြီးက သူ့ဘက်လှည့်ပြီး–

''အမေ့ကို အစ်ကိုခေါ်သွားလိုက်မယ်၊ မင်းတို့လည်းဝန်ထမ်းတွေဆိုတော့ ကသီလင်တနိုင်မှာပဲ၊ အစ်ကိုလည်း တစ်ပတ်တစ်ခါလာကြည့်ရတာ ခရီးထောက်တယ်၊ အိမ်ခေါ်ထားလိုက်တော့ အားလုံးအဆင်ပြေတာပေါ့။ အစ်ကိုအလုပ်က စာရေးတာဆိုတော့ အပြင်သွားစရာလည်း သိပ်မလိုဘူး။ ခြံထဲမှာ ပေါ့တပည့်ဖိုးကဲတို့ မိသားစုရှိနေတော့ အမေလည်းပျော်မှာပါ''

မိန်းမမျက်နှာက ပျော်သွားသလို ဝင်း



အမေ့နားကပ်ကာ
အမေ့လက်ကလေးကို
အသာဆွဲယူပြီး
အမေ့ပါးတစ်ဖက်ကို
နမ်းတော့
အမေမျက်ရည်ဝဲသည်

အမေကတော့ သူလာခြင်း
မလာခြင်းကို စောင့်ဆိုင်းမနေတော့။
အိပ်ရာထဲလှဲနေရင်း
ဦးနှောက်သွေးကြောပြတ်ကာ . . .



ခနဲ ဖြစ်သွားတာကို သူမြင်လိုက်သည်။ သူလည်း စိတ်အေးသွားတာကြောင့် မခေါ် ပါနဲ့ဘာညာပြောမနေတော့။ ကြာရင်မိန်းမနဲ့ အမေ့ကြား အဖုအထစ်လေးတွေရှိလာမယ့် အရေးမှ ကင်းသွားသည်ဟု ဆိုရပေမည်။ ခဏကြာတော့ အမေအထုတ်လေးဆွဲကာ ပြန်ထွက်လာသည်။ ဒါပေမဲ့ သူ့ဘက်ကို သိပ်မကြည့်။

စိုးမောင် အမေ့နားကပ်ကာ အမေ့ လက်ကလေးကို အသာဆွဲယူပြီး အမေ့ပါး တစ်ဖက်ကိုနမ်းတော့ အမေမျက်ရည်ဝဲ သည်။

"ကျန်းမာရေးဂရုစိုက်"

အမေ့စကားက သည်လောက်သာ။ ဒါပေမဲ့ အမေ့မျက်လုံးတွေကတော့ စကား တွေ အများကြီးပြောနေသလိုပင်။ အိမ် ထောင်ကျကတည်းက သူချစ်သောသားဆီ ကြောမကြာလာနေရင်း ကလေးဝေယျာဝစ္စ တွေကြောင့် စိတ်မချဘူးဟုဆိုကာ မပြန် တော့ဘဲ အတူတူနေတာမို့ သူ့ကို အမေ ဘယ်လောက်ချစ်မှန်း သူအသိဆုံးပင်။ ဒါပေမဲ့ အမေက သူ့ကို သိပ်မကြည့်သလို ခံစားရတော့လည်းသူစိတ်မကောင်း။

ပြန်ခါနီးကျတော့ အစ်ကိုကြီးက သူ့ ပခုံးကိုဖက်ကာ ခပ်တိုးတိုးပြောသွားသည်။

"မင်း အမေ့မေတ္တာနဲ့နှယ်ထားတဲ့ ထမင်းကို ကြိုတ်မှိတ်စားသင့်တယ်ငါ့ညီ"

အစ်ကိုကြီးမျက်နှာကိုကြည့်ပြီး သူ ဘာစကားမှမဆိုမိ။

ဒီလောက်ငန်တဲ့ထမင်းကို ဘယ်လို လုပ် စားမလဲဟုသာ စိတ်ထဲကစောဒက တက်မိသည်။ အစ်ကိုကြီးကလည်း သူတို့ကို ဘာစကားမှဆက်မပြောတော့။ အမေ့ကို သာ အငှားကားပေါ်တင်ပြီး သူ့အိမ်ပြန်သွား သည်။

"တော်ပါသေးရဲ့၊ ရှင့်အစ်ကိုသာလာ မခေါ်ရင် ကျွန်မလည်း ဖုန်းဆက်ပြောမိ တော့မှာ။ သူက လူလွတ်မို့ပြဿနာမရှိဘူး။ အမေ ဒီလိုဖြစ်နေတာကြာလာလေ ကျွန်မ တို့နဲ့ အဆင်မပြေဖြစ်လေ ဖြစ်တော့မှာ"

"အဲ့လိုတော့ မပြောပါနဲ့မိန်းမရယ်၊ အမေလည်း သူတာဝန်ယူနိုင်တဲ့အချိန်က အားလုံးလုပ်ပေးခဲ့တာပဲမဟုတ်လား"

"အမလေး . . . ကိုမျိုးချစ်။ အမေကို ထိလို့မရပါလား။ ကျွန်မက အဖြစ်ပြောတာ ပါတော်။ ကျုပ်လည်း ယောက္ခမကို ချိုက လူ သေးကလူ ပြုစုရတာပါပဲ။ ကိုယ့်မအေ တောင် လုပ်ပေးခွင့်ရတာမဟုတ်ဘူး"

မိန်းမဖြစ်သူကိုကြည့်ပြီး သူစိတ်ပျက် စွာ ခေါင်းယမ်းမိသည်။ ထိုနေ့ကစပြီး အမေ ရော အစ်ကိုကြီးပါ သူ့အိမ်ကိုသိပ်မလာ တော့။

သူလည်း အမေ့ဆီကို မရောက်ဖြစ် တော့။

တစ်ခါတလေ သွားကန်တော့လျှင် တော့ သနပ်ခါးတွေဖွေးနေအောင်လိမ်းထား သော အမေက ပြုံးပြုံးကြီးဆုတွေပေးသလို

ပျော်နေဟန်ကလည်း အတိုင်းသားပင်။

အစ်ကိုကြီးကတော့ အမေ့ဆီမကြာမကြာလာဖို့ သတိပေးရှာသည်။

"အမေက ငယ်မူပြန်ချင်နေသည်"ဟုလည်း ခပ်တိုးတိုးသတင်းပေးပေမယ့် အစိုးရဝန်ထမ်းဖြစ်သူ သူ့မှာ အမြဲမရောက်နိုင်။

ဒါပေမဲ့ အမေကတော့ သူလာခြင်း မလာခြင်းကို စောင့်ဆိုင်းမနေတော့။ အိပ်ရာထဲလှဲနေရင်း ဦးနှောက်သွေးကြောပြတ်ကာ နှုတ်ဆက်သွားလေတော့သည်။

+ + + + +

မျက်နှာပေါ်တဖွဲဖွဲနှင့် မသိမသာစင်သော အထိအတွေ့ကြောင့် သူ့အိပ်ရာက လန့်နိုးလာသည်။ မိုးကလည်းသည်းလိုက်တာဟုတွေးရင်း ပွင့်နေသောပြတင်းပေါက်ကို တစ်ယောက်ယောက်များ လာပိတ်မလားဟု မသိမသာမျှော်နေပေမယ့် တစ်အိမ်လုံး ဘာသံမှမကြားရတာကြောင့် သူစိတ်လျှော့လိုက်သည်။ ပြတင်းပေါက်တံခါးကို လေတိုးသံနှင့်အတူ မိုးက တရစပ်ပက်လာသောကြောင့် သူ့အောက်ပိုင်းတစ်ခုလုံး စိုထိုင်းလို့လာသလို အပေါ့သွားချင်စိတ်တွေကလည်း ထိန်းမရအောင်ဖြစ်၍လာလေသည်။ မဖြစ်။ အိပ်ရာထဲဆီးသွားလို့မဖြစ်။ အိပ်ရာခင်းစိုထိုင်းထိုင်းနှင့် သူမနေနိုင်။ ဘယ်သူကမှလည်း တခုတ်တရလာလဲပေးမှာမဟုတ်။ ကိုစိုးမောင် အတင်းချုပ်တီးထားသည့်ကြားမှ ဆီးက ထိန်းမရဲထွက်ကျလေတော့သည်။

"……"

လေပြတ်ဆားသဖြင့် ဝူဝူဝါးဝါးဖြစ်နေသော သူ့အော်သံက မိုးသံတွေကြားမှာ ပျောက်သွားလေသဖြင့် ဆက်ပြီးကြိုးစားမနေတော့။ ဝမ်းနည်းစိတ်က လှိုက်ကာနဲ့ တက်လာသလို မိန်းမဖြစ်သူရဲ့မျက်နှာကိုလည်း မြင်မြင်မိသည်။ တစ်ဖန် သမီးဖြစ်သူ အိအိရဲ့ငြူစူသံ၊ သားမက်ဖြစ်သူရဲ့ နှိပ်ပဲဆဲပြောသံတွေကို နားထဲကြားမိပြန်သည်။ "အမေ့ဝဋ်တွေ လည်နေပါပြီအမေရယ်"ဟု စိတ်ကတွေးရင်း အစ်ကိုကြီးမဆုံးခင်ပြောခဲ့သောစကားကိုကြားကာ ဝမ်းနည်းစွာငိုမိတော့သည်။

"ဒီတံမြက်စည်းကိုကြည့်ပါဦး၊ အသစ်တုန်းက မင်းအိမ်ရှေ့ခန်းမှာထားတယ်၊ ကြာလာတော့ အမွေးတွေကျဲလာပြီး လှဲမကောင်းတော့ဘူး။ အဲ့တော့ နောက်ဖေးမှာ လှဲပြီး အိမ်ရှေ့အတွက်အသစ်ဝယ်တယ်။ အဲ့တံမြက်စည်းလည်း ဟောင်းလာရင် မင်းနောက်ဖေးပို့ဦးမှာပဲ၊ နောက်အသစ် ဝယ်ဦးမှာပဲ။ အဲဒီအသစ်ကလည်း တစ်နေ့ကျဟောင်းလာဦးမှာပဲ…သံသရာဆိုတာ လည်နေတာပါ့ညီ။ ဒါကြောင့် မင်းတို့တွေ အမေ့အပေါ် နိုင့်ထက်စီးနင်းကြီးမပြောပါနဲ့ကွာ၊ မိဘဆိုတာ အစားထိုးစရာလည်းမရှိဘူး။ ရှိနေတုန်း ကျေးဇူးဆပ်ခွင့်ရတာ ဝအောင်ဆပ်ကြပါ၊ မင်းတို့တွေလည်း အိုကြ နာကြဦးမှာပဲ၊ တစ်နေ့ကျရင် အသစ်မှန်သမျှ ဟောင်းကြရတာပါ။ မင်း တရားရစမ်းပါ"

"ကျွန်တော် တရားတွေလည်းကျ၊ တရားတွေလည်းရပါပြီ အစ်ကိုကြီးရယ်။ သေမင်းရယ်…ကျွန်တော့်ကို မြန်မြန်သာ လာခေါ်ကြပါတော့"

**အညို**

## သူ့ကို ဘယ်လိုပြောရမလဲ



စွဲမက်ဖွယ်ကောင်းတဲ့ အမျိုးသမီးတစ်ဦး စိတ်ရောဂါကုဆရာဝန်ရဲ့ရုံးခန်းကို အသော့ဝင်လာပြီး ပြောတယ်-

"ဆရာ၊ ကျွန်မလေ အံ့ဩဖို့ကောင်းတဲ့ လူတစ်ယောက်ကို ချစ်မိနေပြီ၊ သူကလည်း ကျွန်မကိုချစ်ပါတယ်၊ နှစ်ဖက်မိဘကလည်း သဘောတူကြပါတယ်၊ ဒီတော့ ကျွန်မတို့နှစ်ယောက် အတူနေကြရင် ပျော်စရာကောင်းမယ်ဆိုတာ သေချာပါတယ်"

"ဟုတ်ပါပြီ၊ ဒီတော့ ခင်ဗျားပြဿနာက ဘာလဲ"လို့ ဆရာဝန်က မေးတယ်၊

"အို-ဒီလိုပါဆရာ၊ ကျွန်မယောကျ်ားကို ကျွန်မ ဘယ်လိုပြောရမလဲ မသိလို့ပါ"လို့ အမျိုးသမီးက သက်ပြင်းချရင်း ပြောပါတယ်။

**မောင်သီဟ**





ဒေါက်တာမြင့်သန်းထွန်း

# မျိုးဆက်ပွားကျန်းမာရေး၊ သားဆက်ခြားကာ ဆောင်ရွက်ပေး

မိခင်နှင့်ကလေးကျန်းမာရေးအတွက် သားဆက်ခြားခြင်းသည် များစွာအထောက်အကူပြုပါသည်။ မလိုလားအပ်သော သားဖျက်မှုများ မဖြစ်ခြင်းကြောင့် မိခင် သေပျောက်နှုန်းကို လျှော့ချပေးနိုင်ပါသည်။ သားဆက်ခြားခြင်းကို အိမ်ထောင်သည်တိုင်း ကောင်းစွာသဘောပေါက်နားလည်ရန် လိုအပ်ပါသည်။ သို့မှသာ မျိုးဆက်ပွား ကျန်းမာရေးအတွက် ဆောင်ရွက်နိုင်ပါမည်။

## သားဆက်ခြားနည်းအမျိုးမျိုး

သားဆက်ခြားနည်းအမျိုးမျိုးရှိပါသည်။ စားဆေး၊ ထိုးဆေး မည်သည့်ဆေးမှမသုံးဘဲ သားဆက်ခြားခြင်း၊ စားဆေးသုံးပြီး သားဆက်ခြားခြင်း၊ ထိုးဆေးသုံးပြီး သားဆက်ခြားခြင်း၊ သားအိမ်ထည့်ပစ္စည်းနှင့် သားဆက်ခြားခြင်းနှင့် အရေပြားအောက် ဆေးချောင်းသွင်းပြီး သားဆက်ခြားခြင်းတို့ ဖြစ်ပါသည်။



## (၁) စားဆေး၊ ထိုးဆေး၊ မည်သည့်ဆေးမှမသုံးဘဲ သားဆက်ခြားခြင်း

အမျိုးသမီးများသော မျိုးဆင်းစေပြီး ကိုယ်ဝန်ရရှိနိုင်သောရက်ကို တွက်ချက်ကာ ရက်ရှောင်သောနည်း၊ သုတ်ပိုးကို မိန်းမ ကိုယ်ထဲမဝင်စေဘဲ အပြင်ထုတ်သောနည်း၊ သုတ်ရည်ထွက်သော်လည်း အတွင်းသဲထိ မရောက်စေရန် အအေးဒီအကာစ်နှင့် အခြား ရောဂါများကို ကာကွယ်နိုင်သော ကွန်ဒုံး ခေါ်သော အစွပ်ကိုသုံးနည်း၊ အမျိုးသမီး၏ သားအိမ်ဝတွင် သားအိမ်ခေါင်းဦးထုပ်ဟု ခေါ်သော ဒိုင်ယာဖရမ်းကလေးစွပ်သော နည်းများသည် စားဆေး၊ ထိုးဆေး၊ မည် သည့်ဆေးမှမသုံးဘဲ သားဆက်ခြားသော နည်းများဖြစ်ပါသည်။

## (၂) စားဆေးသုံးပြီး သားဆက်ခြားခြင်း

မျိုးဆက်ပွားကျန်းမာရေး သားဆက် ခြားရန် နေ့စဉ်သောက် သားဆက်ခြားစား ဆေးကို သောက်နိုင်ပါသည်။ ဆေးကို ရာသီသွေး စပေါ်သည့်ရက်မှ ၅ ရက်အတွင်း စပြီးသောက်ရပါမည်။ မြှားအတိုင်း ဆေး တစ်လုံးစီကို နေ့စဉ်မှန်မှန်သောက်ရပါမည်။ အစာနှင့် တွဲသောက်ရပါမည်။ ဆေးကတ် ရှိ ဆေးအားလုံးကုန်ပါက ဆေးကတ်အသစ် မှ ဆေးကို နောက်တစ်နေ့တွင် ဆက် သောက်ရပါမည်။

ဆေးတစ်လုံး မသောက်မိပါက သတိ ရရချင်း၊ တစ်လုံးသောက်ပြီး ပုံမှန်သောက် နေကျအချိန်တွင်လည်း တစ်လုံးသောက်ရပါ မည်။ နှစ်ရက်၊ သုံးရက်ခန့် မေ့ပြီးမသောက် မိပါဘဲ ဆေးကတ်၏ အပေါ်ဆုံးနှစ်တန်းမှ သောက်ရန်မေ့ခဲ့ပါက သတိရရချင်း တစ်လုံး သောက်ပြီး ကျန်ဆေးများကို အစဉ်အတိုင်း ဆက်သောက်ရပါမည်။ ၇ ရက်အတွင်း ကွန် ဒုံး သုံးစွဲရပါမည်။

ဆေးကတ်၏ တတိယအတန်းမှ သောက်ရန်မေ့ခဲ့ပါက သတိရရချင်း တစ်လုံး သောက်ပြီး ယင်းတတိယအတန်းထဲမှ ကျန် ဆေးများကို အစဉ်အတိုင်း ကုန်အောင် ဆက်သောက်ရပါမည်။ သို့ရာတွင် နောက် ဆုံးတန်းတစ်တန်းကို မသောက်တော့ဘဲ ဆေးကတ်အသစ်ကို စသောက်ရပါမည်။ ၇ရက်အတွင်း ကွန်ဒုံးသုံးစွဲရပါမည်။



အောက်ဆုံးအတန်းမှ သောက်ရန်မေ့ ပါက မေ့သွားသော ဆေးလုံးများကို ထုတ် ပစ်ပြီး ကျန်သော ဆေးလုံးများကို အစဉ် အတိုင်း ဆက်သောက်သွားရပါမည်။

နေ့စဉ်သောက် သားဆက်ခြားစား ဆေး သောက်သုံးခြင်း၏ အကျိုးကျေးဇူး များမှာ လစဉ်ရာသီမှန်မှန်လာစေခြင်း၊ ရာသီပေါ်ချိန် ကိုက်ခဲနာကျင်မှု သက်သာ စေခြင်း၊ သားသမီးပြန်လိုချင်သည့်အခါတွင် စားဆေးကို ရပ်နိုင်ပြီး မကြာခင် သားသမီး ပြန်ရနိုင်ခြင်း၊ သားအိမ်နှင့် သားဥအိမ် ကင်ဆာ အဖြစ်နည်းစေခြင်းတို့ ဖြစ်ပါသည်။

သားဆက်ခြားစားဆေး
သောက်သုံးခြင်း၏
အကျိုးကျေးဇူးများမှာ
လစဉ်ရာသီမှန်မှန်လာစေခြင်း၊
ရာသီပေါ်ချိန် ကိုက်ခဲနာကျင်မှု
သက်သာစေခြင်း၊
သားသမီးပြန်လိုချင်သည့်အခါတွင်
စားဆေးကို ရပ်နိုင်ပြီး မကြာခင်
သားသမီး ပြန်ရနိုင်ခြင်း၊
သားအိမ်နှင့် သားဥအိမ်ကင်ဆာ
အဖြစ်နည်းစေခြင်း...

နေ့စဉ်သောက် သန္ဓေတားဆေး သောက်ရန် မသင့်တော်သူများရှိပါသည်။ ကလေး ၆ လအောက် နို့တိုက်မိခင်များ၊ ရင်သားအဖုအကျိတ်ရှိသူများ၊ မိန်းမကိုယ်မှ အကြောင်းမရှိဘဲ သွေးဆင်းနေသူများ၊ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ် ရောဂါရှိသူများ၊ သွေးခဲဖြစ်ဖူးသူများ၊ ရင်သား ကင်ဆာရောဂါ ဖြစ်ဖူးသူများနှင့် အသည်း ရောင်အသားဝါရှိသူတို့ ဖြစ်ပါသည်။

အချို့သော အမျိုးသမီးများတွင် ဆေး သောက်စဉ် သားမန်ခေါင်းကိုက်ခြင်း ဖြစ် တတ်ပါသည်။ မကြာခင် ပျောက်သွားနိုင်ပါ သည်။ ခေါင်းကိုက်ပျောက်ဆေး သုံးနိုင်ပါ သည်။ မူးဝေ၊ နို့ခွေခြင်း ဖြစ်ပေါ်သော် လည်း နှစ်လ၊ သုံးလကြာပါက ပျောက်သွား နိုင်ပါသည်။ တစ်ခါတရံ သွေးတစ်စက်တစ် စက် ပေါ်တတ်သော်လည်း နှစ်လ၊ သုံးလ ဆက်သောက်ပါက ပုံမှန်ဖြစ်ပြီး သွေးဆင်း နည်းလာပါမည်။ ဖျားခြင်း၊ အစားပျက်ခြင်း ဖြစ်တတ်သော်လည်း အကျင့်ရသွားပါလျှင် ပျောက်သွားနိုင်ပါသည်။ ဝလာခြင်းများဖြစ် တတ်ပြီး အစားအသောက်ပုံမှန်စားပြီး ကိုယ် လက်လှုပ်ရှားမှု နေ့စဉ်ပြုလုပ်ခြင်းဖြင့် ကိုယ် အလေးချိန် ကျဆင်းနိုင်ပါသည်။

သားမန် ခေါင်းကိုက်ခြင်း၊ မူးဝေနှံ့ခွေ ခြင်း၊ သွေးဆင်းခြင်း၊ ဖျားခြင်း၊ အစားပျက် ခြင်းနှင့် ဝလာခြင်းများဖြစ်ပါက စိုးရိမ်စရာ မရှိပါ။ သို့ရာတွင် ၎င်းလက္ခဏာများအနက် တစ်ခုခုကို ကြာရှည်စွာခံစားရပါက ကျွမ်း ကျင်နားလည်သည့် ကျန်းမာရေးဝန်ထမ်း




များနှင့် ဆွေးနွေးမေးမြန်းရပါမည်။ အကြံဉာဏ်များ ရယူရပါမည်။

ကျွမ်းကျင်နားလည်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် တိုင်ပင်ပြီးမှသာ ဆေးသောက်သင့်ပါသည်။ ဆေးကတ်ကို မဝယ်ခင် ရက်လွန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။ ရက်လွန်သော၊ အရောင်ပြောင်းနေသော၊ ပေါက်ပြဲနေသော ဆေးကတ်များမှ ဆေးများကို မသောက်မိရန် သတိပြုရပါမည်။

## (၃) ထိုးဆေးသုံးပြီး သားဆက်ခြားခြင်း

ထိုးဆေးမှာ တစ်လနှင့် သုံးလ တစ်ခါ ထိုးရသော ဆေးများရှိပါသည်။ မျိုးဆက်ပွား ကျန်းမာရေးအတွက် ဖနီးမောင်နှံများသည် မည်သည့်ထိုးဆေးနှင့် သင့်တော်သည်ကို ကျွမ်းကျင်နားလည်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် တိုင်ပင်ဆွေးနွေးကာ ရွေးချယ်အသုံးပြုရပါမည်။

သုံးလခံ သားဆက်ခြားထိုးဆေးမသုံးခင် သိထားသင့်သော အချက်များကို သိရှိထားရပါမည်။ ကျွမ်းကျင်နားလည်သည့် ကျန်းမာရေးဝန်ထမ်းများ စနစ်တကျ သင်တန်းပေးထားသော စေတနာ့ဝန်ထမ်းများနှင့် ဦးစွာတိုင်ပင်ရပါမည်။ ကိုယ်ဝန်မရှိမှ ဆေးထိုးရပါမည်။ ဆေးထိုးသည့်ရက်နှင့် နောက်တစ်ကြိမ် ထိုးရမည့်ရက်ကို သေချာစွာမှတ်သားထားရပါမည်။ ရက်ချိန်းအတိုင်း အသုံးပြုပါက ထိရောက်သော သားဆက်ခြားနည်းလမ်းဖြစ်ပါသည်။

သားဆက်ခြားထိုးဆေးသုံးစွဲခြင်း၏ အကျိုးကျေးဇူးများ ရှိပါသည်။ သုံးလတစ်ခါပဲ ထိုးရလို့ခြင်းကြောင့် ငွေကြေးကုန်မှုသက်သာစေပါသည်။ ဆေးထိုးပြီး လေးလခန့်တွင် သားသမီးပြန်ရနိုင်ပါသည်။ ရာသီမပေါ်ခြင်းကြောင့် သွေးအားနည်းခြင်းမဖြစ်နိုင်ပါ။ နေ့တိုင်းသောက်စရာမလိုခြင်းကြောင့် အချိန်ကုန်သက်သာစေပါသည်။ နို့ထွက်ခြင်းကို မထိခိုက်ခြင်းကြောင့် နို့တိုက်မိခင်များအတွက် အဆင်ပြေပါသည်။

သားဆက်ခြားထိုးဆေး ထိုးသင့်သည့်အချိန်မှာ ရာသီသွေးစပေါ်သည့်ရက်မှ ၅ ရက်အတွင်း ဆေးထိုးနိုင်ပါသည်။ ရာသီပေါ်ပြီး ၅ ရက်မှ ၉ ရက်အတွင်း ဆေးထိုးမိပါက ထိုးပြီး ၇ ရက်အတွင်း လိင်ဆက်ဆံမှုကို ရှောင်ကြဉ်ရပါမည်။ မရှောင်နိုင်ပါက ကွန်ဒုံးကို အသုံးပြုနိုင်ပါသည်။ ကလေးမီးဖွားပြီးသူများ မွေးဖွားပြီး ၄၅ ရက်တွင် ဆေးထိုးနိုင်ပါသည်။ ရာသီပြန်ပေါ်သည့်အချိန်ကို စောင့်ရန်မလိုအပ်ပါ။ ပထမ ဆေးတစ်လုံးထိုးပြီး သုံးလ(၁၂ပတ်)အကြာတွင် နောက်တစ်လုံး ထပ်ထိုးရပါမည်။ ဆေးထိုးနောက်ကျခြင်း မဖြစ်အောင် သတိထားရပါမည်။ နှစ်ပတ်ထက်မကျော်ပါက ဆက်ထိုးရပါမည်။ နှစ်ပတ်ထက်ကျော်လျှင် ကွန်ဒုံးသုံးရပါမည်။ ဆေးကိုလည်း ဆက်၍ထိုးရပါမည်။ ရက်လွန်နေသော ထိုးဆေးများကို မသုံးမိစေရန် သတိပြုရပါမည်။

သားဆက်ခြားထိုးသည့် အမျိုးသမီးအချို့တွင် ရာသီမပေါ်ဘဲ တောက်လျှောက်ထိမ်ခြင်း၊ ရာသီတစ်စက်တစ်စက်ပေါ်ခြင်း၊ မူးခြင်း၊ ပျို့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်အလေးချိန် တဖြည်းဖြည်းတိုးလာနိုင်ခြင်း၊ ရင်သားနာခြင်း၊ သွေးဆင်းကြာခြင်း၊ မှုမှုန်ခြင်းနှင့် သွေးမှန်မှန်ပေါ်ပြီးမှ သွေးထိမ်ခြင်းများ ခံစားရတတ်ပါသည်။

သားဆက်ခြားထိုးဆေးထိုးရန် မသင့်တော်သူများမှာ အလွန်အမင်းဝသူများ၊ အသည်းရောင်အသားဝါရောဂါရှိသူများ၊ ရင်သားကင်ဆာနှင့် အခြားကင်ဆာရောဂါရှိသူများ၊ သွေးတိုး၊ ဆီးချိုနှင့် နှလုံးသွေးကြောကျဉ်းရောဂါရှိသူများ၊ ကလေး ၆ ပတ်နှင့်အောက် နို့တိုက်မိခင်များ၊ ကိုယ်ဝန်ရှိ

သည်ဟု သံသယရှိသူများ။ ပုံမှန်မဟုတ်ဘဲ သွေးဆင်းသူများ။ အခြားရောဂါရှိသူများ (လေဖြတ်ခြင်း၊ သွေးကြောအတွင်း သွေးခဲတတ်ခြင်း၊ အသည်းရောဂါ၊ ရာသီသွေးရက်ရှည်ကြာ၍ မနားခြင်း၊ ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ မျက်စိမှုန်ခြင်း၊ ဝမ်းဗိုက်အောက်ပိုင်း ပြင်းထန်စွာနာကျင်ခြင်းနှင့် အလွန်အမင်း ခေါင်းကိုက်ခြင်းရှိသူများ) ဖြစ်ပါသည်။

## (၄) သားအိမ်ထည့်ပစ္စည်းနှင့် သားဆက်ခြားခြင်း

သားအိမ်တွင်းထည့်ပစ္စည်း ထည့်လွှင်းလိုပါက သုံးရန်သင့်၊ မသင့်ကို ကျွမ်းကျင်သော ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တိုင်ပင်ဆွေးနွေးပြီးမှသာ ဆောင်ရွက်ရပါမည်။

သားအိမ်တွင်းထည့်ပစ္စည်း သုံးစွဲခြင်း၏ အကျိုးကျေးဇူးများရှိပါသည်။ တစ်ခါထည့်ထားလျှင် အနည်းဆုံး ၅ နှစ်ခံခြင်းကြောင့် ရေရှည်အဆင်ပြေစေပါသည်။ နေ့တိုင်း စားဆေးစားရသည့်ဒုက္ခမှ ကင်းဝေးပါသည်။ သုံးလတစ်ခါလည်း ဆေးသွားထိုးစရာ မလိုအပ်ပါ။ နို့တွက် မထိခိုက်သောကြောင့် နို့တိုက်မိခင်များအတွက် အဆင်ပြေစွာ သုံးနိုင်ပါသည်။ ဟော်မုန်းဓာတ်မပါဝင်သောကြောင့် ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ဝလာခြင်းများ မဖြစ်နိုင်ပါ။ ရာသီမှန်မှန်လာပါသည်။ လိင်ဆက်ဆံရာတွင်လည်း အနှောင့်အယှက်မဖြစ်စေပါ။ သားသမီးရယူလိုပါကလည်း ပစ္စည်းထုတ်လိုက်သည်နှင့် အလွယ်တကူပြန်ရနိုင်ပါသည်။ ဆေးခန်းသို့လည်း မကြာခဏသွားရန်မလိုအပ်ပါ။

သားအိမ်တွင်းထည့် ပစ္စည်းထည့်ရန် သင့်တော်သည့်အချိန်များ သိရှိရန်လိုအပ်ပါသည်။ ကိုယ်ဝန်မရှိကြောင်း သေချာလျှင် ရာသီစက်ဝန်း၏ မည်သည့်နေ့မှာမဆို စထည့်နိုင်ပါသည်။ မီးဖွားပြီး လေးပတ်ကျော်လျှင် စထည့်နိုင်ပါသည်။ သားလျှောပြီးလျှင်ပြီးချင်း ပိုးဝင်သည့်လက္ခဏာ မရှိပါက စထည့်နိုင်ပါသည်။

သားအိမ်တွင်းပစ္စည်းထည့်ရန် သင့်တော်သူများမှာ နို့တိုက်မိခင်များ၊ အနည်းဆုံး တစ်ကြိမ် ရှိုးရိုးမီးဖွားပြီးသူများ၊ စားဆေး ထိုးဆေးများနှင့် မတည့်သော သားဆက်ခြားလိုသူများ ဖြစ်ကြပါသည်။


သားအိမ်တွင်းပစ္စည်းထည့်ရန် မသင့်တော်သူများမှာ မွေးတာမမှန်သူ၊ သွေးဆင်းများလွန်းသူများ၊ သားအိမ်အတွင်းပိုင်း အနေအထားမမှန်သူများ၊ သားအိမ်လည်တံတွင် ရောဂါရှိနေသူများ၊ သားဥပြွန်တွင် သန္ဓေတည်ဖူးသူများ၊ အမျိုးသမီး မျိုးပွားအင်္ဂါတွင် ပိုးဝင်ခြင်းနှင့် ခုခံအားကျဆင်းရောဂါရှိသူများ၊ ကာလသားရောဂါ မျိုးပွားအင်္ဂါတွင် ဖြစ်ပွားသော ကင်ဆာရောဂါနှင့် မျိုးပွားအင်္ဂါရောဂါရှိသူများ၊ အရိုးတွင်း တီဘီရောဂါရှိသူများ၊ ကလေးမွေးဖွားပြီး ၄၈ နာရီအထက်နှင့် လေးပတ်အတွင်းရှိသူများနှင့် ကိုယ်ဝန်ရှိသည်ဟု သံသယရှိသူများ ဖြစ်ပါသည်။

သားအိမ်တွင်းထည့်ပစ္စည်း ထည့်ပြီးနောက် သားအိမ်တွင်းထည့်ပစ္စည်း နေသားတကျ ရှိ၊ မရှိ စမ်းသပ်ရန် မည်သို့စမ်းသပ်ရမည်ကို သင်ယူထားရပါမည်။ ရာသီလာပြီးချိန်တွင် မိမိကိုယ်တိုင်ကြိုးကို လစဉ်စမ်းသပ်ကြည့်ရပါမည်။ မတွေ့လျှင် ကျွမ်းကျင်သော ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ပြန်ပြရပါမည်။

သားအိမ်တွင်းထည့်ပစ္စည်း ဗိုက်ထဲဝင်သွားခြင်း၊ ကင်ဆာဖြစ်ခြင်း၊ အနာဖြစ်ခြင်း လုံးဝမဖြစ်နိုင်ပါ။ ထို့အပြင် လိင်ဆက်ဆံရာတွင်လည်း အနှောင့်အယှက် လုံးဝမဖြစ်ပါ။ သားအိမ်ဝကျယ်သောသူများ ရာသီလာစဉ် ညှစ်ထုတ်သကဲ့သို့ဖြစ်ပြီး အပြင်သို့ ထွက်ကျခြင်းသာဖြစ်၍ ကြောက်စရာ၊ စိတ်ပူစရာ လုံးဝမဟုတ်ပါ။

## (၅) အရေပြားအောက် ဆေးချောင်းသွင်းပြီး သားဆက်ခြားခြင်း

၂ လက်မခန့်ရှည်ပြီး ထိုးဆေးအပ်ကြီးကြီး၊ အကျယ်ကျယ်ခန့်ပဲတုတ်သော ဆေးချောင်းကလေးမြှုပ်၍ရပါသည်။ တစ်ချောင်းတည်းပဲ မြှုပ်ထားပါက ၃ နှစ်၊ ၄ နှစ်ခန့် မည်သည့် ထိုးဆေး၊ စားဆေး သုံးစရာမလိုဘဲ သားဆက်ခြားနိုင်ပါသည်။



Female condom



## (၆) အရေးပေါ် သားဆက်ခြားသောက်ဆေး အသုံးပြုခြင်း

အရေးပေါ် သားဆက်ခြားတားဆေးဆိုသည်မှာ ဟော်မုန်းဆေးတစ်မျိုးဖြစ်ပြီး အကာအကွယ်မဲ့ လိင်ဆက်ဆံမှုကြောင့် ကိုယ်ဝန်ရရှိခြင်းမှ ကာကွယ်ရန် အသုံးပြုနိုင်ပါသည်။ အရေးပေါ် သားဆက်ခြားဆေး Postinor အမျိုးအစားသည် ဆေးလုံးနှစ်လုံးသာပါသော ဆေးကတ်ဖြစ်ပြီး ဆေးတစ်လုံးတွင် Levonogestrel 0.75 mg ပါဝင်ပါသည်။

အရေးပေါ် သားဆက်ခြားသောက်ဆေး၏ အာနိသင်ကို သိစေချင်ပါသည်။ ဆေးကတ်အတွင်းရှိ ဆေးအားလုံး (Levonogestrel 0.75 mg) ကို အကာအကွယ်မဲ့ လိင်ဆက်ဆံပြီး စောနိုင်သမျှစောစွာ ၁၂၀ နာရီအတွင်းသောက်လျှင် ကိုယ်ဝန်ရရှိခြင်းကို ကာကွယ်မှုပေးပါသည်။ မျိုးဥအိမ်မှ မျိုးဥကြွေခြင်းကို ဟန့်တားပေးပါသည်။ သန္ဓေသား သားအိမ်တွင် တွယ်ကပ်ခြင်းကို ဟန့်တားပေးပါသည်။ ကိုယ်ဝန်ပျက်ခြင်းကို မဖြစ်နိုင်ပါ။

ဆေး၏ အကျိုးသက်ရောက်မှုများလည်း ရှိပါသည်။ သားပျက်၊ သားလျှောခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများ လျော့နည်းလာစေပါသည်။ ကိုယ်ဝန်လိုချင်ပါက အလွယ်တကူ ပြန်ရနိုင်ပါသည်။ သုံးစွဲရန်လည်း လွယ်ကူပါသည်။ ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်မှုနည်းပြီး ဖြစ်ပေါ်လာပါကလည်း အချိန်တိုအတွင်း ပြန်လည်ကောင်းမွန်နိုင်ပါသည်။ ပထမအကြိမ် လိင်ဆက်ဆံခြင်းကိုသာ ၇၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းခန့် ကာကွယ်နိုင်သော်လည်း ဆေးသောက်ပြီးနောက် ထပ်မံလိင်ဆက်ဆံခြင်းများအတွက် မကာကွယ်နိုင်ပါ။

ဆေးကတ်တွင်ပါဝင်သော ဆေးတစ်လုံးဖြစ်စေ၊ နှစ်လုံးဖြစ်စေ ကာကွယ်မဲ့ လိင်ဆက်ဆံပြီး စောနိုင်သမျှစောစွာ ၁၂၀ နာရီအတွင်း သောက်ရပါမည်။ အချိန်စောနိုင်သမျှစော၍ သောက်နိုင်ပါက ပို၍ အကျိုးအာနိသင်ရှိနိုင်ပါသည်။

အရေးပေါ် သားဆက်ခြားဆေးသည် သားဖျက်ချရန်အတွက် အသုံးပြုရန်မဟုတ်ပါ။ ကိုယ်ဝန်မရှိသော မည်သည့်အမျိုးသမီးမဆို သုံးစွဲနိုင်ပါသည်။ အကာအကွယ်မရှိသော လိင်ဆက်ဆံခြင်းနှင့် သုံးစွဲနေကျ သားဆက်ခြားနည်းလမ်းများ သုံးစွဲမှုလွဲမှားခြင်း(တားဆေးသောက်ရန် မေ့လျော့ခြင်း၊ အခြား ကာကွယ်မှုနည်းလမ်းများ လွဲမှားစွာ အသုံးပြုခြင်း၊ ရက်ရှောင်နည်းအား မှားယွင်းစွာ မှတ်သားမိခြင်း၊ ကွန်ဒုံးပေါက်ပြဲခြင်း၊ သားအိမ်တွင်းထည့်ပစ္စည်း ထွက်သွားခြင်း၊ အမျိုးသမီးတစ်ဦး လိင်မှုဆိုင်ရာ အကြမ်းဖက်ခံရမှုအပြီး သုံးစွဲခြင်း) အခြေအနေများတွင် အရေးပေါ်သုံးစွဲရန်ဖြစ်ပါသည်။

အရေးပေါ် သားဆက်ခြားသောက်ဆေး၏ ဘေးထွက်ဆိုးကျိုးများမှာ ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ဗိုက်အောင့်ခြင်း၊ သားမြတ်တင်းခြင်း၊ သွေးဆင်းခြင်းနှင့် ရာသီသွေး တစ်စက်တစ်စက် ဆင်းခြင်းတို့ဖြစ်ပါသည်။ ဘေးထွက်ဆိုးကျိုးများ ခံစားရလျှင် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းနှင့် တိုင်ပင်ဆွေးနွေးရပါမည်။

## (၇) သားဆက်ခြားရန် ကွန်ဒုံးကို အသုံးပြုခြင်း

လိင်မှုတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို ကာကွယ်ရန် ကွန်ဒုံး (Condom) ကို အသုံးပြုနိုင်ပါသည်။ ထို့အပြင် သားဆက်ခြားရန်အတွက်လည်း အသုံးပြုနိုင်ပါသည်။

ကွန်ဒုံးကို အထုပ်မှ သေချာစွာဖွင့်ရပါမည်။ ကွန်ဒုံးတွင် နွတ်ခမ်းလုံးကို အပြင်



ထား၍ လိင်တံထိပ်ဖျားတွင် စွပ်ရပါမည်။ ကွန်ဒုံးနွတ်ခမ်းလုံးကို လိင်တံအရင်းထိ ဖြန့်ဆွဲရပါမည်။ သုတ်ရည်လွှင့်ပြီးလျှင် ကွန်ဒုံး ကျွတ်မကျန်ခဲ့စေရန် ကွင်းမှကိုင်ထားပြီး လိင်တံကို မိန်းမကိုယ်မှ ထုတ်ရပါမည်။ သုံးပြီးကွန်ဒုံးကို စနစ်တကျ သေချာစွာ စွန့်ပစ်ရပါမည်။

ကွန်ဒုံးသုံးပါက သတိထားရမည့်အချက်မှာ နေပူထဲထားခြင်းကို မပြုလုပ်သင့်ပါ။ ရက်လွန်နေပါက မသုံးသင့်ပါ။ အပေါက်အပြဲများ ပါရှိနေပါက မသုံးရပါ။ သားရေကဲ့သို့ ဆွဲမရခြင်း၊ အဆီခန်းခြောက်ခြင်းနှင့် မာကျောနေခြင်းများရှိပါက မသုံးသင့်ပါ။

ကွန်ဒုံးသုံးစွဲခြင်း၏ အကျိုးကျေးဇူးများမှာ သားဆက်ခြားစေခြင်း အာနိသင်အပြင် လိင်မှုတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို ကာကွယ်နိုင်ပါသည်။ အမျိုးသမီးများ ထိုးဆေး၊ သောက်ဆေးများကြောင့် ဖြစ်သော မူးခြင်း၊ ရာသီမမှန်ခြင်း စသည့် ဝေဒနာများမခံစားရနိုင်ပါ။ တားဆေး၊ ထိုးဆေး၊ သားအိမ်တွင်းထည့်ပစ္စည်းများ အသုံးပြုရန် မသင့်တော်သည့် အမျိုးသမီးများ၏ ခင်ပွန်းသည်များ အသုံးပြုနိုင်ပါသည်။ သားသမီးလိုချင်သည့်အခါလည်း လွယ်ကူစွာ ပြန်ရနိုင်ပါသည်။ ဝယ်ရလွယ်ကူပါသည်။ အသုံးပြုရ လွယ်ကူပါသည်။ လိင်ဆက်ဆံရာတွင် အနှောင့်အယှက်မဖြစ်နိုင်ပါ။

## အကြံပြုချက်

သားဆက်ခြားခြင်းအားဖြင့် မိခင်နှင့် ကလေး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေပါသည်။ မလိုလားအပ်သော သားဖျက်မှုများ မဖြစ်ခြင်းကြောင့် မိခင်သေပျောက်နှုန်းကို လျှော့ချနိုင်ပါသည်။ သားဆက်ခြားနည်းတိုင်းတွင် အားနည်းချက်၊ အားသာချက်များရှိ၍ မိမိဇနီးမောင်နှံအတွက် အသင့်တော်ဆုံးနှင့် စိတ်အချရဆုံးဖြစ်သည့်နည်းကို ကျန်းမာရေးဝန်ထမ်းများနှင့် ပွင့်ပွင့်လင်းလင်းတိုင်ပင်၍ သုံးနိုင်ပါသည်။ အမျိုးသား(ခင်ပွန်းသည်)များကလည်း မျိုးဆက်ပွားကျန်းမာရေး သားဆက်ခြားခြင်းကို ပါဝင်ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

**ဒေါက်တာမြင့်သန်းထွန်း**

City MAGAZINE

မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

စံပြအလှမယ် (Model) (OPEN)

သန့်ဇင်



ပထမ

ကိုသန်းနိုင်



ဒုတိယ

ခိုင်ဇာမွန်



တတိယ

ဝင့်ရည်မွန်
(ရွှေကျင်)

City MAGAZINE

# မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း
# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

သန့်ဇင်

**ပြင်ပရိုက်ကူးရေး(OUTING) အစီအစဉ်**

"တို့တိုင်းရင်းသား" (အကြီးတန်း)



ပထမ

အောင်မြင့်ထွေး



ဒုတိယ

ထက်အောင်



တတိယ

ဉာဏ်ဝင်းထွန်း

City MAGAZINE

# တောက်သာစေတော့ ဖြစ်ခဲ့လေသော....

နေ၏အပူရှိန်ကြောင့်လား • • •ဒေါသကြောင့်လားမသိ။ ဖိုးမောင်တစ်ကိုယ်လုံး ချွေးတို့ဖြင့် နစ်နေသည်။

အိမ်ရှေ့မြေကွက်လပ်ရှိ ထင်းပုံအနားတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း တက်ခေါက်နေမိတော့သည်။

''တောက်• • •ကြီးကျယ်လို့ကွာ၊ ဟွန်း''



ကွမ်းတံတွေးကို ပျစ်ခနဲထွေးရင်း ခေါင်းမချမ်းမရှုတ်နေ၏။ အကျီမပါသော ရင်အုပ်ကလည်း ဖေါ်သကြောင့် မြင့်ချည် နိမ့်ချည်နှင့်။ လက်ထဲမှ ဆေးလိပ်တိုကို ခပ် ဆောင့်ဆောင့် ပစ်ချရင်း...

''တောက်...ငါတို့ တစ်သက်လုံး ဒီ တောထဲက သစ်ပင်တွေခုတ်ပြီး ထင်းဆိုက်၊ မီးသွေးဖုတ်လုပ်လာတာ သူက ခုမှ ဒီသစ် တောဝင်းထဲရောက်လာပြီး လူတွင်ကျယ် လာလုပ်နေတယ်၊ ဘာလဲကွ...တောအုပ် ဆိုလား...တောခေါင်းဆိုလား''

ဖိုးမောင်က ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးပြန်သည်။ သူ့ဒေါသအရှိန်ကိုကြည့်၍ လှအေး ကိုယ်လေးတွန့်ခနဲ ဖြစ်သွားသည်။ ကွမ်းပျစ်ပေါ်မှ ခြေထောက်ချထိုင်ရင်း မတ် တတ်ရပ်၍ ဖိုးမောင်ထံ လှမ်းပြောလိုက် သည်။

ပြောသာပြောရသည်။ လှအေးအသံ က မဝံ့မရဲနှင့်။

''မင်းကလဲကွာ...အလကား ဒေါသ ကြီးနေတယ်၊ သူက မခုတ်နဲ့ဆိုရင် မခုတ် ဘဲ နေလိုက်ပေါ့ကွာ၊ တခြားဘက် လှည့် ခုတ်လည်း ရတာပဲဟာ''

''ရမလားကွ၊ နယ်နိမိတ်ဘုတ်တိုင်တွေ စိုက်ပြီး ကြော်ငြာဆိုင်းဘုတ်တွေ လုပ်ထား တာ အနှံ့ပဲဟ၊ ဘယ်နားမှ ခုတ်လို့မရဘူး။ ထင်းတွေ၊ မီးသွေးတွေ လုပ်လို့ကောင်းတဲ့ ကလည်း အဲဒီဝိုင်းတွေထဲက သစ်တွေကမှ ကောင်းတာကွ''

လှအေးထံ မျက်လုံးဝေ့ခနဲ စိုက်ကြည့် ရင်း ဖိုးမောင်က ခပ်ဆတ်ဆတ်ပြောသည်။ ဒီခနေ့ တောင်သာတောင်ခြေရင်းရှိ သစ် တောထဲမှာ သစ်ခုတ်ရန်အသွား၊ တောအုပ် 'ဦးမြင့်ဆွေ' နှင့် တွေ့လာခြင်းဖြစ်သည်။ အသစ်ရောက်လာသော တောအုပ်ဦးမြင့် ဆွေက ကာကွယ်သစ်တောအတွင်းမှ သစ် များကိုမခုတ်ရန် တားလိုက်ခြင်းပါ။

ဦးမြင့်ဆွေက သစ်တောကာကွယ် ထိန်းသိမ်းရေးအတွက် ဖိုးမောင်ကို ပြော လိုက်သော်လည်း ဖိုးမောင် နားမဝင်လှ။ ထင်းမရခဲ့ခြင်းအတွက်ကိုသာ ဒေါသတကြီး ဖြစ်နေသည်။

''ဒီနယ်မြေဟာ ငါ့ရဲ့နယ်မြေပဲ၊ ဟင်း- ဟင်း...တွေ့ကြသေးတာပေါ့ တောအုပ် ကြီးရယ်၊ ဖိုးမောင်အကြောင်း၊ တစေ့တစောင်း ပြရသေးတာပေါ့ကွာ''

ဖိုးမောင်ကို ရှုံ့မဲ့ကြည့်၍ လှအေး ခေါင်းခါသည်။ ဖိုးမောင် တစ်ခုခုလုပ်လျှင် သူက အဆစ်ပါဦးမည်ဖို့ စိတ်မသက်မသာ ဖြစ်မိသည်။ ဖိုးမောင်၏ ကြိမ်းဝါးသံကတော့ တောင်သာတောင်သို့ ပျံ့လွင့်စီးမျောသွား သလိုပင်။

ပတ်ဝန်းကျင်သည် ပူပြင်းခြောက်သွေ့ နေဆဲပင်။

□ □ □ □ □

''မြနုရေ...မြနု ဟဲ...ဘယ်သူမှ မရှိကြဘူးလား''

'အေးမော'က အသံကျယ်ကျယ်နှင့် အော်ခေါ်ရင်း အိမ်ဝိုင်းထဲဝင်လာသည်။ 'မြနု'က လက်ထဲမှ ချုပ်လက်စအင်္ကျီကို ချ ခဲ့ပြီး အိမ်ရှေ့ထွက်ကြည့်၍ အသံပေးလိုက် သည်။

''ရှိပါတယ် အေးမောရဲ့၊ ဘာလို့ အော် နေတာလဲ၊ လာ...ထိုင်အုံး။ ဘယ်က လှည့်လာတာလဲ''

အေးမောဘက်သို့ ရေနွေးကြမ်းအိုး တိုး ရွှေ့ပေးရင်းမေးတော့ အေးမောက အိမ်ထဲ လှမ်းကြည့်သည်။ ဖိုးမောင် ရှိနေမလားဆို သော အတွေးဖြင့် စူးစမ်းလိုက်ခြင်းပါ။

''နင့်အစ်ကို...ကိုဖိုးမောင် ရှိနေလား။ ငါပြောစရာရှိလို့''

''ဟင့်အင်း...မရှိဘူး။ အရှေ့ပိုင်း ထွက်သွားတယ်၊ နေစောင်းကတည်းက ထွက်သွားတာပဲ။ ပြောစရာရှိရင်ပြော၊ တော် ကြာ ပြန်ရောက်နေအုံးမယ်''

အေးမောက မြနုငှဲ့ပေးသော ရေနွေးကို ယူသောက်လိုက်သည်။

''ဟဲ့...ငါ့အစ်ကို 'ကိုဖိုးထွေး'က တောင်သာတောင် မျိုးဥယျာဉ်မှာ အလုပ် ဝင်လုပ်နေတာ နင်သိတယ်မဟုတ်လား။ အဲဒါ မျိုးဥယျာဉ်ကို နင်နဲ့ငါ လာခဲ့မယ်လို့ ပြောတော့၊ လာချင်လာခဲ့တဲ့...အဲဒါ နင် လိုက်မလားလို့ လာမေးတာ''

အေးမော၏အမေးကို မဖြေသေးဘဲ တွေတွေဝေဝေး ဖြစ်သွားရသည်။ အစ်ကို ဖြစ်သူ ကိုဖိုးမောင်နှင့် မျိုးဥယျာဉ်ကလူတွေ နှင့် မတည့်ကြဟု မြနုသိထားသည်။ ဒါပေမဲ့ စိုက်ပျိုးရေးလုပ်ငန်းကို မြနုစိတ်ဝင်စားသည်။

> နယ်နိမိတ်
> ဘုတ်တိုင်တွေစိုက်ပြီး
> ကြော်ငြာဆိုင်းဘုတ်တွေ
> လုပ်ထားတာ အနှံ့ပဲဟ၊
> ဘယ်နားမှ ခုတ်လို့မရဘူး။
> ထင်းတွေ၊ မီးသွေးတွေ
> လုပ်လို့ကောင်းတာကလည်း
> အဲဒီဝိုင်းတွေထဲက
> သစ်တွေကမှ
> ကောင်းတာကွ...

ငါသနားပါသည်။ အခုလို မျိုးဥယျာဉ်သို့ သွားခွင့် ကြည့်ခွင့်ရမည်ကို သူ လက်မလွှတ် ချင်။

''အဲဟား...ငါလည်းသွားချင်တယ်၊ ဒါပေမဲ့ ကိုကြီးဖိုးမောင်ကို ကြောက်တယ် ဟာ''

''ကဲပါဟာ...နက်ဖြန် ကိုဖိုးမောင် မြို့တက်သွားတုန်း ငါလာခေါ်မယ်၊ အဆင် သင့်ပြင်ထားပေါ့၊ ကဲ...ငါသွားမယ်၊ ကိုဖိုး မောင် မူးပြီးပြန်လာရင် ခက်မယ်''

ပြောပြောဆိုဆိုနှင့် အေးမောပြန်သွား သည်။

မြနုမှာ ချုပ်လက်စအင်္ကျီကိုပြန်ကိုင် ရင်း အတွေးတွေပျံ့လွင့်နေသည်။ တောအုပ် အသစ် ဦးမြင့်ဆွေဆိုတာ အသက်သုံးဆယ် ကျော်ပဲ ရှိသေးတယ်၊ ခပ်ချောချော၊ အရပ် မြင့်မြင့်၊ ခန့်လည်းခန့်တယ်ဟု အေးမော ပြော ပူးတာကို သတိရနေသည်။

> **သစ်တောကြိုးဝိုင်းထဲက**
> **သစ်တွေလာခုတ်လို့**
> **နားလည်အောင်ပြောတယ်၊**
> **ဒါကို မကျေလည်ကြဘူးလေ၊**
> **ရွာသားတချို့ တစ်ခုခု**
> **ဒုက္ခပေးလိမ့်မယ်ဆရာ၊**
> **ကျွန်တော်တို့ဘက်က**
> **ပေါ့ဆလို့တော့မဖြစ်ဘူး**

ဦးမြင့်ဌေးဆိုသူကို မြနှ မြင်ဖူးချင်နေတာ ကြာပြီ။ ကိုကြီးဖိုးမောင်ပြောတော့ ရုပ်ချောသလောက် အပြောဆိုးသည်တဲ့။ ဘွဲ့ရပညာတတ်ဖြစ်၍ စကားကြီး၊ စကားကျယ်တွေ ပြောသည်တဲ့။

မြနှနှင့်တွေ့လျှင် အရေးတယူမှ သက်ခံ စကားပြောပါ့မလား။ ဒါမှမဟုတ် ကိုဖိုးမောင်၏ နှမဆိုပြီး ရန်သူလိုဆက်ဆံမှာလား…။

အတွေးနှင့်ပင် မြနှရင်မှာ မွန်းကျပ်နေပြီ။

ကျေးရွာသူ ပျိုမြစ်တစ်ယောက်၏ ရင်ခုန်သံကိုကြားလျှင် မြို့ကြီးသားတစ်ယောက်အနေနှင့် လှောင်ရယ်လေမလားဟု ရှက်ရွံ့စွာ တွေးနေမိသေးသည်။

❑ ❑ ❑ ❑ ❑

တောအုပ်ဦးမြင့်ဌေးဟု 'ဦး'တပ်ခေါ်သော်လည်း သူ့အသက်က သုံးဆယ်ကျော်လူလတ်ပိုင်းသာဖြစ်သည်။ မြင်းခြံခရိုင်ဘက်ရှိ တောင်သာတောင်ကို စိမ်းလန်းစိုပြေညဲ ရေး လုပ်ငန်းများအတွက် တာဝန်နှင့်ရောက်နေခြင်းဖြစ်သည်။

ဦးမြင့်ဌေး ရောက်ကတည်းက သည်ဒေသရှိ သဘာဝသစ်တောကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စိမ်းလန်းစိုပြေရန်အတွက် အသွေးကြိုးပမ်းဆောင်ရွက်နေခဲ့သည်။

တောကြပ်နှစ်ဦး၊ ထိန်းသိမ်းရေးလုပ်သား ငါးဦးတို့ဖြင့် နေ့ညမပြတ် လှည့်လည်စောင့်ကြပ်နေရသည်။

တောင်သာတောင်၏ ပတ်လည်တွင် အရေးကြီးသောနေရာများ၌ ထိန်းသိမ်းရေးစခန်းတစ်ခုစီ ဆောက်လုပ်ထားသည်။ ကာကွယ်ရေးတောများ နယ်နိမိတ်သတ်မှတ်ပြီး ဘုတ်ဘိုင်များစိုက်ထူသည်။ ထိန်းသိမ်းရေးစခန်းတွင် တဲငါးလုံးဆောက်လုပ်၍ ဝန်ထမ်းများကိုနေစေပြီး မီးကာကွယ်ရေးလုပ်ငန်းများ၊ စိုက်ခင်းထူထောင်ရေးလုပ်ငန်းများ၊ ပျိုးဥယျာဉ်များကို စနစ်တကျလုပ်နေရသည်။

သည်နေရာတစ်ဝိုက်နှင့်နီးစပ်သော ကျေးရွာလူထုက ထင်းမီးသွေးအတွက် သစ်ခုတ်ယူနေခြင်းကိုလည်း ပညာပေးစည်းရုံးပြောပြရတာ အမောပါပဲ။

တချို့လည်းနားလည်ကြသည်။ တချို့ကတော့လည်း မကျေမလည်နှင့် လှည့်ပြန်ကြတာမျိုးရှိသည်။ ဦးမြင့်ဌေးကတော့ တာဝန်အရ နားလည်အောင် အချိန်ယူပြောရစမြဲ။

သည်နေ့လည်း စိုက်ခင်းအတွက် လိုအပ်သည့် ဝန်ထမ်းစာရင်း၊ ရန်ပုံငွေ လိုအပ်ချက်များ၊ လုပ်ငန်းသုံးပစ္စည်းဖြစ်သည့် ထွန်စက်၊ ရေစုပ်စက်၊ ပိုက်ပျော့၊ မြေချသံဆန်ခါ၊ ဂေါ်ပြား၊ ပေါက်ပြား၊ လက်တွန်းလှည်းနှင့် သံတူရွင်း စသည်တို့ကို စာရင်းလုပ် ရေးမှတ်ထားသည်များကို စစ်ဆေးနေသည်။ လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ရေးနေစဉ် တောကြပ်ကိုဖိုးဝေနှင့် ထိန်းသိမ်းရေးလုပ်သား ကိုစံမြတို့ ရောက်လာသည်။

ရာသီက မှုန်ပြင်းခြောက်သွေ့နေသဖြင့် ကိုဖိုးဝေတို့ ချွေးပြန်နေကြ၏။ ကိုစံမြက သောက်ရေအိုးမှ ရေတစ်ခွက်ခပ်သောက်ပြီးမှ သစ်တုံးပြတ်ပေါ်ထိုင်၍ ခမောက်နှင့် ယပ်ခတ်နေသည်။ ကိုဖိုးဝေက ခေါင်းမှခမောက်တို့ကို ချွတ်ရင်း…

"ဆရာ…ကျွန်တော်တို့ ရွာထဲဘက်သွားတော့ သတင်းတစ်ခုကြားခဲ့ရတယ်ဆရာ"

"အင်း…ပြောပါအုံး"

ဦးမြင့်ဌေးက လုပ်လက်စ စာရင်းစာအုပ်ကို ဘေးသို့ချ၍ စကားထောက်လိုက်သည်။

"ဒီလိုဆရာရယ်…ကျွန်တော်တို့ရဲ့ ကာကွယ်သစ်တောဘက်ကို သစ်လာခုတ်ကြတဲ့ ရွာဘက်က ကိုဖိုးမောင်တို့အုပ်စုကို ဆရာမှတ်မိတယ်မဟုတ်လား"

"အင်း…ပြောပါအုံးဗျာ"

"အဖြစ်က မဆန်းပါဘူးဆရာ၊ သစ်တောကြိုးဝိုင်းထဲက သစ်တွေလာခုတ်လို့ နားလည်အောင်ပြောတယ်၊ ဒါကို မကျေလည်ကြဘူးလေ၊ ရွာသားတချို့ တစ်ခုခု ဒုက္ခပေးလိမ့်မယ်ဆရာ၊ ကျွန်တော်တို့ဘက်က ပေါ့ဆလို့တော့မဖြစ်ဘူး"

ကိုဖိုးဝေနှင့် ကိုစံမြတို့ တစ်ယောက်တစ်လှည့်ပြောနေတာကို နားထောင်ရင်း သူ တွေးနေသည်။ ဓိုးရိမ်စရာအခြေအနေတစ်ရပ်ဖြစ်လာပြီဟု သူသိနှင့်နေပြီ။

"အင်း…ခက်တာပဲဗျာ၊ ပညာပေးစည်းရုံးတာကို အထင်မှားကြတယ်၊ သစ်တောဥပဒေအရ တားမြစ်တာကို ဖောက်ဖျက်ချင်ကြတာပဲ၊ သစ်တောထိန်းသိမ်းရေးနဲ့ စိုက်ပျိုးရေးလုပ်ငန်းကို ဟန့်တားနှောင့်ယှက်မယ်ဆိုရင်တော့ ထိထိရောက်ရောက် အရေးယူရမှာပဲဗျာ၊ အေးလေ…ဘာမှ အပျက်အစီးမရှိအောင်တော့ စောင့်ရှောက်ကြဖို့ သတိပေးထားပါ ကိုဖိုးဝေ၊ စိုက်ခင်းက အလုပ်သမားတွေကို မှာထားပါအုံးဗျာ၊ ဒီလူတွေက ကြွက်မနိုင် ကျီးနိုင်ရှိဆိုတာမျိုး လုပ်မှာစိုးရတယ်"

"ဟုတ်ကဲ့ဆရာ…ကျွန်တော်တို့ မျက်ချည်မပြတ် စောင့်ကြည့်မှာပါ၊ ကဲ–သွားကြမယ် ကိုစံမြ"

ကိုဖိုးဝေက ခေါင်းညိတ်ပြရင်း ကိုစံမြနှင့်အတူ ထွက်သွားသည်။ ဦးမြင့်ဌေးမှာ ဟန်မပျက်ပြောလိုက်ရသော်လည်း စိတ်မော

လူမောနှင့် သက်ပြင်းချမိသည်။

ရွာသားအချို့က သူတို့ကို နားလည်သော်လည်း တချို့ကျတော့ သူတို့ကို ရန်ငြိုးဖွဲ့ကြသည်။ ဘာပဲဖြစ်ဖြစ် ဦးမြင့်ဆွေက တာဝန်အရရော၊ စေတနာအရပါ သစ်တောကာကွယ်ရေး ထိန်းသိမ်းရေးကို ကြိုးပမ်းရမည်သာဖြစ်သည်။

❐ ❐ ❐ ❐ ❐

တောင်ကတုံးကို သျှောင်ထုံးနိုင်အောင် ကြိုးပမ်းကြရပြီ…။

မိုးနည်းရေရှား ဒေသတွင်ရှိသော တောင်သာတောင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ဆောင်ရွက်နေကြသည်မှာ အားရစရာပင်။

မိုးရေချိန်နည်းသဖြင့် သည်ဒေသတွင် ဆူးရှိသောအပင်များသာ ပေါက်နေသည်။ သစ်တောမရှိသဖြင့် ရာသီဥတုကလည်း မကောင်းဘဲ အစဉ်ပူပြင်းခြောက်သွေ့နေစပြီ။

ထိုတောင်များ ပြန်လည်စိမ်းလန်းစိုပြေလာစေရန် စီမံချက်များဖြင့် သစ်တောဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရသည်။

တောင်သာတောင်၏ တောင်ခြေမှ တောင်ကြောပေါ်သို့ တဖြည်းဖြည်းတက်၍ ပျိုးပင်များကို စိုက်ပျိုးကြမည်။ စိုက်ခင်းများကို ပျိုးပင်နှင့် ရေသယ်ရန် လွယ်ကူသည့်နေရာများ၌ တည်ထောင်ကြရသည်။

စိုက်ခင်းအတွက် နေ့စားအလုပ်သမားများကို ပို၍ခေါ်ယူထားရ၏။ ထိန့်ပင်ချောင်းရွာနှင့် တောင်သာရွာမှ ရွာသားများလည်း ပါသည်။ အေးမောင်အစ်ကို ကိုမိုးထွန်းလည်း ဝင်လုပ်နေသည်။

သည်နေ့ အေးမောနှင့် မိုးထွန်းတို့ မောင်နှမကြောင့် မြနုလည်း ပျိုးဥယျာဉ်ကို ရောက်ခွင့်ရခဲ့ပြီး ချစ်စရာပျိုးပင်ပေါက်ကလေးများကို ကြည်ကြည်နူးနူးကြည့်ခွင့်ရ၍ မြနုပျော်နေသည်။

မြနုတို့ မရောက်မီကပင် ဦးမြင့်ဆွေလည်း ရောက်နှင့်နေသဖြင့် မြနုတို့မေးသမျှကို ဦးမြင့်ဆွေက ပြောပြနေရသည်။

"ဒီပျိုးဥယျာဉ်ထဲက ပျိုးပင်တွေကို ဘယ်မှာစိုက်မှာလဲဆရာ၊ ဘယ်လိုအပင်တွေကို အဓိကထားပြီး ပျိုးတာလဲ"

"ဒီပျိုးပင်တွေကို ကျေးရွာတွေမှာလည်း စိုက်လို့ရအောင် ပျိုးထောင်ရတာပေါ့။ ကြီးမြန်သစ်ပင် စိုက်ပျိုးရမှာဆိုတော့ ထင်းမီးသွေးအများဆုံးဖြစ်နိုင်မယ့် သစ်ပင်တွေ၊ ပျိုးပင်တွေ ပျိုးရမှာပဲ၊ ဒီအရပ်က ခြောက်သွေ့တဲ့အရပ်ဖြစ်လို့ ဒီဒေသနဲ့ လိုက်လျောညီထွေတဲ့ ရှား၊ ဆူးဖြူ၊ ထနောင်း၊ ယူကလစ်၊ မဲဇလီတို့ကို ပျိုးထားနိုင်တာပေါ့ဗျာ၊ ဒါတွေက ကြီးမြန်သစ်ပင်တွေ မဟုတ်လား"

"ဪ…ဆရာ၊ ဒီမှာလည်း အလုပ်သမားတွေ များသားပဲနော်၊ ဆရာတို့ အများကြီးခန့်ထားရတာပေါ့နော်"

မြနုက ပတ်ဝန်းကျင်မှ လှုပ်လှုပ်ရှားရှား သွားလာလုပ်ကိုင်နေကြသော အလုပ်သမားများကို ဝေ့ဝဲကြည့်ရင်းမေးသည်။ ဦးမြင့်ဆွေက ခေါင်းညိတ်၍…

"ဟုတ်တယ်…မမြနု၊ ဒီမှာ စိမ်းလန်းစိုပြေရေးအတွက် စိုက်တဲ့အပင်တွေက အပင်ကြီးမဟုတ်ဘူးလေ၊ အပင်ငယ်တွေဖြစ်နေတော့ လူတွေ အလွယ်တကူ ခိုးယူခုတ်လှဲနိုင်တာပေါ့ဗျာ၊ ဒါကြောင့် အမြဲမပြတ်စောင့်ကြပ်ကာကွယ်ဖို့လိုတယ်လေ၊ ဒါမှ အပင်ကြီးဘဝကို ရောက်မှာမဟုတ်လား။ ဒီတော့ ပျိုးခင်းထိန်းသိမ်းရေးဝန်ထမ်းတွေ များများခန့်ထားရတာပေါ့ မမြနုရယ်"

ဦးမြင့်ဆွေက စိတ်ရှည်လက်ရှည် ရှင်းပြနေတာကို မြနုက စိတ်ဝင်တစား နားထောင်နေသည်။ အေးမောကတော့ သူတို့နှစ်ယောက်ကို ခပ်ငေးငေးကြည့်ရင်း ရှုပ်ရှင်မင်းသားနှင့် မင်းသမီး စကားပြောခန်းလို သဘောတွေကျနေ၏။

မြမြခန့်ခန့် ဦးမြင့်ဆွေနှင့် ညီညီလုလု မြနုကို အတွေးထဲတွင် တွဲပေးလိုက်ခြင်းပါ။



❝ ဒီအရပ်က
ခြောက်သွေ့တဲ့အရပ်ဖြစ်လို့
ဒီဒေသနဲ့ လိုက်လျောညီထွေတဲ့
ရှား၊ ဆူးဖြူ၊ ထနောင်း၊ ယူကလစ်၊
မဲဇလီတို့ကို ပျိုးထားနိုင်တာပေါ့ဗျာ၊
ဒါတွေက… ❞

''ဆရာတို့လုပ်ငန်းက လွယ်တော့ မလွယ်ဘူးနော်၊ ဆရာတို့ကလည်း အတော် ဗုကွခံနိုင်ကြတာပဲ၊ ဒီအရပ်က ပူပြင်းတော့ ဘာဆေးအရာရာ ရှားပါးတာပေါ့ဆရာရယ်''

မြနုက သူ့ဘာသာ ညည်းပြောပြော ရင်း ဝါးဆယောက်နှင့် ထောင်းဘီရှည်၊ တော ဇီး၊ ဖိနပ်တို့ဖြင့် တစ်မျိုးကြည့်ကောင်းနေ သော ဦးမြင့်ဌေးကို ခပ်ဝေးဝေးကြည့်နေမိ ၏။ ဦးမြင့်ဌေးက ခေါင်းညိတ်ရင်း…

''မလွယ်ပေမယ့် ဖြစ်အောင်ကြိုးစား ရမှာပဲ မမြနုရေ၊ မမြနုပြောသလိုပါပဲ၊ ဒီ အရပ်က ပူပြင်းတာအမှန်ပါပဲ၊ သစ်တော မရှိတော့ မိုးမရွာ၊ မိုးမရွာတော့ သစ်တော မရှိ၊ သစ်တောမရှိတော့ ခြောက်သွေ့၊ မြေ ဩဇာညံ့၊ စိုက်ပျိုးရေးမဖြစ်ထွန်း၊ စတဲ့ ပတ် ဝန်းကျင်ပျက်စီးမှု သံသရာက မလွတ်နိုင်ဘူး ပေါ့ဗျာ၊ ဒါကြောင့် သစ်တောစိမ်းလန်းစို ပြေရေးအတွက် ကျွန်တော်တို့ ကြိုးစားကြ ရတယ် မမြနုရေ၊ ဟဲ…ကျွန်တော်တို့ ဟို ဘက် လျှောက်လိုက်အုံးမယ်ဗျာ၊ မမြနုတို့ လည်း လျှောက်ကြည့်ကြအုံးပေါ့၊ နေတော့ ပူတယ်ဗျနော်''

စကားဆုံးတော့ မြနုတို့ကိုနှုတ်ဆက် ၍ ပျိုးခင်းဘက်သို့ လှည့်ထွက်ခဲ့သည်။ ဦး မြင့်ဌေးအဝနှင့် စည်းရုံးရင်း အသိပညာ ပေးရမည့် တာဝန်ရှိသူမို့ ကြိုလျှင်ကြိုသလို ပညာပေးသောအကျင့်ကို ရနေပြီ။

သစ်တောဦးစီးဌာနရဲ့ လုပ်ငန်းနှင့် စိမ်း ချက်ကို နားလည်မှုသာ ကျေးရွာလူထုဘက် မှ ပါဝင်ကူညီလာမည်မဟုတ်ပါလား။

အတွေးထဲတွင် မြနု၏ ကြင်နာမျက် ဝန်းကို မြင်ယောင်နေသော်လည်း ဗိုလ်မောင် ၏ ဒေါသအကြည့်များကို မမေ့ရသေး၊ စိုက် ခင်းများကို ဒုက္ခပေးနိုင်သူအဖြစ် ဗိုလ်မောင် ကို သူစောင့်ကြည့်နေရသေး။

ဒါပေမဲ့ ဗိုလ်မောင်ကို စည်းရုံး၍ရသည် အထိ ကြိုးစားမည်ဟု သူတွေးထားသည်။ မြနုကြောင့် ဗိုလ်မောင်ကို သူလျှော့တွက်နေ မိလေသလားဟု တွေးရင်း…ပြုံးနေမိသေး တော့သည်။

❒ ❒ ❒ ❒ ❒

ညအမှောင်က ခြောက်သွေ့ငြိမ်သက် နေသည်။

> **အသက်ပင်**
> **ရှဲရှဲမရှူဝံ့ဘဲ**
> **အခြေအနေကို**
> **စောင့်ကြည့်နေသည်။**
> **အရိပ်မည်းသုံးခုမှာ**
> **ကာကွယ်တောကြိုးဝိုင်း**
> **အစပ်နားသို့ တရွေ့ရွေ့…**

လရောင်မရှိသော ညဖြစ်၍ အမှောင် ထုက လွှမ်းမိုးနေထဲ။ တောင်တန်းဘက်မှ ပုရစ်အော်သံတစီစီကို ကြားနေရ၏။

ဟိုဝေးဝေးမှ ခွေးဟောင်သံတို့ တစ် ချက်တစ်ချက် စခန်းသို့ပျံ့လွင့်လာသည်။ မြွတ်နှင့် ခြင် အကိုက်သက်သာရန် အကျီ လက်ရှည်ကို ဝတ်ထားရသဖြင့် ဦးမြင့်ဌေး နဖူးမှ ချွေးပြိုက်ပြိုက်ကျနေပြီ။

အမှောင်ထဲတွင် လူတစ်ယောက်၏ လှုပ်ရှား ရိပ်ကို မိုးတဝါးမြင်ရသည်နှင့် ဦးမြင့်ဌေး ရင်ခုန်သွားသည်။ ကိုမိုးဝေနှင့် ကိုစံမြက သိကြောင်းအချက်ပြ၍ အသင့်အနေအထား နှင့် ငြိမ်သက်စောင့်နေဆဲ…။

''ရှပ်…ရှပ်…''

''ချွတ်…ချွတ်…''

သစ်ရွက်ခြောက်ကိုနင်းသံ သဲ့သဲ့ကြား နေရ၏။ တာဝန်ပေးထားသော အလုပ် သမားများကလည်း တဲများ၏ အနောက် ဘက်မှ ချောင်း၍စောင့်နေသည်။ ဦးမြင့်ဌေး တို့မှာ အသက်ပင် ရှဲရှဲမရှူဝံ့ဘဲ အခြေအနေ ကို စောင့်ကြည့်နေသည်။ အရိပ်မည်းသုံးခု မှာ ကာကွယ်တောကြိုးဝိုင်းအစပ်နားသို့ တရွေ့ရွေ့ ချဉ်းကပ်လာ၏။

''ခြစ်…ဂျောက်…''

မီးခြစ်ခြစ်သံနှင့်အတူ သစ်ရွက်ခြောက် များဆီသို့ မီးစပစ်ချသံကို တစ်ပြိုင်တည်း ကြားရသည်။ ဦးမြင့်ဌေးက လျှင်မြန်စွာ အော်ဟစ်တားမြစ်လိုက်၏။

''ဟိတ်…မလုပ်နဲ့…ရပ်လိုက်''

''ဖမ်း…ဖမ်းထား…မပြေးနဲ့၊ မီး မငြှိခင် ငြိမ်းထားကြ''

ဦးမြင့်ဌေး၏ လှမ်းအော်သံ၊ အရိပ် အမည်းများ ပြေးလွှားသံ၊ မီးငြိမ်းသံတို့ဖြင့် စခန်းတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွား သည်။

အလုပ်သမားများကဝိုင်းဝန်းချုပ်နှောင် ဖမ်းဆီးလာသောလူသုံးယောက်ကို အလင်း ရောင်ရှိရာသို့ ခေါ်လာသည်။ မီးကို ငြိမ်း ငြိမ်းလိုက်နိုင်သဖြင့် အပျက်အစီးမရှိသော် လည်း ဦးမြင့်ဌေးမှာ အလွန်ဒေါသဖြစ်နေ ပြီ။

''တောက်…အတော်မိုက်ရိုင်းဆိုးဝါး တဲ့ လူတွေပဲကွာ၊ ကံကောင်းလို့ စခန်းတစ် ခုလုံး မီးမလောင်တယ်၊ ဒီပျိုးညှပ်ချဉ်နဲ့ ဒီ စခန်း မီးလောင်သွားရင် နိုင်ငံအတွက်ရော၊ ဒီဒေသအတွက်ရော ဘယ်လောက်ဆုံးရှုံး မလဲဆိုတာ မတွေးတတ်ကြဘူးလား''

ဦးမြင့်ဌေးက ပြောပြောဆိုဆိုနှင့် လက်ပြန်ကြိုးတုပ်ထားသူတစ်ယောက်၏ ခေါင်းစွပ်ကို ဆွဲချွတ်လိုက်သည်။ မထင်မှတ် စရာ မျက်နှာကြောင့် သူ အံ့ဩသွားမိ သည်။

''ဟင်…ဗိုလ်ထူး''

''ဟာ…ဗိုလ်ထူးပါလား''

''မိုက်လိုက်ပါဘိ ဗိုလ်ထူးရာ''

ကိုမိုးဝေနှင့် ကိုစံမြင့်တို့ကပါ အံ့အား တသင့် ဖြစ်သွားရသည်။ ဗိုလ်ထူးက သည် စိုက်ခင်းမှ အလုပ်သမားဖြစ်ပါလျက်နှင့် စိုက် ခင်းမီးလောင်အောင် မီးရှို့ရန် ကြိုးစားသူ ဖြစ်နေပြီ။

ဦးမြင့်ဌေးကို မကြည့်ရဲဘဲ ခေါင်းငုံ့ ထားလျက် ဗိုလ်ထူးတုန်နေသည်။ ဦးမြင့်ဌေး က ဗိုလ်ထူး၏မျက်နှာကို ဆွဲမော့စေလျက်-

''ပြောစမ်း ဗိုလ်ထူး၊ ဒါဘယ်လိုဖြစ်တာ လဲ၊ မင်းအပြစ်က ဘယ်လောက်ကြီးလဲဆို တာ မင်းသိရဲ့လား''

''ဆရာ…ကျွန်တော်…ကျွန်တော် လေ…ဟို…ကိုဗိုလ်မောင်က အရေးကြီးတဲ့ ပျိုးခင်းနဲ့ ကာကွယ်တောကို မီးရှို့ပေးပါဆို

လို့ ကြောက်ပြီးလုပ်ပေးရတာပါဆရာ၊ ကျွန်တော် မှား…မှားပါတယ်ဆရာရယ်''

ဖိုးထူးက အထစ်ထစ်အငေါ့ငေါ့နှင့် ပြောရင်း ခေါင်းကြီးငုံ့ထားတော့သည်။

''မှားပါတယ်လို့ ဝန်ခံလိုက်တိုင်း ခွင့်လွှတ်လို့ရတဲ့ကိစ္စမှ မဟုတ်တာ ဖိုးထူးရယ်၊ မင်းကို ထိရောက်ပြင်းထန်တဲ့ အပြစ်နဲ့ အရေးယူမယ်ဆိုတာ မင်းသိရက်နဲ့ကွာ၊ ငါက ခွင့်လွှတ်ပေးမယ့် မင်းတို့ကို ဥပဒေက ခွင့်မလွှတ်ဘူး ဖိုးထူးရေ၊ မင်းအပြစ်ကို မင်းခံပေဖို့ပေါ့ကွာ''

''ကျွန်တော်…ကျွန်တော်…နောင် ဘယ်တော့မှ ဒါမျိုးမမှားစေရပါဘူး ဆရာရယ်၊ ကျွန်တော် နောင်တရပါပြီ ကျွန်တော့်ကို ကယ်ပါအုံးဆရာ''

''အင်း…မိုက်လိုက်တဲ့ ဖိုးထူး''

ဦးမြင့်ငွေက ကျောခိုင်း၍ စခန်းတက်သို့ ထွက်သွားတော့သည်၊ အလုပ်သမားများက ဖိုးထူးနှင့် အဖော်ရွာသားနှစ်ဦးကို ချုပ်နှောင်ခေါ်ဆောင်သွားတော့သည်။

❒ ❒ ❒ ❒ ❒

တောင်သာတောင် စိမ်းလန်းစိုပြေ ရေးလုပ်ငန်း စီမံချက်ရှင်းလင်းပွဲနှင့် ပညာပေး ဆွေးနွေးပွဲလေးတစ်ခု လုပ်ဖြစ်ပြီ။

တောအုပ်ဦးမြင့်ငွေက ကျေးရွာလူထုများ၏ ရှေ့ဘက်မှ မျက်နှာချင်းဆိုင်ရပ်၍ ချောင်းဟန့်လိုက်သည်။ ဆွေးနွေးဟောပြောပွဲတွင် တောင်သာရွာ၊ ညောင်ချေပေါင်၊ မကျီးပင်သုံရွာ၊ ထန်းတောရွာစသော ပတ်ဝန်းကျင်ဒေသရွာများမှ ကျေးရွာလူထုများ လာရောက်နားထောင်ကြသည်။

''ကျွန်တော်တို့ အခု စိမ်းလန်းစိုပြည် ရေးဆောင်ရွက်မယ့် တောင်တွေဟာ အရင်က အပင်တွေနဲ့ ဖုံးလွှမ်းနေတဲ့ တောင်တွေပါပဲ၊ သစ်ထင်း ရှားပါးလာတော့ ပတ်ဝန်းကျင်က လူထုက စည်းကမ်းမဲ့ ခုတ်ယူခဲ့လို့ တောင်ကတုံးဖြစ်ရတာပါ၊ ဒါကြောင့် ဒီ တောင်တန်းတွေမှာ ကျန်နေသေးတဲ့ သစ်ပင်တွေကို ထပ်ပြီး ခိုးယူခုတ်လှဲမယူဖို့ ထိန်းသိမ်းစောင့်ရှောက်ဖို့ ပထမဆုံးပြောချင်ပါတယ်''

''ရည်ရွယ်ချက်ကတော့ဗျာ၊ ဒီမြင်းခြံခရိုင် တောင်စဉ်တောင်တန်းတွေ စိမ်းလန်းစိုပြေရေး လုပ်ငန်းစီမံချက်အောင်မြင်ပြီဆိုရင် ဒီပတ်ဝန်းကျင်ဒေသမှာ ရာသီဥတု မျှတမယ်၊ ဆည်ကန်တွေ မတိမ်ကောဘူး။ ဒေသခံပြည်သူတွေသာမက ဘုရားဖူး ဧည့်သည်တွေ စိတ်ချမ်းမြေ့မယ်၊ တောတိရစ္ဆာန်တွေ လွတ်လပ်ပျော်ရွှင်ပြီး ဝန်းကျင်လှပလာစေဖို့ပါပဲ''

ဦးမြင့်ငွေက အပြောရပ်ပြီး လူထုဘက်သို့ မျက်လုံးဝေ့ဝဲကြည့်လိုက်သည်။ ရွာသူများအကြားတွင် ရှိုရှိုကလေးထိုင်နေသော မြနုကိုလှမ်းတွေ့သည်။

သူ့ထံ ရှက်စွံ့အားနာဟန်ဖြင့် ငေးကြည့်နေသော မြနု၏ မျက်ဝန်းညှို့နှင့်ဆုံသောသူ ခွင့်လွှတ်ပြုံးနှင့် နှုတ်ဆက်ဖြစ်သည်။ ဖိုးမောင်၏ လုပ်ရပ်ကြောင့် မြနု မျက်နှာပူနေမည်ကို သိထားပြီးဖြစ်သည်။

ထိုစဉ် ရွာသားတစ်ဦးက မတ်တတ်ရပ်၍ မေးသည်။

''ဒါဆိုဗျာ…ကျုပ်တို့က အိမ်ဆောက်ဖို့လိုတဲ့ သစ်တွေ၊ ထွန်တုံးတွေ၊ ထွန်တံတွေ လုပ်ဖို့ လိုတာတွေ၊ ထင်းမီးသွေးအတွက် လိုတာတွေကို ဘယ်ကရမှာလဲဗျာ''

သူ့အခက်အခဲများကိုတွေးရင်း စိတ်တိုနေပုံရသော ရွာသား၏အမေးကို ဦးမြင့်ငွေက စကားလုံးရွေး၍ ဖြေသည်။

''ဒီလိုရှိပါတယ်…ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ ကြိုးဝိုင်းသစ်တောတွေ သတ်မှတ်တော့မယ်ဆိုရင် နီးစပ်တဲ့ ကျေးရွာများရဲ့ လိုအပ်ချက်မထိခိုက်အောင် စီစဉ်ပြီးမှ သတ်မှတ်တာပါ၊ သစ်တော ဥပဒေနဲ့ တားမြစ်ထားတဲ့ သစ်တွေကလွဲရင် တခြားသစ်တွေကိုခုတ်ယူခွင့် ပေးထားပါတယ်၊ ကျေးရွာပိုင် ရွာစည်းရိုးက သစ်ပင်တွေကို ကိုင်းချိုင်တဲ့နည်းစနစ်နဲ့ သက်ဆိုင်ရာဒေသ အာဏာပိုင်တွေ၊ သစ်တောဦးစီးဌာနတွေရဲ့ ခွင့်ပြုချက်နဲ့ ရယူသုံးစွဲနိုင်ပါတယ်ခင်ဗျာ''

''ဒါဆို ပြီးရော…ကျေနပ်တယ်''

ရွာသားက ကျေနပ်စွာပြုံးပြုံး၍ပြောရင်း ထိုင်ချသည်။ ဦးမြင့်ငွေက သစ်တောဦးစီးဌာန၏ လုပ်ငန်းနှင့် ရည်ရွယ်ချက်များ၊ မြင်းခြံခရိုင် တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ စသည်တို့ကို ရှည်ရှည်လျားလျား ရှင်းပြသည်။

"

ကျုပ်တို့က အိမ်ဆောက်ဖို့လိုတဲ့ သစ်တွေ၊ ထွန်တုံးတွေ၊ ထွန်တံတွေလုပ်ဖို့ လိုတာတွေ၊ ထင်းမီးသွေးအတွက် လိုတာတွေကို ဘယ်ကရမှာလဲဗျာ…

"



ရွာသားတို့မေးသမျှကိုလည်း နား လည် လက်ခံအောင်ရှင်းပြသည်။ နိဂုံးချုပ် အနေနှင့် ဦးမြင့်ဋ္ဌေးက…

"နိဂုံးချုပ်အနေနဲ့ပြောရရင်ဗျာ…ဒီ တောင်စဉ်တောင်တန်းတွေ စိမ်းလန်းစိုပြေ ရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ ကျွန် တော်တို့ သစ်တောဦးစီးဌာနက ဝန်ထမ်း တွေနဲ့တင် မပြည့်စုံပါဘူး။ ပြည်သူလူထုက တစ်ထပ်တစ်အား ပါဝင်ကူညီကြဖို့ မေတ္တာ ရပ်ခံချင်ပါတယ်။ ပြည်သူတစ်ရပ်လုံးကနေ ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားရင် ဒီ စိမ့်ကိန်းကြီးအောင်မြင်မှာ အသေအချာပါပဲ လို့ပြောရင်း နိဂုံးချုပ်ပါတယ်ခင်ဗျာ"

ဦးမြင့်ဋ္ဌေး၏ နိဂုံးစကားနှင့်အတူ လက်ခုပ်သံများ စီစီညံသွားသည်။

ဆွေးနွေးဟောပြောပွဲပြီးသည့်နှင့် ကျေးရွာလူထုလည်း လူစုခွဲ၍ ပြန်ကြပြီ။ ဦးမြင့်ဋ္ဌေးနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်း များပြန်ရန် နွားလှည်းစီစဉ်နေဆဲ ဖိုးမောင် နှင့် လှအေးတို့ အနားသို့ရောက်လာသည်။

ဖိုးထူးနှင့် အေးမာတို့လည်း ပါသည်။ ဖိုးထူးက ဦးမြင့်ဋ္ဌေးရှေ့တွင် တရိုတသေရပ် လျက်…

"ဆရာ…ကျွန်တော်တို့ကိုခွင့်လွှတ်ဖို့ တောင်းပန်ချင်လို့ပါ ဆရာ"

"ဟုတ်ပါတယ် ဆရာရယ်၊ ဆရာနဲ့ ရွာလူကြီးတွေကြောင့် ကျွန်တော်တို့ အပြစ် ကနေသက်သာခွင့်ရခဲ့တာပါ၊ ဆရာ့ကျေးဇူး ကို မမေ့ပါဘူး ဆရာ"

"ကျွန်တော်တို့ရဲ့အမှားကို ကျွန်တော် တို့ရဲ့ ချွေးနဲ့ ပေးဆပ်ချင်ပါတယ် ဆရာ ရယ်၊ အဲဒါ ဆရာတို့ရဲ့ ပျိုးဥယျာဉ်မှာ နေ့ စား အလုပ်သမားအဖြစ်နဲ့ ကူညီဆောင်ရွက် ပါရစေ"

သူတို့ တစ်ယောက်တစ်ခွန်းပြောနေ ဟန်ကိုကြည့်၍ ဦးမြင့်ဋ္ဌေးနှင့် ကိုမိုးဝေတို့ အုပ်စုမှာ ဝမ်းသာပီတိဖြစ်ကြရသည်။ အမှား ကိုသိ၍ အမှန်မြင်လာသူကို လက်တွဲခေါ်ယူ ချင်တာ အမှန်ပင်။

ဦးမြင့်ဋ္ဌေး၏အကြည့်က ဖိုးမောင်တို့ နောက်နားမှာ ခပ်ရှိုးရှိုးကလေးရပ်နေသော မြနုကိုမြင်သွားသည်။ မြနု၏ မျှော်လင့် မျက်ဝန်းနှင့် အကြည့်ချွေးတို့က ဖိုးမောင်ကို ခွင့်လွှတ်ရန် တောင်းပန်ဟန်နှင့်။ သည် မျက်ဝန်းနှင့်ဆုံတော့ သူ့ရင်ခုန်ချွေးထွေးသွား ရသည်။ မြနုကို နှစ်သိမ့်ပြုံးနှင့် ပြုံးပြရင်း ဖိုးမောင်တို့ကို ကြည့်ကြည့်ရှုရှု ခေါင်းညိတ် ပြဖြစ်သည်။

"ဟုတ်ပါပြီဗျာ၊ ဒါဆို ကျွန်တော်တို့ လည်း အင်အားရတာပေါ့၊ ကဲ…အားလုံး အတွက် ကျွန်တော်တို့ အတူတူကြိုးပမ်းကြ တာပေါ့နော်"

ဦးမြင့်ဋ္ဌေး၏ အဖြေစကားကြောင့် အားလုံးဝမ်းသာသွားကြသည်။ ကိုမိုးဝေ က–

"ကောင်းတယ်ဗျို့၊ ဒါဆို ကျုပ်တို့စီးရ မယ့် နွားလှည်းကို အခု သစ်တောဝန်ထမ်း အသစ်ထဲက မောင်းပေတော့ဗျို့"

ပြောပြောဆိုဆိုနှင့် ဦးမြင့်ဋ္ဌေးတို့အုပ်စု လှည်းပေါ်တက်ထိုင်ကြတော့သည်။

"ဟာ…ရပါတယ်…ဆရာ ကျွန်တော် မောင်းပို့ပေးပါမယ်၊ ကဲ…ဖွေသားကြီး ပြေးလိုက်ပါအုံး"

ဖိုးမောင်က ရွှင်ရွှင်မြူးမြူး ကြိမ်တို့ လိုက်သည်နှင့် နွားလှည်းက မြူသံပေး၍ ပြေးလေပြီ။ လှည်းပေါ်မှ ဦးမြင့်ဋ္ဌေးက မြနု ကို လက်ပြနှုတ်ဆက်သွားသည်။

နွားလှည်းလေး ဝေးဝေးရောက်သည် အထိ မြနုတစ်ယောက် ကြည့်ကြည့်ရှုရှု လက်ပြမဆုံးတော့…။

နွားလှည်းလေးမှာ ရယ်မောပျော်ရွှင် သံများကို တင်ဆောင်လျက် တောင်သာ တောင် သစ်တောထိန်းသိမ်းရေးစခန်းသို့ ကျော့ကျော့လေး ပြေးနေပါတော့သည်။

(ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးသို့ ရည်ရွယ်ပါသည်။)

**မိုးပန်းမွှန်(ရာမည)**



## ရေတိုးပို့နောက်ဆုတ်

ဆောင်းရာသီတစ်မနက်မှာ အလုပ်ကို ၄၅ မိနစ် နောက်ကျပြီးမှ ရောက်လာတဲ့ အလုပ်သမား တစ်ယောက်ဟာ သူနောက်ကျရတဲ့အကြောင်းကို ရှင်းပြတယ်–

"လမ်းတွေက တအားချောတယ်ဆရာ၊ ဘယ် လောက်ချောသလဲဆိုရင် ရှေ့တစ်လှမ်းလှမ်းရင် နောက်ကို နှစ်လှမ်းဆုတ်သွားတယ်"

ဒီတော့ အလုပ်ရှင်က သူ့ကိုပြန်မေးတယ်–

"အို–ဟုတ်လား၊ ဒါဆိုရင် မင်း ဒီကို ဘယ်လို ရောက်လာသလဲ"

"ကျွန်တော် နောက်ဆုံးတော့ အလုပ်ကို မလာ တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီး အိမ်ကိုပြန်ဖို့လုပ်လိုက် တယ်"လို့ သူက ရှင်းပြပါတယ်။

**မောင်သီဟ**


ကလောင်မွေးစရာ မရှိဘူး
ဘာဖြစ်လို့
ကျုပ်က ဘောပင်နဲ့ပဲ ရေးတယ်လေ

# City CARTOON



# ယောဂ (Yoga) နှင့် ကျန်းမာရေး

◆ ပေါက်ပေါက်



ယောဂ (Yoga) ကျင့်စဉ်ဟာ ဟိုးလွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော်ခန့်ကတည်းက အိန္ဒိယမှာ ပေါ်ထွန်းလာခဲ့ပြီး ဟိန္ဒူလူမျိုးများက ရှာဖွေတွေ့ရှိခဲ့သော Philosophy သိပ္ပံပညာရပ်တစ်ခုဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ရရင် Yoga ဆိုတာဟာ ကိုယ်တွင်း(အဇ္ဈတ) ဖြစ်ပျက်ပြောင်းလဲမှုကို ဖြစ်စေတဲ့ တွက်ချက်မှု ပညာရပ်တစ်ခုလို့ ဆိုနိုင်ပါတယ်။ Yoga ကျင့်စဉ်ဆိုတာ ဟိန္ဒူဝါဒ၊ ဗုဒ္ဓဝါဒတို့လို ကိုးကွယ်ရာ ဘာသာရေးမဟုတ်ပါဘူး။ ဒါကြောင့် Yoga ကျင့်စဉ်ကို လူမျိုးမရွေး ဘာသာမရွေး ပြုလုပ်နိုင်ပါတယ်။



တချို့သူတွေက မွေးရာပါ အရိုးအကြော ပျော့ပျောင်းကြပြီး တချို့သူတွေက တောင့်တင်းကြပါတယ်။ Yoga ကို စတင်လုပ်ခါစမှာ မိမိရဲ့ အကြောအခြင်များ တောင့်တင်းနေသေးတာကြောင့် ကောင်းကောင်း မကွေးနိုင်၊ မဆန့်ထုတ်နိုင်သေးတာကို စိတ်ပျက်အားငယ်စရာမလိုပါဘူး။ Yoga ကျင့်ပါ များလာပြီးနောက်၊ အသက်ရှူသွင်း၊ ရှူထုတ်ခြင်းကို ဟန်ချက်ညီညီ လုပ်နိုင်လာတဲ့အခါ အဆင်ပြေသွားပါလိမ့်မယ်။ စိတ်မလောပါနှင့်။ စိတ်ကိုတည်ငြိမ်အောင် လုပ်နိုင်ရင် အဆင်ပြေပါပြီ။





Yoga ကျင့်ဖို့အတွက် Yoga map လို့ခေါ်တဲ့ ဖျာတစ်ချပ်လိုအပ်ပါတယ်။ (Yoga map တွေကို အားကစားပစ္စည်းရောင်းတဲ့

ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်)။ ၎င်းများနှင့် Yoga ကျင့်မှသာ ဒူး၊ တံတောင်ဆစ်တွေ မနာစေတော့ပါဘူး။ မပွလွန်း၊ မကြပ်လွန်းသော တီရှပ်အင်္ကျီနှင့် ဘောင်းဘီအတို (သို့) အရှည်ဝတ်ရပါမယ်။ Yoga ကျင့်တဲ့အခါ ခြေဗလာဖြင့် ကျင့်ရတာဖြစ်တဲ့အတွက် ဖိနပ်မလိုအပ်ပါဘူး။

Yoga ကျင့်စဉ်များက ဘယ်ကွေ့ညာဆန့်၊ ရှေ့မှောက် နောက်လှန်၊ ခေါင်းစိုက်ထောင်မတ်၊ ကွေ့ဝိုက်၍ ပုံစံအမျိုးမျိုးလုပ်ရတာ ဖြစ်တဲ့အတွက် ထမင်းကဲ့သို့ Heavy အစားများ စားပြီးချိန်နဲ့ဝေး၍ Yoga ကျင့်ရမှာ ဖြစ်ပါတယ်။ ဗိုက်ဆာနေတဲ့အချိန်မှာလည်း Yoga ကျင့်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဗိုက်ဆာတတ်သူဖြစ်ပါက Yoga မလုပ်ခင် လေးငါးမိနစ်(သို့) တစ်နာရီခန့်အလိုမှာ ကြေညက်လွယ်သော အစာဖြစ်တဲ့ ဒိန်ချဉ်တစ်ခွက်(သို့) သစ်သီးဖျော်ရည်တစ်ခွက်(သို့)မြေပဲလှော်အနည်းငယ် စားနိုင်ပါတယ်။

Yoga ကျင့်စဉ်ကို ကျား၊ မ မရွေး၊ လူကြီးလူငယ်မရွေး လုပ်နိုင်ပါတယ်။ သို့သော် တချို့ကျင့်စဉ်များက အမျိုးသမီးများအတွက်သာ သီးသန့်ဖြစ်သလို၊ တချို့ ကျင့်စဉ်များကို အမျိုးသမီးများ ဓမ္မတာရာသီလာစဉ် မလုပ်သင့်ပါဘူး။ ဒါကြောင့် ဓမ္မတာရာသီလာနေပါက သင်ပြပေးသည့် ဆရာမကို Yoga လေ့ကျင့်ခန်းမလုပ်ခင် ကြိုတင်ပြောပြထားပါ။ ကိုယ်ဝန်ဆောင်များအတွက်ကိုလည်း Yoga ကျင့်စဉ်များ သီးသန့်ရှိပါတယ်။

စာဖတ်ပရိသတ်များအတွက် ယောဂ Yoga နှင့် ကျန်းမာရေးအကြောင်း ဆောင်းပါးကို ရေးပေးချင်တာကြောင့် ကျွန်မဆောင်းပါးရှင် ပေါက်ပေါက်ကိုယ်တိုင် Yoga သင်တန်းတက်၍ လေ့လာပြီးနောက် ဤကျန်းမာရေး ဆောင်းပါးလေးကို ယခုလိုရေးသားမျှဝေလိုက်ရပါတယ်။

**ယောဂ(၁)**

သစ်ပင်ပုံကျင့်စဉ် (Tree Post) ဖြစ်ပါတယ်။ ဤ Yoga ကျင့်စဉ်က စိတ်တည်ငြိမ်မှုကိုရရှိစေပြီးကြွက်သားနှင့် အကြောအခြင်များ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပါတယ်။ စိတ်အာရုံစူးစိုက်မှု အားကောင်းလာပါမယ်။



လေဖြတ်ရောဂါမဖြစ်အောင် ကာကွယ်ပေးပါတယ်။ (သတိပြုရန်) ကွေးထားသောဒူးကို တတ်နိုင်သမျှ ဘေးသို့ကားထုတ်ပါ။ ဒါမှသာ ကိုယ်အလေးချိန် Balance ဖြစ်ပြီး ကြာကြာ ရပ်နိုင်ပါလိမ့်မယ်။ ကွေးထားသော ခြေထောက်ကို ရပ်နေသော ခြေထောက်၏ ပေါင်အလယ်ပေါ်သို့ ထောက်ပေးပါ။ အကယ်၍ ရပ်နေသောခြေထောက်၏ ဒူးပေါ်သို့ ထောက်ထားမိပါက ဒူးနာတတ်ပါတယ်။ ကွေးထားသော ခြေထောက်၏ ဖနောင့်ဖြင့် ရပ်နေသောခြေထောက်၏ ပေါင်လယ်ပေါ်သို့ ထောက်ပေးရမှာ ဖြစ်ပါတယ်။

**ယောဂ(၂)**

နတ်သမီးကျင့်စဉ်(Angel Post) ဖြစ်ပါတယ်။ ဤ Yoga ကျင့်စဉ်က ဗိုက်ကြောများကို ဆန့်ထုတ်ခြင်း၊ လက်ပြင်ကြောကို အနေအထားမှန်စေခြင်းနှင့် ကျောက်ကပ်အတွက်တို့ကိုပါ အကျိုးရှိစေပါတယ်။



**ယောဂ(၃)**



ငါးအနေအထားကျင့်စဉ် (Fish Post) ဖြစ်ပါတယ်။ ဤ Yoga ကျင့်စဉ်က မျက်ရိုးကိုက်ခြင်း၊ မျက်စိမှုန်ခြင်း၊ မျက်လုံးအားနည်းခြင်းတို့ကို ကာကွယ်ပေးတဲ့အပြင် ကြွက်သားဆိုင်ရာ အားနည်းခြင်း၊ မျက်နှာသွေးလည်ပတ်မှု ကောင်းမွန်စေပြီး လည်ပင်း အသီးကျစေပါတယ်။ (သတိပြုရန်) ရင်ဘတ်ကို အပေါ်ဘက်သို့ ကော့နိုင်သမျှကော့၍ ငယ်ထိပ်ကို ကြမ်းပြင်နှင့် ဖိထားပါ၊ ငယ်ထိပ်နှင့် တံတောင်ဆစ်တို့အပေါ်၌သာ ခန္ဓာကိုယ်ကို အားပြုထားရပါမယ်။

**ယောဂ(၄)**



ဤ Yoga ကျင့်စဉ်က ခါးအညောင်းအညာနှင့် ခါးကြောပြေစေပြီး၊ ခါးအရိုးကျီးပေါင်းရောဂါ၊ ခါးနာရောဂါများအတွက် ကောင်းကျိုးပြုပါတယ်။ ခါးနာရောဂါမရှိသူများလည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် ဤ ယောဂကျင့်စဉ်ကို ပြုလုပ်သင့်ပါတယ်။ (သတိပြုရန်) ပုံတွင်ပြထားသည့်အတိုင်း ခြေထောက်ကို ရှေ့သို့ဆန့်၍ လက်နှစ်ဖက်ကို အနောက်ဘက်သို့ တည့်တည့်ထောက်ထား

ပါ။ ဘယ်ဘက်ခြေမနှင့် ခြေညှို့ကြားထဲကို ညာခြေဖနောင့်ထည့်၍ ညှပ်ထားပါ။ ပြီးရင် ခြေထောက် နှစ်ချောင်းစလုံးကို ဘယ်ဘက်သို့ စောင်းချ၍ ကြမ်းပြင်နဲ့ထိကပ်ပါ။ (ခြေထောက် ဆန့်ထားပါ။ မကွေးမိပါစေနှင့်) ဤသို့ စောင်းချစဉ် ခါးကိုလည်း ဘယ်ဘက်သို့ အလိုက်သင့် ကွေးနိုင်သမျှ ကွေးလှည့်ပေးပါ။ အထက်ပါနည်းအတိုင်း ညာဘက်ခြေထောက်နှင့် ညာဘက်ခါးတို့ကို လုပ်ပါ။ ညာတစ်လှည့်စီ ၃ ကြိမ် လုပ်ပေးပါ။




### ယောဂ(၅)

ဤ Yoga ကျင့်စဉ်က လက်မောင်းသား လျှော့ကျခြင်းကို ပြန်လည်တင်းရင်းစေပြီး လက်မောင်းသားကို ကျစ်လျစ်လှပစေပါတယ်။ (သတိပြုရန်) နံပါတ်စဉ် (၁) ပုံအတိုင်း ခန္ဓာကိုယ်ကို မတ်မတ်ထိုင်၍ လက်နှစ်ဖက်ကို ဘေးသို့ဆန့်တန်းပါ။ လက်သီးဆုပ်ထားပါ။ နံပါတ်စဉ်(၂)ပုံအတိုင်း ပခုံးကို ထောင့်ထားပြီး လက်ကို အောက်သို့ ထောင့်မှန်ပုံ ၉၀ ဒီဂရီကွေးပေါ။ ပြီးရင် လက်ကို ပြန်ဆန့်တန်းပါ။ အကွေးအဆန့် ၅ ကြိမ်လုပ်ပါ။ ကွေးနေချိန်မှာ ပခုံးနဲ့ လက်မောင်းတို့ကို မလှုပ်ရ၊ တံတောင်ဆစ်အောက်ပိုင်း လက်ဖျံကိုသာ ကွေးဆန့်လုပ်ပါ။ နံပါတ်စဉ် (၃) ပုံအတိုင်း လက်ကို အပေါ်သို့ ၉၀ ဒီဂရီ မတ်မတ်ထောင်ပါ။ ပြီးရင် ဘေးသို့ ဆန့်တန်းပါ။ အကွေးအဆန့် ၅ ကြိမ်လုပ်ပါ။ ကွေးနေချိန်မှာ ပခုံးနဲ့ လက်မောင်းတို့ကို မလှုပ်ရ၊ တံတောင်ဆစ်အောက်ပိုင်း လက်ဖျံကိုသာ ကွေးဆန့်လုပ်ပါ။ နံပါတ်စဉ် (၄) ပုံအတိုင်း လက်မောင်းကိုမြှောက်၍ ဆန့်တန်းပါ။ ပြီးရင် နံပါတ်စဉ်အားလုံး အစမှ အဆုံး ပြန်လုပ်ပါ။



### ယောဂ(၆)

ကုလားထိုင်ကျင့်စဉ်(Chair Post) ဖြစ်ပါတယ်။ ဤ Yoga ကျင့်စဉ်က ခန္ဓာကိုယ်တစ်ခုလုံး၏ ခံနိုင်ရည်စွမ်းရည်ကို မြှင့်တင်ပေးပြီး ဝမ်းဗိုက်၊ ပေါင်နှင့် တင်ပါးကြွက်သားများ သန်မာစေပြီး တင်သား တင်းတင်းရင်းရင်း ဖြစ်စေပါတယ်။ (သတိပြုရန်) ဒူးခေါင်းကွေးပြီး ထိုင်သည့်အချိန်တွင် ဦးခေါင်းမှ ခြေဖျားအထိ မျဉ်းတစ်ဖြောင့်တည်းပုံစံထိုင်ရမည်။



### ယောဂ(၇)

ဤ Yoga ကျင့်စဉ်က သွေးလည်ပတ်မှုနှင့် သွေးခြည်ဥများ ကောင်းမွန်စေပါတယ်။ ခါးကို ပြေပြစ်စေပြီး၊ ဝမ်းဗိုက်ကြွက်သားများကို သန်မာစေပါတယ်။ တင်ပါးနှင့် ပေါင်များ ကိုက်ခဲနာကျင်ခြင်းများကို သက်သာစေပါတယ်။ အစာမကြေဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်းများကိုပျောက်ကင်းစေပြီး အသည်းနဲ့ ကျောက်ကပ်ကို ကောင်းမွန်စေပါတယ်။



မွေးတာမမှန်သူများအတွက် အထူးသင့်တော်ပြီး၊ ဝသွကို ပိန်စေကာ အရပ်ကိုလည်း မြင့်စေပါတယ်။ သွေးလည်ပတ်မှုကောင်းစေပါတယ်။ (သတိပြုရန်) ခြေထောက်ကို ဆန့်တန်း၍ ခြေဖဝါးများ ထောင်ထားပါ။ နဖူးနှင့် ဒူးခေါင်းတို့ကိုထိပါ။ တံတောင်ဆစ်ကို ကြမ်းပြင်ပေါ်ထောက်၍ ခြေချင်းဝတ်ကို ကိုင်ပါ။

### ယောဂ(၈)

ဤ Yoga ကျင့်စဉ်က ဝမ်းဗိုက်၊ ကျောရိုးမနှင့် တင်ပါးခွက်ကြောများ သန်မာစေပါတယ်။ အစာခြေအားကောင်းစေပြီး အူ၊ ကျောက်ကပ်နှင့် သိုင်းရွိုက်များကို အား



ဖြည့်ပေးပါတယ်။ (သတိပြုရန်) နောက်ကျောကို မတ်မတ်ထားပါ။ ဒူးနှင့် ပေါင်များကို ဆန့်တန်းထားပါ၊ တင်ပါးပေါ် အားပြုထားပါ။

ယောဂ(၉)

ဤ Yoga ကျင့်စဉ်က ခြေထောက်၊ ခြေအဆစ်များနှင့် ခါးကို အကျိုးသက်ရောက်စေပြီး ပျော့ပျောင်းသန်စွမ်းစေပါတယ်။ ခါးသိမ်စေကာ ဝမ်းဗိုက်အညစ်အကြေးများကင်းစေပြီး အူများ ကောင်းစွာအလုပ်လုပ်စေတာကြောင့် ခန္ဓာကိုယ်ကို ကျန်းမာစေပါတယ်။



ယောဂ(၁၀)

ဤ Yoga ကျင့်စဉ်က နောက်ကျောကို အထက်အောက် ကစားခြင်းဖြင့် ကျောရိုးနှင့် အာရုံကြောများကို ကောင်းမွန်စေပြီး အဆစ်အမြစ် ကိုက်ခဲခြင်းကို သက်သာစေပါတယ်။ ခြေထောက်ကို ပျော့ပျောင်းစေပြီး သားအိမ်ကို အားရှိစေပါတယ်။ ကလေးများများမွေးသူ အမျိုးသမီးများအတွက် အထူးကောင်းမွန်စေပြီး ကလေးမွေးရာတွင် လွယ်ကူစေပါတယ်။ အစာခြေအားကောင်းစေပြီး သွေးလည်ပတ်မှုကောင်းကာ တင်ပါးနှင့် ပေါင်အဆီများ ကျစေပါတယ်။





ယောဂ(၁၁)

ကုလားအုတ်ပုံစံ ကျင့်စဉ်(အုရှ်ထြာဆန) ဖြစ်ပါတယ်။ ဤ Yoga ကျင့်စဉ်က အသက်ရှူလမ်းကြောင်းပိုင်းအတွက် အထူးပြုပါတယ်။ အဆုတ်ကို အားကောင်းစေပြီး ပန်းနာဝေဒနာရှင်များအတွက် အထူးသင့်တော်ပါတယ်။ လည်ပင်းကျိုးပေါင်း၊ အာရုံကြောနှင့် ကျောရိုးနှင့်သက်ဆိုင်သော ရောဂါများ ကင်းဝေးစေပါတယ်။ ကျောရိုးနှင့် ကျောပိုင်းကို ဖြောင့်မတ်စေလို့ ကိုယ်ဟန်တင့်တယ်စေပါတယ်။ ဗိုက်ကိုလည်း ချပ်စေပါတယ်။



ယောဂ(၁၂)

အုန်းပင်စိုက် ယောဂကျင့်စဉ်ဖြစ်ပါတယ်။ နှလုံးသွေးလည်ပတ်မှုကောင်းပြီး၊ အာရုံကြော အားကောင်းစေပါတယ်။ သွေးပြောင်းပြန်စီးဆင်းကာ သွေးသန့်စေပါတယ်။ မျက်နှာပေါ်က တင်းတိပ်ရှိသူများ ဤယောဂကျင့်စဉ်ကို ၆ လလောက် ကစားပေးခြင်းဖြင့် တင်းတိပ်ပျောက်စေပါတယ်။ မိမိခံနိုင်ရည်ရှိသလောက် အချိန် ၅ မိနစ်ကြာ လုပ်နိုင်ပါတယ်။ (သတိပြုရန်) ခေါင်းပေါ်သို့ အားမပြုရ၊ လက်ပေါ်သို့ အားပြုရပါမယ်။ ဤကျင့်စဉ် လုပ်ပြီးတဲ့အခါ ဦးခေါင်းကို စက်ဝိုင်းလှည့်သကဲ့သို့ ဘယ်မှ ညာ၊ ညာမှ ဘယ်သို့ လှည့်၍ကစားပေးရပါမယ်။



ယောဂ(၁၃)

ထွန်ယက်ပုံစံ Yoga ကျင့်စဉ် ဖြစ်ပါတယ်။ ကျောရိုးမကြီးကို သန်စွမ်းပျော့ပျောင်းစေပါတယ်။ ကျောပိုင်းရှိ ကြွက်သားများကို သန်မာပြီး ရောဂါကင်းစေပါတယ်။ သိုင်းရွိုက်ဂလင်းကို အလုပ်လုပ်စေပါတယ်။ အဝလွန်ခြင်း၊ အရပ်ပုခြင်း၊ အားအင်ချိနဲ့ခြင်းတို့ကို ကင်းဝေးစေပါတယ်။ အစာခြေအားကောင်းပြီး လေရောဂါ၊ ဝမ်းချုပ်ခြင်း၊ သရက်ရွက်၊ အသည်းရောင်ခြင်း၊ နှလုံးရောဂါတို့ကို သက်သာပျောက်ကင်းစေပါတယ်။ ပန်ကရိယကို ပုံမှန်အလုပ်လုပ်စေပြီး ဆီးချိုရောဂါကင်းစေပါတယ်။ အမျိုးသမီး



များ မွေ့တာလာစဉ် ကိုက်ခဲနာကျင်မှုများ ကင်းစေပါတယ်။ (သတိပြုရန်) ဤ ယောဂ ကျင့်စဉ်ပုံစံက သရက်ရွက်ကြီးတဲ့သူ၊ အသည်းကြီးတဲ့သူ၊ ကျိုးပေါင်းရောဂါရှိသူနဲ့ ကျောရိုးမဝေဒနာရှိတဲ့သူတွေ လုပ်လို့မရပါ။



### ယောဂ(၁၄)

လေးကိုင်းသဏ္ဍာန်ပုံစံ Yoga ကျင့်စဉ် ဖြစ်ပါတယ်။ အစာအိမ်နှင့် အူလမ်းကြောင်း



ကို နှိပ်နယ်ပေးခြင်းဖြင့် ဝမ်းဗိုက်သားရှိ အာရုံကြောများကို အားကောင်းစေပါတယ်။ ဗိုက်ချပ်စေပါတယ်။ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ (သတိပြုရန်) ရင်ဘတ်ကို ကော့နိုင်သမျှ ကော့တင်၍ ခန္ဓာကိုယ်၏ အောက်ပိုင်းကို မြှောက်နိုင်သမျှ အပေါ်သို့ မြှောက်တင်ပါ။ ခါးကို ခန္ဓာကိုယ်မြှောက်ထားစဉ် တံတောင်ဆစ် ကွေးမထားရ။ ဤ အနေအထားအတိုင်း ဝမ်းဗိုက်ပေါ်ကိုသာ တည်နေရာထားကာ ဖိ၍ တစ်ကိုယ်လုံးကို ရှေ့တိုး၊ နောက်ဆုတ်၊ မြှောက်လိုက်၊ ချလိုက် လုပ်ပါ။

### ယောဂ(၁၅)

ပြောင်းပြန်ဆုတောင်းကျင့်စဉ် (back body prayer post) ဖြစ်ပါတယ်။ ဤ Yoga ကျင့်စဉ်က လက်ပြင်ကျော ကုန်းသူများ ပြန်လည်တည့်မတ်စေပြီး ပခုံးလျှော့ကျ



ခြင်းမှ ပြေပျောက်စေပါတယ်။ လက်ကောက်ဝတ်များကို သန်မာစေပါတယ်။ အနောက်ဘက်အပေါ်ပိုင်း ညောင်းညာမှုများ ပျောက်ကင်းစေပါတယ်။ (မှတ်ချက်) ခါးကို မတ်မတ်ထား၍ထိုင်ပါ။

### ယောဂ(၁၆)

အုတ္တာ(န်)မန္ဒု(က်)အာဆန (Uttan Mandukasana) ဖြစ်ပါတယ်။ ဤ Yoga



ကျင့်စဉ်က လေကိုဝအောင်ရှူပြီး အောင့်ထားခြင်းဖြင့် အဆုတ်ကို အားကောင်းစေပါတယ်။ သွေးကို သန့်စင်စေပြီး အသက်ရှည်စေပါတယ်။ (သတိပြုရန်) ခြေထောက် နှစ်ချောင်းကို ဘေးသို့ ကျယ်ကျယ်ထား၍ ခြေဖနောင့်နှစ်ခုကို ထိကပ်ထားပါ။ ခြေဖနောင့်တွေပေါ် ထိုင်ချပါ။ တံတောင်ဆစ် နှစ်ဘက်ကိုပိုက်၍ ဖက်ထားပါ။ လေကို အားရပါးရရှိုက်ရှူပြီး၊ အသက် ခဏအောင့်ထားပါ။ ပြီးမှ ရှိုက်ထုတ်ပါ။

### ယောဂ(၁၇)



ဤ Yoga ကျင့်စဉ်က သွေးပေါင်ကျသူများအတွက် သင့်တော်ပြီး အာရုံကြောများကို ထိန်းညှိပေးပါတယ်။ လည်ပင်း၊ ဦးခေါင်းနှင့် ကြွက်သားများကို အားရှိစေပြီး ခေါင်းတွင် သွေးပိုမိုရောက်စေပါတယ်။

### ယောဂ(၁၈)

ဤ Yoga ကျင့်စဉ်က ပေါင်တွင်းကြောများ ပြေလျော့စေပြီး အညောင်း



အညာပေပြစေပါတယ်။ ကြွက်သားများ တင်းခြင်း၊ အကြောများဆိုင်းခြင်း၊ နောက်ကျောတက်ခြင်းတို့ကို သက်သာစေပါတယ်။

ယောဂ(၁၉)






Couple Post Yoga (စုံတွဲပုံယောဂကျင့်စဉ်) ဖြစ်ပါတယ်။ အပေါ်ဘက်တွင်နေသောသူအတွက် အညောင်းအညာပြေ၊ အကြောပြေစေပါတယ်။ အောက်ဘက်တွင်နေသောသူအတွက် ကျောရိုးမကြီးကို သန်စွမ်း ပျော့ပြောင်းစေပါတယ်။ ကျောပိုင်းရှိ ကြွက်သားများကိုသန်မာပြီး ရောဂါကင်းဝေးစေပါတယ်။ သိုင်းချိုက်ကလင်းကို အလုပ်လုပ်စေပါတယ်။ အဝလွန်ခြင်း၊ အရပ်ပုခြင်း၊ အားအင်ချို့နဲ့ခြင်းတို့ကို ကင်းဝေးစေပါတယ်။ အစာခြေအားကောင်းပြီး လေရောဂါ၊ ဝမ်းချုပ်ခြင်း၊ သရက်ရွက်၊ အသည်းရောင်ခြင်း၊ နှလုံးရောဂါတို့ကို သက်သာပျောက်ကင်းစေပါတယ်၊ ပန်ကရိယကို ပုံမှန်အလုပ်လုပ်စေပြီး ဆီးချိုရောဂါ ကင်းဝေးစေပါတယ်။ အမျိုးသမီးများ ဓမ္မတာလာစဉ် ကိုက်ခဲနာကျင်မှုများ ကင်းဝေးစေပါတယ်။ (သတိပြုရန်) ဤယောဂကျင့်စဉ်ပုံစံတွင် သရက်ရွက်ကြီးတဲ့သူ၊ အသည်းကြီးတဲ့သူ၊ ကျိုးပေါင်းရောဂါရှိသူနဲ့ ကျောရိုးမဝေဒနာရှိတဲ့သူတွေ အောက်ဘက်တွင်နေသောသူအဖြစ် မလုပ်သင့်ပါ။

**ပေါက်ပေါက်**

## အတူတူနဲ့ အနူနူ

''ကျုပ် လူတစ်ယောက်ကို တစ်ခါကဆုံခဲ့ဖူးတယ်၊ တကယ့် အတိုက်အခံသမားတစ်ယောက်ပဲ၊ ကျုပ်က သူ့ကို ကြည့်မြင်လိုက်တာနဲ့ ဒီလူဟာ ဒီလိုမျိုးပဲဆိုတာ အကဲခတ်နိုင်တယ်''လို့ အယ်ဒီတာဖြစ်သူ ကလင်တန်အီးဘားနာဒ် (Clinton E Bernard) က ပြန်ပြောင်းပြောပြတယ်။

''ကျုပ်တို့နှစ်ယောက် တွေ့တဲ့အခါမှာ ဝတ်ကျေတန်းကျေ



နှုတ်ဆက်တာလောက်ပဲရှိတယ်၊ ဒီလိုနဲ့ တစ်နေ့တော့ သူတစ်ခုခု စိတ်ထားကောင်းကောင်းနဲ့ ပြုမူနေတာကို ကျုပ်မြင်တွေ့လိုက်ရတယ်၊ သူကတော့ ဘယ်သူမှ မြင်မယ်မဟုတ်ဘူးလို့ ထင်မှတ်ထားခဲ့ပုံရတယ်၊ အဲဒီ အမှတ်မထင်တွေ့မြင်လိုက်ရတဲ့ မြင်ကွင်းက သူ့အပေါ်မှာ ကျုပ်အမြင်တစ်ခုလုံး ပြောင်းလဲသွားစေတယ်၊

နောက်တစ်နေ့ တွေ့ကြတော့ ကျုပ်က သာမန်သဘောပဲ နှုတ်ဆက်တယ်၊ 'ဟယ်လို'ပေါ့၊ စကားပြောကြရင်းနဲ့ ဂေါက်ကစားဖို့ ချိန်းဖြစ်သွားတယ်၊ ဂေါက်ကစားကြတော့ ၁၈ ကျင်းလုံး ကောင်းကောင်းမွန်မွန်နဲ့ ပြီးသွားတယ်၊ နှစ်ယောက်လုံး ရိုက်တာကောင်းကြတယ်၊

နောက်တော့ ကိုယ့်ဆရာက ကျုပ်ကို ဝန်ခံစကားပြောတယ်ဗျ''

''အေးဗျာ၊ လူတစ်ယောက်ဟာ တစ်ညလေး လွန်သွားတာနဲ့ အပြောင်းအလဲကြီး ပြောင်းလဲသွားတာကို အရင်က မတွေ့ဖူးဘူးဗျ၊ ဒီအရင်က ကျွန်တော် ခင်ဗျားကို တကယ့်အတိုက်အခံသမားတစ်ယောက်၊ ဂျစ်ကန်ကန်လူလို့ ထင်မြင်ခဲ့တာဗျ''ဆိုပဲ။

**မောင်သီဟ**

# CELEBRITY and SHOWBIZ

## ပျော်ရွှင်ခြင်းပါရာဒိုင်းတွေရွှေ့သွားပြီ

ကိုသားကြီး








City MAGAZINE

အသက် ၃၇နှစ်ဆိုတာ အရွယ်လွန်သွားပြီလား။ အနောက်နိုင်ငံတွေမှာတော့ ၄၀မှ ဘဝစတယ်လို့တောင် ပြောကြပါတယ်။ ကင်ကာဒါရှီယန်လို အလန်းဇယားတစ်ယောက်အတွက်လည်း အသက်အရွယ်နဲ့ ပျော်ရွှင်မှုကြားမှာ စည်းခြားရိုးထုံးစံ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အချိန်ကတော့ သူမကို ဘဝရဲ့ အပြောင်းအလဲတစ်ရပ်ဆီ ခေါ်ဆောင်သွားခဲ့ပါပြီ။ ကယ်လီဖိုးနီးယားက Thousand Oaks ကို ရောက်လာတဲ့ ကင်ဟာ ရင်သွေးနှစ်ယောက်အတွက်သာဖြစ်ခဲ့တယ်။ ဒီအချိန်မှာ ကဲနေကျပျော်ရွှင်မှုတွေအားလုံးဟာ North နဲ့ Saint ဆိုတဲ့ သမီးနဲ့သားအတွက်ဖြစ်သွားခဲ့ပါပြီ။ ကလေးတွေကို ရေခဲပြင်စကိတ်စီးနည်းသင်ကြားပေးနေတဲ့ ကင်ရင်ထဲက မိဘမေတ္တာကို စိုးရိမ်ပူပန်မှုတွေကြားမှာ အထင်းသားမြင်လိုက်ရပါတယ်။ ညီမဖြစ်သူ ကော့တနေးနဲ့ ချစ်သူဘန်ဂျီမာတို့စုံတွဲရဲ့ ကြည်နူးစရာပုံရိပ်တွေက ကင်ကို အတိတ်နေ့ရက်တွေဆီ ဆွဲခေါ်သွားစေနိုင်ခဲ့လားဆိုတာတော့---



## ခရစ္စမတ်အမီ ပြန်ရခဲ့တယ်





စိတ်မကောင်းစရာဖြစ်ရပ်တွေနောက်ကွယ်မှာ ပထမဆုံးအကြိမ် ပြန်မြင်ရတဲ့ ကြည်နူးစရာပုံရိပ်လေးတွေပါ။ အတိအကျပြောရရင် ဩဂုတ်လ ၂၄ရက်နောက်ပိုင်းပေါ့။ အဲဒီတုန်းက ရွန်းနေးဟာ အရက်မူးပြီး ကားမောင်းတာကြောင့် ရဲဖမ်းတာခံခဲ့ရတယ်။ယုန်ထောင်ကြောင်မိဆိုသလို သူ့ကားထဲမှာ လော်ရာဆင်ပဆန်ဆိုတဲ့ အလန်းဗေယာတစ်ယောက်ကို တွေ့သွားတာကြောင့် အမှုပိုကြီးခဲ့ရတယ်။ အဲဒီနောက်ပိုင်း ဇနီးသည်ကောလင်းနဲ့ ဆက်ဆံရေး အေးစက်သွားခဲ့ပြီး အိမ်ထောင်ရေးအက်ကြောင်းတွေတောင် ထင်ခဲ့ရတယ်။ ဒါပေမဲ့ ခရစ္စမတ်ပွဲတော်ကာလမှာတော့ အဲဗာတန်တိုက်စစ်မှူးဟာ သူ့ရဲ့သီရိဂေဟာလေးကို အောင်မြင်စွာ ပြန်လည်ပြုပြင်နိုင်ခဲ့ပြီဆိုတဲ့အကြောင်း သက်သေပြသွားခဲ့ပါတယ်။ ကိုယ်ဝန်သည်ကောလင်း မျက်နှာက သားသုံးယောက်နဲ့အတူ ပြုံးလို့။ တဖျတ်ဖျတ်လက်နေတဲ့ သူတို့နှစ်ယောက်ရဲ့ လက်ထပ်လက်စွပ်တွေကို ပြန်မြင်လိုက်ရတာက အကောင်းဆုံးသက်သေပါပဲ။

## နစ်ကီမင်ဂျာရဲ့ အခင်းအကျင်း



သိပ်တော့လည်းမဆန်းပါဘူး။ နစ်ကီမင်ဂျာဆိုတာ ရဲတင်းမှုရဲ့သမီးပျိုတစ်ယောက်ပဲလေ။ သူမရဲ့ ဝတ်စားဆင်ယင်မှုတွေဟာ သိက္ခာမဲ့လွန်းတယ်လို့ ဝေဖန်သံတွေမစဲပေမယ့် နစ်ကီကတော့ ဒါမျိုးကိုပဲ ခုံမင်စွာဖက်တွယ်ထားဆဲပါ။ အခုလည်း အဆိုတော် ဖာရူကိုရဲ့ Krippy Kush သီချင်းမှာ သူ့ရဲ့ရက်ပ်စာသားတွေနဲ့ Remix လုပ်ပေးခဲ့ရုံမက ဗီဒီယိုမှာပါ ခပ်ကြမ်းကြမ်းလေး ပါဝင်သရုပ်ဆောင်ခဲ့ပါသေးတယ်။ နစ်ကီဟာ အလွှာမခြားတဲ့ ရင်သားတွေကို တိတ်တွေနဲ့ အပေါ်က ကပ်ရုံသာကပ်ပြီး ညှို့ဓာတ်ပြင်းစွာ သရုပ်ဆောင်သွားခဲ့တာပါ။ အချုပ်အနှောင်ခံနေရတဲ့ Bondage style ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီး ဝေဖန်သံတွေထပ်ကြားရပေမယ့် ဒီသီချင်းကို ကြည့်ရှုအားပေးတဲ့ Youtube ပရိသတ်တွေ သန်းနဲ့ချီသွားခဲ့ပါသတဲ့။ နစ်ကီမင်ဂျာရဲ့ အခင်းအကျင်းတွေမှာ ပုရိသပရိသတ်တွေသာမက ဆိုရှယ်ကျတဲ့ အမျိုးသမီးပရိသတ်တွေပါ ပျော်ပါနေကြဆဲဆိုတဲ့ သက်သေများလား---







## ကြော်ငြာတာလည်း ပါတာပေါ့

Merry Christmas လို့ အင်စတာဂရမ်က ပရိသတ်တွေကို နှုတ်ဆက်လာသူက အက်ရှ်လေဂရေဟမ် ပါ။ အမေရိကန်မော်ဒယ်ဟာ ရှားမှရှားတဲ့ ကောက်ကြောင်းတွေကြောင့် Sports Illustrated လိုနာမည်ကြီးမဂ္ဂဇင်းမျိုးမှာ နေရာရလာခဲ့သူ ဖြစ်ပါတယ်။ အခုတော့ ခပ်ကိတ်ကိတ်ဘော်ဒီနဲ့ ပုရိသတွေကို ဆွဲဆောင်နေတဲ့ ဂရေဟမ်ဟာ မော်ရိုကိုမှာ အပန်းဖြေနေပါတယ်။ ဒါပေမဲ့ ပရိသတ်တွေကို ထူးထူးခြားခြားနေ့မျိုးမှာ လက်ဆောင်ပေးဖို့ သူမမေ့ခဲ့ပါဘူး။ အနက်ရောင်ဘီကီနီနဲ့ အမိုက်စားဖြစ်နေတဲ့ ဂရေဟမ်ရဲ့ပုံဟာ ခရစ္စမတ်နေ့မှာ အင်စတာဂရမ် ပရိသတ်တွေ အကြည့်အများဆုံး ပုံတစ်ပုံဖြစ်ခဲ့ပါတယ်။ ကတ္တီပါစိမ်း



ရောင်ဝတ်စုံနဲ့ ခရစ္စမတ်သစ်ပင်ရှေ့က ပုံကိုလည်း သူမရဲ့ပရိသတ်တွေ အတော်လေး သဘောကျခဲ့ကြပါတယ်။ ဒါပေမဲ့ အက်ဂါဒီယာကာမ်းခြေ သဲသောင်ပြင်ပေါ်က သူမရဲ့ပုံအများစုဟာ ဘီကီနီကြော်ငြာနေတာဆိုတာကိုလည်း ပရိသတ်တွေက ကောင်းကောင်းနားလည်ထားကြလေရဲ့။




## ကေတီရဲ့ ချစ်သူသစ်လား





ပေါ့ပ်မင်းသမီးလို့တင်စားကြတဲ့ ကေတီပယ်ရီဟာ ကိုပင်ဟေဂင်မှာ အားလပ်ရက်အပန်းဖြေခရီးအဖြစ် အချိန်ဖြုန်းနေပါတယ်။ အသက် ၃၃ နှစ်အရွယ် အမေရိကန်အဆိုကျော်ရဲ့ အစ်မဖြစ်သူ အန်ဂျယ်လာဟာ ဒိန်းမတ်ရောခ်ကာကြီး လာချီနဲ့ အကြောင်းပါပြီး ဒီမှာအခြေချနေတယ်လေ။ ထူးခြားတာက နိုက်ကလပ်တစ်ခုရောက်လာတဲ့ ကေတီဘေးမှာ အမည်မသိအမျိုးသားတစ်ယောက်ကို တွေ့လိုက်ရတာပါပဲ။ သူငယ်ချင်းတွေထဲက သူငယ်ချင်းတစ်ယောက်လို့ ထင်စရာရှိပေမယ့် လက်ချင်းချိတ်ပြီး ပျော်မြူးနေပုံကတော့ ပုံမှန်မဟုတ်နိုင်ပါဘူး။ ဒါဟာ နိုက်ကလပ်အပြင်ဘက်မှာ ကိတ်တစ်ယောက်စီးကရက်တွေသောက်နေတာထက် ပရိသတ်တွေ ပိုပြီးစိတ်ဝင်စားစရာ ဖြစ်ခဲ့ရပါသတဲ့။



# သံသရာစမ်းရေတွေကို ဝှက်မထားနဲ့

ဟောလီဝုဒ်သရုပ်ဆောင် ဒွေနီဂျွန်ဆင်ကတော့ သူတို့ဘဝရဲ့ ဒုတိယသမီးလေးကို ပိုင်ဆိုင်ခွင့်ရတော့မယ်လို့ ဖွင့်ဟလိုက်ပါတယ်။ လော့စ်အိန်ဂျယ်လိစ်မှာကျင်းပတဲ့ ရုပ်ရှင်အထူးပွဲမှာ The Rock က ပြောသွားတာပါ။ ဒါ့အပြင် ၂နှစ်အရွယ်သမီးလေး ဂျက်စမင်းပုံကိုလည်း အင်စတာဂရမ်မှာတင်ပြီး ညီမလေးတစ်ယောက် လာတော့မယ်လို့ အပျော်တွေ ဖွင့်ဟထားပါသေးတယ်။ အတူနေချစ်သူ လော်ရန်ဟာရှီယန်ရဲ့ ဗူမို့မို့ဝမ်းဗိုက်လေးကို ဂျွန်ဆင်ကြီး တယုတယ ကိုင်ထားပုံကလည်း ကြည်နူးစရာပါ။ ဒါပေမဲ့ပေါ့လေ။ ဒါပေမဲ့ပေါ့။ လော်ရန်ဆိုတာက သူ့ရဲ့ ဒုတိယ လက်တွဲဖော်ဆိုတာ ကိုလူကြမ်းကြီး မေ့နေပုံရပါတယ်။ ၁၉၉၇ ခုနှစ်တုန်းက လက်ထပ်ခဲ့တဲ့ ဒန်နီဂါစီယာဆိုတဲ့ အမျိုးသမီး တစ်ယောက်ကို သတိမရတော့ဘူးလား။ ၂၀၀၇ မှာလမ်းခွဲခဲ့ပေမယ့် ဒန်နီနဲ့ သမီးလေးတစ်ယောက် ရခဲ့တာကိုရော အသိအမှတ်မပြုတော့ဘူးလား။ ဆိုင်မွန်ဂါစီယာဂျွန်ဆင်ဆိုတဲ့ အဲဒီကောင်မလေးဟာ အခုဆိုရင် အသက် ၁၆ နှစ်တောင်ရှိနေပြီလေ။



# ပျင်းစရာကောင်းတဲ့ နေ့တဲ့လား

နာမည်ကျော် ဗြိတိန်ရုပ်သံဇာတ်လမ်းတွဲ Geordie Shore မှာ ပရိသတ်တွေစတင်လက်ခံခဲ့တဲ့ ချာလော့တီရဲ့ဖွင့်ဟမှုကတော့ မေးခွန်းထုတ်စရာတွေရှိလာခဲ့ပါတယ်။ သူမက ခရစ္စမတ်နေ့ကို မုန်းပါသတဲ့။ မိတ်ဆွေသူငယ်ချင်းတချို့ကို အိမ်ဖိတ်ပြီး အစဉ်အလာ အတိုင်း ဝတ်ပြုဆုတောင်းမှုတွေလုပ်ခဲ့တာကလွဲလို့ သူမအတွက် တော့ ပျင်းစရာကောင်းတဲ့နေ့တစ်နေ့ပါပဲလို့ Closer မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ ဖွင့်ဟသွားတာပါ။ ဒါ့အပြင် အိပ်ယာထဲမှာသာ အချိန်ကုန်ခဲ့တယ်ဆိုတဲ့အကြောင်းလည်း ဓာတ်ပုံပါတင်ခဲ့သေးတယ်။ ချာလော့တီရဲ့ ပရိသတ်တွေအတွက်တော့ စိတ်ပျက်စရာစကားတွေ ဖြစ်ခဲ့ရပါတယ်။ တချို့ကလည်း စတီဖန်ဘီရာနဲ့ လမ်းခွဲခဲ့ခြင်းရဲ့ ဝေဒနာကြောင့် လွတ်နေတာလို့တုံ့ပြန်ကြပါတယ်။ စတီဖန်ဘီရာ ဆိုတာက ဗြိတိန်ရုပ်သံကြယ်ပွင့်တစ်ဦးဖြစ်ပြီး ချာလော့တီနဲ့ မကြာ ခင်ကမှ လမ်းခွဲခဲ့တာပါ။





ဘဝကကြိုး
လှုပ်နှိုးဆွဲရာ၊ လွင့်မျောပါရင်း
အသာတစ်လှည့်၊ နာတစ်လှည့်ဖြင့်
မနွဲ့စတမ်း၊ အကဲစမ်းကြ
အကြမ်းအနု၊ အနိတုကာပြိုင်
ရင်ဆိုင်ဆုပ်ဖမ်း၊ လောကလမ်းမှာ . . .။

ခြောက်သူကခြောက်၊ မြှောက်သူမြှောက်နှင့်
ခြောက်တိုင်းမကြောက်
မြှောက်တိုင်းမမြှောက်၊ စွန်းမရောက်ခဲ့
ခလောက်ဆံကြ၊ ခါးသီးလှစွာ
ကြုံရဆုံရ များခဲ့ပြီ . . .။

မြှင့်သူကမြှင့်၊ ပင့်သူပင့်နှင့်
မြှင့်တိုင်းမမြင့်
ပင့်တိုင်းမဝင့်၊ ရှက်မပွင့်ခဲ့
သင့်မြတ်ပုံပြ၊ စက်ဆုပ်လှစွာ
ကြုံရဆုံရများခဲ့ပြီ . . .။

ဩော် . . .
ခြောက်ခဲ့မြှောက်ခဲ့၊ မြှင့်ခဲ့ပင့်ခဲ့
ကြုံခဲ့လမ်းသင့်၊ မှာတမ်းဆင့်သော
နိူင်းချင့်ပိုင်းခြား၊ ရလဒ်များဖြင့်
အားသစ်တည်ရစ်၊ မနွမ်းညစ်အောင်
"မေတ္တာရေချမ်း၊ အချစ်ပန်းများ"
ဖျန်းဆွတ်ရင်ထဲ၊ ပန်ဆင်မြဲသော်
အောင်ပွဲတွေဆင့်၊ ပွဲလယ်တင့်ကာ
ရှက်လှင့်ခရီး ဖြောင့်သည်ချည်း . . .။ ။

မင်းသွေးနွယ်(ဇီးကုန်း)

# ရလဒ်များမှသည်





# facebook

# ဒီဂျစ်တယ်ဘိန်းဖြူ သတိမူသင့်ပြီ

မကျေးဥ




ရေဘေး၊ မီးဘေး၊ လေဘေး စသော သဘာဝဘေးဒဏ်များသည် နေရာဒေသ၊ အချိန်အပိုင်းအခြားရှိပြီး မျက်မြင်ပျက်စီးဆုံးရှုံးမှုများအတွက် ကယ်ဆယ်ရေး ပြန်လည်တည်ဆောက်ရေးများကို အချိန်ကာလတစ်ခု အတွင်း ဆောင်ရွက်နိုင်ပါသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် နေရာဒေသ အပိုင်းအခြားမရှိ အချိန်ကာလ သတ်မှတ်ချက်မရှိသော ဘေးအန္တရာယ်ဖြစ်ပါသည်။

စိတ်နှင့် အပြုအမူဆိုင်ရာ ဝေဒနာများအတွက်–

၁။ အရက်
၂။ ဘိန်းနှင့် ဘိန်းထွက်ပစ္စည်း
၃။ ဆေးခြောက်
၄။ စိတ်ငြိမ်ဆေး၊ အိပ်ဆေး၊ နှစ်ကြောများ ငြိမ်သက်စေရန်နှင့် စိတ်ကြွခြင်းကိုယုတ်လျော့စေသောဆေး
၅။ ကိုကင်း
၆။ စိတ်အားကြွဆေး














၇။ လှုံ့ဆော်မှုမဲ့ အာရုံမှားများ ပေါ်ပေါက်စေသောဆေး
၈။ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း
၉။ အငွေ့ပျံတတ်သောပစ္စည်း
၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး မျိုးစုံ(တစ်မျိုးမက) သုံးစွဲခြင်း

ဟု ခေါင်းစီး ၁၀ မျိုး ခွဲခြားထားပါ သည်။ ယခုအခါ ထိုခေါင်းစီး ၁၀ မျိုးအပြင် အလွန်အန္တရာယ်များသော 'ဒီဂျစ်တယ် ဖန်သားပြင် မူးယစ်ဆေးဝါး အန္တရာယ်'သည် လူငယ်ထုအကြား ရောက်ရှိလာခဲ့ပါသည်။

အမေရိကန်နိုင်ငံ၏ ပညာရေးစနစ်သည် ခေတ်နှင့် တစ်ပြေးညီရှိသည့်အတွက် ကျောင်းများတွင် နည်းပညာ ဆရာများလည်း ရှိပါသည်။ ထိုနည်းပညာဆရာများ၏ ဆန္ဒ အရ ပါးနပ်ချက်ချာသော ဖုန်းများ၊ သင်ပုန်းကွန်ပျူတာ များသည် ပညာရေးအတွက် အကျိုးများလှကြောင်း





အသိပညာဖြန့်ဝေရင်းမှ ပထမဆင့် (သူငယ်တန်း) ကျောင်းသားလေးများ "အိုင်ပက်ဒ်" သုံးစွဲခြင်းအဆင့်သို့ ရောက်ရှိခဲ့ပါသည်။

အိုင်ပက်ဒ်မသုံးစွဲခင် ကလေးများမှာ စာဖတ်ခြင်း၊ ဘောလုံးကစားခြင်းများကို သဘောကျကစားခဲ့ကြပါသည်။ အိုင်ပက်ဒ်သုံးစွဲသည့်အခါတွင် ပညာရေးနှင့်ဆိုင်သော ကစားနည်းအမျိုးမျိုးကို ကစားလျက်ရှိရာမှ "မိုင်း(န်)ခရေ(ဖ်)(ထ်)"ဆိုသော ကစားနည်းကို ကလေးငယ်က နှစ်ခြိုက်လျက်ရှိသည်။ နည်းပညာဆရာက ထိုကစားနည်းမှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍ရသော ရောင်စုံပလတ်စတစ်တုံးကလေးများနှင့် လိုရာကို ဆောက်ယူသော "လီဂို"ကစားနည်းနှင့် သိပ်မကွာခြားကြောင်းပြော၍ ကစားနည်းကို ခွင့်ပြုခဲ့သည်။

ကလေးများမှာ ထိုကစားနည်းကို သဘောကျလျက်ရှိသည်။ ကျောင်း၌ ထိုကစားနည်းအတွက် ကလပ်အသင်းများရှိသည်။ သို့သော် မကြာမီပင် ထိုကစားနည်းသုံးသော ကလေး၏ အမူအရာများ ပြောင်းလဲလာသည်။ ကစားနည်းအပေါ်တွင်သာ ပိုမိုအာရုံများလာသော ကလေးသည် ဘောလုံးလည်း မကစားတော့၊ စာလည်း မဖတ်တော့သည့်အပြင် အိမ်စာဟိုးရများကိုပင် အရင်လိုမလုပ်တော့ပေ။ အိပ်မက်ထဲမှာပင် ကစားနည်းများထဲမှ လေးထောင့်တုံးလေးများကိုထည့်၍ အိပ်မက်မက်လေ့ရှိကြောင်း ပြောလာပါသည်။ ကလေး၏ ပြောင်းလဲလာသော အမူအရာကိုကြည့်၍ အိုင်ပက်ဒ်ကို ပြန်သိမ်းရန်ကြိုးစားသောအခါ ကလေးမှာ ပြင်းထန်စွာ ဇွန်အိုင်းကြဲ၍ ပေါက်ကွဲခဲ့သည်။ နောက်ဆုံးတွင် မိခင်မှာ အလျှော့ပေး၍ အိုင်ပက်ဒ်ကို ပြန်လည်အသုံးပြုစေခဲ့သည်။

---

**ကလေးသည် အိပ်ချိန်တွင်မအိပ်ဘဲ**

**အိပ်ရာပေါ်တွင်**

**မျက်လုံးအကြောင်သားနှင့်**

**ငုတ်တုတ်ထိုင်နေသည်ကို**

**တွေ့လိုက်ရသည်။ ကလေး၏**

**အိုင်ပက်ဒ်မှာ အိပ်ရာပေါ်တွင်**

**ပွင့်လျက်သား ရှိနေသည်။**

**ကလေး၏ အဝေးတစ်နေရာသို့**

**ကယောင်ကတမ်း ကြည့်နေသည်။**

**အသိစိတ်မဲ့နေသော . . .**

---

တစ်ညတွင် သားဖြစ်သူကလေးသည် အိပ်ချိန်တွင်မအိပ်ဘဲ အိပ်ရာပေါ်တွင် မျက်လုံးအကြောင်သားနှင့် ငုတ်တုတ်ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ကလေး၏ အိုင်ပက်ဒ်မှာ အိပ်ရာပေါ်တွင် ပွင့်လျက်သား ရှိနေသည်။ ကလေး၏ အဝေးတစ်နေရာသို့ ကယောင်ကတမ်း ကြည့်နေသည်။ အသိစိတ်မဲ့နေသော ကလေး၏ ခန္ဓာကိုယ်ကို လှုပ်နှိုး၍ သတိပြန်ဝင်လာအောင် လုပ်ပေးခဲ့ရသည်။ သတိလစ်မိန်းမောသွားသည်အထိ ကစားနည်းကို စွဲလမ်းစေသည့် "ဒီဂျစ်တယ်စိတ်ကြွဆေး"အန္တရာယ်သည် လွယ်ကူထကြွသို့ ရောက်ရှိလာခဲ့ပြီကို သတိပြုသင့်သည်။

နည်းပညာရေးဆွဲသူ၊ နည်းပညာအင်ဂျင်နီယာများသည် နည်းပညာကို သတိအထားဆုံး မိဘများဖြစ်သည်။ နာမည်ကျော် "ပန်းသီးကွန်ပျူတာ"များ၊ ဖုန်းများကို ထုတ်ခဲ့သော "စတိ(ဗ်)ဂျော့(ဘ်)(စ်)သည် နည်းပညာအဆန့်ကျင်ဆုံး မိဘအဖြစ် နာမည်ဆိုးနှင့် ကျော်ကြားသူဖြစ်သည်။

"ဆစ်လစ်ခန်တောင်ကြား"ဟုခေါ်သော အမေရိကန်နိုင်ငံ၏ ကမ္ဘာ့နည်းပညာကုမ္ပဏီကြီးများ တည်ရှိရာနေရာမှ နည်းပညာဆိုင်ရာ အမှုဆောင်များ၊ အင်ဂျင်နီယာများသည် မိမိတို့၏ သားသမီးများကို နည်းပညာမသုံးသော ကျောင်းများတွင်



အပ်နှံကြသည်။ ''ဂွက်(လ်)''တည်ထောင်သူ၊ ''အမေဇုန်''ဖန်တီးသူ၊ ''ဝစ်ခ်ီပီးဒီယား'' တည်ထောင်သူများလည်း ထို့အတူပင်ဖြစ်သည်။

တောက်ပသော ရောင်စုံဖန်သားပြင်များသည် ကလေးများအပေါ် မကောင်းမှု သက်ရောက်မှုများရှိနေကြောင်း သိကြသော်လည်း သုံးစွဲမှုအား တားမြစ်ပါက ရန်လိုဝုန်းဒိုင်းကြဲခြင်း၊ သုံးနေကျ ကလေးများမှာ မသုံးရတော့ဘူးဆိုသည်နှင့် ငြီးငွေ့လွယ်ပြီး ဘာကိုမျှ စိတ်မဝင်စားတော့ခြင်းများဖြင့် အလွန်နှိုးဆွနိုင်စွမ်းများသော ကိရိယာများမှ နှိုးဆွမထားလျှင် မည်သည့်အာရုံမျှ စူးစိုက်မရနိုင်ခြင်းများ ဖြစ်ကြသည်။

သင်ပုန်းကွန်ပျူတာများ၊ ချက်ချာသော ဖုန်းများသည် ဒီဂျစ်တယ်မူးယစ်ဆေးတစ်မျိုးပင်ဖြစ်သည်။ ဦးနှောက်ကို ပုံရိပ်ရိုက်ကူးသောနည်းနှင့် ပြုလုပ်သော သုတေသနအရ ထိုကိရိယာများသည် ဦးနှောက်၏ ရှေ့ပိုင်းအပြင်လွှာကို ကုတ်ကင်းဆိုသော မူးယစ်ဆေးဝါးနည်းတူ ရိုက်ခတ်ပါသည်။ ထိုအလွှာမှ စေ့ဆော်မှု(ဆန္ဒ)ကို ထိန်းချုပ်ခြင်းအပါအဝင် အဓိကကျသော လုပ်ငန်းရပ်များကို ထိန်းချုပ်နေပါသည်။ နည်းပညာက နှိုးဆွနိုင်စွမ်းကြီးမားလွန်း၍ ''ဒိုပါမီး(န်)'' ဟုခေါ်သော ဦးနှောက်ထဲမှ အာရုံကြောဆီသို့ ပို့လွှတ်သည့် ဓာတ်များကို တိုးမြှားလာစေပါသည်။ လှုပ်လှုပ်ရှားရှားနှိုးနေလျှင်ပင် နေလို့ကောင်းစေသော ဓာတ်ဖြစ်သည်။

''ယူဆီအယ်(လ်)အေ''ဆိုသည့် လော့ဆဲ(န်)ဂျလိ(စ်) ကယ်လီဖိုးနီးယားတက္ကသိုလ် အာရုံကြောသိပ္ပံညွှန်ကြားရေးမှူးက ဖန်သားမျက်နှာပြင်များကို ''အလက်ထရောနစ်(ခ်) ကုတ်ကင်း''ဟု ခေါ်ဆိုပြီး၊ တရုတ်သုတေသီများက ''ဒီဂျစ်တယ်ဘိန်းဖြူ''ဟု ခေါ်ဆိုသည်။ ကွန်ပျူတာကစားနည်းများ၊ ဗီဒီယိုကစားနည်းများသည် ကလေးများ၏ ဦးနှောက်ကို မူးယစ်ဆေးများ၊ စိတ်ကြွဆေးများနည်းတူ ဒုက္ခပေးလျက်ရှိသည်။ ရာထောင်ချီရှိနေသော ကုခန်းလေ့လာချက်

တောက်ပသော
ရောင်စုံဖန်သားပြင်များသည်
ကလေးများအပေါ် မကောင်းမှု
သက်ရောက်မှုများ ရှိနေကြောင်း
သိကြသော်လည်း
သုံးစွဲမှုအား တားမြစ်ပါက
ရန်လိုဝုန်းဒိုင်းကြဲခြင်း၊
သုံးနေကျ ကလေးများမှာ
မသုံးရတော့ဘူးဆိုသည်နှင့်
ငြီးငွေ့လွယ်ပြီး ဘာကိုမျှ
စိတ်မဝင်စားတော့ . . .






များအရလည်း ဖန်သားပြင်များသည် စိတ်ဓာတ်ကျခြင်း၊ သောကရောက်ခြင်း၊ ရန်လိုခြင်းများ ဖြစ်စေသည့်အပြင် စိတ်ဝေဒနာများကိုပါ ဖြစ်စေနိုင်သည်ဟု ဖော်ပြထားပါသည်။



ဗီဒီယိုဂိမ်းစွဲနေသူများ၊ စာအုပ်စာမျက်နှာ စွဲနေသူများသည် ဘိန်းဖြူစိတ်ကြွဆေး 'မက်သ်(မ်)ဖက်ထမီး(န်)' စွဲနေသူများထက် ကုသရခက်ခဲသည်။ အမေရိကန်နိုင်ငံ ကလေးအထူးကုဆရာဝန်များ အဖွဲ့သို့လ်၏ ၂၀၁၃ ခုနှစ် မှတ်တမ်းအရ အသက် ၈ နှစ်မှ ၁၀ နှစ်အရွယ်များ၊ ဒီဂျစ်တယ် မီဒီယာအမျိုးမျိုးကို တစ်နေ့လျှင် ၈ နာရီ သုံးနေကြပြီး ဆယ်ကျော်သက်အရွယ်များမှာ ဖန်သားပြင်နှင့် တစ်နေ့လျှင် ၈ နာရီ သုံးနေကြပြီး ဆယ်ကျော်သက်အရွယ်များမှာ ဖန်သားပြင်နှင့် တစ်နေ့လျှင် ၁၁ နာရီ ကျော် နေကြသည်။ ကလေး ၃ယောက်တွင် တစ်ယောက်နှုန်းသည် စကားမပြောတတ်ခင်ကတည်းက သင်ပုန်းကွန်ပျူတာကိုဖြစ်စေ၊ ချက်ချာသော ဖုန်းကိုဖြစ်စေ သုံးနေတတ်ကြသည်။ အင်တာနက်သုံးသော ဆယ်ကျော်သက်အရွယ်များ၏ ၁၈ ရာခိုင်နှုန်းသည် အင်တာနက်စွဲနေကြပါသည်။

ဘိန်းဖြစ်စေ၊ စိတ်ကြွဆေးဖြစ်စေ ဒီဂျစ်တယ် နည်းပညာဖြစ်စေ တစ်ခုခုကို အကြီးအကျယ်စွဲပြီဆိုသည်နှင့် မည်သည့် နည်းနှင့်မျှမကုခင် အရင်ဆုံး အဆိပ်ပြယ်အောင် ပြုလုပ်ပေးရပါမည်။ နည်းပညာ အနေနှင့် ကွန်ပျူတာ၊ ချက်ချာသော ဖုန်း၊ သင်ပုန်းကွန်ပျူတာ စသည်များအား လုံးဝ ပေးမသုံးသင့်တော့ပါ။ လိုအပ်လျှင် ရုပ်မြင်သံကြားမှအစ ပေးမကြည့်သင့်တော့ပါ။ ပညာရှင်များ ညွှန်ကြားသည့်ကာလမှာ ရက်သတ္တ လေးပတ်မှ ခြောက်ပတ်အထိဖြစ်သည်။ ထိုအခါမှသာ လိုသည်ထက်ပိုရှိ နှိုးဆွခံထားရသော အာရုံကြောစနစ်များ ပုံမှန်သို့ ပြန်ရောက်မည်ဖြစ်သည်။

အရွယ်ရောက်ကြီးလှသော မူးယစ်ဆေးနှင့် အလားတူသည့် ဒီဂျစ်တယ်ဘိန်း မစွဲရန် ၄ နှစ်အရွယ်မှ ၈ နှစ်အရွယ်အထိ ကလေးငယ်များအား ဖန်သားပြင်များကို စွဲလမ်းမှုမရှိစေရန် ပြုလုပ်ရပါမည်။ ဗီဒီယိုကစားနည်းအစား စာအုပ်များကြည့်ဖြစ်အောင်၊ ရုပ်မြင်သံကြားအစား သဘာဝလောကပတ်ဝန်းကျင်နှင့် အားကစားကို ကြည့်ဖြစ်၊ လုပ်ဖြစ်အောင် လုပ်ပေးရမည်ဖြစ်ပါသည်။ သင်ပုန်းကွန်ပျူတာနှင့် ပညာရေး အစီအစဉ်များကို ကလေး ၁၀ နှစ်၊ ၁၂ နှစ်အထိ ခွင့်မပြုခြင်းမှာ အကောင်းဆုံးဖြစ်သည်။

ကလေးငယ်များ၏ စာရိတ္တ(ကျင့်ကြံမှု)၊ ဝါရိတ္တ(ရှောင်ကြဉ်မှု)၊ အသိဉာဏ်၊ အကျင့်စရိုက်အပါအဝင် အားလုံးအတွက် အဓိကတာဝန်ရှိသူများမှာ လက်ဦးဆရာဖြစ်သော မိဘနှစ်ပါးသာဖြစ်ပါသည်။ မိဘများသည် ခေတ်ကိုလည်း မျက်ခြည်မပြတ်၊ မိမိကိုယ်တိုင်၏ အသိဉာဏ်အဆင့်များကို မြင့်သထက်မြင့်မားအောင် ကြိုးပမ်း၍ ကြိုကြိုတင်တင် ပြင်ဆင်ထိန်းကျောင်းသွားကြမည်ဆိုလျှင် မလိုလားအပ်သော ခေတ်ရေစီး၏ ဘေးထွက်ဆိုးကျိုးများသည် ကလေးများဆီသို့ မရောက်နိုင်တော့ပေ။

လွန်ခဲ့သော ဆယ်စုနှစ်ကျော်က စာတမ်းတစ်စောင်တွင် အမေရိကန်မိဘများ၏ ၂၅ ရာခိုင်နှုန်းသည် ၅ နှစ်အောက်ကလေးများကို စာဖတ်မပြကြသည့်အတွက် အမေရိကန်နိုင်ငံကြီး ထိတ်လန့်နေသည့်အကြောင်းကို ရေးခဲ့သည်။ စာတမ်းအရ ၇၅ ရာခိုင်နှုန်းသော အမေရိကန်မိဘများသည် ၅ နှစ်အောက် ကလေးများကို စာဖတ်ပြနေကြဆဲဖြစ်သည်။ အမေရိကန်သမ္မတ အိုဘားမားသည် သူ့သမီးငယ်အား "ဟယ်ရီပေါ်တာ" စာအုပ် ခုနစ်တွဲစလုံးဖတ်ပြပြီးဖြစ်နေခဲ့သည်။

ယခုကာလတွင် ကျေးလက်နေပြည်သူများအထိ အင်တာနက်များ၊ ချက်ချာသော ဖုန်းများ လက်လှမ်းမီနိုင်နေပြီဖြစ်၍ တိုင်းပြည်၏ အနာဂတ်ဖြစ်သော ကလေးငယ်များအတွက် ပစ္စုပ္ပန်တွင် သတိကြီးစွာထားရမည့် အခြေအနေဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မကျေးဥ**




City
CARTOON
မအိပ်မနေ ရေးဆွဲပါလား.. မောင်ရေ..
ဂျာနယ်လောကီ..
ကာတွန်းကြာကြီး
ဒီဂျာနယ်ပယ်တဲ့ စာမူ..ဟိုဂျာနယ်ကိုပို့..
သွားပါလား စာမူရောက်တဲ့ မောင်ရေ..
မယားကြီး
ကောင်းမှု..


အမှိုက်ကနေ -
လျှပ်စစ်စွမ်းအင် -
ထုတ်လာကြိုဆိုပါတယ် --
အမှိုက်တွေက ရွှေလေ --
(ကာတွန်း)

''လာကြပေဟ့···ကောင်လေးတွေ၊ မင်းတို့ကို မမြင်တာတောင် အတော်ကြာပါပကောလား။ ဒါထက် မင်းတို့ သုံးယောက်လုံး ဗိုလ်လောင်းသွားဖြေကြတယ်လို့ကြားတယ်၊ အဲဒါ ဟုတ်သလား''

ရဲမြတ်တင်
( အမျိုးသားစာပေဆုရ )

# ရဲဘော်ဟောင်းနှင့်ပတ်သက်၍....



"ဟုတ်ပါတယ် အဘ၊ ကျွန်တော်တို့ ဒီအကိစ်စအေ သွားဖြေကြတယ်၊ တိုင်းအဆင့်ကိုတော့ သုံးယောက်စလုံး အောင်ပြီးသွားပြီ၊ ဗိုလ်ရွေးဝင်ဖို့ပဲ ကျန်တော့တယ်၊ အဲဒါ အဘဆီလည်း မရောက်တာကြာလို့ အလည်လာရင်း တခြားမေးစရာတွေလည်း ရှိလို့ လာခဲ့ကြတာ"

"အေး・・・အေး၊ မေးတာပေါ့ကွာ၊ ငါ လက်သွားဆေးလိုက်အုံးမယ်၊ ဖုမှ ခြံထဲက တက်လာတာကွ၊ မင်းတို့ထိုင်ကြအုံး"

ပြောပြီး ဦးအောင်စိန်က အတွင်းဘက်သို့ လှည့်ဝင်သွားသည်။ ဖိုးစံအောင်၊ ကျော်ဖြူဝင်းနှင့် မင်းမင်းဦးတို့သုံးယောက်က အသင့်ရှိနေသော ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။ သူတို့နှင့် မျက်နှာချင်းဆိုင် နံရံဘက်တွင် ကြီးမားလှသော လေးထပ် ဗီရိုကြီးတစ်လုံးရှိသည်။ ထိုဗီရိုကြီးထဲတွင် စာအုပ်များ အပြည့်ရှိနေသည်။ ဗီရို၏ အပေါ်ဆုံးတွင်မူ စစ်ယူနီဖောင်းအပြည့်အစုံနှင့် ဦးအောင်စိန်၏ ဓာတ်ပုံကြီးရှိသည်။ ဓာတ်ပုံကြီးနှင့် ယှဉ်တွဲလျက် 'အရာခံဗိုလ် အောင်စိန်-အငြိမ်းစား'ဟု စာတန်းရေးထိုးထားသော ပေါလစ်သုတ် သစ်သားပြားတစ်ပြားက တည်ရှိနေလေသည်။

သူတို့သုံးယောက်က ဤအိမ်သို့ လာနေကျပင်ဖြစ်သည်။ သူတို့က ဤအိမ်သို့ ရောက်သည်နှင့် ဦးအောင်စိန်၏ စိုက်ခြံထဲတွင် ကူညီလုပ်အားပေးစရာရှိက ပေးမည်၊ စားစရာသောက်စရာတွေ့လျှင်လည်း ဝင်စားသွားမည်၊ ပြီးလျှင် ဖတ်လိုသောစာအုပ်တွေ့ပါက ဦးအောင်စိန်၏ ကိုယ်ပိုင်စာကြည့်တိုက်မှ ငှားယူသွားမည်၊ ဖတ်ပြီးက မရှင်းလင်းသည်များကို ဦးအောင်စိန်အား ပြန်မေးမည်၊ စသည်ဖြင့် သူတို့ ဦးအောင်စိန်နှင့် အဖွဲ့ကျနေသည်မှာ ကြာချေပြီ။ သူတို့က ဦးအောင်စိန်အပေါ် ချစ်လည်းချစ်ခင်သကဲ့သို့ ကြည်ညိုလေးစားမှုလည်း ရှိကြသည်။ ဦးအောင်စိန်က စာပေဗဟုသုတ ကြွယ်ဝသည်။ အတွေ့အကြုံများသည်။ ကိုယ်ကျင့်တရားလည်း ကောင်းသည်။ ထို့ထက် ဦးအောင်စိန်၏ အငြိမ်းစားစစ်ပြန်ကြီးတစ်ယောက်ဟူသော ဂုဏ်ပုဒ်က သူတို့ကို ကောင်းကောင်းကြီး ဆွဲဆောင်ထားသည်။ အကြောင်းကား၊ စစ်ရူးကလေးများ ဖြစ်နေကြသော သူတို့အတွက် ဦးအောင်စိန်၏ စစ်သားဘဝ အတွေ့အကြုံများက မရှိမကုန်၊ နားထောင်၍ မငြီး၊ ပေါများကြွယ်ဝလှသောကြောင့်ပင် ဖြစ်လေသည်။

ယခုအခါ သူတို့က ရည်မှန်းချက်၏ ခရီးတစ်ထောက်သို့ ဆိုက်ရောက်နေကြလေပြီ။ သူတို့အားလုံး တိုင်းအဆင့် ဗိုလ်လောင်းစာမေးပွဲကို အောင်မြင်ခဲ့ကြပြီ။ ဗိုလ်ရွေးအဆင့်သာ ကျန်တော့သည်။ ဗိုလ်ရွေးမဝင်မီ သူတို့က လေ့လာစရာရှိသည်များကို လေ့လာကြသည်။ အချင်းချင်းလည်း အပြန်အလှန် ဆွေးနွေးကြသည်။ ဤတွင် အချို့သော အကြောင်းအရာများက သူတို့အတွက် များစွာလေးနက်နေသည်။ ပဟေဠိဆန်နေသည်။ သူတို့ ဉာဏ်လည်းမမီ၊ စဉ်းစား၍လည်းမရ၊ အဖြေတုတ်ဖို့ ခက်ခဲနေသည်။ သို့ကြောင့်သာလျှင် သူတို့က ရက်အတန်ကြာ ပျောက်နေကြရာမှ ယခုလို ဦးအောင်စိန်ထံသို့ တမင်တကာ ခြေဦးလှည့်လာကြခြင်းပင် ဖြစ်တော့သည်။

"အဟမ်း・・အဟမ်း။ ကိုင်း・・ပေါ့ဒီမှာ ရေနွေးကြမ်း၊ ဟောဒီမှာ ပဲမြစ်ပြုတ်တွေ၊ မင်းတို့ဒေါ်ကြီးတော့ ဈေးဘက်ကို ထွက်သွားပြီ၊ စားကြကွာ၊ သောက်ကြကွာ၊ ပြောစရာရှိတာလည်း ပြောကြကွာ"

ဦးအောင်စိန်က အတွင်းမှထွက်လာလာချင်းပင် ပြောလိုက်သည်။ လက်ထဲမှ ရေနွေးကြမ်းအိုးနှင့် ပဲမြစ်ပန်းကန်ကိုပါ စားပွဲပေါ်ချလိုက်သည်။ ပြီးလျှင် သူက ကောင်လေးများနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

ကျော်ဖြူဝင်းက ပဲမြစ်တစ်တောင့်ကို ကောက်စားလိုက်ကာ မင်းမင်းဦးက အကြမ်းပန်းကန်များထဲသို့ ရေနွေးငှဲ့ထည့်ပေးနေစဉ်မှာပင် ဖိုးစံအောင်က ဦးအောင်စိန်သို့ စကားစလိုက်တော့သည်။

"ဒီလိုပါ အဘ၊ ကျွန်တော်တို့လည်း ဗိုလ်ရွေးဝင်ဖို့ ဟိုဟိုဒီဒီ လေ့လာလေ့လာရင်း ဟိုတစ်နေ့က နိုင်ငံခြားစစ်ကားတစ်ကားကို ကြည့်လိုက်ရပါတယ်၊ အဲဒီစစ်ကားကို ကြည့်ပြီးတော့ အယူအဆတစ်ရပ်အပေါ် ဝိဝါဒဖြစ်ရာကနေ ကျွန်တော်တို့အချင်းချင်း ငြင်းကြခုန်ကြရပါတယ်၊ အခု အဲဒီကိစ္စအတွက်နဲ့ပဲ အဘဆီကို လာခဲ့ကြတာပါ"

"အေး・・・ဆက်ပြော"

"ဟုတ်ကဲ့ အဘ၊ ဒီနေရာမှာ ကျွန်တော် အရင်ပြောချင်တာက တပ်မတော်သားတွေရဲ့ဆောင်ပုဒ်ဖြစ်တဲ့ ရဲသော်မသေ သေသော် ငရဲမလားဆိုတဲ့ စကားရပ်နှစ်ခုနဲ့ ပတ်သက်ပြီး အဘကိုမေးကြည့်ချင်တာပါ၊ ဒီစကားရပ်နှစ်ခုထဲမှာလည်း သေသော် ငရဲမလားဆိုတဲ့ စကားရပ်ကိုတော့ ကျွန်တော်တို့ ရှင်းပါတယ်၊ အထူးပြောစရာမလိုပါဘူး။ ဒါပေမဲ့ ရဲသော်မသေဆိုတဲ့ စကားနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့အားလုံးပဲ မရှင်းမလင်းဖြစ်နေမိတယ်ခင်ဗျ၊

ဘာဖြစ်လို့လဲဆိုတော့ စောစောက ကျွန်တော်တို့ကြည့်ခဲ့ရတဲ့ စစ်ကားထဲမှာ စစ်

---

**ရဲသော်မသေ သေသော်ငရဲမလားဆိုတဲ့**
**စကားရပ်နှစ်ခုနဲ့ ပတ်သက်ပြီး**
**အဘကိုမေးကြည့်ချင်တာပါ၊**
**ဒီစကားရပ်နှစ်ခုထဲမှာလည်း**
**သေသော် ငရဲမလားဆိုတဲ့ စကားရပ်ကိုတော့**
**ကျွန်တော်တို့ ရှင်းပါတယ်၊**
**အထူးပြောစရာမလိုပါဘူး။ ဒါပေမဲ့**
**ရဲသော်မသေဆိုတဲ့ စကားနဲ့**
**ပတ်သက်လို့ကတော့ —**



ဆင်ရေးလုပ်တဲ့တပ်ဖွဲ့က ရဲတော့ရဲရင့်ကြပါတယ်၊ ဒါပေမဲ့ မိုက်ရူးရဲကြီးတွေဖြစ်နေသလိုပဲ၊ ဘာကြောင့်လဲဆိုတော့ အသင့်စောင့်နေတဲ့ ရန်သူ့ကာမ်းခြေကို သူတို့က ဘာမှ ကျည်ကွယ်မျက်ကွယ်မရှိဘဲ အသားလွတ်ကြီး စွတ်တက်နေကြတယ်၊ ပထမ သင်္ဘောကြီးတွေပေါ်ကနေ စစ်သားတင်ယာဉ်တွေကို ပင်လယ်ထဲချပေးတယ်၊ အဲဒီ စစ်သားတင်ယာဉ်တွေက ကမ်းခြေကို ပြောင်ကြီးချဉ်းကပ်လာတယ်၊ သူတို့လည်း ကမ်းခြေကို ရောက်ရော ရန်သူ့ရဲ့ တရစပ်ချေမှုန်းတာကို ခံလိုက်ကြရတယ်၊ သေလိုက်ကြတာမှ

---

**ဒီစစ်ပွဲမှာ သူတို့ရဲ့**
**စစ်ဆင်ပုံ စစ်ဆင်နည်းက**
**လုံးဝမှန်ကန်တယ်လို့ဆိုခဲ့ရင်လည်း**
**စောစောက ရဲသော်မသေဆိုတဲ့စကားရပ်ဟာ**
**မှားတယ်လို့ ပြောနိုင်ပြန်တယ်၊**
**ရဲရင့်သူဟာ သေရောအကြောင်း ---**



သောက်သောက်လဲပဲ၊ အလောင်းတွေက တောင်ပုံရာပုံဖြစ်သွားသလို ရေလှိုင်းတွေကလည်း သွေးရေလှိုင်းတွေ ဖြစ်ကုန်တယ် အဘရဲ့"

"ဒီတော့…"

"ဒီတော့ ကျွန်တော်တို့တွေးမိတာက ဒါဟာ မိုက်ရူးရဲစစ်ဆင်ရေးပဲ၊ ရဲပုံရဲနည်းမှန်လို့လည်း ဒီလို တစ်ပုံကြီးသေကြရတာပဲ၊ ရဲသော်မသေဆိုတဲ့ဆောင်ပုဒ်နဲ့ ဆန့်ကျင်နေတယ်၊ ကျွန်တော်တို့ ဒီလိုပဲသုံးသပ်မိတယ်၊ အပြန်အလှန်အားဖြင့် စစ်သမိုင်းကို မှတ်တမ်းတင်ထားတဲ့ ဒီစစ်ပွဲမှာ သူတို့ရဲ့ စစ်ဆင်ပုံ စစ်ဆင်နည်းက လုံးဝမှန်ကန်တယ်လို့ဆိုခဲ့ရင်လည်း စောစောက ရဲသော်မသေဆိုတဲ့စကားရပ်ဟာ မှားတယ်လို့ ပြောနိုင်ပြန်တယ်၊ ရဲရင့်သူဟာ သေစရာအကြောင်း မရှိဘူးလေ၊ ဟုတ်တယ်မို့လား အဘ"

"အင်း…"

ဦးအောင်စိန်က 'အင်း'ဟုသာ အသံပြုသည်။ သို့သော် သူ့'အင်း'က 'အင်းရှည်'ကြီးဖြစ်နေသည်။ စကားကို ချက်ချင်းပြန်မပြောသေးဘဲ စေတ္တမျှစဉ်းစားသလိုလုပ်နေသည်။ လူငယ်တစ်သိုက်က ပဲမြစ်စား၊ ရေနွေးကြမ်းသောက်ရင်း ဦးအောင်စိန်ထံမှ စကားသံကို နားစွင့်နေကြသည်။ အတန်ကြာမှ ဦးအောင်စိန်က လေးနက်သောအသံဖြင့် စကားစလိုက်သည်။

"ဒီလိုကွ၊ ငါ့သဘောပေါက်ပြီ၊ ရိုပ်မိပြီ၊ စောစောက မင်းပြောတဲ့ရုပ်ရှင်ဇာတ်ကားဟာ နော်မန်ဒီကမ်းတက်တိုက်ပွဲပဲဖြစ်လိမ့်မယ်၊ ဒီတော့ ခုနက မင်းတင်ပြထားတဲ့ အချက်တွေကို ငါက တစ်ချက်ချင်းပြန်ချေရရင် ဒီစစ်ပွဲဟာ စစ်ဆင်ရေးပုံစံလည်း မှန်ကန်မှုရှိသလို၊ စစ်သည်တွေရဲ့ ရဲရင့်ပုံကလည်း မင်းပြောသလို မိုက်ရူးရဲပုံစံမျိုး လုံးဝမဟုတ်ဘူးကွ၊ ပြီးတော့ ရဲသော်မသေဆိုတဲ့ ဆောင်ပုဒ်နဲ့လည်း တစ်ထပ်တည်းကိုက်ညီနေတယ်လို့ ငါဆိုချင်တယ်"

စကားကို ခေတ္တဖြတ်ပြီး လူငယ်များကို တစ်ချက်စေ့ကြည့်လိုက်သည်။ လူငယ်များက ဦးအောင်စိန်စကားကို အံ့အားသင့်ဟန်ဖြင့် ပါးစပ်အဟောင်းသားဖြစ်နေကြသည်။ ဦးအောင်စိန်က သူ့စကားကိုဆက်သည်။

"ဒီစစ်ပွဲရဲ့ အရေးကြီးဆုံးအချက်ကို မင်းတို့မေ့နေတယ်ကွ၊ အဲဒါက ဘာလဲဆိုတော့ ဒီစစ်ပွဲမှာ အသက်ကိုပဓာနမထားဘဲ စွန့်စားတိုက်ခိုက်ကြတဲ့အတွက် စစ်သည်တွေအများကြီးသေကြေကြရတယ်၊ ဒဏ်ရာရကြရတယ်ဆိုတာ မှန်တယ်၊ ဒါပေမဲ့ နောက်ဆုံးမှာတော့ သူတို့တပ်ဖွဲ့က ကမ်းခြေကို သိမ်းမိသွားတယ်၊ စစ်ဆင်ရေး အောင်မြင်သွားတယ်၊ ဟုတ်တယ်မဟုတ်လား စိုးစံအောင်"

"ဒါတော့ ဟုတ်ပါတယ် အဘ၊ သူတို့အဖွဲ့က နိုင်သွားတယ်"

"အေး…အဲဒါကိုပြောတာကွ၊ သူတို့တစ်တွေ တစ်ညီတစ်ညွတ်တည်း ရဲရင့်ကြပေလို့သာ စစ်ပွဲကိုအောင်မြင်သွားတာ၊ သူတို့ရဲ့ ဖျော်လင့်ချက်၊ ရည်မှန်းချက်တွေ သေဆုံးမသွားတာ၊ ဘာကြောင့်လို့ သူတို့အားလုံးကသာ လုပ်သင့်တာကို မလုပ်ဘဲ ကြောက်ဆုတ် ကြောက်ဆုတ်နဲ့ နေခဲ့ကြမယ်ဆိုရင် သူတို့အားလုံး ရန်သူချေမှုန်းတာကို ခံကြရမှာဖြစ်သလို သူတို့ရဲ့စစ်ဆင်ရေးကြီးလည်း မှုချကျဆုံးသွားမှာပဲ၊ ပျက်သုဉ်းသွားမှာပဲ၊ ငါပြောတာ ရှင်းကြရဲ့လား"

လူငယ်များက တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။ ဦးအောင်စိန်ကသာ စကားကြောကို ပြန်ဆက်လိုက်သည်။

"တကယ်တော့ ဒီရဲသော်မသေဆိုတဲ့ စကားရပ်ဟာ စစ်သည်တစ်ဦးတစ်ယောက်အတွက်ကစပြီး တပ်စိတ်တစ်စိတ်၊ တပ်စုတစ်စု၊ တပ်ခွဲတစ်ခွဲ၊ တပ်ရင်းတစ်ရင်းစသဖြင့် တပ်မတော်ကြီးတစ်ခုလုံးအတွက် အကျုံးဝင်စေတဲ့စကားကွ၊ ဥပမာအားဖြင့် ရဲဘော်တစ်ယောက်ဟာ တစ်ကိုယ်တော်စစ်ဆင်ရေးမှာ မိမိရဲ့ ရဲစွမ်းသတ္တိပြည့်ဝမှုကြောင့် ရဲသော်မသေဆိုတဲ့ စကားအတိုင်း သေဘေးကလွတ်မြောက်နိုင်သလို၊ တပ်ရင်းကြီးတစ်ရင်း၊ တပ်မကြီးတစ်ပဟာလည်း တပ်ဖွဲ့ဝင်အားလုံးရဲ့ ရဲရင့်ပြောင်မြောက်မှုကြောင့် စစ်ရှုံးခြင်းဆိုတဲ့ သေဘေးကြီးက နေ လွတ်မြောက်နိုင်တယ်ကွ၊

စစ်တိုက်ပါတယ်ဆိုမှ ပန်းနဲ့ပေါက်ကြတာမှမဟုတ်တာ၊ ဒီတော့ စစ်ပွဲတွေမှာ အထိအခိုက် အကျအဆုံးဆိုတာ မှုရှိကြမှာပဲ၊ စစ်ဆင်ရေးကျယ်ပြန့်လေ၊ တပ်ဖွဲ့ဝင်အင်အား ကြီးမားလေ အသက်သွေးချွေး

ဆုံးရှုံးမှုတာလည်း ကြီးမားလေဖြစ်ရမှာပဲ၊ ဒါ မမှုတာပဲ၊ အဓိကလိုလားချက်က စစ်ပွဲ အောင်မြင်ခြင်း၊ ရည်မှန်းချက် ဆက်လက် ရှင်သန်ခြင်း၊ ဂုဏ်သိက္ခာကျဆုံးမသွားခြင်း ဆိုတဲ့ အချက်တွေပဲကွ၊ ဒါဟာ ဒီ ရဲသော် မသေသဆိုတဲ့စကားရပ်ရဲ့ အဓိပ္ပာယ်ကျယ်ဝန်း ပုံကို ငါ နားလည်သလောက် ဖွင့်ဆိုပြလိုက် တာပဲ။

တကယ်တော့ မင်းတို့အနေနဲ့ ကမ္ဘာ့ စစ်သမိုင်းကို သေသေချာချာ မလေ့လာကြ သေးလို့သာ ဖိုးစံအောင်ပြောသလို ဒီ နော် မန်ဒီတိုက်ပွဲကြီးက မိုက်ရူးရဲပုံစံမျိုးကြီးအဖြစ် နဲ့ ထင်မြင်နေမိကြတာပေါ့၊ တကယ်ဖြစ်ရပ် နဲ့ တကယ့်အနှစ်သဘောကိုသာ စေ့စေ့ငုငု သိမိခဲ့ကြရင် စောစောက ငါပြောတဲ့အချက် အလက်တွေနဲ့ ချိန်ထိုးတွေးခါပြီး နားလည် သွားကြမှာပါ”

“အဘ . . . အဲဒီ နော်မန်ဒီတိုက်ပွဲ အကြောင်းကို အဘပဲ နည်းနည်းလောက် ဆက်ရှင်းပြစေချင်ပါတယ်”

ကျော်မြှင့်က ပွဲတောင်းလိုက်သည်။ ဦးအောင်စိန်က ရေနွေးကြမ်းကို တစ်ကျိုက် ကျိုက်သည်။ ထို့နောက် ချောင်းဟန့်ကာ စိတ်လိုလက်ရပင် ဆက်ပြောလိုက်သည်။

“အအေး . . . ပြောပြမယ်၊ ဒီနော်မန်ဒီ တိုက်ပွဲကြီး ဖြစ်လာပုံက ဒီလိုကွ၊ ဒုတိယ ကမ္ဘာစစ်ရဲ့ ပထမပိုင်းမှာ ဂျာမနီကို ခံတိုက် နေတာက ရုရှားတစ်နိုင်ငံတည်းပဲ၊ ဒီတော့ စစ်ပန်းလာတဲ့ ရုရှားက မဟာမိတ် အင်္ဂလိပ်၊ အမေရိကန်တို့ကို ဒုတိယစစ်မျက်နှာအဖွင့် နှိုးတယ်၊ ဂျာမနီကို ညှပ်ပြီးတိုက်ပေးဖို့ ပြောတယ်၊ ဒါပေမဲ့ ရုရှားရဲ့ဆန္ဒက နောက် ၁၀ နှစ်လောက်ကျမှ ပြည့်ဝသွားတယ်၊ ၁၉၄၄ ခုနှစ်ကျမှ အင်္ဂလိပ်၊ အမေရိကန်တို့ က ဥရောပမှာ ဒုတိယစစ်မျက်နှာဖွင့်ဖို့ လုပ် တယ်၊ လုပ်တော့ ဒီနော်မန်ဒီကနေပဲ စပြီး ကမ်းတက်ကြဖို့ ပြင်ဆင်ကြတယ်၊

စစ်ထွက်ခါနီးမှာ စစ်ဆင်ရေးမှူးချုပ် ဖြစ်တဲ့ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါးက မိန့်ခွန်းပြောတယ်၊ မိန့်ခွန်းပြောပြီးတာနဲ့ ဗိုလ် ချုပ်ကြီးက သူ့ရွက်ဖျင်တဲထဲကိုဝင်ပြီး တစ် ယောက်တည်း စိတ်မကောင်းဖြစ်နေမိတယ် တဲ့၊ ဘာကြောင့်လဲဆိုတော့ ဒီစစ်ပွဲဟာ ကြမ်းတမ်းလိမ့်မယ်၊ ရက်ရက်စက်စက်ကို ကြမ်းတမ်းလိမ့်မယ်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ

**သိန်းချီနေတဲ့ တပ်ဖွဲ့ဝင်လူငယ်လူရွယ်တွေ**
**အနက် ရာခိုင်နှုန်း ၃၀ လောက်သာလျှင်**
**သူတို့မိဘ၊ ဆွေမျိုးသားချင်းတွေဆီ**
**ပြန်နိုင်ကြလိမ့်မယ်၊**
**ကျန်တဲ့အရေအတွက်က စစ်မြေပြင်မှာပဲ**
**သေဆုံးကျန်ကြရလိမ့်မယ်၊**
**ဒါတွေကို သူသိနေတယ်၊**
**သိသော်လည်းပဲ —**

ကမ်းစိုးတန်းတွေမှာ ဂျာမနီက အခိုင်အမာ နေရာယူထားတယ်၊ ကတုတ်တွေ၊ သံဆူး ကြိုးတွေ၊ တောင်ချောက်တွေနဲ့ အကျအန ပြင်ဆင်ထားတယ်၊ ဒါကြောင့် နော်မန်ဒီ ကမ်းတက်နိုင်ရေးမှာ အသက်ပေါင်းများစွာ ကို စတေးရလိမ့်မယ်၊ အခု သူမိန့်ခွန်းပြော ခဲ့တဲ့ သိန်းချီနေတဲ့ တပ်ဖွဲ့ဝင်လူငယ်လူရွယ် တွေအနက် ရာခိုင်နှုန်း ၃၀ လောက်သာ လျှင် သူတို့မိဘ၊ ဆွေမျိုးသားချင်းတွေဆီ ပြန်နိုင်ကြလိမ့်မယ်၊ ကျန်တဲ့အရေအတွက်က စစ်မြေပြင်မှာပဲ သေဆုံးကျန်ကြရလိမ့်မယ်၊ ဒါတွေကို သူသိနေတယ်၊ သိသော်လည်းပဲ ဒီလမ်းကလွဲလို့ တခြားရွေးချယ်စရာမရှိဘူး။ ဒါကြောင့် ဗိုလ်ချုပ်ကြီးက ကြိတ်ပြီးဆွေး မြည့်သွားမိခြင်းပဲ ဖြစ်တယ်တဲ့၊

တကယ်တမ်း တိုက်ခိုက်ကြတော့ လည်း မဟာမိတ်တပ်သားတွေက သူတို့ ထက် အင်အားအဆပေါင်းများစွာကြီးတဲ့ ဂျာမနီတွေကို အနိုင်ယူနိုင်ခဲ့ကြတယ်၊ နော် မန်ဒီကို အောင်မြင်စွာကမ်းတက်နိုင်ခဲ့ကြ တယ်၊ ဒါဟာ ဘာကြောင့်လဲဆိုတော့ မဟာ မိတ်တပ်သားတွေရဲ့ အမိန့်နာခံမှု၊ ရဲရွမ်း သတ္တိပြည့်ဝမှုတွေကြောင့်ပဲ ဖြစ်တယ်၊ တစ် နည်းအားဖြင့် သူတို့ရဲ့ ရဲရင့်မှုကပဲ သူတို့ရဲ့ ရှင်သန်မှုကို ဖော်ဆောင်ပေးလိုက်ပြီးတော့ ဆက်လက်တိုက်ခိုက်သွားကြရာမှာ ကမ္ဘာ့ စစ်ကြီးပြီးတဲ့အထိ မဟာမိတ်တွေကပဲ အောင်ပွဲခံသွားတော့တယ်၊ ဒါကြောင့် မင်း တို့ ထင်ခဲ့ကြသလို ဒီစစ်ပွဲကြီးဟာ မှားယွင်း တဲ့စစ်ပွဲမဟုတ်ဘူး။ ဒီစစ်ပွဲမှာ ပါဝင်ခဲ့ကြတဲ့ စစ်သည်တွေဟာ မိုက်ရူးရဲတွေမဟုတ်ကြ ဘူး။ ပြီးတော့ ရဲသော်မသေသဆိုတဲ့ ဆောင် ပုဒ်နဲ့လည်း လုံးဝညီညွတ်မှုရှိတယ်ဆိုတဲ့ အကြောင်း၊ ငါပြောရခြင်းပဲဖြစ်တယ်၊ ရှင်း ကြပြီလားဟေ့”

ဦးအောင်စိန်က စကားကိုအဆုံးသတ် လိုက်သည်။ ထို့နောက်တွင် အားလုံးတိတ် ဆိတ်သွားကြသည်။ သို့သော် လူငယ်လေး များ၏မျက်နှာတွင် မိမိရှင်းပြချက်များအပေါ် အထိုက်အလျောက် သဘောပေါက်လက်ခံ သွားသော အရိပ်အယောင်များ ထင်ဟပ် လျက်ရှိနေခြင်းကိုမူ ဦးအောင်စိန်က ကောင်း စွာ အကဲခတ်လိုက်မိသည်။

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် တစ်ဖန်စကားစလာသူက မင်းမင်းဦးပင်ဖြစ် သည်။

“အဘရှင်းပြတာတွေက တော်တော် ကောင်းပါတယ်ခင်ဗျာ၊ ရဲသော်မသေသဆိုတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်ကျယ်ဝန်းပုံကိုလည်း ကျွန်တော်တို့ တော်တော်သိသွားပါပြီ၊ ဒီ တော့ အဘရေ၊ ဧရာမတပ်မှူးကြီးတွေရဲ့ ရဲ သော်မသေ သဘောသွားကို သိရပြီးတဲ့ နောက် စစ်သည်တစ်ဦးချင်းအတွက်ပဲဖြစ် ဖြစ်၊ တပ်စိတ်တစ်စိတ်၊ တပ်စုတစ်စုအတွက် ပဲဖြစ်ဖြစ်၊ ရဲရင့်မသေဘူး၊ ကြောက်ရင်သေ တယ်ဆိုတဲ့ သဘောတရားလေးတွေကို အဘ ရဲ့ အတွေ့အကြုံတွေထဲကပဲ ဆက်ပြီးရှင်းပြ ပေးစေလိုပါတယ်”

“ကောင်းကွာ . . . ဒီမေးခွန်းကို မေးမှ မေးပါ့မလားလို့၊ မင်းမင်းဦးမေးလိုက်တာ အံကိုက်ပဲ။ ငါသိပ်ပြောချင်တဲ့ မေးခွန်းပေါ့၊ ဒီမယ်ကွ၊ ငါက တပ်မတော်မှာ ၃၅နှစ်တိတိ အမှုထမ်းခဲ့တယ်၊ ဒီ ၃၅ နှစ်အတွင်းမှာ ငါက မသေတဲ့အပြင် ဒဏ်ရာတောင် တစ်ခု မှ မရခဲ့ဖူးဘူးကွ၊ ဒဏ်ရာမဆိုထားနဲ့ကွာ၊ ပြောရရင် ဆူးခြစ်တာတောင်မှ နှစ်ရာ လောက်အောင် အခြစ်မခံခဲ့ရဖူးဘူးဟေ့၊ ဒီလိုပြောလိုက်လို့ မင်းတို့က ငါ့ကို စစ်မ တိုက်ဘူးပဲ စစ်သက်တွေရလာတဲ့သူ၊ ဒါမှ မဟုတ် ယောက်မကြီးကိုင်ပြီး ထမင်းချက် အဖြစ်နဲ့ပဲ အချိန်ကုန်လာခဲ့တဲ့သူလို့ ထင်ချင် ကြလိမ့်မယ်။ အဲဒီလို မထင်လိုက်ပါနဲ့၊ ငါ စစ်တိုက်ဖူးတယ်၊ တိုက်လိုက်ရတဲ့တိုက်ပွဲတွေ မှ မီးကိုပွင့်နေတာပဲ၊ ငါမှတ်ထားသလောက်

တိုက်ပွဲကြီး ၁၀ ကြိမ်နဲ့ တိုက်ပွဲငယ် အကြိမ် ၄၀ ထက်မနည်း တိုက်ခဲ့ရဖူးတယ်ကွ၊ ငါဆိုလိုချင်တာက လူဆိုတာ စစ်ထဲဝင်တိုင်း မသေဘူး၊ ဒဏ်ရာမရဘူးဆိုတဲ့အကြောင်းကို ပြောချင်တာ''

''အဲဒီအကြောင်းရဲ့ အခြေခံကျတဲ့ အချက်က ရဲသော်မသေဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျင့်ကြံခဲ့လို့ပဲလို့ အဘပြောအုံးမယ် မဟုတ်လား''

''မှန်လိုက်လေ - - -အမှန်ပဲပေါ့ မင်းမင်းဦးရယ်၊ ကြောက်တဲ့ကောင်တွေဟာ ဘယ်နေရာမှာမဆို အသေစောတာပဲကွ၊ သူတို့က နဂိုကကို ကြောက်စိတ်ရဲ့လွှမ်းမိုးမှုကို ခံထားရတော့ ရဲရင့်မှု၊ ပြတ်သားမှုမရှိ ရှုံမကာဘဲ တွေဝေမှု၊ မှားယွင်းမှုတွေနဲ့ပါ ပြည့်နှက်နေသကွ၊ ဥပမာ ရန်သူက လက်နက်ကြီးနဲ့ပစ်ရင် တစ်နေရာထဲမှာ ဝပ်နေရမယ်၊ ပြီးရင် ကျည်ကျမှုကိုခန့်မှန်းပြီး လိုအပ်သလို ရွှေ့လျားရမယ်ဆိုတဲ့ ညွှန်းဆိုချက်တွေရှိထားပါလျက်နဲ့ အဲဒီ ကြောက်ချေးပါတဲ့ကောင်တွေက လက်နက်ကြီးပို့ကျည်သံကြားရုံနဲ့တင် ဂဏှာမငြိမ်ဖြစ်ကုန်ရော၊ ပြီးတော့ ခွေးနေရာမရသလိုပဲ ဟိုဟိုဒီဒီတွေကို လျှောက်ပြေးနေရော၊ အဲဒီလိုလျှောက်ပြေးနေလို့လည်း လက်နက်ကြီးမှန်ပြီး သေရရော၊ ကြောက်စိတ်ကနေ သတိကင်းမဲ့တဲ့အဖြစ်ကိုရောက်၊ သတိကင်းမဲ့တဲ့အဖြစ်ကနေ သေတွင်းထဲအထိ ရောက်သွားရပုံကို ပြောပါတယ်၊

ပြောရရင်တော့ အများကြီးပဲ၊ တိုက်ပွဲအတွင်းမှာ သူများကရှေ့တက်သွားချိန်မှာ ကိုယ်က တန်းတူမတက်ခဲ့လို့ နိုကပ်ပြီး ကျန်နေခဲ့ရာက ရန်သူအရှင်ဖမ်းတာခံရပြီး အသေဆိုးနဲ့သေရတဲ့ကောင်တွေ၊ ကိုယ်က ခေါင်းထောင်ပြီး စွန့်စွန့်စားစား ပစ်ခတ်ရမယ့်အချိန်မှာ အကြောက်လွန်ပြီး နှာခေါင်းနဲ့ ထယ်ထိုးနေတော့ ရန်သူက အတင်းပစ်တက် တက်လာပြီး အနီးကပ်တော့ပစ်သွားတာကို ခံရတဲ့ကောင်တွေ စသဖြင့် ပြောမယ်ဆို အများကြီးပေါ့''

ဦးအောင်စိန်က လေရှည်လိုက်ရသောကြောင့် အတန်ငယ်မောသွားဟန်ဖြင့် အသက်ကို ပြင်းပြင်းရှူလိုက်သည်။ ရေနွေးကြမ်းပန်းကန်ကို ကောက်ကိုင်၍လည်း ရှူးခနဲ မော့သောက်လိုက်သည်။ သို့သော် သူက ပါးစပ်အားခါစပင်ရှိသေး မင်းမင်းဦးကပင် ထပ်မံ၍ မေးခွန်းထုတ်လိုက်ပြန်လေပြီ။

''ဒါနဲ့ အဘ၊ တချို့အရာရှိလေးတွေ ကျောင်းဆင်းလာခါစမှာပဲ တိုက်ပွဲကျသွားတာတွေကို သတင်းစာတွေမှာ တစ်ခါတစ်ခါ တွေ့ရပါတယ်၊ သူတို့ကိုကျတော့ အဘ ဘယ်လိုပြောမလဲ''

မင်းမင်းဦး၏စကားကို တုံ့ပြန်ရန်အတွက် ဦးအောင်စိန် ပါးစပ်ပြင်လိုက်သည်၊ သို့သော် ပြောချိန်မရလိုက်တော့ပေ။ အိမ်ရှေ့က မြိုတံခါးဝတွင် ဧည့်ဖြစ်သူ ဒေါ်လှခင်က ပေါ်လာသည်။ ဈေးကပြန်လာခြင်းပင်ဖြစ်သည်။ ခေါင်းပေါ်တွင် ဆန်အိတ်ပိုင်းတစ်ခုကို ရွက်ထားပြီး၊ လက်တစ်ဖက်တွင် ဈေးခြင်းကိုဆွဲထားသည်။ ဦးအောင်စိန်က ထိုင်ရာမှထပြီး ဇနီးထံသို့ လျှောက်သွားလိုက်သည်။ ခေါင်းပေါ်မှ ဆန်အိတ်ပိုင်းကို လှမ်းယူလိုက်ကာ ဇနီးနှင့်အတူ အိမ်နောက်ဘက်သို့ လိုက်ပါသွားသည်။

ထိုအတောအတွင်း လူငယ်သုံးယောက်က ခေါင်းချင်းဆိုင်လိုက်ကြသည်။ စိုးစံအောင်ကပင် ခပ်တိုးတိုးစပြောသည်။

''တွေ့တယ်မို့လား၊ အဘနဲ့က နည်းနည်းတွေ့ရတာနဲ့ နည်းနည်းအသိတိုးတော့တာပဲ၊ တို့သိချင်တဲ့ကိစ္စက ခုမှပဲရှင်းတော့တယ်''

''အဘရဲ့တွေးခေါ်ပုံနဲ့ သုံးသပ်ပုံက မှတ်သားလောက်စရာကောင်းတယ်၊ အတုယူစရာကောင်းတယ်၊ သူ့နည်းက တိုက်ရိုက်နည်းနဲ့ သွယ်ဝိုက်နည်း၊ ဒါမှမဟုတ် တစ်ခုချင်းကြည့်ရှုပုံနဲ့ ခြုံငုံကြည့်ရှုပုံဆိုပြီး နှစ်မျိုးစလုံးပါတယ်ကွ''

''ခုနက ငါမေးတဲ့မေးခွန်းကိုတော့ အဘ ဘယ်လိုဖြေမလဲမသိဘူး၊ ဆက်ပြီး နားထောင်ကြည့်ရမှာပဲ''

ထိုအချိန်တွင် ဦးအောင်စိန်က ဧည့်ခန်းထဲသို့ ပြန်ဝင်လာသည်။ မှလနေရာတွင်



ပြန်ထိုင်လိုက်သည်။ ထိုင်ပြီးပြီးချင်းမင် စကားကိုစလိုက်သည်။

''စောစောက မင်းမင်းဦးထပ်မေးလိုက်တဲ့ မေးခွန်းကတော့ ငါ့သဘောအရ ဆိုရင် ကံတရားကြောင့်ပဲလို့ ပြောချင်တယ်ကွ၊ တို့က ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဆိုတော့ ဒီကံတရားကိစ္စကိုလည်း ထည့်မတွက်လို့ မဖြစ်ဘူးလေ၊ ဒါကြောင့် ကျောင်းဆင်းဆင်းချင်း တိုက်ပွဲကျသွားတဲ့ အရာရှိလေးတွေ၊ စစ်ထဲရောက်ရောက်ချင်း တိုက်ပွဲကျသွားတဲ့ ရဲဘော်လေးတွေဟာ တကယ်တော့ ဒီကံကိစ္စကြောင့်ပဲလို့ ပြောချင်တယ်၊

---

**ဘုရားလက်ထက်တုန်းက**
**ရဟန်းတစ်ပါးဟာ သေချင်လို့ဆိုပြီး**
**မြွေဆိုးထည့်ထားတဲ့ အိုးထဲကို**
**သူ့လက်နဲ့ နှိုက်သတဲ့၊**
**မြွေကိုလည်း ကိုင်သတဲ့၊ ဒါပေမဲ့ မြွေက**
**သူ့ကို ဘာမှပြန်မလုပ်ဘူးတဲ့၊**
**ဘာကြောင့်လဲဆိုတော့ - - -**



တို့ပြောပြောနေတဲ့ သေမယ့်နေ့ကျမှ စစ်ထဲဝင်မိတယ်ဆိုတဲ့ စကားလိုပေါ့ကွာ၊ ထွားထွားကြားကြား၊ ရှားရှားပါးပါး တိုက်ဆိုင်သွားမှု တွေပဲလို့ ငါပြောချင်တယ်၊ ငါက အတွေ့အကြုံတွေ များလှပြီကွ၊ ငါ့စစ်သက်တစ်လျှောက်မှာ ကံဆိုးလို့ ကြုံကြုံဖန်ဖန် သေသွားတဲ့သူတွေ၊ ကံကောင်းပြီး အံ့ဩဘနန်း အသက်ရှင်လာတဲ့သူတွေကို အများကြီး တွေ့ခဲ့မြင်ခဲ့ဖူးတယ်၊ သို့သော်လည်းပဲ ဒီကံကိစ္စက တို့အခုဆွေးနွေးနေတဲ့ မေးခွန်း အကြောင်းအရာထဲမှာ သူက ခြွင်းချက် သဘောလောက်ပဲ ပါဝင်တာပါ၊ အနည်း အကျဉ်းလောက်ပဲလို့ ဆိုကြပါစို့''

''ကံတရားဆိုတာ တော်တော်ဆန်းကြယ်တယ်နော် အဘ၊ ကျွန်တော်တို့ အတိုးက ပြောဖူးတယ်၊ ဘုရားလက်ထက်တုန်းက ရဟန်းတစ်ပါးဟာ သေချင်လို့ဆိုပြီး မြွေဆိုးထည့်ထားတဲ့ အိုးထဲကို သူ့လက်နဲ့ နှိုက်သတဲ့၊ မြွေကိုလည်း ကိုင်သတဲ့၊ ဒါပေမဲ့ မြွေက သူ့ကို ဘာမှပြန်မလုပ်ဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ သူက တရားထူးရမယ့်ကံ ပါလာတာမို့ တရားထူးမရသေးခင်မှာ ဘယ်လိုအကြောင်းနဲ့မှ မသေနိုင်သေးတဲ့ သဘောပဲတဲ့၊ အဲဒီလိုပြောတယ်ခင်ဗျ''

''ကျော်ဖြူခင်းပြောတာ မှန်ပါတယ်၊ ငါခုနကပြောခဲ့တဲ့အတိုင်းပဲပေါ့၊ သေကံမရောက်သေးတဲ့သူဟာ တစ်နည်းနည်းနဲ့တော့ သေဘေးကနေ လွတ်မြောက်ရစမြဲပဲ၊ တကယ်တမ်းမှာလည်း လူ့ဘဝဆိုတာ တော်တော်နဲ့ သေခဲပါတယ်ကွ၊ ရခဲလှတဲ့ လူ့ဘဝကို ရောက်လာမှတော့ လူတိုင်းဟာ ဘုန်းကံအားဖြင့် မသေကြလို့ပဲပေါ့ကွာ၊ စစ်ထဲဝင်ဝင်၊ မဝင်ဝင် အထက်က ကံအကြောင်းတရားကြောင့်ကလွဲရင် မြေအိုးကလေး ယက်ထဲကလွတ်ကျပြီး ကွဲသွားသလို ပိုးစိုးပက်စက် ဖြစ်ခဲလှပါတယ်၊ တပ်မတော်မှာ ဆိုရိုးစကားတစ်ခုတောင် ရှိသေးတယ်၊ မင်းတို့ကြားဖူးကြရဲ့လား မသိဘူး၊ တွေ့တိုင်း မပစ်၊ ပစ်တိုင်းမထွက်၊ ထွက်တိုင်းမမှန်၊ မှန်တိုင်းမသေ ဆိုတဲ့ စကားလေ''

''ဟာ…ဒီစကားကတော့ ခုမှပဲ ကျွန်တော်တို့ ကြားဖူးတယ်၊ တော်တော် အဓိပ္ပာယ်ရှိမယ့်ပုံပဲ၊ ဆက်ရှင်းပြပါအုံး အဘ''

''အေး…ဒီစကားရဲ့အဓိပ္ပာယ်က ရှင်းပါတယ်၊ တွေ့တိုင်းမပစ်လို့ ဆိုရာမှာ မိမိနဲ့ ရန်သူနဲ့က ဘယ်လောက်ပဲ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ပြီးတွေ့ပါစေ၊ ပစ်ခတ်ဖို့ အခွင့်မသာ၊ အခြေအနေမပေးရင် ပစ်လို့မရဘူး၊ ပစ်လို့မရတဲ့အတွက်လည်း မသေနိုင်ဘူးလို့ ဆိုလိုတယ်၊ ဒီအတွေ့အကြုံမျိုးကို ငါကိုယ်တိုင် ကြုံခဲ့ဖူးတယ်၊ တစ်ခါတော့ ငါတို့ တပ်စိတ်က လှည့်ကင်းလှည့်ရင်းနဲ့ ရေစီးသန်တဲ့ ချောင်းတစ်ခုကို ဖြတ်ကူးကြတယ်၊ အဲဒီမှာ ငါက ရှေ့ဆုံးကသွားရတဲ့ ဗိုလ်ငှတာဝန်ကျတယ်၊ ကျတော့ ငါလည်း ချောင်းကိုဖြတ်ရင်း ရှေ့ကိုရှုစိုက်နေရတာပေါ့၊ အဲဒီအချိန်မှာပဲ ပုဆိုးခြုံထားတဲ့လူတစ်ယောက်ဟာ ကမ်းစပ်မှာကုန်းပြီး ခရကောက်နေတာကို ငါတွေ့လိုက်ရတယ်၊ ပထမတော့ ငါက အဲဒီလူကို သာမန်အရပ်သားပဲလို့ ထင်လိုက်မိတယ်၊ တစ်ခါ သူကလည်း ငါ့ကိုမမြင်ပြန်ဘူး၊ ခရကိုသာ မဲပြီးကုန်းကောက်နေတယ်၊ ဒီလိုနဲ့ ငါက အဲဒီလူနဲ့ ကိုက် ၁၀၀ လောက် အကွာကို ရောက်သွားတယ်၊ ဒီတော့မှ အဲဒီလူ ခြုံထားတဲ့ပုဆိုးအောက်ကနေ လက်နှစ်လုံးလောက် အပြင်ထွက်နေတဲ့ ကာဘိုင်ပြောင်းကလေးကို ငါကလှမ်းမြင်လိုက်မိပြီး မျက်လုံးပြူးသွားတော့တယ်၊ ရန်သူမှန်းသိလိုက်တာနဲ့အတူ လက်ထဲက သေနတ်နဲ့ ထိုးချိန်ပြီး ပစ်ဖို့လုပ်လိုက်တယ်၊ ဒါပေမဲ့ ငါ မပစ်လိုက်ရဘူး''

''ဟင် ဘာဖြစ်လို့လဲအဘ၊ ဒီလောက်နီးနီးလေးပဲဥစ္စာ''

''အေးပေါ့၊ နီးပေမယ့် ငါမပစ်လို့မရတာ၊ မရတာက ရေစီးကြောင့်ပဲ၊ ရေစီးကသန်နေတော့ ကိုယ့်ကိုယ်ကိုယ် ရေစီးထဲ မျောပါမသွားအောင် ထိန်းနေရတဲ့အချိန်မှာ သေနတ်ကို ဘယ်ဖြောင့်အောင် ချိန်လို့ရပါ့မလဲ၊ ချိန်လို့မရတော့ ပစ်လို့မရဘူး၊ ပစ်လို့မရတော့ ဟိုကောင်လည်း သေဘေးကနေ လက်မတင်လေး လွတ်သွားတော့တာပေါ့''

''ဟိုကောင်က ထွက်ပြေးသွားရောလား အဘ''

''ဒါပေါ့ကွ၊ ဒီကောင်လည်း ငါ့ရဲ့လှုပ်ရှားမှုကြောင့် အမှတ်မထင်မော့ကြည့်လိုက်ရာက တို့အဖွဲ့ကိုတွေ့သွားတယ်၊ သူလည်း မျက်လုံးပြူးပြီးတော့ လွယ်ထားတဲ့ သူ့သေနတ်ကိုတောင် ဖြုတ်ချိန်မရတော့ဘဲ

ဝရုန်းသုန်းကားနဲ့ ထွက်ပြေးတော့တာပဲ၊ သူ ပျောက်သွားပြီးတော့မှ တို့က ကမ်းစပ်ကို ရောက်၊ ကမ်းစပ်ကိုရောက်ပြီးမှ နောက်က နေ ရမ်းသမ်းပြီးလိုက်ပစ်တော့ ဘယ်ရပါ တော့မလဲ၊ ရှင်းပြီလား''

''ကြိကြိဖန်ဖန် ကပ်လွတ်သွားတာပဲ နော် အဘ၊ တွေ့တိုင်းမပစ်ကတော့ ရှင်းပါ ပြီ၊ ပစ်တိုင်းမထွက်ဆိုတာကို ပြောပါအုံး အဘ''

''ပစ်တိုင်းမထွက်ဆိုတာကတော့ လက်နက်ကြီးပဲဖြစ်ဖြစ်၊ လက်နက်ငယ်ပဲဖြစ် ဖြစ် မိမိလက်နက်ရဲ့ ချို့ယွင်းချက်ကြောင့် ရန်သူကိုတွေ့လို့ ပစ်ပင်ပစ်ပါသော်လည်း မိမိသေနတ်ကနေ ကျည်ဆန်မထွက်တာကို ပြောတာကွ''

''အဲဒီလို ကျည်မထွက်တာက မီးမကူး လို့ပေါ့နော် အဘ၊ ကျည်အဲ့သွားလို့ မဟုတ် လား''

''အဲဒါလည်း ပါတာပေါ့ကွာ၊ ကျည် အိမ်၊ ကျည်ကပ်၊ ကျည်ရိုက်တံ အစရှိတဲ့ လက်နက်ချို့ယွင်းချက်ကြောင့်လည်း ပါတာ ပေါ့၊ အမျိုးမျိုးပေါ့ကွာ၊ ဒီနေရာမှာ ပစ်တိုင်း မထွက်တဲ့အကြောင်းနဲ့ပတ်သက်ပြီး ငါ အထူးပြောချင်တာက ရန်သူက ကိုယ့်ကို ပစ်လို့ ကျည်မထွက်ခဲ့ရင် ကိုယ့်ရဲ့ကံကောင်း မှုလို့ ဆိုနိုင်သော်လည်း အဲ...ကိုယ်က သူ့ကိုပစ်လို့ ကိုယ့်သေနတ်က ကျည်မထွက် ခဲ့ရင်တော့ ကံဆိုးပြီလို့သာ မှတ်လိုက်ပေ တော့ပေ့ါ၊ ဘာကြောင့်လဲဆိုတော့ ကိုယ်က အရင်ပစ်ခွင့်ရပါလျက်နဲ့ ကိုယ့်ဆီက ကျည် မထွက်တော့ သူ့ကို ပြန်ပစ်ခွင့်ပေးလိုက် သလို ဖြစ်သွားတာကြောင့်ပဲ၊ ဒါကြောင့် ကိုယ့်လက်နက်ကို အစဉ်ကောင်းမွန်နေ အောင် ဂရုတစိုက်တိုက်ချွတ်ကြဖို့ အလွန် အရေးကြီးတယ်၊ အထူးသဖြင့် ကင်းပုန်းလို နေရာမျိုးမှာ ကိုယ့်သေနတ်က သေချာ ပေါက် ကောင်းနေဖို့လိုတယ်၊ ပြောင်းထဲမှာ ရှိတဲ့ ကျည်ကလည်း ချောညောင်းကင်းစင်တဲ့ ကျည်စစ်ကျည်မှန်ဖြစ်ဖို့လိုတယ်၊ ဒါမှသာ ကိုယ်က ရန်သူကို အပိုင်ပစ်စားနိုင်မှာ''

''ဟုတ်ကဲ့အဘ၊ ပစ်တိုင်းမထွက်တဲ့ ကိစ္စကလည်း တော်တော်အရေးကြီးပါ တယ်၊ ထွက်တိုင်းမမှန်၊ မှန်တိုင်းမသေဆို တဲ့ အကြောင်းတွေကို ဆက်ပါအုံးအဘ''

''ထွက်တိုင်းမမှန်ဆိုတာကတော့ ရှင်း ပါတယ်ကွာ၊ လက်ရွေးစင်သေနတ်ပစ် သမားတွေတောင်မှ ကိုက်သုံးလေးရာ လောက်ကနေပစ်ရင် ဗဟိုချည်းမှန်ဖို့ဆိုတာ တော်တော်ခဲယဉ်းပါတယ်။ ဒီတော့ တိုက်ပွဲ တွေမှာက ပစ်အားကိုအဓိကထားပြီး ကျည် ဖြုန်းပစ်ခတ်ကြတာကများလေတော့ ဦး တည်ရာ ရန်သူကိုထိမှန်ဖို့ဆိုတာ မလွယ်လှ ပါဘူး။ အထူးသဖြင့် နေရာကောင်းကောင်း ရထားလိုက်တာနဲ့ လက်နက်ငယ်ရဲ့အန္တရာယ် ကို လုံးဝနီးပါး ကြောက်စရာမရှိတော့ဘူး၊ အေး...လက်နက်ကြီးတစ်ခုပဲ သတိထား ရမှာ၊ သူကတော့ မကောင်းသူထိပ်၊ ကောင်း သူထိပ်ဆိုပြီး ပစ်လွှတ်လိုက်တာဆိုတော့ ကျ ချင်တဲ့နေရာမှာ ကျတတ်တဲ့အမျိုးပဲ၊ ဒါ တောင်မှ စစ်သက်ရင့်လာပြီး ကျည်သွား လမ်းကို ခန့်မှန်းတတ်လာတဲ့အခါ လက်နက် ကြီးရန်ကိုပါ စနစ်တကျရှောင်တတ်၊ တိမ်း တတ်လာပါတယ်၊ သူ့ပစ်တိုင်း ကိုယ့်ကိုလာ မမှန်နိုင်ပါဘူး။

အေး...လာမှန်ရင်တောင်မှ မှန်တိုင်း လည်း မသေနိုင်သေးပြန်ပါဘူး၊ လူဆိုတာ ငါပြောသလို အသက်ပြင်းပါတယ်ကွ၊ ခေါင်း ထဲကို ကျည်ဖူးရောက်နေတာတောင် မသေ တဲ့သူ၊ ပခုံးနှစ်ခုကြား နှစ်လက်မစိန့်ပြောင်း မုံးသီးကြီး စိုက်ဝင်သွားတာတောင် မသေ တဲ့သူ၊ ခြေနှစ်ဘက်လုံး မိုင်းထိပြီး ပြတ် ထွက်သွားတာတောင်မှ သတိကောင်း ကောင်းနဲ့ အသက်ရှင်နိုင်တဲ့သူ၊ ပြောမယ်ဆို မှန်တိုင်းမသေတဲ့ အကြောင်းအရာတွေက ပြောလို့မကုန်နိုင်အောင်ပါပဲ၊

ကိုင်း...ဒါလောက်ဆို တို့ပြောခဲ့တဲ့ အကြောင်းအရာတွေက များလည်းများပြီး ပြည့်လည်းပြည့်စုံလောက်ပါပြီ၊ ဒါလောက်နဲ့ ပဲ တော်ကြစို့ရဲ့၊ မင်းတို့အနေနဲ့လည်း ခု လောက်ဆို ငါပြောခဲ့တဲ့အချက်အလက်တွေ ထဲက အားလုံးမဟုတ်ရင်တောင် အတော် များများကိုတော့ လက်ခံသဘောကျနိုင်ကြ လိမ့်မယ်လို့ ငါထင်ပါတယ်''

ဦးအောင်စိန်က နိဂုံးချုပ်လိုက်လေပြီ၊



ထို့နောက် လူငယ်များကို တစ်ချက်အကဲ ခတ်လိုက်သည်။ သူတို့၏မျက်နှာများ အသီးသီး၊ ကြည်လင်ရွှင်ပျလျက်ရှိကြသည်ကို မြင်လိုက်ရသည်။ ထိုအခါ သူတို့၏ရှေ့မှ ပဲမြစ်ပန်းကောန်ထဲတွင် တစ်ခုမကျန် ပြောင်းရှင်းလျက်ရှိသကဲ့သို့ သူတို့၏ စိတ်သဏ္ဍာန်တွင်လည်း အရာအားလုံး ရှင်းရှင်းလင်းလင်း ဘဝင်ကျကျဖြစ်နေကြလေပြီဟု အတပ်သိမြင်သွားမိလေသည်။

အားလုံးကိုယ်စား စိုးစံအောင်က ကျေးဇူးတင်စကားကို သွက်လက်စွာပြောလိုက်သည်။

''ကျေးဇူးပဲ အဘရေ၊ အဘနဲ့တွေ့တိုင်း ကျွန်တော်တို့အမြတ်ရတယ်၊ ခုလည်း ကျွန်တော်တို့ ခေါ့လည်လည်ဖြစ်နေတာတွေ အားလုံးရှင်းသွားပြီ၊ နောက်ကို ဒီရဲသော်မလေးဆိုတဲ့စကားနဲ့ပတ်သက်ပြီး တခြားသူတွေကိုပါ ကျွန်တော်တို့က ပိုင်ပိုင်နိုင်နိုင် ရှင်းပြနိုင်သွားပြီ၊ သိပ်ကောင်းတယ် အဘရာ''

''အေး···ကောင်းတာပေါ့၊ မသိရင်မေး မစင်ဆေးတဲ့၊ ကိုယ်က တစ်ခါတည်း ခံပြီးရင် သူများကို ဆယ်ခါ ဆရာလုပ်လို့ရတယ်တဲ့၊ မြန်မာစကားပုံရှိသမို့လား။ ကိုယ်မသိတာကို သိတဲ့သူဆီမှာမေးဖို့ မရှက်နဲ့၊ ကိုယ်သိပြီးသားကိုလည်း တခြားလူအပေါ် ဖြန့်ဖြူးပေးရမှာ ဝန်မလေးနဲ့ပေါ့၊ ဟုတ်ရဲ့လားဟေ့''

''ဟုတ်ပါတယ် အဘ၊ ကျွန်တော်တို့လည်း ဗိုလ်ရွှေမဝင်မီ လေ့လာစရာရှိတာတွေကို အားလုံးလျှောက်လေ့လာနေတာပဲ၊ ဖြေနိုင် မဖြေနိုင်ဆိုတာရယ်၊ အောင်မယ် မအောင်မယ်ဆိုတာရယ်ကိုသာ သေချာပေါက် မပြောနိုင်တာ''

''ဟိတ်···တိတ်စမ်း၊ ဒီစကားမျိုး မပြောနဲ့၊ ဘာလို့ မဖြေနိုင်ရမှာလဲ၊ ဘာလို့ မအောင်ရမှာလဲ၊ ဒီလောက် စိတ်ဝင်စား ဒီလောက် လေ့လာနေတဲ့သူတွေက ဘာကြောင့် မအောင်နိုင်ရမှာလဲကွ၊ ဒီမယ် ငါပြောလိုက်မယ်၊ မြေကြီးကို လက်ဖါးနဲ့ရိုက်လို့ လွဲချင်လွဲသွားအုံးမယ်၊ မင်းတို့သုံးယောက်လုံး သေချာပေါက်အောင်မယ်ဆိုတာ လုံးဝမလွဲနိုင်ဘူး။ ငါအခုဟောလိုက်တဲ့ အာထမ္ဘတာဗေဒင်ကို တစ်ခါတည်း မျက်စိမှိတ်ပြီး ယုံသွားလိုက်ကြ၊ ကြားကြရဲ့လားဟေ့''

''ဟုတ်ကဲ့ ကြားပါတယ် အဘ၊ အဘပြောတာနဲ့ပဲ အားတွေရှိလိုက်တာ၊ ကျွန်တော်တို့ ကြိုးစားမယ်အဘ''

''ကောင်း···တယ်ကောင်း။ မြန်မြန်အောင်တော့ မြန်မြန်တိုင်းပြည်တာဝန်ထမ်းဆောင်ရတာပေါ့ကွာ၊ အဲဒီအခါကျတော့ မင်းတို့သုံးယောက်စလုံး ငါ့ဆီကို တစ်ခါပြန်လာကြအုံး။ ငါက မင်းတို့ပခုံးပေါ်က အမှင်တွေကိုလေးလေးစားစားကြီး အလေးပြုလိုက်ရအုံးတာပေါ့၊ ကိုင်း···ကိုင်း မြန်ကြ၊ မြန်ကြ၊ ခရီးရှိကာစပြီး လုပ်စရာရှိတာကို နိုးနိုးကြားကြား၊ ကြိုးကြိုးစားစားနဲ့ ဆက်လုပ်ကြပေတော့''

ဦးအောင်စိန်စကားဆုံးသည်နှင့် လူငယ်များက ပြုံးတွလိုမင် ထရပ်လိုက်ကြသည်။ ထို့နောက် တက်ကြွရွှင်လန်းစွာဖြင့်ပင် ပြန်လည်ထွက်ခွာသွားကြလေသည်။ ဦးအောင်စိန်က သူတို့၏ကျောပြင်များကို မျက်စိတဆုံး လိုက်ကြည့်နေမိရင်း သူ့စိတ်ထဲတွင် ဝမ်းသာမဆုံးနိုင်အောင် ဖြစ်နေမိရလေ၏။

**ရဲမြတ်တင်(အမျိုးသားစာပေဆုရ)**

ပြည်ထောင်စုတရားရုံးတစ်ခုမှာ တရားမဝင်ပစ္စည်းရောင်းတဲ့ ကိစ္စနဲ့ပတ်သက်ပြီး အမေရိကန် အင်ဒီယန်းအဘိုးအိုတစ်ယောက်ကို စစ်ဆေးစီရင်နေပါတယ်။

''နာမည်ပြောပါ''လို့ တရားသူကြီးကမေးတယ်၊

''ရှေ့နေခေါ်ထားပါသလား'' ဆက်မေးတယ်၊

တစ်ခါ တိတ်ဆိတ်ပြီး၊

''ခင်ဗျား အင်္ဂလိပ်စကား နားလည်ပါသလား''

အင်ဒီယန်းကြီးက ရှေ့ကို ငေးကြောင်ကြောင်နဲ့ ကြည့်နေပါတယ်။

တရားသူကြီးက စိတ်ပျက်တဲ့အမူအရာနဲ့ ပခုံးတွန့်ပြီး ခပ်ငိုင်ငိုင် ထွေထွေရှေ့နေကို–

''အမှုက အသေးအဖွဲလေးပါ၊ သူက အင်္ဂလိပ်စကား တစ်လုံးမှ နားလည်ပုံမရဘူး။ သူ အမှားလုပ်တယ်ဆိုတာလည်း သိပုံမရပါဘူး။ အမှုကိုပိတ်လိုက်မယ်''လို့ ပြောပါတယ်၊

အဲဒီလိုပြောပြီး သူ့ကိုသွားနိုင်းလိုက်ပေမဲ့ အင်ဒီယန်းကြီးက မလှုပ်မယှက်နေပြီပါ။ အဲဒီနောက် ဒုတိယအမှုကို ဆက်စစ်ဖို့လုပ်တယ်။ ဒီတစ်ခါမှာ တရားစွဲခံရသူက လူဖြူတစ်ယောက်ဖြစ်ပြီး အမှုက အရင်အမှုမျိုးပါပဲ။

တရားခံဘက်ရှေ့နေက အမှုနဲ့ပတ်သက်လို့ သက်ညှာခွင့်ယူပေးဖို့ လျှောက်လဲချက်ပေးတယ်၊ တရားသူကြီးက တည်တည်ငြိမ်ငြိမ်ပဲ တရားခံကို စိတ်မကောင်းစွာနဲ့ ထောင်ငါးနှစ်ပြစ်ဒဏ်ချလိုက်ပါတယ်။


အမှုရှုံးသွားတဲ့ ရှေ့နေကြီး တရားရုံးကနေ ထွက်သွားတဲ့အခါ အင်ဒီယန်းအဘိုးကြီးက နောက်ကနေလိုက်လာတယ်၊ နောက်– ရုတ်တရက်ဆိုသလို ရှေ့ကသွားနေတဲ့ ရှေ့နေကြီး အနားတိုးကပ်ပြီး တီးတိုးပြောလိုက်တာက–

''လူဖြူတွေ တယ်စကားများတာပဲ''ဆိုပဲ။ ။

**မောင်သီဟ**

## တိတ်တိတ်နေ-ထောင်တန်




City MAGAZINE
သူငယ်ချင်းဆိုတာ...

**ယောက်ျားဆိုတဲ့သတ္တဝါက စချင်းမှာတော့ အကဲစမ်းတာချည်းပဲ၊ အီကြတာချည်းပဲ၊ ရရင်ရသလောက် အသားယူတတ်တာချည်းပဲ၊ သူတို့စမ်းသပ်တာလောက်ကို ကိုယ်ကမမှုဘဲနေပြနိုင်မှ သူငယ်ချင်းတွေပဲဆိုတဲ့စကားက သူတို့ပါးစပ်ကနေထွက်လာတာ . . .**

သူငယ်ချင်းဆိုတာရှိသွားရမယ်။ ပွင့်လင်းရမယ်၊ နားလည်မှုပေးနိုင်ရမယ်။ အယူအဆမတူတဲ့အခိုက်မှာ ငြင်းခုန်ကြမယ်။ အခန့်မသင့်ရင် ရန်လည်းဖြစ်ကြမယ်။ ဒါပေမယ့် အညိုးအတေးတွေမထားကြဘူး။ အချိန်တန်ရင် စိတ်ပြန်ပြေပြီး ပြန်တည့်ကြမယ်။ ပျော်စရာဆိုရင်လည်း ဝေမျှကြမယ်။ ဝမ်းနည်းစရာဆိုရင်လည်း ဖေးမကြမယ်။

သူငယ်ချင်းဆိုတဲ့ သတ်မှတ်ချက်မှာ မိန်းကလေး၊ ယောက်ျားလေးဆိုတဲ့ ခွဲခြားမှုက သာမညာ။ ဖြူစင်သန့်ရှင်းတဲ့ စိတ်ရင်းကသာ အဓိက။

ဒါက ခွန်းချိုရဲ့ ရိုးရှင်းတဲ့အယူအဆ။

အဲ့ဒီအယူအဆကို အပြင်းအထန်ရှုံ့ချတဲ့သူကတော့ မေဘယ်။

''အပိုတွေ၊ ယောက်ျားနဲ့မိန်းမကြားမှာ သူငယ်ချင်းဆက်ဆံရေးဆိုတာမရှိဘူး ခွန်းချို၊ ယောက်ျားဆိုတဲ့သတ္တဝါက စ, စချင်းမှာတော့ အကဲစမ်းတာချည်းပဲ၊ အီကြတာချည်းပဲ၊ ရရင်ရသလောက် အသားယူတတ်တာချည်းပဲ၊ သူတို့စမ်းသပ်တာလောက်ကို ကိုယ်ကမမှုဘဲနေပြနိုင်မှ သူငယ်ချင်းတွေပဲဆိုတဲ့စကားက သူတို့ပါးစပ်ကနေထွက်လာတာ၊ သူတို့မှာ တကယ့်သူငယ်ချင်းဆိုတာမျိုး လုံးဝမရှိဘူး''

ဒါကတော့ မေဘယ့်ရဲ့ ဒဿန။



မေဘယ်က ခွန်းချိုတို့အုပ်စုထဲမှာ ဆရာမကြီးအထာနဲ့ နေတဲ့သူ။ အပေါင်းအသင်းကလည်းစုံ၊ ယောက်ျားလေး သူငယ်ချင်းလည်းပေါ။ အစ်ကိုတွေမောင်တွေလည်း များဆိုတော့ သူက ယောက်ျားလေးတွေအကြောင်းကို ကောင်းကောင်းသိသတဲ့၊

တစ်ခွန်းတည်းပြောရရင်တော့ သူက ယောက်ျားကျွမ်းကျေသတဲ့လေ။

''ဒါဆို လင်းမြတ်နဲ့မိုးယံကို နင် ဘယ်လိုပြောမလဲ၊ ငါတို့အုပ်စုထဲမှာ ယောက်ျားလေးဆိုလို့ သူတို့ နှစ်ယောက်ပဲရှိတာ၊ နင်ပြောသလိုသာဆို သူတို့လည်း မရှိးသားဘူးလေ၊ ပြောစမ်းပါဦး''

ငြိမ်မခံတတ်တဲ့ ဆုလှဲ့က မေဘယ့်စကားကို ဝင်ထောက်တယ်။

''လင်းမြတ်လား။ သူလည်း ညညဆို ငါ့ဆီဖုန်းဆက်ဆက်ပြီး အီစီကလီရိုက်ဖူးတာပဲ၊ နင်တို့မှ မသိကြတာ၊ သူလည်း ဆရာကြီးအထာနဲ့ပဲ၊ ဒါပေမဲ့ ငါက မေဘယ်လေ၊ တခြားလူမှမဟုတ်တာ၊ နုံနုံအအမှ မဟုတ်တာ၊ သူ့လောက်တော့ ပါးပါးလေးပဲကိုင်တွယ်ပစ်ခဲ့တာ၊ ဟော···အခု တွေ့လား။ သူ ငါတို့အုပ်စုထဲရောက်လာရတာပဲ၊ သူငယ်ချင်းတွေဖြစ်လာတာပဲ၊ အဲ့ဒါ ငါ့ကြောင့်၊ ငါအကိုင်အတွယ်ကျွမ်းကျင်လို့ဟ၊ ဟား···ဟား···နေရာတိုင်းမှာ သူတို့ကို စိတ်ရင်းနဲ့ဆက်ဆံလို့မရဘူး။ အမြဲ တစ်ကွက်ချန်ထားရတယ်၊ မှတ်ထား''

မေဘယ်ကလည်း ဆုလှဲ့ကိုအလျှော့မပေး။ သူ့စကားကို သူ့ကောင်မလေးနဲ့သူ အဆင်ပြေနေတဲ့၊ သူ့ကောင်မလေးတစ်ယောက်တည်းကိုပဲ မျက်စိထဲမြင်တဲ့ လင်းမြတ်သာကြားမိရင် ဘာဖြစ်မယ်မသိ။

''တော်စမ်းပါ မေဘယ်ရယ်၊ လင်းမြတ်ကြားရင် နင့်ကိုသတ်လိမ့်မယ်၊ သူရိုးသား

**မတူညီတဲ့ အယူအဆနှစ်ခုကို**
**အတင်းကာရော ညှိယူကြတိုင်း၊ အနိုင်အထက်လုပ်ပြောကြတိုင်း**
**ဒီလိုမျိုး စကားစစ်ခင်းကြမြဲ . . .**

တာ ငါတို့အသိပဲ၊ နင်က ဘာမှမဟုတ်တာလေးကိုလည်း နင်လိုသလိုဆွဲတွေးတာပဲ၊ နင့်မျက်လုံးထဲမှာ အားလုံးကို မရိုးသားဘူးလို့ပဲထင်နေတယ်။ အဲ့ဒါလည်း ရောဂါပဲဟ"

"နင် မသိဘူး…"

"ဘာလို့မသိရမှာလဲ"

"…"

ဆုလုံ့က မောဟမောဟဒိုင်းဒိုင်းသမား။ မေဘယ်ကလည်း လေလုံးကစပ်သွားတွား။ ဒီတော့လည်း လင်းမြတ်ကို ဟယ်ပြုထားရင်း သူတို့နှစ်ယောက်ရဲ့ စကားစစ်ထိုးပွဲက စ လာပြန်ပြီပေါ့။ ဒါကလည်းသုံးစံပါပဲ။ မတူညီတဲ့အယူအဆနှစ်ခုကို အတင်းကာရော ညှိယူကြတိုင်း၊ အနိုင်အထက်လုပ်ပြောကြတိုင်း ဒီလိုမျိုး စကားစစ်ခင်းကြမြဲပါပဲ။

"ဒါနဲ့ မိုးယံ မလာသေးဘူးနော်"

သည်းမခံနိုင်တော့တဲ့အဆုံးမှာ မဆီမဆိုင်စကားနဲ့ သူတို့ရဲ့အပြန်အလှန်တိုက်စစ်တွေကို ခွန်းချိုရပ်တန့်ပစ်လိုက်တယ်။ ဒီလိုမှ မဟုတ်ရင် စာမေးပွဲအတွက် စာစုကျက်ကြတဲ့အစီအစဉ်ကနေ မျက်နှာချင်းဆိုင် ငြင်းခုန်ပွဲကြီး ဖြစ်သွားတော့မှာပါ။

"မိုးယံက တစ်လောကလုံးကို လုပ်ကျွေးထားတဲ့ရုပ်ဆို၊ နင်ကြည့်မရဘူးဆို၊ ဘာအခုမှ မိုးယံလဲ"

အနိုင်အရှုံး မသဲကွဲသေးတဲ့စစ်ပွဲကို အဟန့်တားခံလိုက်ရလို့ထင်ပါရဲ့။ မေဘယ်ရဲ့မြားဦးက ခွန်းချိုဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ပြီ။ သူပြောတာလည်း မမှားပါဘူး။ ခွန်းချိုတို့အဖွဲ့ထဲကို မိုးယံ စ ရောက်လာတော့ ခွန်းချို ကြည့်လို့ကိုမရခဲ့တာပါ။ ရုပ်တည်ကြီးနဲ့ နေတတ်ပြောတတ်တဲ့ မိုးယံကို အပေါယံရုပ်ကြည့်ရင်း ခွန်းချို မြင်ပြင်ကပ်ခဲ့တယ်။ ခပ်ပျော့ပျော့နေတတ်တဲ့ ခွန်းချိုတို့အုပ်စုထဲကို ရောက်လာတာတောင် သူ့အမူအရာက ခပ်လေးလေး ခပ်အေးအေးရယ်။

အနေကြာလာတော့မှပဲ စကားနည်းပြီး ကျည်တတ်တဲ့၊ စိတ်ရင်းဖြောင့်တဲ့ မိုးယံရဲ့စိတ်ရင်းလေးကို မြင်တတ်လာတာ။

"အဲ့ဒါက အကြောင်းမသိခင်ကပါ။ မိုးယံကစိတ်ရင်းလေးကောင်းပါတယ်ဟယ်"

"ပြော်…ခုတော့ ကောင်းသွားပြီပေါ့လေ၊ နင်နော်…ငါမပြောချင်လို့၊ မိုးယံတနယ်ကနေကျောင်းလာတက်ရတာ၊အဆောင်နေနေရတာဆိုပြီး နင်က သနားနေသေးတယ်လေ၊ သူကြိုက်တတ်တဲ့ဟင်းတွေ ပိုထည့်လာရတာနဲ့ ဘာနဲ့ စေတနာတွေပိုနေတာလေ၊ ခွန်းချို…ခွန်းချို…ကြာလာရင် သူငယ်ချင်းကနေ…။ ဟင်း…ဟင်း ငါမြင်နေတယ်နော်"



မေဘယ်ရဲ့ ဟင်း…ဟင်းဆိုတဲ့လေသံနဲ့ မထိတထိမျက်နှာပေးကိုတော့ ခွန်းချို လုံးဝမခံချင်ပါ။

"ဟင်း မနေနဲ့ မေဘယ်ရေ ငါတို့က အခုလည်းသူငယ်ချင်း၊ နောင်လည်း သူငယ်ချင်း၊ တစ်သက်လုံးမပြောင်းလဲဘူး၊ ငါက အားလုံးအပေါ်မှာ စိတ်ရင်းနဲ့ပဲ ဆက်ဆံခဲ့တာ၊ တစ်ယောက်တည်းအပေါ်မှာမှ ကွက်ပြီး စေတနာမိုးရွာတာမျိုးလည်း မရှိဘူး။ ငါ့အတွက်တော့ သူငယ်ချင်းဆိုတာ တစ်သားတည်းပဲ"

"အေးပါ ခွန်းချိုရယ်၊ ပြောထားအုံးပေါ့"

မေဘယ့်ရယ်သံက ခွန်းချိုကို ကလိနေတာတော့အမှန်ပဲ။

❖ ❖ ❖ ❖ ❖

ခွန်းချိုတို့ ဘွဲ့ယူခါနီးအချိန်မှာ မိုးယံ တစ်ယောက် ဖုန်းဆက်ပြီး အကူအညီလှမ်းတောင်းလာတယ်။

"ခွန်းချို…ငါ့အမေ တော်တော်နေမကောင်းဘူးဟာ၊ ဘွဲ့အတွက် လျှောက်လွှာတင်ဖို့ ငါကိုယ်တိုင်လာဖို့ မလွယ်ဘူး။ လင်းမြတ်ကလည်း သူ့ကောင်မလေးနဲ့ အဝေးရောက်တွဲ့ပဲ ယူမှာတဲ့"

သူက နယ်မှာနေတဲ့သူလေ။ ဒီတော့လည်း၊ သူငယ်ချင်းတွေကိစ္စဆိုရင် မငြင်းတတ်တဲ့ခွန်းချိုက ကူညီပေးဖို့အလွယ်တကူနဲ့ပဲ ဆုံးဖြတ်လိုက်တယ်။ စိတ်ထဲမှာလည်း ပေါ့ပေါ့ပါးပါးပါပဲ။

"အေးပါဟယ်…ငါအကုန်လုံးလုပ်ထားပေးပါတယ်၊ နင် စိတ်မပူနဲ့၊ ဟုတ်ပြီလား"

"ကျေးဇူးပါပဲ သူငယ်ချင်းရာ"

မိုးယံရဲ့အသံက ဝန်ထုပ်ဝန်ပိုးတစ်ခုလျော့ကျသွားသလို လှိုက်လှိုက်လှဲလှဲ၊ ခွန်းချိုရင်ထဲမှာ ပီတိတစ်မျိုးက အသာအယာစီးဆင်းသွားတယ်။

"မလိုပါဘူးဟာ၊ ငါတို့က သူငယ်ချင်းတွေပဲလေ"

❖ ❖ ❖ ❖ ❖

ပြေသရဲ့ မှန်းတည်နေရောင်အောက်

မှာ နှစ်ယောက်စာအွဲ့ဝတ်စုံအထုပ်တွေကို သယ်လာရင်း ရွှေ့ရှိနေတဲ့ခွန်းချိုကို…

"အင်း…ကောင်မလေးတစ်ယောက်ကတော့ မိုးယံကိုကူညီနေရှာတယ်၊ ရည်းစားလည်းမဟုတ်၊ ဘာလည်းမဟုတ်နဲ့၊ အမြင်မတော်လိုက်တာနော်။ ရည်းစားလည်းမဟုတ်…"

ရယ်သံရောက်နေတဲ့ မေဘယ်ရဲ့စကားက ခွန်းချိုရင်ကို လာဆောင့်တယ်။

"သူငယ်ချင်းဟဲ့ သူငယ်ချင်း။ လိုအပ်လို့ အကူအညီတောင်းလာမှတော့ ကူညီပေးရမှာပဲ၊ နင်အမြင်မတော်ရင် ငါ့လက်ထဲက အထုပ်တွေကို ဝိုင်းကူဆွဲပေးပါလား"

ခပ်ဆတ်ဆတ် ပြန်ပြောလိုက်တော့ မက်ခနဲရယ်တယ်။

"မဆွဲပေးနိုင်ပါဘူး။ အဲဒီကောင်ကို မကူညီနိုင်ပါဘူး။ သူ့အမေ ဒေနမကောင်းတာကို အကြောင်းလာပြနေတယ်၊ သူက ဆရာဝန်မို့လို့လား။ သူမရှိရင်လည်း သူ့အမေက ဘာမှဖြစ်မသွားဘူး။ အလကား သက်သက်အကြောင်းပြနေတာ၊ သူ့ဘာသာ ဖြစ်အောင်လာရင်ဖြစ်တာပဲ၊ လူလည်ကျတာ၊ ငါ့ဆီအရင်ဆုံးဖုန်းဆက်လာတာပဲ၊ ငါက ငြင်းလိုက်တာ၊ နင့်ဆီကိုလွှဲပေးလိုက်တာ၊ ငါပြောလိုက်သေးတယ်၊ နင်ဆိုရင်တော့ ကူညီလိမ့်မယ်လို့၊ အဲ့ဒါကြောင့် သူ့အာရုံက နင့်ဆီရောက်သွားတာ၊ ငါကတော့ ကိုယ်ဒုက္ခကိုယ်ရှာပြီး သူများကိုမကူညီနိုင်ဘူး။ ရှင်းရှင်းပြောရရင် ဒီကိစ္စက ကူညီတာမဟုတ်ဘူး၊ အနိုင်ခံရတာ၊ နင်သာညံ့လို့ခံရတာ။ ဟား…ဟား။ ငါ့လို ပါးနပ်ရတယ်ဟ ခွန်းချိုရ"

> ငါကတော့ နင့်လိုသံယောဇဉ် မများဘူး။ ခပ်ရှင်းရှင်းပဲ၊
> နင် မိုးယံကို ကူညီတော့ ခုဘာဖြစ်သလဲ၊ သူ့အထုပ်ဆွဲပေးရတာပေါ့၊
> ပင်ပန်းတာပေါ့၊ နင်က ကိုယ့်ဒုက္ခကိုယ်ရှာတာ၊
> နင့်ဘာသာခံ၊ ငါကတော့…



ရင်ထဲမှာ စပ်ဖျဉ်းဖျဉ်းဖြစ်သွားတာတော့ အမှန်ပဲ။

ခွန်းချိုက ညံ့သတဲ့လား။ အနိုင်ခံရသတဲ့လား။ အခက်အခဲဖြစ်နေတဲ့ သူငယ်ချင်းကို စေတနာသန့်သန့်နဲ့ ကူညီပေးတဲ့ ခွန်းချိုကို သူက ပျော့ညံ့ရာလို့ မြင်နေတာပါလား။ သူကတော့ ပါးပါးနပ်နပ်နဲ့ ရှောင်နိုင် တိမ်းနိုင်တယ်ဆိုပြီး ဂုဏ်ယူနေတာပါလား။

ဒီအနိုက်အတန့်လေးအတွင်းမှာပဲ သူ့ရဲ့ အတွင်းစိတ်ကို လှစ်ကနဲဖော်ပြလိုက်မိတယ်ဆိုတာကို သူ သတိပြုမိလိုက်ရဲ့လား။

"မိုးယံက သူစိမ်းလား။ သူများလား။ ငါတို့ကဘာတွေလဲ…သူငယ်ချင်းတွေလေ၊ နောက်ပြီး သူက တမင်မလာတာလည်း မဟုတ်ဘူးလေ၊ နင့်အတွေးတွေကို ငါလိုက်လို့တောင်မမီတော့ဘူး။ မေဘယ်…ငါမေးပါရစေဦး။ နင့်အတွက် သူငယ်ချင်းဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ"

မျက်နှာကိုစေ့စေ့ကြည့်လိုက်ရင်းမေးလိုက်တော့ မချိမရှည်မျက်နှာပေးလေးနဲ့ ပြန်ပြောတယ်။

"သူငယ်ချင်းလေ။ ငါပြောဖူးနေတာပဲ။ ယောက်ျားလေးနဲ့ မိန်းကလေးကြားမှာ သူငယ်ချင်းဆိုတာမျိုး လုံးဝမရှိဘူး။ ယောက်ျားလေးဆိုတာ သူတို့ဘက်က အလိုရှိတဲ့အချိန်မှ မိန်းကလေးတွေကို သတိရတာ၊ သူတို့အတွက် အကျိုးရှိမှ ရှေ့တိုးတာဟ၊ သူတို့ဘက်က အနစ်နာခံတာမျိုး လုံးဝမရှိဘူး။ မိုးယံလည်း ဒီအတိုင်းပဲပေါ့မှာပဲ၊ တစ်ချိန် နင်အကူအညီလိုတဲ့အချိန် သူ ပြန်ကူညီမယ်များထင်နေသလား။ နင့်ကို သတိရနေမယ်များ ထင်နေသလား။ ဝေးသေးပေး ပေး ပဲ"

"ငါ့ကူညီမှုမှာ မျှော်လင့်ချက်မပါဘူး မေဘယ်၊ ဘယ်သူ့ကိုတော့ ဘယ်လိုမျိုးကူညီခဲ့တာ၊ ဒါကြောင့် သူကတော့ဖြင့် ငါ့ကို ဘယ်လိုပြန်ကူညီရမယ်ဆိုတဲ့ အတွေးမျိုး ငါ့မှာမရှိဘူး။ သူငယ်ချင်းတွေအပေါ်မှာ ငါ စေတနာသန့်သန့်လေးပဲထားတယ်၊ ကူညီဖို့လိုရင်ကူညီတယ်၊ ငါ့ကို မဖြစ်မနေတုံ့ပြန်ကြလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ ဒါပေမဲ့ ငါ့ဘက်က စေတနာမှန်ရင် ရောင်ပြန်ဟပ်ရမြဲပဲ။ ဒါကိုတော့ ငါယုံကြည်တယ်၊ ငါ အကူအညီလိုလာရင် ကူညီမယ့်သူတွေ သူ့အလိုလိုပေါ်လာလိမ့်မယ်"

ကိုယ့်ယုံကြည်ချက်ကို ကိုယ်ခပ်ရဲရဲပဲ ချပြလိုက်တယ်။

"ငါကတော့ နင့်လိုသံယောဇဉ် မများဘူး။ ခပ်ရှင်းရှင်းပဲ၊ နင် မိုးယံကို ကူညီတော့ ခုဘာဖြစ်သလဲ၊ သူ့အထုပ်ဆွဲပေးရတာပေါ့၊ ပင်ပန်းတာပေါ့၊ နင်က ကိုယ့်ဒုက္ခကိုယ်ရှာတာ၊ နင့်ဘာသာခံ၊ ငါကတော့ ဘယ်သူ့အကျော့မှမခံဘူး"

မေဘယ်ရဲ့ အထက်စီးလေသံကြောင့် ခွန်းချိုရင်ထဲမှာ ပူလောင်ပြီးမွန်းကျပ်လာတယ်။ မခံချင်စိတ်တွေကလည်း ရေလှိုင်းတွေလို တလိမ့်လိမ့်နဲ့တက်လာခဲ့ပြီ။ ဒီလိုစိတ်အခြေအနေမျိုးနဲ့ဆိုရင် ခွန်းချိုရဲ့နှုတ်ကနေ စကားအကောင်းပြောထွက်လာနိုင်ဖို့ ခဲယဉ်းသွားပါပြီ။ ဒါကြောင့်လည်း နှုတ်ခမ်းကိုပဲ ခပ်တင်းတင်းစေ့ထားလိုက်မိပြီ။

ဒေါသကို တောင်ပံသာတပ်ပေးလိုက်

ရင် မကြာခဏတင်းလွန်းခဲ့တဲ့ သံယောဇဉ်ကြိုးတစ်ချောင်း ထောင်းကနဲပြတ်တောက်သွားမလား စိုးထိတ်နေမိတယ်လေ။

❖ ❖ ❖ ❖ ❖

မေဘယ်က ဂျပန်မှာအလုပ်သွားလုပ်နေတာတဲ့။ ပွဲတာဒိုသွားတာမဟုတ်ဘူးတဲ့''

ခွန်းချိုတို့ သူငယ်ချင်း(၃)ယောက်ရဲ့ စကားဝိုင်းကို မေဘယ့်သတင်းထူးနဲ့ စဖွင့်လိုက်တယ်ဆိုရင်ပဲ ဆုလှဲ့က တအံ့တသြနဲ့–

''ဘာ . . . နင်ဘယ်လိုသိလာတာလဲ ခွန်းချို၊ သေချာလား''

''သေချာတယ်၊ သူ့အမေပြောတာ။ ငါ ဒီမနက်ပဲ သူတို့လမ်းထဲသွားရလို့ သူ့အိမ်ကို လမ်းကြုံတယ်ဆိုပြီး ဝင်လိုက်တာ၊ ပွဲတာဒိုသွားတာ ပြန်များရောက်နေပြီလားဆိုပြီး သွားကြည့်လိုက်တာ၊ မလာသေးဘူးလား အန်တီလို့မေးတော့မှ သူ့အမေက တိုးတိုးလေးဖြေတာ၊ မေဘယ်က ဂျပန်သွားတာတဲ့၊ သူ့အစ်ကိုဆီလိုက်သွားရင်း၊ ဟိုမှာ အလုပ်လုပ်နေတာတဲ့''

ခွန်းချိုရဲ့စကားအဆုံးမှာ ဆုလှဲ့တစ်ယောက် အကြီးအကျယ်ကို ပေါက်ကွဲတော့တယ်။



> **သူငယ်ချင်းဆိုတဲ့ စကားလုံးကို နင်အခုထိမသိသေးဘူး။**
> **အေးလေ နင့်မှာက သူငယ်ချင်းသံယောဇဉ်ဆိုတာ ရှိမှမရှိဘဲ၊**
> **နင့်မှာ သူသာတယ် ကိုယ်သာတယ်နဲ့ တွက်ချက်တတ်တဲ့စိတ်ကပဲ**
> **အမြစ်တွယ်နေတာကိုး . . .**

''ဒီမိန်းမ တော်တော်လွန်တာပဲ''

''နင်ကလည်းဖြည်းဖြည်းပြောစမ်းပါဟာ''

''ဒေါသထွက်လွန်းလို့ပါ မိုးယံရယ်၊ ငါက ခံထားရတာဟ၊ ငါ့ကိုပြောတုန်းက သူ ပွဲတာဒိုမှာ နှစ်လလောက်သွားနေရမယ်တဲ့၊ အဲ့မှာဝတ်ဖို့ နွေးတဲ့အဝတ်အစားတွေ၊ ဘောင်းဘီရှည်တွေဝယ်ချင်လို့ဆိုပြီး ငါ့ကို အတင်းပဲအဖော်လိုက်ခိုင်းခဲ့တာလေ၊ ငါကတော့ အဟုတ်မှတ်လို့ ငါ့သင်တန်းတောင် တစ်ရက်ဖျက်ပြီး လိုက်ဝယ်ပေးခဲ့ရတာ၊ လက်စသတ်တော့ သူက ငါ့ကိုလိမ်သွားတာကိုး။ ပြီးရင် နောက်ကွယ်မှာ ဟားနေမှာဟ၊ တင်းတယ်ဟာ၊ သူ အမှန်အတိုင်းပြောသွားတော့ရော ငါတို့က သူ့ကို ဘာလုပ်မှာမို့လဲ၊ ငါတို့က သူငယ်ချင်းတွေ မဟုတ်ဘူးလား။ ဘာလဲ . . . သူ့ကိုမို့ပြီး ငါတို့ လိုက်မှာစိုးလို့လား။ အထောမကျလိုက်တာဟာ''

''သူ ဟိုမှာ အဆင်မပြေဘဲပြန်လာရရင် ရှက်စရာကောင်းမှာစိုးလို့တဲ့''

မိုးယံက လေသံအေးအေးလေးနဲ့ ဝင်ပြောလာတယ်။

''ဘာလဲ နင်က ကြိုသိနေတာလား။ အဲ့လိုလား။ အဲ့ဒါတောင် အခုမှပြောရလား''

အမေးနဲ့အတူ ဆုလှဲ့ရဲ့မျက်စောင်းက မိုးယံဆီဝိုင်းကာနဲ။ ခွန်းချိုရဲ့အကြည့်ကလည်း ဝေ့ခနဲပဲ။ မိုးယံက ထရယ်လိုက်ရင်း–

''ငါတော့ ချမ်းသာပေးကြပါ၊ ငါလည်း မနေ့ကမှသိတာ၊ ငါ့သူငယ်ချင်း စုစုလေ၊ သိတယ်မဟုတ်လား။ အရပ်ရှည်ရှည်နဲ့တစ်ယောက် . . . အေး သူက ဂျပန်ကို အလည်သွားရင်း မေဘယ်နဲ့တွေ့လာတာ၊ မနေ့က ငါနဲ့တွေ့တော့ ငါ့ကိုပြန်ပြောပြတာ၊ မေဘယ့်အီးမေးလ်တောင် ငါ့ကိုပေးသွားတယ်၊ ဟောဒီမှာ . . .''

သူ့လက်ထဲက ကတ်ပြားလေးကို ဆုလှဲ့က စေ့စေ့တောင်မကြည့်။

''ငါ့ကို မပေးနဲ့ မိုးယံ၊ သူက သူ့လိုအပ်မှ သူငယ်ချင်းတွေကို သတိရတာ၊ သူငယ်ချင်းတွေကို တကယ်ခင်တာ မဟုတ်ဘူး။ အဲ့လို သူငယ်ချင်းမျိုး ငါအလိုမရှိဘူး။ ဒီနေ့ကစပြီး သူနဲ့ငါအပြတ်ပဲ''

''ဆုလှဲ့ စိတ်လျှော့၊ ခွန်းချို နင်လည်း စိတ်လျှော့၊ အခုဆို လင်းမြတ်လည်း မိန်းမယူပြီး နယ်ရောက်သွားပြီ၊ ဆုလှဲ့ နင်လည်း ဒီနှစ်ကုန်ရင် ယူတော့မှာဆို၊ နင့်ယောကျ်ားတာဝန်ကျတဲ့ဆီ လိုက်ရတော့မှာ၊ ခွန်းချိုလည်း ဘယ်အချိန်မှာ ဘယ်သူနဲ့ယူမလဲ မသိသေးဘူး။ ငါလည်း စီစာရတာနဲ့ ငါ့မိဘတွေနောက်လိုက်ရမှာပဲ၊ ကြာရင် ငါတို့အားလုံး ဝေးကုန်လိမ့်မယ်၊ တကယ့်သူငယ်ချင်းဆိုတာ ငါတို့ဘဝမှာ ထပ်မရနိုင်တော့ဘူး။ ငါတို့တွေ အိမ်ထောင်ကျကျ မကျကျ ဘယ်ပဲရောက်ရောက်အဆက်အသွယ်မပြတ်ဘဲ နေကြရအောင်ပါ၊ မေဘယ့်အကြောင်းကို ငါတို့အရင်ကတည်းက သိနေတာပဲ၊ ဒါပေမယ့် သူ့အတွေးနဲ့သူပဲလေ၊ ငါတို့ပြောင်းလဲပေးလို့ မရနိုင်ဘူးလေ၊ အရှိအတိုင်းပဲ နားလည်ပေးလိုက်ပါကွာ''

မိုးယံက အားလုံးကိုနားလည်ပေးနိုင်သလိုပြောလာတော့ ဆုလှဲ့မျက်စောင်းက နောက်တစ်ကြိမ် ဒိုင်းခနဲရောက်သွားပြန်တယ်။

''ငါတို့က သူငယ်ချင်းတွေပဲဟာ၊ စိတ်လျှော့ကြပါ၊ ငါလည်း ငါ့မိဘတွေနောက်ကို လိုက်သွားရမှာပဲ၊ ငါကတော့ မသွားခင် နှုတ်ဆက်မှာပါ။ နင်တို့နှစ်ယောက် ငါ့ကို လေဆိပ်လိုက်ပို့ကြ၊ ငိုကြမယ်၊ ဟုတ်လား''

ရယ်ရယ်မောမောနဲ့ ပြောလာတော့ ဆုလှဲ့နဲ့ခွန်းချိုရဲ့ မျက်နှာပို့သံက တစ်ပြိုင်

**လူကူးမျဉ်းကျားကနေ ဖြတ်မကူးဘဲ တွေ့တဲ့နေရာကနေ လမ်းဖြတ်ကူးမိကြလို့ ကျောက်တုံးတားရဲ့ခေန်းမှာ နှစ်ယောက်သား ဒဏ်ငွေသွားဆောင်ခဲ့ရတဲ့ ကျောင်းတုန်းက အဖြစ်ကို . . .**

တည်း ထွက်သွားတယ်။

''ကောင်စုတ်''

''သေပါလားဟဲ့''

❖ ❖ ❖ ❖ ❖

တကယ်လည်း မိုးယံက စကားတည်တယ်။ သူမသွားခင်မှာ သေသေချာချာကို နှုတ်ဆက်သွားတယ်။ ''ငါသွားတော့မယ် သူငယ်ချင်းလေး''တဲ့။ သူလည်း ခွန်းချိုတစ်ယောက်တည်းကိုပဲ နှုတ်ဆက်သွားနိုင်တော့တယ်။ ဘာလို့လဲဆို နယ်ကိုပြောင်းသွားတဲ့ဆရာလှတစ်ယောက်လည်း မမျှော်လင့်ပါဘဲ အားလုံးနဲ့အဆက်အသွယ်ပြတ်သွားလို့ပါပဲ။

''နင်နဲ့မိုးယံရဲ့အခြေအနေက ဘယ်လိုလဲ၊ ငါတောင် ကလေးနှစ်ယောက်ရနေပြီ''

ဖုန်းတွင်ကနေ မေဘယ်က လှမ်းမေးလာတော့ ခွန်းချိုအံ့သြရပြန်ပြီ။ သူ့သံသယအမြင်တွေ မပြောင်းသေးပါလားပေါ့။

''ငါတို့က ထာဝရသူငယ်ချင်းပဲ၊ ဘယ်တော့မှမပြောင်းဘူး။ နင့်အမြင်တွေ ပြောင်းသင့်နေပြီ''

''သူ အခုထိ မိန်းမ မယူသေးတာ နင့်ကိုစောင့်နေတာပဲနေမှာ၊ နင်ကလည်း သူ့ဆို ပိုတာပဲလေ၊ ကျူတိုရီရယ်ဖြေပေးရတာနဲ့၊ သူကြိုက်တတ်တဲ့အသုပ် သုပ်ကျွေးရတာနဲ့၊ ကျောင်းတုန်းကလေ…။ နောက်ပြီး နင် အခုထိ ရည်းစားမထားဘူးမဟုတ်လား။ နင်တို့ နှစ်ယောက် မှုပနေကြနဲ့ဟာ၊ အချိန်က လူကိုမစောင့်ဘူးဟာ၊ လုပ်လိုက်ကြတော့''

ခွန်းချိုတစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားတယ်။ ဒေါသအရှိန်ကြောင့် စာရိုက်နေတဲ့လက်တွေတောင် တဆတ်ဆတ်တုန်လာတယ်။ အဆောင်နေရတဲ့ နယ်ကျောင်းသားမို့ အစားအသောက်ဆင်းရဲမှာပဲဆိုတဲ့ အတွေးလေးနဲ့ ခွန်းချိုရဲ့မေမေကတောင် မိုးယံကို စေတနာထားခဲ့တာလေ။ အဲ့ဒါကို မေဘယ်က လက်ညှိုးထိုးသတဲ့လား။ ခွန်းချိုရဲ့သူငယ်ချင်းသံယောဇဉ်ကို သူ့အမြင်နဲ့ အရောင်ဆိုးချင်သတဲ့လား။

''နင်ဘယ်လိုပဲမြင်မြင် ငါ့ဘက်ကတော့ စိတ်ရှင်းတယ်မေဘယ်၊ သူငယ်ချင်းဆိုတဲ့ စကားလုံးကို နင်အခုထိမသိသေးဘူး။ အေးလေ နင့်မှာက သူငယ်ချင်းသံယောဇဉ်ဆိုတာ ရှိမှမရှိဘဲ၊ နင့်မှာ သူသာတယ်ကိုယ်သာတယ်နဲ့ တွက်ချက်တတ်တဲ့စိတ်ကပဲ အမြစ်တွယ်နေတာကိုး''

ဒါဟာ ခွန်းချိုဘဝမှာ သူ့ကိုအပြင်းထန်ဆုံးတုံ့ပြန်မိတဲ့စကားပါပဲ။ သူဆီက မကြာခဏကြားနေရတဲ့ ဒီလိုစကားတွေကို ခွန်းချိုစိတ်အနှောင့်အယှက်ဖြစ်နေမိပြီလေ။ သည်းခံနိုင်စွမ်းဆိုတာကလည်း အကန့်အသတ်ရှိတယ်လေ။

ဒါပေမယ့်လည်း မေဘယ် မြန်မာပြည်ကို ခဏပြန်လာတော့ ခွန်းချိုပျော်မိတယ်။ မတွေ့ဖြစ်တာ ဖွဲ့နှစ်လောက်တောင်ရှိနေပြီလေ။ နှစ်ယောက်စလုံးအဆင်ပြေမယ့်နေရာမှာ တွေ့ဖို့ချိန်းကြတော့…

''ခွန်းချို…ငါက နင် ငါ့အိမ်ကိုလာ



တွေ့မယ်ထင်နေတာ၊ ငါ အပြင်လည်း သိပ် မထွက်ချင်ဘူး။ နင်လာခဲ့လေ''တဲ့။

သူသွားချင်တဲ့နေရာကို ကိုယ်ပိုင်ကား နဲ့ လိုက်ပို့ပေးတဲ့ အစ်ကိုတွေမောင်တွေ အဆင်သင့်ရှိတဲ့မေဘယ်ဆီက အရယ်မပျက် ဘဲ ပြောလာတဲ့စကားလေး။

ခွန်းချိုရင်ထဲမှာ မျက်ကန်းဖြစ်သွား တယ်။ ခွန်းချိုကပဲ သူ့ဆီသွားတွေ့ရမှာတဲ့ လား။ သူကရော ခွန်းချိုနဲ့တွေ့ဖို့ အားမ ထုတ်နိုင်ဘူးတဲ့လား။ ခွန်းချိုတို့နှစ်ယောက် က သူငယ်ချင်းတွေ မဟုတ်ဘူးလား။ သူငယ်ချင်းဆိုတာ သာတူညီမျှစိတ်ထားရှိရ မှာလေ။ ကိုယ့်ဘက်ကိုပဲ မကြည့်သင့်ဘူး လေ။

ခွန်းချိုမှာ သူနဲ့ယှဉ်နိုင်တဲ့နေဥစ္စာမျိုးမရှိ ပေမယ့် သူ့ဆီက အကျိုးအမြတ်မျှော်လင့် ထားတာမျိုးလည်းမရှိဘူးလေ။ ခွန်းချိုတို့ ကြားမှာ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်မျှင် မျှင်လေးပဲရှိတာ။ အဲ့ဒီသံယောဇဉ်ကို သူကမှ တန်ဖိုးမထားမှတော့ . . .။

ဖုန်းနဲ့ပဲ နှုတ်ဆက်လိုက်ပါတယ်။

ခုအချိန်မှာ သူငယ်ချင်းဆိုတဲ့စကား လုံးကို ခွန်းချိုနည်းနည်းတော့မုန်းနေမိပါပြီ။

❖ ❖ ❖ ❖ ❖

''ခွန်းချို . . . ငါရန်ကုန်ရောက်နေပြီ၊ ငါ့သူငယ်ချင်းအိမ်မှာတည်းတယ်၊ မြေနီကုန်း မှာ''

မနက်စောစောမှာ မိုးယံဆီက ဖုန်းဝင် လာတော့ ခွန်းချိုအံ့ဩသွားမိတယ်။ သူ မြန်မာပြည်ကို ခဏပြန်လာမယ်ပြောထားပေ မယ့် ခွန်းချိုမယုံခဲ့ဘူး။ မေဘယ့်ကိုကြည့်ပြီး သူငယ်ချင်းဆိုရင် သိပ်မယုံချင်တော့ဘူး လေ။ နောက်ပြီး မိုးယံကလည်း အမေရိ ကားကိုရောက်သွားတာ ခုနှစ်တောင်မကာ တော့ဘူးလေ။ ဘယ်လိုတွေ ပြောင်းလဲသွား မလဲ သိမှမသိနိုင်တာကို။

''ငါ နင့်ကိုလာတွေ့မယ်၊ နင်ဘယ် အချိန်အားမလဲ''

အင်း ဒီနေ့ကာဗိတ်ရက်ပဲ၊ ငါတစ်နေ့ လုံး အားပါတယ်''

''ဒါဆို ငါခဏနေထွက်လာခဲ့မယ်၊ လမ်းတွေတော့မသိတော့ဘူးဟ၊ ဘယ်လို လာရမလဲပြောအုံး''

မိုးယံအသံက တကယ့်ကို လှိုက်လှိုက် လှဲလှဲ။ သူ့သူငယ်ချင်းရဲ့ကားကို သူ မှ မောင်းလာမယ်ဆိုပဲ။ သူ့အသံထဲက အပျော် ဓာတ်တွေက ခွန်းချိုဆီကိုလည်း လွယ်လွယ် ကူကူပဲ ကူးစက်လာတယ်။

''ဟဲ့…ရန်ကုန်မှာ ကားအရမ်းရှုပ်တယ် နော်။ နင် ဖြစ်မှလည်းလုပ်နော်''

''အေးဟ . . . လမ်းလဲကြပ်တယ်၊ နောက်ပြီး ကားတွေကလည်း တစ်စီးနဲ့ တစ်စီး အရမ်းကိုကပ်ကပ်ပြီး မောင်းနေကြ တာ၊ တော်တော်တော့ သတိထားမောင်း လာရမှာပဲ၊ ရပါတယ်၊ ဖြစ်လာတော့လည်း မော်တော်ပီကာယ်ကို နင် သွားလေးဖြိုပြ လိုက်ပေါ့၊ ဒါမှမဟုတ် မြို့ပြလိုက်ပေါ့''

''အေး၊ အဲ့တော့မှ နှစ်ယောက်စလုံး အထဲကိုတစ်ခါတည်းရောက်သွားလိမ့်မယ်''

''အဲ့တော့လည်း နှစ်ယောက်သား အတွေ့တွေ့ဝင်ကြတာပေါ့၊ ကျောင်းတုန်းက



လိုပေါ့''

လူကူးမျဉ်းကျားကနေ ဖြတ်မကူးဘဲ တွေ့တဲ့နေရာကနေ လမ်းဖြတ်ကူးမိကြလို့ ကျောက်တံတားရဲ့စခန်းမှာ နှစ်ယောက်သား ဒဏ်ငွေသွားဆောင်ခဲ့ရတဲ့ ကျောင်းတုန်းက အဖြစ်ကို သူလည်းမမေ့သေးဘူးပဲ။ ခွန်းချို ဟက်ဟက်ပက်ပက် ရယ်လိုက်မိတယ်။

''နင်ဟာလေ . . . အဲ့လို ပေါက်ကရ တွေဆို အရမ်းမှတ်မိတယ်၊ ရှာယ်ဆိုရင် လည်း သတိထားမောင်းခဲ့၊ ငါတို့ဘက်မှာ ကားပိုရှုပ်သေးတယ်၊ ဒီလိုလုပ် Ocean ကို တော့ နင်သိတယ်မဟုတ်လား၊ လာတတ် တယ်မဟုတ်လား။ အဲ့ဒီအထိပဲလာခဲ့လိုက်၊ ငါ အဲ့ဒီကို ထွက်လာလိုက်မယ်''

''ဒါဆိုလည်း ငါ Ocean ကိုပဲလာခဲ့ မယ်၊ အပြန်ကျရင်တော့ နင့်ကိုငါအိမ်ပြန်ပို့ ပေးမယ်၊ ဒါနဲ့ ငါ အခုဝလာတယ်ဟ၊ ၁၀ ပေါင်တောင် ထပ်တက်လာတယ်''

ပြောနေတဲ့ပုံစံက ကျောင်းတုန်းကလို ပေါ့ပေါ့ပါးပါးပဲ။ ကျောင်းတုန်းက အသက် အရွယ်ကို ပြန်ရောက်သွားသလို ခံစားလိုက် မိတယ်။

''ငါကတော့ အရင်အတိုင်းပဲ၊ ပိန်ပိန် လေးပဲ''

''သိပါတယ်၊ မည်းမည်းလေးပေါ့''

မိုးယံအသံထဲမှာ ရယ်သံစွက်နေတယ်။ အသားညိုတဲ့ ခွန်းချိုကို သူက အဲ့လိုမျိုး စကားနိုင်လုနေကြပဲလေ။

''အောင်မာ . . . ဘာမည်းမည်းလေး လဲ၊ နင်သာ ဝက်ပုတ်''

ချက်ချင်းဆိုသလို ရန်ပြန်တောင် လိုက်ရင်း ဆယ်နှစ်လောက် ပြန်ငယ်သွား သလို ပြန်ပြီးလည်းမြူးကြွလာတယ်။

''ငါက ဝက်ဆိုရင်တောင် ဝက်ဖြူဖြူ လေးဟ''

''အေးပါ…အေးပါ…ပြောထားအုံးပေါ့ ဟယ်၊ ငါနဲ့တွေ့တဲ့အချိန်မှာ နင် ဝက်ဖြူက နေ ဝက်ကင်ဖြစ်ပြီသာမှတ်''

''ဟား . . . ဟား . . . ဟား''

ရယ်သံလေးတွေ ညံစီသွားတယ်။ ဒီလိုတော့လည်း သူငယ်ချင်းဆိုတဲ့ သံယော ဇဉ်လေးက သိပ်ကိုကြည်နူးရပါလား။ နှစ် တွေ ဘယ်လိုပြောင်းပြောင်း ဖြူစင်တဲ့ နှလုံး သားတွေကတော့ နုပျိုနေဆဲပါပဲလား။

**ကောင်းကောင်းမေ(စီးပွားရေးတက္ကသိုလ်)**



# ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန်

ကိုစော (ပထဝီဝင်)

ထူးချွန်ထက်မြက်လိုသူများအတွက် ဒီတစ်ပတ်မှာ သဘာဝတရားကို လေ့လာနိုင်ရန်အတွက်၊ သဘာဝတရား၏ ဖြစ်၊ ပျက်စဉ်များကို လေ့လာသိရှိနိုင်ရန်အတွက် သဘာဝတ္တပညာရပ်၏ အခြေခံအချက်အလက်များကို သိရှိနားလည်နိုင်စေရန် ''သဘာဝတ္တပညာလေ့လာနည်း''ကို ရှာဖွေတင်ပြပေးသွားမှာဖြစ်ပါတယ်။

သဘာဝတ္တပညာရပ်တို့သည် လောကသုံးပါးတို့ကို အခြေခံထားသောကြောင့် ဩကာသလောက၊ သတ္တလောကနှင့် သင်္ခါရလောကတို့၏ အကြောင်းတရားတို့ကို သိရှိထားရန် အထူးလိုအပ်ပါတယ်။

ဩကာသလောကဟူသည် သက်မဲ့လောက ဖြစ်တယ်။ ဩကာသလောကအတွင်း၌ရှိသော ရုပ်ခန္ဓာတို့သည် မဟာဘုတ်ဓာတ်ကြီးလေးပါးဖြစ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတို့နဲ့ တည်ဆောက်ထားတဲ့အရာများဖြစ်သော်လည်း ဇီဝအသက်နှင့်





ကင်းစင်ကြပါတယ်။

သတ္တလောကဟူသည် သက်ရှိလောကဖြစ်တယ်။ သတ္တလောကအတွင်း၌ရှိကုန်သော သတ္တဝါအပေါင်းတို့၏ ကိုယ်ခန္ဓာသည် ဩကာသလောကမှ ရုပ်ခန္ဓာများကဲ့သို့ မဟာဘုတ်၊ ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသော်လည်း အစာရေစာများကို စားသောက်နိုင်ခြင်း၊ အသက်ရှုရှိုက်မှုများကို ပြုလုပ်နိုင်ခြင်း၊ မျိုးဆက်များကို ပွားများနိုင်ခြင်း၊ တွေးခေါ်ဆင်ခြင်မှုများကို ပြုလုပ်နိုင်ခြင်းစသော ဂုဏ်သတ္တိများနဲ့ ပြည့်စုံကြပါတယ်။

သင်္ခါရလောကဟူသည် ပြုပြင်ပြောင်းလဲသော လောကဖြစ်တယ်။ ဩကာသလောကမှ ရုပ်ခန္ဓာတို့သည်လည်းကောင်း၊ သတ္တလောကမှ ရုပ်ခန္ဓာနှင့် နာမ်တို့သည်လည်းကောင်း၊ နိယာမတရားတို့အရ အစဉ်အမြဲပြောင်းလဲနေခြင်းတို့ကြောင့် တော၊ တောင်၊ ရေ၊ မြေနှင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပြောင်းလဲမှုတွေကို သင်္ခါရလောကလို့ အဆိုပြုခဲ့ကြတယ်။

ပြောင်းလဲပြုပြင်မှုများကို ရုပ်ပြောင်းလဲခြင်းနဲ့ ဓာတ်ပြောင်းလဲခြင်းဆိုပြီး နှစ်မျိုးခွဲခြားနိုင်တယ်။ ရုပ်ပြောင်းလဲခြင်းကတော့ ရုပ်ခန္ဓာအသွင် တစ်မျိုးမှတစ်မျိုးသို့ ပြောင်းလဲခြင်းဖြစ်တယ်။ ဥပမာ- ရွှေတုံးတစ်တုံးကိုထုရိုက်ပြီး အပြားခတ်လိုက်ရာတွင် ရွှေတုံးကို ဖွဲ့စည်းထားသော ဓာတ်သဘာဝများ ပြောင်းလဲခြင်းမရှိသော်လည်း အတုံးပုံသဏ္ဌာန်မှ အပြားပုံသဏ္ဌာန်သို့ ပြောင်းလဲသွားခဲ့တယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကိုပဲ သိပ္ပံပညာရှင်များက ရုပ်ပြောင်းလဲခြင်းဟု ယူဆကြတယ်။

ဓာတ်ပြောင်းလဲခြင်းဆိုတာကတော့ ရုပ်ခန္ဓာကိုယ်တွင် ဖွဲ့စည်းထားသောဓာတ်တို့ ပြောင်းလဲသွားခြင်းပင်ဖြစ်တယ်။ ဥပမာ- မီးခြစ်ဆံကို မီးခြစ်လိုက်တဲ့အခါ မီးခြစ်ဆံထိပ်တွင်ရှိသော ယမ်းများနဲ့ မီးခြစ်ဆံကိုယ်ထည်မှ သစ်သားတို့ မီးတောက်လောင်နေသည်ကို မြင်ရပေမည်။ မီးတောက်လောင်ပြီးသော မီးခြစ်ဆံမှ ယမ်းနဲ့ သစ်သားတို့ဟာ မူလရှိရင်း ဂုဏ်သတ္တိတို့ကို ပြန်လည်ရရှိနိုင်စွမ်း မရှိတော့ပေ။ ယင်းပြောင်းလဲမှုကို ဓာတ်ပြောင်းလဲမှုဟု အဆိုပြုခဲ့ကြပါတယ်။ ရုပ်ခန္ဓာအပေါင်းတို့သည် ဓာတ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာလျှင် ရုပ်ပြောင်းလဲမှုများလည်း ဖြစ်ပေါ်လာတာကို တွေ့မြင်ရပေမည်။

ယခုတင်ပြခဲ့တဲ့ သဘာဝတ္တပညာရပ်ရဲ့ အခြေခံအကြောင်းအရာများထဲက တချို့တစ်ဝက်မျှကို လေ့လာသိရှိနိုင်ပြီးဖြစ်တာကြောင့် ဆထက်ထမ်းပိုးတိုးပြီးတော့ လေ့လာရမည့်တာဝန်ကတော့ ထူးချွန်ထက်မြက်လိုသူတိုင်းရဲ့ တာဝန်ပဲဖြစ်တယ်။ ဒါကြောင့် ထူးချွန်ထက်မြက်လိုသူများ ရှာဖွေပါ၊ လေ့လာပါ၊ မှတ်သားပါ၊ ပြုစုပါ၊ တွေးပရေးသားကြပါလို့ တိုက်တွန်းရင်း ထူးချွန်ထက်မြက်သော ကျောင်းသားလေး မောင်ငြိမ်းချမ်းဝင်း(ယခုဆရာဝန်)၏ စာစီစာကုံးတစ်ပုဒ်ကို ထုတ်နုတ်တင်ပြလိုက်ရပါတယ်။

**ကိုစော(ပထဝီဝင်)**

**မှီငြမ်း - မျိုးမြင့်စော၏**

**'ဘာသာစုံစာပေလေ့လာနည်း'**





# အမျိုးသားနေ့

နိုင်ငံတိုင်းတွင် သမိုင်းရှိ၏။ သမိုင်းကို မမေ့အပ်။ သမိုင်းဆိုသည်မှာ နိုင်ငံနှင့်လူမျိုး ဖြစ်စဉ်ကို လေ့လာခြင်းပင် ဖြစ်ပါသည်။ နိုင်ငံ တစ်နိုင်ငံ၏သမိုင်းကို လေ့လာခြင်းဖြင့် ထို လူမျိုးတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေး မှု စသည်တို့၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု ပြဒါးတိုင်ကို အကဲဖြတ်၍ ရနိုင်ပေသည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်း ကို ပြန်ပြောင်းကြည့်သောအခါ တိုင်းရင်း သား စည်းလုံးညီညွတ်ရေးကို သင်္ကေတည်၍ "ပြည်ထောင်စုနေ့" ဖြစ်ပေါ်လာခဲ့၏။ ထို နောက် ၁၉၄၈ ခုနှစ်တွင် "လွတ်လပ်ရေး နေ့"တည်းဟူသော မြန်မာ့သားကောင်း ရတနာကို မွေးဖွားသန့်စင်ခဲ့ပါသည်။ လွတ် လပ်ရေးကိုလွယ်လွယ်ရခဲ့သည်ကားမဟုတ်။ အမျိုးသားရေး စိတ်ဓာတ်ကိုအခြေခံ၍ တိုင်း ရင်းသား စည်းလုံးညီညွတ်မှုအင်အားဖြင့် ရယူခဲ့ပါသည်။ အမျိုးသားရေးစိတ်ဓာတ် ဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးအကျိုး သယ်ပိုးလိုစိတ်ရှိခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ် တို့နိုင်ငံသည် လွတ်လပ်ရေးရရှိရန် အမျိုး သားစိတ်များ မည်သို့ တိုးပွားနိုးကြားလာ သနည်းဟု သမိုင်းစာမျက်နှာကို လှန်လိုက် သောအခါ "အမျိုးသားနေ့"သမိုင်းကြောင်း ကို တွေ့ရှိရမည်ဖြစ်ပါသည်။

"အမျိုးသားနေ့"ဟူသည်မှာ တိုင်းပြည်နှင့်လူမျိုး၏ ထူးခြားသော ဖြစ်ရပ် တစ်ခုခုကိုအခြေခံ၍ သတ်မှတ်သော နေ့ထူး နေ့မြတ် ဖြစ်ပါသည်။ မြန်မာသက္ကရာဇ် ၁၂၈၂ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် နယ်ချဲ့အင်္ဂလိပ်တို့ပြဋ္ဌာန်းသော ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို မကျေနပ် သဖြင့် တက္ကသိုလ်ကျောင်းသားများက ဦး ဆောင်ကာ သပိတ်မှောက်ခဲ့သောနေ့ကို အမှတ်ပြု၍ တန်ဆောင်မုန်းလပြည့် ၁၀ ရက် နေ့ကို "အမျိုးသားနေ့"ဟု ဂုဏ်ပြုသတ် မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် "ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်းနောင်၊ ကုန်းဘောင် နှစ်ခေတ်ခွဲ"ဟူ၍ ရှေးပဒေသရာဇ်မင်း အဆက်ဆက်ကပင် ကိုယ့်ထီး၊ ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အုပ်စိုးခဲ့ပါသည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် နန်းတွင်း ရေး ရှုပ်ထွေး၍ စည်းလုံးညီညွတ်မှုအင်အား နည်းပါးလာခဲ့သည်။ အမျိုးသားကိုယ်ခံအား နည်းပါးလာလျှင် ကိုလိုနီနယ်ချဲ့ ကူးစက် ရောဂါ ဝင်လာမည်မှာ မလွဲပေ။ နယ်ချဲ့ အင်္ဂလိပ်တို့သည် ကျူးကျော်စစ် ၃ ကြိမ် ဆင်နွှဲကာ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံအား သူ့ကျွန်ဘဝ ရောက်စေခဲ့ပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ သူ့ကျွန်ဘဝ ရောက်ရခြင်းသည် မြန်မာပြည် အမှောင် တိုက် သွင်းခံရခြင်းဖြစ်ပြီး နိုင်ငံနှင့်လူမျိုး အညွန့်ချိုးခံရပါတော့သည်။ မြန်မာပြည်၏ သယံဇာတထွက်ကုန်မှန်သမျှ တစစဝါးမျို ခံရသည်။ နိုင်ငံရေးကိုဖိနှိပ်၍ ပညာရေးကို လမ်းပိတ်ထားသည်။ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားလည်ပတ်မှုအတွက် ကျွန်ပညာရေး စနစ်ကိုသာ ဟပေးထားသည်။ နယ်ချဲ့ လက်ပါးစေ လူနည်းစုသာ ခေတ်ပညာကို သင်ယူခွင့်ယူရန် ဖန်တီးထားသည်။ ပညာ ရေးစရိတ်စက ကြီးမြင့်သဖြင့် မြန်မာလူမျိုး တို့မှာ အထက်တန်းပညာကို မသင်နိုင်ကြ ပါ။ မြန်မာလူမျိုးများ အသိဉာဏ်ပွင့်သွား လျှင် သူတို့၏ ကိုလိုနီထမ်းပိုး ရိုက်ချိုးမည်ကို စိုးရိမ်ကြသည်။ မြန်မာတို့ ပညာမဲ့လေ၊ ဆင်းရဲတွင်းနက်လေဖြစ်ပြီး ကိုလိုနီ နောင် ကြိုးမြဲလေဟု နယ်ချဲ့အင်္ဂလိပ်တို့က တွက် ဆထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ် တည်ထောင်ရန် ၁၈၉၂ ခုနှစ်ကတည်းက စ၍ တောင်းဆိုခဲ့သော်လည်း ရန်ကုန်ကော လိပ်နှင့် ယုဒသန်ကောလိပ်နှစ်ခုဖြင့်သာ ရောင့်ရဲနေခဲ့ရသည်။ သို့သော် မြန်မာတို့၏ ဖွဲနှံပဲဖြင့် ဆက်လက်ကြိုးစားမှုကြောင့် နယ် ချဲ့တို့မှာ မနေသာတော့ဘဲ တက္ကသိုလ် အက်ဥပဒေကို ထိုစဉ်က မြန်မာပြည်ဘုရင်ခံ ဆာရက်ဂျီနယ်ကရက်ဒေါက်က အတည်ပြု လက်မှတ်ရေးထိုးပေးခဲ့ပြီး ရန်ကုန်ကောလိပ် ကျောင်းအုပ်ကြီး ဆာမက်သယူးတေနံ့တားက တရားဝင်ကြေညာခြင်းဖြင့် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဟူ၍ ပေါ် လာခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်ကြီး မွေးဖွားပေါ် ပေါက်လာသဖြင့် ပြည်သူအများ ဝမ်းသာကြ ပါ၏။ သို့သော် အက်ဥပဒေပါ အချက်များ သည် ကျွန်ပညာရေး စီမံကိန်းများဖြင့် ကို လိုနီ နှောင်ကြိုးမြဲမြံအောင် ရေးဆွဲထားခြင်း ဖြစ်သောကြောင့် ဝမ်းသာဝမ်းနည်း ဖြစ်ရပါ တော့သည်။ ပေးကားပေး၏ မရ။ "ပင် လယ်ထဲ ရေငတ်"ဖြစ်နေပါသည်။ အဆောင်နေမှ တက္ကသိုလ်ပညာသင်ခွင့်ပြု ခြင်း။ တက္ကသိုလ်တက်ခွင့်ရရန် အကြို ၁ နှစ်သင်တန်း ထပ်မံတက်ရခြင်း စသည်ဖြင့် အချက်များစွာပါသော ပညာရေး ပညတ် ချက်ပြဋ္ဌာန်းချက်ဖြင့် ချုပ်ထားသဖြင့် မလွှပ်သာ ပါ။ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြင် ဆင်ပေးရန် တက္ကသိုလ်ကျောင်းသားများနှင့်

ပြည်သူများက တောင်းဆိုသော်လည်း နယ်ချဲ့ဘုရင်ခံက မလိုက်လျောခဲ့ပေ။

ဤသို့ဖြင့် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် ထိုစဉ်က တက္ကသိုလ်ကျောင်းသားများဖြစ်ကြသော ဦးဘဦး၊ ဦးဘခင်၊ ဦးဘရှင်၊ ဦးဖိုးကွန်း၊ ဦးလှတင်၊ ဦးအေး၊ ဦးထွန်းဝင်း၊ ဦးညီပိတ်၊ ဦးဖေသိန်း၊ ဦးသာညွန့်နှင့် ဦးအောင်ဒင် ၁၀ ဦးကဦးဆောင်၍ ကိုလိုနီအစိုးရအား သပိတ်တိုက်ပွဲ စတင်ဆင်နွှဲခဲ့ကြသည်။ ဗဟန်းကြားတောရလမ်းရှိ ဦးအရိယကျောင်းတိုက်တွင် ဗဟိုသပိတ်စခန်းဖွင့်ကြသည်။ အက်ဥပဒေကို ပြင်ဆင်ပေးရန် ၁၆ ချက်ပါ တောင်းဆိုချက်ဖြင့် တောင်းဆိုခဲ့သော်လည်း ဘုရင်ခံက လက်မခံသည့်အပြင် သတ်မှတ်ရက်အတွင်း ကျောင်းပြန်မတက်သူများကို ကျောင်းထုတ်မည့်အကြောင်းဖြင့် ခြိမ်းခြောက်လာပြန်သည်။ ဤသို့ဖြင့် မကျေနပ်မှုများ ကြီးထွားလာပြီး အထက်တန်းကျောင်းများကလည်း ထောက်ခံသောအားဖြင့် သပိတ်စခန်းသို့ လာရောက်မှုပေါင်းကြသည်။ အုပ်ချုပ်သူနယ်ချဲ့တို့ မျက်လုံးပြူးသွားကြသည်။ သပိတ်ကို ခွဲ၍ မကွဲ။

သပိတ်တိုက်ပွဲကာလအတွင်း ကျောင်းသားများ၏ ပညာရေး မနှောင့်နှေးစေရန် ရည်ရွယ်၍ ''အမျိုးသားပညာရေး''ကို ပျိုးထောင်ရန်နှင့် ကျွန်ပညာရေးစနစ်ကို ပစ်ပယ်ပြီး သခင်ပညာရေးစနစ်ကို ဦးတည်ထားသည့် အမျိုးသားကျောင်းများ တည်ထောင်ရန်အတွက် ''အမျိုးသားပညာရေးကောင်စီ''ကိုလည်း ဖွဲ့စည်းခဲ့ကြပါသည်။ ဗဟန်းကောလိပ်ကိုလည်း ဖွင့်ခဲ့သည်။

ဤသည်မှစ၍ ရန်ကုန်မြို့သာမက မြန်မာပြည်အနှံ့အပြား အမျိုးသားကျောင်းခေါ် နေရှင်နယ်ကျောင်းများ ပေါ်လာခဲ့သည်။ အမျိုးသားကျောင်းများ၏ ကျေးဇူးကြောင့် အမျိုးသားစိတ်များ နိုးကြားလာသည်။ နိုင်ငံရေး အသိအမြင်များ ကြွယ်ဝ



၁၉၂၀ ပြည့်နှစ် သပိတ်၏ [illegible] အမျိုးသားကျောင်းများ [illegible]
[illegible]


လာသည်။ ''ငါတို့လုပ်သမျှ ငုံခံရမည်''ဟု နယ်ချဲ့က ထင်ခဲ့သော်လည်း၊ တက္ကသိုလ်သပိတ်ကြောင့် မြန်မာတို့၏ မဟုတ်မခံ ဇာတိမာန်သည် ပြာဖုံးနေသော မီးခဲအား လေတစ်ချက်ဝှေ့လိုက်ရုံဖြင့် အရှိန်တရဲရဲ တောက်သည့်ပမာ ဖြစ်လာခဲ့သည်။ ကျွန်စိတ်မှ သခင်စိတ်အဖြစ်သို့ အမျိုးသားစိတ်များ ပြန်နိုးခနဲနိုးကြားလာကြသည်။ အမျိုးသားပညာရေးစနစ်သည် ကိုလိုနီပညာရေးစနစ်ကို အောက်ခြေမှ တော်လှန်လိုက်ခြင်းပင်ဖြစ်သည်။ အမျိုးသားကျောင်းများသည် ပညာရေးသာမက မျိုးချစ်စိတ်နှင့် နိုင်ငံရေးစိတ်ဓာတ်ကိုပါ ဖြန့်ဖြူးပေးသည်။ ရေနံချောင်း အမျိုးသားကျောင်းမှ ကိုအောင်ဆန်းသည် နောင်တွင် လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဖြစ်လာသည်မှာ အမျိုးသားကျောင်းများ၏ ရလဒ်ပင် ဖြစ်သည်။

တက္ကသိုလ်သပိတ်သည် မြန်မာပြည်လွတ်လပ်ရေး၏ မျိုးစေ့ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကို ပနံ့ကိုက်ခြင်းလည်းဖြစ်ပါသည်။ သပိတ်ကျောင်းသားများသည် ဗြိတိသျှအစိုးရကို နှလုံးရည်ဖြင့် စတင်တိုက်ပွဲဝင်ခဲ့သော တော်လှန်ရေးသမားများ ဖြစ်ပါသည်။ ကျောင်းသားသပိတ်သည် ပညာရေးတိုက်ပွဲ ပုံသဏ္ဌာန်ဖြစ်သော်လည်း နိုင်ငံရေးအနှစ်သာရရှိသည်။ အိပ်မောကျနေသော မြန်မာပြည်သားများအား အမျိုးသားစိတ်နှင့် နိုင်ငံရေးစိတ်ဓာတ်များ နှိုးဆွပေးလိုက်ခြင်း ဖြစ်သည်။


ထို့ကြောင့် ၁၉၂၁ ခုနှစ်တွင် မန္တလေးမြို့၌ ကျင်းပသော ဂျီစီဘီအေ အသင်းကြီး၏ နဝမအကြိမ်မြောက် ညီလာခံ မျိုးချစ်စိတ်ဓာတ် တိုးတက်နိုင်မည့်အောင် မျိုးစေ့ချပေးခဲ့သော တက္ကသိုလ်သပိတ် စတင်ပေါ်ပေါက်လာသည့် ၁၂၈၂ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက် (၅-၁၂-၁၉၂၀)နေ့အား အမျိုးသားနေ့အဖြစ် တညီတညွတ်တည်း သတ်မှတ်ခဲ့ပါသည်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်က မျိုးစေ့ချပေးခဲ့သော ''အမျိုးသားနေ့'' သည် ၁၉၉၅ ခုနှစ်တွင် ၇၅ နှစ်ပြည့်၍ စိန်ရတုသဘင် ရောက်ခဲ့ပေပြီ။ ကျွန်ုပ်တို့၏ မိဘ၊ ဘိုးဘွား၊ ဘီဘင် အစဉ်အဆက်တို့သည် မြန်မာပြည်၏ လွတ်လပ်ရေးအတွက် လက်ရုံးရည်၊ နှလုံးရည်ဖြင့် တိုက်ပွဲဝင်ခဲ့ကြသဖြင့် ကျွန်ုပ်တို့သည် လွတ်လပ်ရေးအသီးအပွင့်ကို စားသုံးနေကြရပါသည်၊ ရှေးလူများ စွန့်ခဲ့သဖြင့် နောင်းလူများ စားနေရခြင်း ဖြစ်ပါသည်။ လွတ်လပ်ရေး အစွန့်ရှည်ကြာရန် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်ရပေမည်။ ''ကမ္ဘာမှာ မြန်မာပေ့'' ဟု ဝင့်ကြွားနိုင်ရန် မြန်မာပြည်သားတို့သည် အမျိုးသားနေ့ရောက်လေတိုင်း နိုင်ငံချစ်စိတ်၊ အမျိုးသားချစ်စိတ်နှင့် လွတ်လပ်ရေးကို မြတ်နိုးစိတ်များ တိုးပွားလာစေရန် အစဉ်နိုးကြားနေသင့်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။

**ကိုဇော(ပထဝီဝင်)**



City MAGAZINE



မှုံ

(၁)

"ဒေါ်တုတ်ရေ··မနေ့ညနေခင်းတုန်းကမွေးတဲ့ ခင်ဗျားမြေးက သောကြာ အဓိပတိဗျ။ ဒီကလေးကြောင့် ခင်ဗျားလည်း အထွတ်အထိပ်ကို ရောက်မှာပဲဗျ"

ရပ်ထဲရွာထဲမှာ အလုပ်အကိုင်မရှိဘဲ အကြောင်းရမည်ရှာကာ တစ်အိမ်ဆင်း၊ တစ်အိမ်တက်ပြီး အကြွမ်းသောက်လိုက်၊ ကွမ်းစားလိုက် လုပ်လေ့ရှိသော ဘကြီးညိမ်းမောင်က ပြောခြင်းဖြစ်သည်။ ယခုလည်း ဒေါ်ခင်တုတ်တို့အိမ်ဂေဟာတဲကလေးဆီသို့ ခြေဦးလှည့်လာမိသည်။

အကြောင်းကတော့ ဒေါ်ခင်တုတ်၏သမီး မအောင်အောင်အေးသည် ကလေးမျက်နှာမြင်ခဲ့သည်။ သောကြာနေ့ဖွား ယောကျ်ား



ကလေးဖြစ်သည်။ ကျေးရွာလေ့ထုံးတမ်းအရ မီးနေအိမ်သို့ ယောက်ျားများ ဝင်ထွက်လေ့မရှိ။ ရှောင်ရှားကြသည်။ သို့သော် ဘကြီးညိမ်းမောင်ကတော့ တစ်ရွာလုံးမှာ အသက်အကြီးဆုံးမို့ အားလုံးက သူ့ကို လေးစားကြည်ညိုကြသည်။ သူကလည်း တစ်ရွာလုံး၏ သာရေး၊ နာရေးကိစ္စများတွင် အားကိုးအားထားရသူမို့ လျှော်သည်၊ မလျှော်သည်ကို အပထားပြီး မီးနေသည့် အိမ်သို့ ရောက်လာခြင်းဖြစ်၏။

ရောက်လာတော့လည်း အိမ်ရှင်ဖြစ်သူ ဒေါ်ခင်တုတ်က ရေနွေးကြမ်းတည်၊ ကွမ်းအစ်၊ ဆေးလိပ်တည်ပြီး ဧည့်ခံသည်။ ဘကြီးညိမ်းမောင်ကလည်း ရေနွေးကြမ်းသောက်၊ ဆေးလိပ်ဖွာနေရင်း မီးနေသည့်သမီးအကြောင်း၊ မွေးဖွားလာသည့် မြေးဦးအကြောင်းကို မေးမြန်းစုံစမ်းနေပါတော့၏။ ဒေါ်ခင်တုတ်ကလည်း ပြန်ဖြေလိုက်၏။

ဘကြီးညိမ်းမောင်ကလည်း ငယ်စဉ်အခါက ဟိုစပ်စပ်၊ သည်စပ်စပ်အလုပ်ကို လုပ်တတ်သည်မို့ ယခုလည်း မတောက်တခေါက် ဗေဒင်ပညာဖြင့် အထက်ပါအတိုင်း ဟောကိန်းထုတ်လိုက်သည်။ မတောက်တခေါက် ပညာဆိုပေမယ့် တဘောင်စကား၊ စနည်းစကားမို့လားမသိ မှန်ကန်သည်ကို

တွေ့ရပါသည်။ မယုံမရှိနှင့် ဒေါ်ခင်တုတ်ကိုယ်တွေ့ပင်ဖြစ်၏။

"နင်…မယုံဘူးလား"

သူပြောတာကို လေးနက်စေချင်၍ ဒေါ်ခင်တုတ်ကိုပင် အဖော်ညှိကာ ပြန်မေးလိုက်သည်။ ဒေါ်ခင်တုတ်ကလည်း ပညာမဲ့သူ ကျေးလက်တောင်သူတစ်ဦးမို့–

"မယုံရအောင်ကလည်း တိုက်ဆိုင်မှုက ရှိနေတာကိုး ဘကြီးညီမ်းမောင်ရဲ့"

"ဘယ်လိုတိုက်ဆိုင်နေတာလဲ"

"သမီးကိုမွေးတာနဲ့ တိုက်ဆိုင်မှုလေ"

(၂)

"ပုတီးမွှား နေတက်၊ ရေတက် ဝဇေ နေ့မှာမွေးတာမို့ အမေကို ဒုက္ခပေးမယ့်ကလေးပဲ"

လက်သည်ဖမ်းခဲ့ အမေကျွမ်း၏ ကြားဖူးနားဝနှင့် ပြောလိုက်သောစကားကြောင့် မခင်တုတ် ထိတ်ခနဲဖြစ်သွားရသည်။ ထိုကြောင့် ထိတ်ထိတ်လန့်လန့်နှင့်ပင် သမီးလေး မျက်နှာကို ကြည့်လိုက်မိသည်။ သမီးလေးသည် မျက်နှာလေးတစ်ကွက်သာ ဖော်ထားပြီး တစ်ကိုယ်လုံး အနီးပိတ်တို့နှင့် ထုပ်လျက်သား အိပ်စက်နေသည်။

သမီးငယ်သည် လူ့ဘဝကြီးနှင့်လောကအကြောင်း ဘာမျှသိသေးတာမဟုတ်။ လူ့လောကအတွင်းသို့ ရောက်လာသည်မှာ နာရီပိုင်းမျှသာရှိသေးသည်။ အမိဝမ်းမှကျွတ်ပြီး မောမောပန်းပန်းနှင့် အိပ်မောကျနေသည် ထင်ပါ၏။ ပီတိအပြစ်ကင်းသူကလေးဖြစ်၏။ သမီးငယ်လေး၏ အပြစ်ကင်းစင်သော မျက်နှာကလေးကိုမြင်ရတော့ စောစောက ဝမ်းဆွဲလက်သည် အမေကျွမ်း၏ စကားကိုပင် မေ့လျော့နေပါတော့၏။

"ကလေးက ဘယ်လိုဒုက္ခတွေ ပေးနိုင်ရမှာလဲ"

"ရှော်…ခက်ပါဘီ၊ တချို့သင် ယောက်ျားတွေဆို မီးနေခန်းဝမှာ တားထမ်းပြီး စောင့်နေရသတဲ့"

"ဘာလို့လဲ အမေကျွမ်း"

"ဟဲ့…ကလေးကိုလုယူမယ့် မကောင်းဆိုးဝါးတွေကို ကာကွယ်ဖို့တဲ့"

"အို…မကောင်းဆိုးဝါးပဲဖြစ်ဖြစ်၊ အကောင်းဆိုးဝါးပဲဖြစ်ဖြစ် ကျွန်မကိုယ်တိုင်စောင့်မယ်"

မခင်တုတ်က မိခင်စိတ်ဖြင့် ထိုစကားကို ပြောလိုက်သည်။ ထိုစကားကို ရဲရဲတင်းတင်း ပြောလိုက်ခြင်းအားဖြင့် အမေ့စွမ်းရည်ကို ပြသလိုက်ခြင်းဖြစ်သည်။ အဘယ်သော သတ္တဝါဖြစ်ဖြစ် ရင်မှဖြစ်သော သားသမီးများကို အသက်ပေးကာ စောင့်ရှောက်ကာကွယ်ကြသည်ချည်းဖြစ်၏။ အသိဉာဏ်နည်းသူ၊ များသူနှင့်မဆိုင်။ ဒါကြောင့်လည်း ပုတ္တမာနေတီတီမာတာဆိုသည့် စကားအတိုင်း သားသမီးတို့ကို အသက်တမျှမြတ်နိုးခြင်းကြောင့် အမေဟုခေါ်ခြင်းဖြစ်သည်။

အိမ်ထောင်သည်ယောကျ်ား ခင်ပွန်းဖြစ်သူ ကလေးအဖေက မီးနေခန်းဝမှာ တားထမ်းပြီး စောင့်ရမည်ဖြစ်သော်လည်း အမေဖြစ်သူ မခင်တုတ်ကိုယ်တိုင် စောင့်ရမည်ဆိုတော့ မခင်တုတ်မေတ္တာကို ပုံကြီးချဲ့ရာ ရောက်နေတော့သည်။ ပုံကြီးချဲ့ခြင်းမဟုတ်။

**အိမ်ထောင်သည်ယောကျ်ား ခင်ပွန်းဖြစ်သူ ကလေးအဖေက မီးနေခန်းဝမှာ တားထမ်းပြီး စောင့်ရမည်ဖြစ်သော်လည်း အမေဖြစ်သူ မခင်တုတ်ကိုယ်တိုင် စောင့်ရမည်ဆိုတော့ မခင်တုတ်မေတ္တာကို ပုံကြီးချဲ့ရာ ရောက်နေတော့သည်။ ပုံကြီးချဲ့ခြင်းမဟုတ်။**

တကယ်လည်း မခင်တုတ်သည် မုဆိုးမတစ်ဦးဖြစ်သည်။ လွန်ခဲ့သော တစ်လကျော်ကျော်က မခင်တုတ်၏ ယောကျ်ားဖြစ်သူကိုထွန်းဖုံနှင့် ကျေးဖုံးရှင်ဖခင်ကြီးဖြစ်သူ ဦးသီလတို့သည် ဥပဒ္ဒေအကာလ်ဖြင့် ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် သူကိုယ်တိုင် တားထမ်းကာ စောင့်နေမည်ဟု ဆိုခြင်းဖြစ်၏။

မြန်မာဗိန္ဒောဆရာကြီး ဦးသီလသည် မကွေးတိုင်းဒေသကြီး၏ ဝေးလံခေါင်ဖျားသော ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းမှ ဖြစ်သည်။ သူတို့နေရာကို မကွေး–ပြည်လမ်းမှ တစ်ဆင့် တောင်တွင်းကြီး–သစ်ရာကောက် လမ်းခွဲမှ အနောက်သို့ ၁၀ မိုင်မျှဝင်သွားရာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းသို့ရောက်သည်။ အနီးအနားတွင် မိကျောင်းရဲရွာရှိသည်။ ဆရာကြီးတို့နေထိုင်ရာရွာကား 'ပဌာန်နဂို' ရွာဖြစ်၏။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင်ကား၊ မလွန်ရွာနှင့်စက်ရုံကြီးရှိ၏။ စက်ရုံကြီးရှိပါသော်လည်း ဒေသကား ဝေးလံခေါင်ဖျားရှိနေခြင်းကြောင့် မဖွံ့ဖြိုးသေးသော ဒေသဖြစ်၏။ နိုင်ငံတော်က ဧရာဝတီမြစ်အနောက်ဘက်ခြမ်းကို ဖွံ့ဖြိုးရန် စက်ရုံကြီးတွေ တည်ထားပါသော်လည်း ဖွံ့ဖြိုးမှုနေးကွေးနေဆဲဖြစ်၏။ အထူးသဖြင့် ကျန်းမာရေးအတွက်ဆိုလျှင် ဆေးကုသရမ်းကျ၊ အရပ်ဝမ်းဆွဲလက်သည်နှင့် ဦးသီလတို့လို ဗိန္ဒောဆရာများကိုသာ အားကိုးနေရပါ၏။

မခင်တုတ်သည် ဆယ်နှစ်သမီးအရွယ်ကတည်းက ဦးသီလရှိရာ ပဌာန်နဂိုသို့ ရောက်လာခဲ့သည်။ မခင်တုတ်သည် မိတမံ့ တစ်ကောင်ကြွက်ဖြစ်သည်။ငယ်စဉ်ကတည်းက အမေ့အစ်မလက်ပေါ်မှာ ကြီးခဲ့သည်။ ကံဆိုးချင်တော့ ကြီးဒေါ်ကြီးလည်း ကွယ်လွန်သွားပြန်သည်။ သူတို့နေတာက ပြည်ဘက် မှော်ဇာရွာမှာဖြစ်သည်။

ကံကောင်းချင်တော့ အမေ့ညီအစ်ရင်းက ပဌာန်နဂိုဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဖြစ်နေပြီး ဆရာကြီးဦးသီလ၏ ကိုးကွယ်ရာဆရာတော်လည်း ဖြစ်နေသည်။ ထို့နောက် ဆရာတော်လည်း၊ တစ်ဦးတည်းကျန်ရစ်နေသော တူမလေးကို စောင့်ရှောက်ရာလည်းရောက်၊ စိတ်ချရသော ဆေးဆရာထံမှ အလုပ်လုပ်ရင်း ဆေးပညာနှင့် လောကဓာတ်ဆေးဝါးအကြောင်း၊ တီးမိခေါက်မိစေရန်ဟူသော အကြောင်းပြချက်နှင့် ခေါ်လာခဲ့သည်။ ဦးသီလကလည်း ဆရာဒကာဖြစ်နေခြင်းကြောင့် မိသားစုဆန္ဒကို ခံယူပြီး လက်ခံထားလိုက်သည်။

မခင်တုတ် ဦးသီလထံသို့ ရောက်သည့်နေ့ကစပြီး ဦးသီလနှင့် ဇနီးအား မိဘ

သဖွယ် ဝတ်ကြီးဝတ်ငယ် ပြုရပေသည်။ ဦးလေးဘုန်းကြီး သွန်သင်မှုနှင့်တကွ ပင်ကို စေတနာ သဒ္ဓါတရားကြောင့်လည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိဘဆိုတာ ငယ်စဉ်ကတည်းက မတွေ့ဘူး၊ မမြင်ဘူးခဲ့ခြင်းကြောင့်ဖြစ်သည်။

မခင်တုတ်ကလည်း ဦးသီလတို့ လင်မယားကို အဖေ၊ အမေဟု ရိုရိုသေသေခေါ်ပြီး သားကြီးနှင့် သမီးငယ်ကိုတော့ ကိုကိုကြီး၊ မမကြီးဟု လေးလေးစားစားခေါ်ပါသည်။ ကိုကိုကြီးနှင့် မမကြီးကတော့ တောင်တွင်းကြီးမှာ ကျောင်းတက်နေရ၍ ပဋ္ဌာန်းရက်တွင် နေတာနည်းပါသည်။

အိမ်မှုကိစ္စများ ပြီးစီးသည်နှင့် မခင်တုတ်သည် သံဇုတ်ဆုံတစ်လုံးနှင့် အလုပ်မအားဖြစ်နေတော့သည်။ တစ်ကိုယ်လုံးလည်း ရှိန်းဆိုခေစ်၊ ကနဗိုခေစ်၊ ကစ္စီနံ့တို့သည် ထုံကြိုင်လို့နေပါတော့သည်။ ချင်းခြောက်၊ စမုံနက်၊ ဖာလာ၊ စူလာနမာတို့ကိုလည်း လိုလျှင်လိုသလို ထုရထောင်းရသေး၏။ လက်ညောင်းအံ့သေမည်ကိုလည်း ဂရုမစိုက်။ အဖေ၊ အမေတို့က တားယူရသည်။

နှစ်တွေလည်း ကြာခဲ့ပြီဖြစ်သည်။ တောင်တွင်းကြီးမှာနေကြသော ကိုကိုကြီး၊ မမကြီးတို့ကလည်း မကွေးကောလိပ်(ထိုစဉ်အခါက)က ဘွဲ့တွေရပြီး ကိုကိုကြီးက စစ်ထဲဝင်သွားသည်။ မမကြီးကလည်း ဒေသကောလိပ်တစ်ခုတွင် ကျူတာဖြစ်နေပါပြီ။

မခင်တုတ်လည်း အရွယ်ရောက်လာပါပြီ။ ရောဂါအကြောင်း၊ ဆေးဝါးအကြောင်းကိုလည်း အတော်အသင့် တီးမိခေါက်မိသည့်အဆင့်သို့ ရောက်နေပါပြီ။ ထို့အပြင် ဦးသီလတို့နှင့် ဆွေမျိုးမကင်းသော လူပြန်တော် ကိုထွန်းဖဲနှင့် လူကြီးမိဘတို့သဘောအရ အိမ်ထောင်ပြုလိုက်သည်။ ထိုလူပြန်တော်ကလည်း ဆေးဝါးအကြောင်း နည်းနည်းနားလည်သည်။ ပြီး သူ့ထက်လည်း နည်းနည်းအသက်ကြီးသည်။

အိမ်ထောင်သက် တစ်နှစ်ကျော်ကျော်ကြာတော့ မခင်တုတ် ကိုယ်ဝေလက်ဝန်ရှိလာသည်။ နေတာကလည်း အဖေတို့ ခြံဝိုင်းအတွင်းမှာ တဲထိုးနေသည်။ အဖေတို့နှင့် နီးနီးနားနားနေခြင်းကြောင့် နှစ်ဦးစလုံးအတွက် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီနေလို့ရသည်။ အဆင်ပြေပါ၏။

မခင်တုတ် မီးဖွားရန် တစ်လအလိုလောက်တွင် အဖေဦးသီလနှင့် ခင်ပွန်းဖြစ်သူ ကိုထွန်းဖဲတို့ ဆရာတပည့်နှစ်ယောက် ရောဝတီအနောက်ဘက်ကမ်းကို ကူးပြီး အသက်မင်းလှမြို့ ကျေးရွာတစ်ရွာသို့ ကားစီးပြီး ဆေးကုသွားကြသည်။ အပြန်မှာတော့ မော်တော်ယာဉ်တိမ်းမှောက်ရာမှ ဆရာတပည့်နှစ်ဦးလုံး ကွယ်လွန်သွားခဲ့သည်။

ဦးသီလ သားသမီးနှစ်ယောက်စလုံး အဖေ့နာရေးအတွက် ရောက်လာကြသည်။ ကိုကိုကြီးက ခွင့်ရက်သိပ်မရ၍ ရက်လည်ပြီးတာနှင့် ပြန်သွားသည်။ မမကြီးကတော့ နှစ်ပတ်လောက်နေပြီး အမေ့ကိုခေါ်ကာ ပြန်သွားသည်။ အမေတစ်ယောက်တည်းကျန်နေ၍ ခေါ်သွားခြင်းဖြစ်သည်။

မခင်တုတ်သာ တစ်ကိုယ်ရေ တစ်ကာယဘဝနှင့်ဆိုပါမှ သူ့ကိုလည်း မမကြီးက အမေ့ကိုကြည့်ရှုနိုင်ရန်အတွက် တစ်ပါတည်း ခေါ်သွားမည်ဖြစ်၏။ ခုတော့ ရောက်ရှိလာမည့် လိုက်ပွဲကလေးကြောင့် ရွာမှာရှိသော အိမ်ခြံဝိုင်းကို စောင့်ကြည့်သည့် သဘောနှင့် ချန်ထားခဲ့သည်။ ကိုကိုကြီးနှင့် တိုင်ပင်ပြီး အဝေးမှ စရိတ်ထောက်ပံ့နေခဲ့၏။

ခုတော့ မခင်တုတ် မျက်နှာမြင်ခဲ့ပါပြီ။ သမီးမိန်းကလေးဖြစ်၏။ မခင်တုတ်ကတော့ သွားလေသူ ကိုထွန်းဖဲကိုယ်ပွား၊ ကျန်ရစ်သူ မခင်တုတ်၏ အားထားစရာ အဖော်မွန်ဟု ထင်ပါသော်လည်း အယူသည်းသော ဗေဒင်ယတြာ ယောင်နနသမားတွေကတော့ မွေးသည့် နေ့နံကိုကြည့်ရုံနှင့် နှာခေါင်းရှုံ့ကြသည်။

''ကြည့်ပါလား ကောင်းကျိုးပေးလား မပေးဘူးလားဆိုတာ အမေ့ဝမ်းထဲရှိစဉ်ကတည်းက သန္ဓေအနေအထားမမှန်၊ အချင်းကလည်း မျက်နှာကိုပတ်သေး၊ အဖေပျက်စီးရတာလည်း ပါသေး။ ဘယ်လောက် ဆိုးသလဲ''

''အို···အခုတော့ တဲကလေးကနေ အိမ်ကြီးအိမ်ကောင်းမှာ ရောက်နေပြီလေ''

''အေးပေါ့၊ တနင်္ဂနွေကယ်လို့ပေါ့၊ မဟုတ်ရင်တော့ မခင်တုတ်တစ်ယောက် ပြာပုံတိုးမယ့်ကိန်းပေါ့''

သူတို့ပြောသလိုပင် ကလေးက လေပြင်ပါလာသည်ထင်သည်။ ညတိုင်း ကော့ကော့ပြီးငိုသည်။ တစ်ခါတစ်ခါ လန့်လန့်ပြီး နိုးကာ ငိုသည်။ ဤအခါ ကလေးရင်ဘတ်ကို လက်နှင့်ဖိထားမှ အလန့်ပြေသွားတော့သည်။ မကြာမကြာလည်း ခေါင်းမူး၊ ကျောပူ၊ ခြေလက်အေးစက်သွားလေ့ရှိသည်။ ဤသို့ သမီးလေး နေမကောင်းဖြစ်တိုင်း အဖေ ဆေးဆရာကြီး ဦးသီလကို အမှတ်ရလေ၏။



ခုတော့ သူနှင့် သမီးလေးနှစ်ယောက်သာ လောကတွင် ကျန်ရစ်နေပါ၏။ တစ်ညတွင် ကလေးသည် အဖျားကြီးပြီး တက်သွားလေ၏။ ပင်ကိုက နိမ့်ရှည်မြင့်ချည် လှုပ်ရှားနေသော ငယ်ထိပ်သည် တင်းမာနေ၏။ ကလေးလည်း မျက်ဖြူလန်ကာ ခြေလက်တွေ ကွေးကောက်သွား၏။ မခင်တုတ်လည်း ခြေမကိုင်မိ၊ လက်မကိုင်မိ ကြောက်နေပါတော့၏။

ဤအခါတွင် သူသည် အတတ်နိုင်ဆုံး စိတ်ကိုစုစည်းပြီး တည်ငြိမ်အောင်လုပ်လိုက်၏။ အဖော်မဲ့ အထီးကျန်ဘဝတွင် မိမိစိတ်ကို တတ်နိုင်သမျှ စုစည်းခြင်းသည် အကောင်းဆုံးကုသချက်ဟု အဖေဆရာကြီးက မိန့်မှာဖူးပါသည်။ ပြီးတော့ ရွှဲရွှဲစိုနေသော ဇောချွေးများကို သုတ်ပစ်လိုက်သည်။

ပြီးတော့ အဖေကြီးကုထုံးအတိုင်း ကြက်ဟင်းခါးသက်စောင့်ဆေးကို ပန်းကန်လုံးမှာထည့်၊ နမ်းဆီနှင့်ဖျော်ပြီး ကလေး ငယ်ထိပ်မှာ လူးပေးလိုက်၏။ ခြေဖဝါး၊ လက်ဖဝါးမှလွဲပြီး တစ်ကိုယ်လုံးလူးပေးပြီး အနီးနှင့်ပတ်ထားလိုက်သည်။ ခဏကြာ

တော့ ချွေးကလေးထိုက်လာပြီး အပူကျတာ အတော်လည်း ပျောက်သွားတော့၏။

ဤအခါမှ မခင်တုတ်သည် ဟူးခနဲ လေမှုတ်ကာ သက်ပြင်းချနိုင်တော့၏။ ကလေးကိုကြည့်လိုက်တော့ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို တွေ့ရ၏။ စောစောက ထိတ်လန့်မှုရှိနေတာတွေလည်း နေရောင်ရောက်သော နှင်းပေါက်လို ဖြစ်နေပါတော့၏။ ဘယ်တော့၊ ဘယ်အချိန်မှာ၊ ဘာတွေ ဖြစ်လာမှာလဲဆိုတာ တွေးပူနေရပါတော့၏။

သမီးလေး ထိုင်နိုင်၊ ထနိုင်သည့် အရွယ်တွင် ကြက်ညှာရောဂါ ဖြစ်ပြန်လေတော့သည်။ ဆိုးသည့်ရောဂါဖြစ်သည်။ ကလေး ခံစားနေရတာကိုကြည့်ပြီး မခင်တုတ်သည် သနားလွန်း၍ ငိုနေမိသည်။ ကလေးသည် လည်ချောင်းကွဲမတတ် လည်ပင်းကြောသည့် ထောင်ထလာသည်အထိ တဟွတ်ဟွတ် ချောင်းရှည်ကြီးဆိုးပြီး တစ်ခါတစ်ခါ မိနစ်နှင့်ချီပြီး ကြာတတ်၏။ ကလေးသည် မောလည်းမော၊ ချွေးတွေလည်း ထွက်ကာ တစ်ကိုယ်လုံးရွှဲနစ်ကုန်တော့၏။ မောမောနှင့်ရပ်သွားတော့ ဟူးခနဲအသံနှင့် အတူ ခေါင်းငိုက်စိုက်ကျသွားလေတော့၏။

ကြက်ညှာချောင်းဆိုးကတော့ ကြက်ညှာ ရက်တစ်ရာဆိုသည့်အတိုင်း သုံးလကျော်ကျော် ကြာပါသည်။ သည်သုံးလအတွင်း ကလေးလည်း ဝေဒနာကိုခံစားပေရော့။ အမေလည်း ကလေးခံစားရသမျှ ရင်ထဲမချိအောင် ခံစားပေရော့။

အဆိုးဆုံးကတော့ ကလေးအိပ်ပျော်နေစဉ် ချောင်းဆိုးတတ်သည်။ ကလေးဘဝ ရေရွှေညည အိပ်တတ်သည်။ အိပ်ပျော်နေစဉ် ကလေး၏အာသီးမှတစ်ဆင့် အရည်တစ်မျိုးသည် ထွက်ကျလာသည်။ ထိုအရည်သည် လျှာခင်ပေါ်သို့ ကျရောက်ပြန်သည်။ ထိုအခါ ကလေးသည် ရေသီးသလို သီးသွားပါတော့သည်။ ထိုသို့သီးလျှင် ကလေး လှုကြီး ချောင်းဆိုးတတ်ပါသည်။ ရောဂါဖြစ်နေသောကလေးသည် ချောင်းဆက်တိုက်ဆိုးသွားခြင်းသည် ကြက်ညှာချောင်းဆိုးခြင်းပင် ဖြစ်၏။

မခင်တုတ်ကတော့ မြန်မြန် ရက်ကစ်ရာ ပြည့်ပါစေဟုသာ ဆုတောင်းနေရပါ၏။ ရောဂါသက်သာစေရန် ချောင်းဆိုးပျောက်ဆေးကိုသာ တိုက်နေရပါ၏။ ဒီကြားထဲ ကြားဖူးနားဝရှိသူများက ပြောလျှင်လည်း အားကိုးတကြီးနှင့် လိုက်လုပ်လေ့ရှိသည်။ ဥပမာ ကြက်အမြစ်အတွင်းမှ ဝါဝါအခွံကို ကျွတ်နေရန် မီးပြပြီး အမှုန့်ကြိတ်ခြေကာ ပါးစပ်ထဲ နှံ့ဆိုလျှင်လည်း လုပ်၏။ မြက်ချိုရွက်နှင့် ချွေးသေးပန်း လုံးချေပြီးရလာသော သတ္တုရည်ကိုတိုက်ဆိုလည်း တိုက်ပြန်သည်။ ရေနစ်သူ မြင်မြင်သမျှ တွေ့သမျှကို ဆွဲသည့်နှယ်။

ကြက်ညှာချောင်းဆိုးကတော့ ကြက်ညှာရက်တစ်ရာဆိုသည့်အတိုင်း
သုံးလကျော်ကျော် ကြာပါသည်။ သည်သုံးလအတွင်း
ကလေးလည်း ဝေဒနာကိုခံစားပေရော့။
အမေလည်း ကလေးခံစားရသမျှ ရင်ထဲမချိအောင်…

သည့်နောက် ဗိုက်နာပြီး သန်ထိုးပြန်၏။ ရောဂါတွေက တစ်ခုပြီးတစ်ခု တန်းစီကာ ရောက်လာပြန်ပါသည်။ သန်ထိုးတော့ ဆေးရွက်ကြီးကိုပြာချပြီး ရေနံချေးနှင့်ရောကာ ဝမ်းဗိုက်ပတ်လည်မှာ အဝတ်နှင့်စည်းထားလိုက်သည်။

နောက်တစ်ခါ ဝက်သက်ရောဂါ ဖြစ်လာပြန်တော့သည်။ ဤရောဂါအား ကြားဖူးတာကြာပြီမို့ ရှိနေသည်ဟု ထင်ထားပေမယ့် သူ့သမီးမှာဖြစ်နေသော ဝက်သက်က ဆင်ဝက်သက်အကြီးစားဖြစ်၏။ တစ်ကိုယ်လုံးမှာ အနီစက်တွေအကြီးကြီးဖြစ်၏။ ရောဂါတွေက တန်းစီပြီး ရောက်လာတာမို့ မခင်တုတ်သည် စိတ်အညစ်ကြီးညစ်ကာ အော်ဟစ်လိုက်ချင်၏။

သည်လောက် ဒုက္ခသုတ်ခတွေများလှသော သမီးကြောင့် လက်သည်အမေကျမ်း ပြောသလို ကလေးသည် ပုတိဖွားဆိုတာ ယုံလိုက်ပါတော့သည်။ ကလေးဘဝအရွယ်မှာပင် သည်လောက်ဒုက္ခပေးနေတာမို့ ကလေးအပေါ်မှာ အချစ်တွေ၊ မေတ္တာတွေ လျော့သွားသလားဆိုတော့ ကမ္ဘာမြေမီးလောင်လျှင် သားသမီးကို ချနင်းမည့်လူစာရင်းတွင် မခင်တုတ် ပါသူမဟုတ်ပါ။

တစ်နေ့မှာတော့ သူ့ဦးလေးဘုန်းတော်ကြီး အိမ်သို့ကြွလာသည်။ ခေါင်းကို ဘုန်းဆံရွှဲအောင်လှူထားပြီး ငယ်ထိပ်ဝကို အလယ်မှပေါက်ထား၊ ကွမ်းရွက်ကပ်ထားသည့် ကလေးအား မိုန်းလျက်အနေအထားကိုမြင်၍…

"ကလေး မိုန်းလှချည်လား"

"မှန်ပါ…‥ပဲသီတာပေါက်နေလို့ပါ ဘုရား"

ကလေးတစ်ကိုယ်လုံးဟိုနေရာ၊ သည်နေရာ၊ နေရာအနှံ့ အနီစက်ကလေးတွေကို တွေ့ရ၏။ အပူကျဆေးလေးဘာလေး ကျွေးထားရုံနှင့် အချိန်တန်လျှင် ပျောက်သွားသည်။

"ဘယ်လည်း ရောဂါဘယဒုက္ခတာကိုး ကွယ်၊ ဒါတောင် တစ်ယောက်တည်းမွေးထားလို့သာပေါ့၊ ဘုရားရှင်လက်ထက်က ဗဟုကာရိပုတ္တေးမကြီးလို ၁၄ယောက်သာ မွေးထားမယ်ဆိုရင်…‥၊ ကဲ…‥ကဲ ဒီကလေးကို ငါ့ကိုရောင်းတော့"

"ရှင်"

"သိပ်ပြီး မထိတ်လန့်နဲ့လေ၊ စတိအနေနဲ့ ဘုန်းကြီးက တစ်ကျပ်နဲ့ဝယ်မယ်၊ ဒီကလေးကို ဘုန်းကြီးက ပိုင်သွားပြီ၊ ဒကာမကြီးက ဘုန်းကြီးကလေးကို စောင့်ရှောက်ထားလိုက်လေ၊ ပြီးတော့ ကလေးကိုလည်း နေ့သင့်နံ့သင့် အမည်မပေးဘဲ အေးအေးဆေးဆေးနဲ့ အောင်မြင်သူဖြစ်ရန် တနင်္ဂနွေသမီးအနေနဲ့ 'အောင်အောင်အေး' လို့ ခေါ်စေဗျား"

ဘုန်းတော်ကြီးအမိန့်ချမှတ်ပြီးကတည်းက အမိန့်သည်ပင် စွမ်းလို့လား၊ တိုက်ဆိုင်မှုပင် ရှိလို့လား၊ လာပြီးဒုက္ခပေးရန် ရောဂါလာစရာ လက်ကျန်မရှိတော့လို့လားမသိ သမီးလေးအောင်အောင်အေးကား ကျန်းမာ၍ လန်းဖြာကာ ကြီးပြင်းလာပါ၏။

(၃)

''အဲသလို ကိုယ်တွေ့ကြုံဖူးတယ် ဘကြီးညိမ်းမောင်ရေ''

''ဒါနဲ့ မခင်တုတ်၊ ညည်းနေတာက ရောဝတီအရှေ့ဘက်ကမ်း ပဒ္ဒါန်နုဂိုး ဘယ်နှယ့် အနောက်ဘက်မိုက်ရွာကို ရောက်လာရတာလဲ''

တကယ်လည်း မခင်တုတ်တို့မိသားစုသည် ရောဝတီမြစ် အရှေ့ဘက်ကမ်း ပဒ္ဒါန်နုဂိုမှ အနောက်ဘက်ကမ်း မိုက်ရွာသို့ ပြောင်းရွှေ့လာပြီဖြစ်သည်။ မိုက်ရွာသည် မကွေးတိုင်း၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ် ထဲတွင်ပါဝင်သည့် ကျေးရွာဖြစ်သည်။အလွန်မှ ခေါင်၍ ချောင်ကျပါသည်။

ပြည်မြို့မှ နဝဒေးတံတားကိုကျော်ပြီး ကိုယ်ပိုင်အငှားကားဖြင့် နှစ်နာရီကျော်ကျော် ခန့်သွားလျှင် ငွေးတောက်ချိုလမ်းခွဲသို့ ရောက်ပါသည်။ ထိုလမ်းခွဲသည် ပြည်–ပန်းတောင်း–မင်းဘူး ကားလမ်းမပေါ်တွင်ရှိသည်။

ထိုငွေးတောက်ချိုလမ်းခွဲမှ အတွင်းပိုင်းသို့ တစ်နာရီကျော်ကျော်ကြာ ကုန်းကြောင်းခရီးဖြင့်သွားလျှင် ငွေးတောက်ချိုရွာသို့ရောက်သည်။ ထိုနေရာတွင် တသွင်သွင်စီးဆင်းနေသော မုန်းချောင်းရှိသည်။ ဤချောင်းသည် အနောက်ရိုးမပေါ်မှ မြစ်ဖျားခံကာ စကု၊ စလေမြို့များအတိုင်း စီးဆင်းလာသည်။ ထိုချောင်းလည်း ပြည်မြို့တွင် ဆုံးပါသည်။

ထိုမုန်းချောင်းကိုဖြတ်ပြီး ကုန်းကြောင်းခရီးဖြင့် တောင်ကုန်းတောင်ကမူများကို ဖြတ်ကျော်ရသည်။ ထိုတောင်ကုန်းများသည် အရှေ့ဘက်တွင် ပဲခူးရိုးမ၊ အနောက်ဘက်တွင် ရခိုင်ရိုးမတို့ကြားတွင်ရှိသည်။ ထိုလမ်းခရီးကို နွေအခါဆို လှည်း၊ ဆိုင်ကယ်၊ နွားလှည်းတို့ သွားရသည်။ မိုးအခါဆို သွားလာလို့မရပါ။ ကိစ္စရှိ၍ ဒေသခံများ သွားလာလိုလျှင် မုန်းချောင်းအတိုင်း ပဲ့ထောင်လှေဖြင့် ပြည်မြို့သို့သွားလျှင် ၇ နာရီခရီးကြာ၏။

တောင်ဆင်း တောင်ကုန်းများ ကျော်ပြီးသည့်တွင် တောင်မတ်မတ်တစ်တောင်ဆီ ရောက်တော့သည်။ တောင်ထိပ်တွင် စေတီတစ်ဆူရှိသည်။ ထို့နောက် ၁၂ ရာသီ ပတ်လုံး ကျောက်တောင်ကြားမှ စိမ့်ထွက်နေသော စမ်းချောင်းကလေးရှိသည်။ နားဒိုရန် ဇရပ်လည်းရှိပြီး ရေသောက်ရင်း နားဒိုနိုင်ပါသည်။ ထိုတောင်ကို ကျောက်ချဉ်တောင်ဟုခေါ်သည်။ ထိုကျောက်ချဉ်တောင်ခြေရင်းတွင် မိုက်ရွာကလေးရှိသည်။ မိုးပြဒယ် ပက်လက်လှန်အနေအထားမျိုး ဖြစ်သည်။



ကျွန်းမာရေးဆေးခန်းမရှိ၊ ဆရာဝန်မရှိ၊ မုန်းချောင်းရေကိုသာ အားကိုးနေရသည့် ရွာကလေး။ ငွေးတောက်ချိုရွာမှ ၅နာရီကြာကြာ ခြေလျင်ခရီးရှိသော မိုက်ရွာကလေးသို့ မခင်တုတ်ရောက်ရှိလာခြင်းကို အဘညိမ်းမောင် မေးနေခြင်းဖြစ်ပါ၏။

''အကြောင်းကတော့ ကံကြမ္မာလို့ ဆိုရမှာပဲ ဘကြီးရေ၊ ကိုကိုကြီး၊ မမကြီးတို့ထောက်ပံ့စာနဲ့မှီခိုရင်း၊ ကိုယ်တိုင်လည်း ပဲချိန်ဆို ပဲ၊ ပြောင်းချိန်ဆို ပြောင်း။ တစ်နိုင်တစ်ပိုင်ရှိတဲ့ မြေကွက်ကလေးမှာ လုပ်ငန်းလေးနဲ့ စိုက်ပျိုးနေရတာပေါ့၊ ဒီကြားထဲ သမီး အောင်အောင်အေးကလည်း အိမ်ထောင်ပြုတော့မှာတဲ့''

''ဟာ…ဘယ်အရွယ်ရှိသေးလို့လဲ''

''၁၇နှစ် ကျော်ပြီလေ၊ ရွာမှာရှိတဲ့ မုလတန်းလည်း အတန်းကုန်၊ သားအမိနှစ်ယောက်တည်းဆိုတော့ မောင်ချစ်ပိုဆိုတဲ့ ကောင်လေးနဲ့ နေရာချပေးလိုက်တယ်''

''တစ်ရွာတည်းသား လူငယ်လား''

''မဟုတ်ပါဘူး ဘကြီးရယ်၊ အောင်လံနယ်ကပါ၊ သူက အောင်လံမြို့ပေါ်က ကျောင်းပြီးစ ဆရာဝန်တစ်ယောက်ရဲ့ တပည့်နောက်လိုက်ပါ၊ ဆရာဝန်ပေါက်စဆိုတော့ အလုပ်လည်းမရှိ၊ ဆေးခန်းထိုင်တော့လည်း လူနာမရှိဆိုတော့ နယ်လှည့်ပြီး ဆေးကုသနေတာပေါ့၊ ရွာကိုလာရင်းနဲ့ သမီးတို့တွေ့ကြပြီး မေတ္တာမျှလက်ထပ်လိုက်ကြတာပဲ''

''မောင်ချစ်ပိုက သူ့ဆရာနောက်မလိုက်တော့ဘူးလား''

''ပြောရရင် သူ့ဆရာလည်း နိုင်ငံခြားကို ထွက်သွားတော့ သူလည်း ကျွန်မတို့ဆီမှာ သောင်တင်နေတာပေါ့။ အဲဒီအချိန်မှာပဲ မမကြီးနဲ့ အတူနေတဲ့ အမေ လူကြီးရောဂါနဲ့ ဆုံးသွားတယ်၊ ဒီတော့ ကိုကိုကြီးနဲ့ မမကြီးတို့ကလည်း အိမ်နဲ့မြေကိုရောင်းမယ်၊ အမွေဆနအတိုင်း၊ ကျွန်မကိုလည်း တစ်ပုံပေးရမယ်ဆိုတာကြောင့် တစ်ပုံရတယ်၊ အင်း…ပြောရင်းတောင် ကျော့ရှုရှင်အမေကြီး ကောင်းရာသုဂတိလားပါစေတော်''

အမေတို့ အမေတို့ မျက်ကွယ်ပြုသွားခြင်းကြောင့် ပဒ္ဒါန်နုဂိုတွင် နေချင်စိတ်မရှိတော့တာကြောင့်တစ်ကြောင်း၊ သမက်ကလည်း မိုက်ဆိုသည့်ရွာသည် သူ့ဇာတိဖြစ်ကြောင်း၊ မိဘတို့မရှိကြပေမယ့် မိဘလက်ငုတ်မြေ ရှိသေးခြင်းကြောင့် သွားနေရန် တွန်းတွန်းတိုက်တိုက်ပြောခြင်းဖြစ်၍ ပြောင်းရွှေ့လာခြင်းဖြစ်၏။

အောင်အောင်အေးတို့လည်း၊ အိမ်ထောင်ကျတာ လေးနှစ်ကြာပြီဖြစ်သော်လည်း၊ သားသမီးရတနာ ထွန်းကားခြင်းမရှိသေးပေ။ ထို့ကြောင့် မုန်းချောင်းမှာ ရေချိုး ရေခပ်၊ အဝတ်လျှော်စဉ် အိမ်ထောင်သည် အမျိုးသမီးက ဟဲ့…သားမရုံတဲ့ အမြုံမ၊ သားမရိုတဲ့ အမြုံမဟု တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး စောင်းမြောင်းကာ နောက်ကြလေ၏။

တစ်ခါနှစ်ခါတော့ အောင်အောင်အေးရယ်ပြုံး၊ ရက်ပြုံးပြုံးနိုင်ပါသော်လည်း နေ့စဉ်ရက်ဆက်ဆိုတော့ စိတ်ပျက်၊ စိတ်ကွက်လာသည်။ မျက်နှာကလည်း ယခင်ကလို ရွှင်ရွှင်ပျပျဖြစ်မနေတော့။ သုန်သုန်မှုန်မှုန်ကြီး ဖြစ်နေတော့သည်။ ဒါတွေကို အမေဖြစ်သူ ဒေါ်ခင်တုတ်သိတော့ သားမရုံရခြင်း အကြောင်းကို ပြောပြရသည်။ ကံကြောင့်၊



ဥတုကြောင့်၊ စိတ်ကြောင့်ဖြစ်နိုင်သည်ဟု သမီးဖြစ်သူအားပြောင်းဖူးရသည်။ မယ်တော် မာယာတောင်မှ လေးဆယ်ကျော်မှ ကံပေါ် သည်ဆိုပဲတဲ့။ သမီးက အရွယ်လေးရှိသေး တာပဲ။

ထို့နောက် ဒေါ်ခင်တုတ်သည် အဖေ ဆရာကြီး ဦးသီလ၏ သားတင်ဆေးနည်း ကို စဉ်းစားရင်း ဖော်စပ်ကာ ကျွေးလေ တော့၏။ ငှနစ်၊ ဘုမ္မရာဇာ၊ ပညာလက်ာ၊ ဆေးပုလဲ စသည်တို့ကို ပြည်ဈေးအတွင်းရှိ ပရဆေးဆိုင်မှ လှူကြိုမှာလိုက်သည်။ ဆေး ကိုလည်း တစ်ဖုံပြီးတစ်ဖုံ မှန်မှန်ဖော်၏။ တိုက်ကျွေး၏။

ခြောက်လလောက်ကြာသောအခါ၌ အောင်အောင်အေး၏ ဝမ်းဗိုက်နှင့် သင့် လျော်သော သန္ဓေသားလောင်း ပေါ်လာ လို့လား။ အောင်အောင်အေး၏မိခင်လောင်း ဇာတာအရှိန်မြင့်လို့လား။ အမေဖော်စပ်ပေး သော ဆေးကပဲ စွမ်းလို့လားမသိ သန္ဓေ စွဲလာပါတော့၏။

သည်တော့မှ အောင်အောင်အေး တစ်ယောက် လှုကြားထဲ တိုးဝင်ဝံ့၊ မော် ကြွားနိုင်တော့၏။ သမီးအဖြစ်ကိုကြည့်ပြီး မျက်ရည်လည်သည်အထိ အမေဝမ်းသာနေ ရပါ၏။ အမေ့မျက်နှာဆိုတာ သားသမီး မျက်နှာပြောင်းလဲသည့်အတိုင်း ပြောင်းလဲ နေပါကလား။

(၄)

ဒေါ်ခင်တုတ်သည် မီးတွင်းကိစ္စကို ခြောက်လအလိုကတည်းက စီမံထားရ သည်။ သူ့သမက်ကိုလည်း ထင်းတုံးကြီးတွေ ရှာခိုင်းထားသည်။ ထင်းဆိုတာကလည်း အနောက်ဘက်မှာ တောကြီးရှိသည်။ ကိုးမ တောင်တန်းကြီးရှိသည်။ ရှေ့ဆက်သွားလျှင် ရွှေစက်တော်တောအထိ ရောက်သည်။

ထင်းတုံးဆိုတာက မီးနေခန်းအတွက် မရှိမဖြစ်ဆိုတာ မောင်ချစ်ပို နားလည်ပါ၏။ သူနားမလည်တာက မြေအုတ်တစ်လုံးကို ရှာခိုင်းခြင်းဖြစ်သည်။ ထိုအုတ်ကို ရေစင်စင် ဆေးကြောထားရမည်ဖြစ်၏။ သူစဉ်းစား၍ မရ။

ထင်းကို သုံးလေးရက်အတွင်း ခုတ် ထားကာ တောထဲပုံထားသည်။ သူ ထင်း ခုတ်လာစဉ် အိမ်မွေးခွေးမ မိနီပါ ခေါ်လာ လေ့ရှိသည်။ မိနီက အမဲလိုက်ခွေးမျိုးဖြစ် သည်။ မိနီပါလာပါက သူထင်းခွေ၊ ထင်း ခုတ်နေစဉ် မိနီက တောကောင်ကို လိုက် ဖမ်းလေ့ရှိသည်။ ထို့ကြောင့် အိမ်ပြန်လျှင် ယုန်လိုသတ္တဝါတွေ၊ တောကြောင်လို အ ကောင်၊ တောကြွက်လိုအကောင်တွေ ဟင်း စားအဖြစ် ပါလာတတ်သည်။

ပြီး ဒေါ်ခင်တုတ်တို့ရွာသားများသည် တပို့တွဲလဆန်း ၇ ရက်ကတည်းက ရွှေစက် တော်သို့ ဈေးရောင်းရန် ရောက်ရှိနေကြ သည်။ ဒေါ်ခင်တုတ်တို့က ကောက်ညှင်း ပေါင်းရောင်းရန် နှစ်တိုင်းရောက်နေကျဖြစ် သည်။ ယခုလည်း နေ့စေ့လစေ့ အောင် အောင်အေးပါ ပါလာသည်။ ဒေါ်ခင်တုတ် နှင့် အောင်အောင်အေးကတော့ မောင်ချစ် ပိုအား နေရာချထားပြီး သားအမိနှစ်ယောက် ရွာပြန်လာခဲ့သည်။

ရွှေစက်တော်တွင် တစ်ပတ်မျှသာနေ ပြီး သူတို့သားအမိပြန်ခဲ့ရာ အိမ်ရောက်သည် တွင် မိနီမွေးထားသော ခွေးကလေး ငါး ကောင်က နွဲ့ဆာ၍ငိုနေသည်။ မိနီကလည်း အချိန်အခါမဟုတ်ဘဲ အမေဖြစ်နေရသည်။ နို့ဆာ၍ ငိုရသည့်အကြောင်းကား မိနီ ပျောက်နေခြင်းကြောင့် ဖြစ်သည်။

အတော်လေးကြာမှ မိနီပြန်လာသည်။ မိနီသည် အတော်လေး ပိန်ချုံးနေသည်။ ရောက်လျှင် သားကလေးများအား နို့တိုက် သည်။ ကလေးတွေ နို့စို့ကောင်းတုန်းမှာပင် ထထွက်သွားပြန်သည်။ ကလေးတွေက အော်ဟစ်နေပြန်တော့၏။ နို့ခွဲရန် အချိန် မတန်သေး၍ ဤအပြုအမူမျိုး ပြုလုပ်ခြင်း သည် ထူးဆန်းနေ၏။

နောက်တစ်နေ့မှာပင် ဘကြီးညိမ်း မောင်ပြောသော သောကြာအဓိပတိသား ကလေးကို အောင်အောင်အေးက မွေးပါ သည်။ သားအမိနှစ်ဦးစလုံး အချိန်အခါ ကောင်းမှာ မွေးဖွားသော သားကလေး အတွက်ပျော်မြူးနေကြသည်။ ရွှေစက်တော် ရောက်နေသော အဖေဖြစ်သူထံ လူကြုံရှာ ပြီး အကြောင်းကြားရတော့၏။

သည်ကြားထဲ အိမ်အောက်က မိနီ ကလေးတွေကလည်း တကျီကျီတကျာကျာ ငိုနေပြန်၏။ မိနီပြန်မရောက်ခြင်းကြောင့် အော်နေခြင်းဖြစ်သည်။ ဘေးနားအိမ်က ပြောတာကတော့ လွန်ခဲ့သောရက်တွေက သူ့ကလေးတွေအတွက် ဖွတ်ပုတက်စသော တောကောင်ကို ကိုက်ချီလာတာတွေ့သတဲ့။

ထိုညက အောင်အောင်အေး သား ငယ်လည်း ငါးခနဲ၊ ငါးခနဲငိုနေသည်။ အကြောင်းကတော့ အောင်အောင်အေး လည်း နို့ကြောပိတ်၍ နာကျင်ကာ မျက် ရည် ကျနေသည်။ မြေးကလည်း နို့ဆာ၍ တက်မတတ်၊ ချက်မတတ် ငိုနေသည်။ သူ တို့ကြားထဲမှာ အပူမီးတောက်နေသူမှာ ဒေါ် ခင်တုတ်ဖြစ်သည်။

ထို့နောက် ဒေါ်ခင်တုတ်သည် မီးခွက် အုပ်ဆောင်းတစ်ခုကိုကိုင်ပြီး အိမ်ပြင်သို့ ထွက်လာသည်။ သမီးလေးအောင်အောင် အေးက မိခင်ဒေါ်ခင်တုတ်အပြုအမူကို နား မလည်နိုင်ဘဲ ဖြစ်နေလေသည်။ တစ်အောင့်

လောက်ကြာတော့ မစိန်ကျော့နှင့်အတူ ရောက်လာသည်။ မစိန်ကျော့သည် လွန်ခဲ့သောလကမှ မီးဖွားထားသူဖြစ်ပြီး နှစ်ခြံကျော်မှာနေသူဖြစ်သည်။ သည်တော့မှ အမှုပြုမှုချက်ကို သမီးဖြစ်သူက နားလည်သွားတော့၏။ မစိန်ကျော့သည် သားငယ်၏ နို့တိုက်မိခင်ဖြစ်သွားလေ၏။ သားငယ်ကလည်း နို့ဝသွားပြီဖြစ်၍ အငိုတိတ်ရုံမက ကောင်းစွာအိပ်မောကျသွားပါတော့သည်။

ဒေါ်ခင်တုတ်အဖို့ မီးတစ်မီးက ငြိမ်းသွားလေပြီဖြစ်၏။ တစ်မီးက ကျန်နေသေး၏။ ထိုမီးကား၊ နို့ကြောပိတ်ကာ ရှုံ့မဲ့မဲ့ မျက်နှာလေးနှင့် သမီးအောင်အောင်အေးပင် ဖြစ်၏။ စဉ်းစားရင်း အကြံပေါ်လာ၍ မစိန်ကျော့ကို ကောက်ကာငင်ကာ မေးလိုက်သည်။

“မစိန်ကျော့ ဒီအချိန် ဘယ်မှာ ကြာပန်းတွေ ရနိုင်မှာလဲ”

“အမယ်လေး . . . ဒေါ်တုတ်ရယ်၊ တောင်ပေါ်မှာ ပေါ်မှပေါ်”

မုန်းချောင်းသည် ကြည်လင်စွာ စီးဆင်းနေသော ချောင်းရေဖြစ်၏။ ပြီးတော့ နွေရာသီရောက်တော့မှာဆို ကြာပန်းတို့၊ ကြာစွယ်တို့ မရှိနိုင်တော့ပါ။ မစိန်ကျော့ ပြောသလိုပင် တောင်ပေါ်မှာတော့ ရှိပါသည်။ ထို့ကြောင့်လည်း ဤ မိုက်ဆိုသောရွာကို တောင်ထိပ်မှာ ကြာပေါက်သောရွာဟု တင်စားခေါ်ကြသည်။

တောင်ပေါ်တွင် ဘုန်းကြီးတစ်ပါး သီတင်းသုံးသည်။ စေတီငယ်တစ်ဆူရှိသည်။ ထူးဆန်းတာက တောင်ပေါ်မိုးရေ တင်နိုင်သည့် ချိုင့်ခွက်များတွင် ကြာတွေ ပေါက်နေခြင်းဖြစ်သည်။ ထိုတောင်ကို ရွှေနတ်တောင်ဟုခေါ်သည်။

နံနက် ရှစ်နာရီလောက်တွင် ဒေါ်ခင်တုတ်တစ်ယောက် ကြာပန်းရှာပုံတော်ဖွင့်ပြီ၏။ ကြာရိုးဟင်းခါး၊ ငရုတ်ကောင်းမှုန့် နိုင်နိုင်နှင့် ချက်သောက်လျှင် နွားမြီးလို မီးနေသည်များ နို့လုံးရွှင်၏။ သားကလေးကို စောစောကပင် မစိန်ကျော့ နို့တိုက်သား၍ ဗမ်းအေးသွားကာ အိပ်မောကျနေသည်။ အောင်အောင်အေးက သားလေးမွေးကတည်းက တစ်ခါမျှ နို့မတိုက်ရသေး၍ နို့ကြောတင်းကာ ရှုံ့မဲ့နေ၏။

သမီးလေး၏မျက်နှာကို မကြည့်ချင်၊ မမြင်ချင်ဘဲ မြင်လိုက်ရ၍ စိတ်ထဲမကောင်းဖြစ်နေသည်။ သည့်ကြားထဲ မိခင်ပြန်မလာ၍ နို့ဆာနေသော မီးနီသားသမီးတွေ၏ ဆူသံငိုသံသည်လည်း နားထဲလျှံနေပါတော့၏။

ဒေါ်ခင်တုတ်သည် ဓားတစ်လက်ကိုဆွဲပြီး မုန်းချောင်းအစပ်ကိုဆင်းခဲ့သည်။ ချောင်းတစ်ဖက်ကမ်းသည် တောအစပ်ဖြစ်သည်။ ထိုတောသည် အနောက်ရိုးမတောအစပ်လည်း ဖြစ်သည်။ ရွှေစက်တော် တောအစပ်လည်း ဖြစ်သည်။ ပေနှစ်ထောင်ကျော်မြင့်သော ရွှေနတ်တောင် တောင်ထိပ်မှကြည့်လျှင် ရွှေစက်တော်တောင်ကိုလည်း လှမ်းမြင်နေရသည်။

ထိုတောအတွင်းသို့ ထင်းခုတ်၊ ဝါးခုတ်၊ တောင်တက်သူများ များနေခြင်းကြောင့် တောလမ်းကလေးသည် ဖြူးရှုနေပါသည်။ လမ်းက ပြေပြေလေးဆိုပေမယ့် အဆင်းအတက်တွေကြောင့် နေအတော်မြင့်လျှင်ပင် ဒေါ်ခင်တုတ် အတော့်ကိုမောနေပြီဖြစ်၏။ စောစောကလိုလည်း ခြေတွေက မသွက်လက်တော့။ တစ်ကုန်းပေါ်တက်ပြီးလျှင် တစ်ထောက်နား၏။ ပြီးတော့ ဆက်သွား၏။ အရွယ်ကလည်း စကားပြောလာပြီဖြစ်သည်။ ပြီး ဤဒေသ၏ ချက်မြှုပ်မဟုတ်ခြင်းကြောင့် ဤဒေသနှင့် အကျွမ်းဝင်မှု မရှိသေးပါ။ ဤဒေသသူဖြစ်ပါက တစ်နေ့လျှင် နှစ်ခေါက် သုံးခေါက်လောက် ရေတက်ပို့ခဲ့ပြီး တောင်ပေါ်ဘုန်းကြီးကျောင်းသို့ ရေပေးလှူနိုင်မည်ဖြစ်၏။ ခုတော့ ဤတောင်၊ ဤတော၊ ဤခရီးကိုမြင်ရုံနှင့် မျှ ရင်ဆို့ပါသေးသည်။

သို့သော် ဘယ်မျှပင် မောရင်ဆို့စေကာမူ သမီးအတွက် စွန့်စားခဲ့လာရသည်။ ရွာခံလူများက တစ်နာရီကြာခရီးကို နှစ်နာရီကြာသည့်တိုင်အောင် မရောက်သေးဘဲရှိနေ၏။ တောသည်လည်း နက်သည်ထက်နက်ကာ၊ တောင်သည်လည်း မတ်သည်ထက် မတ်လာ၍ လက်ပန်းကျလာတော့၏။ ထို့ကြောင့် အရိပ်နေရာတွင် ခြေပစ်လက်ပစ်နားနေလိုက်၏။

ထိုစဉ်မှာပင် တောအုပ်တစ်နေရာဆီမှ ‘ရှဲရှဲ’ ဟူသော အသံကိုကြားလိုက်သည်။ အသံက အဆက်မပြတ်ပေါ်ထွက်နေသည်။ ထိုနေရာကို အတင်းပြူးပြဲပြီးကြည့်လိုက်သည်။ သူ သံသယဝင်သွားသည်။ သေချာစွာ မျက်လုံးဖွင့်လိုက်မှ သိသွားတော့သည်။

ရုပ်ရည်မပျက်မိလောက်အောင် ပိန်ချုံးသွားသော မိန်းမဖြစ်နေသည်။ သားသမီးတွေက နို့ဆာလွန်း၍ ငိုကြွေးနေကြသည်။ သူက ဤနေရာမှာ ဘာလာလုပ်နေသနည်း။ သူ့အမူအရာက ထူးဆန်းနေသည်။ မျက်တတ်ရပ် မလှုပ်မယှက် ရပ်နေသည်။ မင်းသက်မိသလို အားအီကိုလည်း မကြည့်မမြင်ပါ။

သူမလှမ်းမကမ်းတွင် ရှေ့မ စပါးကြီး မြွေကြီးတစ်ကောင်ရှိသည်။ ထိုမြွေကြီးသည် နီမ တစ်ကိုယ်လုံးကို သူ့ပါးစပ်မှအရည်ဖြင့် ရွှဲရွှဲမြည်အောင် မှုတ်နေသည်။ ဤသည်မှာ သူ၏ နောက်ဆုံးလုပ်ဆောင်ချက်ဖြစ်သည်။ ဦးစွာ နီမသည် စပါးကြီးညွှတ်ကွင်းသို့ ရောက်ရှိသွားသည်။ ထိုအခါ နီမ၏ အသိစိတ်တွေ ပျောက်သွား၏။ စောစောပိုင်းနေ့များမှာတော့ အသိစိတ်ဝင်လိုက်၊ ပျောက်လိုက် ဖြစ်နေ၏။

အသိစိတ်ဝင်လာလျှင် သားနှင့် သမီးဆီ ပြန်သွားသည်။ အသိစိတ်ပျောက်သွားလျှင် ညွှတ်ကွင်းဆီသို့ ပြန်လာသည်။ ထို့ကြောင့် နီမအား တွေ့လိုက်၊ ပျောက်သွား

တောအုပ်တစ်နေရာဆီမှ “ရှဲရှဲ” ဟူသော အသံကိုကြားလိုက်သည်။
အသံက အဆက်မပြတ်ပေါ်ထွက်နေသည်။
ထိုနေရာကို အတင်းပြူးပြဲပြီးကြည့်လိုက်သည်။ သူ သံသယဝင်သွားသည်။
သေချာစွာ မျက်လုံးဖွင့်လိုက်မှ . . .



လိုက် ဖြစ်နေသည်။ အစာစားလိုသည့် အသိစိတ်လည်းမရှိ၍ ပိန်ချုံးချခြင်းဖြစ်၏ ခု တော့ စပါးကြီးအစားခံ၊ အမျိုခံရမည့်အခါ ဖြစ်သည်။ ယမျိုမီ ပါးစပ်မှ ချွဲချွဲအရည်ဖြင့် မွတ်ထုတ်သည်။ ပြီးတော့ နီမတစ်ကိုယ်လုံး ကို ရစ်ပတ်ဆွဲဆန့်လိုက်သည်။ ထိုမြင်ကွင်း ကို ဒေါ်ခင်တုတ်မမြင်ဝံ့၍ မျက်နှာလွှဲလိုက် သည်။

နီမသည် သားသမီးဇောကြောင့် မြွေကြီး မျိုခြင်းကိုခံလိုက်ရသည်။ အဘယ် ကြောင့်ဆိုသော် ဒေါ်ခင်တုတ်တို့ မိသားစု အားလုံး ရွှေစက်တော်ဘုရားဈေးကို သွား ကြရာ နီမတို့မိသားစုသာ အိမ်မှာကျန်နေ ခဲ့သည်။ ဒီတော့ သူတို့မိသားစု၏ စားရေး သောက်ရေးသည် ပြဿနာဖြစ်လာ၏။ ပြဿနာဖြစ်လာတော့ ဗီဇကလည်း တော လိုက်ခွေးစရိုက်ဖို့ သားကောင်ဖမ်းထွက်လာ ခြင်းဖြစ်၏။

တစ်ရက်၊ နှစ်ရက်မှာတော့ ယုန်၊ ကြောင် စသော အကောင်တွေရလာကာ မိသားစု ပျော်ပျော်ရွှင်ရွှင် စားသောက်နေရ ပါ၏။ နောက်ရက်မှာတော့ မုဆိုးသည်ပင် သားကောင်ဖြစ်ကာ စပါးကြီးကျောက်ကွင်းထဲ သို့ ရောက်လာပါ၏။

အရှုံးထဲမှ အမြတ်ရနိုင်မည့်အရေးကို ဒေါ်ခင်တုတ် စဉ်းစားလိုက်၏။ နီမကို စား ချင်လျှင် စားထားဦး။ နောက်နေ့ကျမှ စပါး ကြီးသည်းခြေထုတ်ယူမည်ဟု တွေးထား လိုက်၏။ မြွေသတ္တဝါဆိုတာ သားကောင်ကို တစ်ခါမျိုထားပြီးလျှင် ထိုနေရာမှာပင် အစာ မကြေမချင်း ခွေနေတတ်၏။ ထို့ကြောင့် စပါးကြီးမြွေသည် ဤနေရာမှာပင် အတော် ကြာကြာနေနေမည်ဖြစ်၏။ နောက်နေ့မှ ရွာ သား အကူအညီဖြင့် စပါးကြီးသည်းခြေကို လာယူမည်ဖြစ်သည်။

ထိုအတွေးဖြင့် ဒေါ်ခင်တုတ် ခရီးဆက် ပြန်ရာ တောင်ထိပ်ကို လှမ်းမြင်နေသည့် နေရာသို့ ရောက်ခဲ့သည်။ ဤနေရာသည် ခရီးစဉ်တစ်ခုလုံး၏ အခက်ခဲဆုံးနေရာဖြစ် သည်။ တောင်ထိပ်ကိုမြင်နေရပါသော်လည်း အမြင်နီး၊ ခရီးဝေးသည်ကတစ်ကြောင်း။ လိပ်သဲကျောက်ချည်း ဖြန့်ကျက်ထားသလို ရှိနေသောအနေအထားကြောင့်လည်းကောင်း ထိုနေရာတွင် သစ်ပင်မြက်ပင်၊ ဘာအပင်မှ မပေါက်ရောက်ဘဲ ဘောလုံးတစ်ကွင်းစာ လောက် ကျယ်ဝန်းသော ကျောက်ဖျာလို နေရာမျိုးဖြစ်သည်။

မိုးအခါတွင် ရေတံခွန်သဖွယ် ရေတွေ တရှပေါဟစီးဆင်းနေသည်။ ရေညှိတွေက စိမ်းထနေသည်။ နွေအခါ ရေခန်းပြီး ခြောက်သွေ့ခြင်းကြောင့် မည်းခြောက်နေ သည်။ ခုလည်း ကျောက်ပြင်တစ်ခုလုံးသည် မည်းပြောင်နေ၏။ မြေနေရာမဟုတ်ခြင်း ကြောင့် ဘာအပင်ဆို ဘာအပင်မှ မပေါက် ရောက်ပါ။

သို့သော် တချို့နေရာမှာတော့ ချိုင့် ခွက်တွေရှိသေးသည်။ ချိုင့်ခွက်တွေက ထမင်းစားပွဲဝိုင်းလောက်ကျယ်ပြီး လူတစ်ရပ် စာလောက် အနက်ရှိသည်။ နွေရာသီမို့ ရေစပ်စပ်ကလေးရှိသည်။ ထိုရေစပ်စပ်တွင် ကြာပြူးပင်တွေရှိသည်။ ဖူးတာဖူး၊ ပွင့်တာ ပွင့်ရှိသည်။ ရေမြင့်လျှင် ကြာမြင့်သည့် အတိုင်း ရေနည်းသည့် ခုလိုကာလမှာတော့ ကြာတွေကို ကုန်းကောက်ခူး၍မရ။ ရှိုးတံ ရှည်ရှည် တံချူနှင့် လှမ်းခူးရမည်။

လိုချင်သော ကြာရှိကြာစွယ်က လက် တစ်ကမ်းတွင်ရှိသည်။ သူမှာ ဘာတံချူမှ ပါမလာတာမို့ ခက်နေသည်။ ပတ်ဝန်းကျင် ကလည်း၊ သစ်ပင်ပေါက်ရန်အနေအထား မဟုတ်ခြင်းကြောင့် တံချူရရန် မလွယ်ဖြစ် နေ၏။

တောင်ပေါ်ဘုန်းကြီးကျောင်းမှာ တံချူ သွားတောင်းရန်မှာလည်း ခရီးကနီးပေမယ့် တက်ရမှာက ကျောက်ဖျာတစ်ဝက်ကျော်ဖြစ် ၍ ဘာပဲဖြစ်ဖြစ် ခဲရာခဲဆစ် တက်လာပြီး တော့မှ ရအောင်ခူးတော့မည်ဟု ဆုံးဖြတ် လိုက်၏။ ဘကြီးညိမ်းမောင်ပြောသော အထွတ်အထိပ်နေရာဆိုတာ ဒါပဲဟု ခပ် သောသောလေး တွေးမိပြန်၏။

သို့သော် တွင်းချိုင့်၏အလယ်လောက် တွင် ကာမှုလေးတစ်ခု အစွန်းထွက်နေသည်။ ဤကာမှုကလေးကို ဖော်ပြီး နင်းဆင်းလျှင် ပထမတစ်ထစ် အောင်မြင်စရာရှိသည်။ ထိုမှတစ်ဆင့် အောက်သို့ဆင်းပြီး ကြာပန်း ကို ခူးနိုင်သည်။ ထိုအတွေးတွေနှင့်အတူ ဆင်းလိုက်သည်။

သမီးအောင်အောင်အေး ဟင်းခါးချက် သောက်ရန်အတွက် ကြာပန်းတွေ အလုံ အလောက်ရခဲ့ပြီ။ ထို့ကြောင့် ပြန်တက်ရန် ခက်နေ၏။ ကုန်းကာမှုကိုကား လှမ်းမမီပေ၏။ သို့သော် ထိုအပေါ်သို့တက်ရန် မလွယ်ကူ ဖြစ်နေ၏။ ဤနေရာတွင် သက်ရှိသတ္တဝါဆို လို့ သူတစ်ဦးတည်းသာရှိ၏။ နေကလည်း စူးရှူးရဲရဲကြီးပူနေ၏။

အသံကြောင့် ဖားသောတာပဲဖြစ်ဖြစ်၊ အသံကြောင့် အကူအညီတောင်းသည်ပဲဖြစ် ဖြစ် ရေနစ်သူပမာ ရရာအကြံအစည်တစ်ခုခု ဖြင့် အကူအညီတောင်းလိုက်၏။

"လာကြပါအုံး…လာကြပါအုံး။ ဘယ် သူမှ မရှိကြဘူးလား"

**ပိုးသာကုန်သွားသည် မောင်ပုံ စောင်းမတတ်သလို အသံသာဝင်သွားသည်။**
**မေခလာလည်း မပေါ်လာ။ သိကြားမတာလည်း မရှိဖြစ်နေ၏။**
**သမီးမျက်နှာကို မြင်နေ၏။ မြေးငယ်အော်ငိုသံကို ကြားနေ၏။**

ဗိုးသာကုန်သွားသည့် မောင်ပုံစောင်း မတတ်သလို အသံသာဝင်သွားသည်။ မေလောလည်း မပေါ်လာ၊ သိကြားမတော လည်း မရှိဖြစ်နေ၏။ သမီးမျက်နှာကို မြင်နေ၏။ မြေးငယ်အော်ငိုသံကို ကြားနေ၏။ တအောင့်လောက်ကြာတော့ တွင်းထဲသို့ အရိပ်တစ်ခု ထိုးကျလာသည်။ မော့ကြည့်လိုက်တော့ ဘုန်းတော်ကြီးတစ်ပါး၊ ဒကာတစ်ယောက်၊ ဒကာမကြီးတစ်ယောက်နှင့် မျောက်တစ်ကောင်တို့ဖြစ်ကြ၏။



စောစောက အော်သံကို ကျောင်းပေါ်မှ သူတို့တစ်တွေကြားမိခြင်းဖြစ်သည်။

(၅)

"အရှင်ဘုရား…ဒီမျောက်ဟာ"

"ဟုတ်တယ် ဒကာမကြီး။ စောစောက ဒကာမကြီးပြောတဲ့ မိန်းမဟာ မိခင်ပီသသလို ဒီမောင်ညို့ဆိုတဲ့ မျောက်ပုတီးအမေကလည်း အမေ တကယ်ပီသတာကွယ့်"

"ကြားပါရစေ ဘုရား"

"ဘုန်းကြီးဟာ တစ်ချိန်က မုဆိုးတစ်ဦးပဲပေါ့၊ တစ်နေ့မှာတော့ ဘုန်းကြီး မိခင်ကြီး ဆေးဖော်ဖို့ မျောက်သွေးလိုတာနဲ့ သစ်ပင်ပေါ်မှာရှိနေတဲ့ မျောက်တစ်ကောင်ကို ဒူးလေးမြှားနဲ့ ပစ်လိုက်တာ၊ ချက်ကောင်းထိသွားတယ်၊ မြှားဆိပ်ကြောင့် မျောက်ကြီးဟာ မူးဝေဝေဖြစ်နေတယ်၊ ဦးစွာ မြှားတံကိုနုတ်ပြီး ချိုးလိုက်တယ်၊ ပြီးတော့ ကျောကုန်းတစ်နေရာကို လက်လှမ်းလိုက်တယ်၊

ဘာပါလာတယ်ထင်သလဲ ဒကာမကြီး။ မျောက်သားငယ်တစ်ကောင် ပါလာတယ်၊ အဲဒီမျောက်သားငယ်ကို ရင်ခွင်မှာထားပြီး နို့တိုက်တယ်၊ ပြီးတော့မှ မျောက်သားငယ်ကို လုံခြုံတဲ့သစ်ခွကြားမှာ အသာတင်ထားပြီး ကိုယ်တိုင်က ရီဝေဝေမြှားဆိပ်တက်ရင်းနဲ့ပဲ ဦးခေါင်းစိုက်ပြီး မြေပြင်ကို ထိုးချလိုက်တာပဲ၊

ဆန့်ငင်ဆန့်ငင်နဲ့ အသက်ထွက်သွားတဲ့ မျောက်အမေကြီးကို ကရုဏာသက်ပြီး အမေ့ကိုတော့ သားချင်းတွေပဲ စောင့်ရှောက်ရစ်ပါတော့၊ ကိုယ်တိုင်က ဒီတောမှာပဲ ဘုန်းကြီးဝတ်တော့မယ်ဆိုပြီး ဒီမောင်ညို့နဲ့ နေလာတာ လေးဝါရှိပြီပေါ့၊

ကဲ…ဒကာမကြီး အိမ်အမြန်ပြန်တော့၊ သမီးနဲ့ မြေးလေးကိုစွမ်ရှိသေးတယ်၊ ပြော်…ဒကာမကြီး မိန်းနဲ့ စပါးကြီးမြွေတို့ကလည်း အတိတ်ကံပါလာတာမို့ စိတ်ထဲမထားပါနဲ့တော့"

ဒေါ်ခင်တုတ် အိမ်ပြန်ရောက်တော့ မြူးမြူးကြီး သမီးအနားတွင်ရှိနေသော သမက်ကိုတွေ့ရ၏။ သမက်ကလည်း ဇနီးသည် မျက်နှာမြင်ကြောင်း သိသိချင်း သုတ်ခြေတင်လာခဲ့သည်။ အားလုံးသောမျက်နှာသည် ပြုံးပျော်နေကြသည်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

အိမ်ပေါ်မှ ကလေးငိုသံလည်း မကြားရ၊ အိမ်အောက်မှ နို့မကလေးတွေ ငိုသံလည်း မကြားရဖြစ်နေ၏။ ကလေးကတော့ အမေ့ရင်ခွင်ထဲ နို့စို့ရင်း အိပ်ပျော်နေသည်။ နို့မကလေးတွေကတော့ လမ်းထဲက အပျိုကြီးရဲ့ နွားမတမ်းမ သားကျွဲ နို့တိုက်ရန်အတွက် ယူသွားသည်။ သူကလည်း အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဆိုသည့်အတိုင်း နို့မကလေးတွေ ငိုသံကြောင့် စိတ်ဆင်းရဲနေရပါသတဲ့။

"ဟင်…ဘယ်တုန်းက နို့ကြော်ပွင့်သွားတာလဲ"

နို့တိုက်ထားသော အောင်အောင်အေးကိုမြင်၍ မေးလိုက်သည်။ သည့်နို့ကြောင်း ဗိတ်ရောဂါကြောင့် အပင်ပန်းခံ၊ အဆင်းရဲခံပြီ၊ သူ ကြာရှိုးကြာစွယ်ရရန် အားထုတ်ခဲ့သည်၊ ခုလို သားအမိ ငြိမ်းချမ်းရေးရနေတာမြင်၍ သူ တကူးတကန့်ရှာယူလာသော ကြာပန်းများကိုကြည့်ပြီး ကြက်သေသေနေမိ၏။

"ကြာပန်း…ဘာလုပ်မလို့လဲ အမေ"

"ဟဲ့…နင့်မိန်းမ နို့ကြောင်းပိတ်လို့ ဟင်းခါးချက်တိုက်မလို့"

"ဟာ…ကောင်းသွားပါပီ၊ ကျွန်တော် ကုပေးလိုက်လို့"

"ဟာ…ဟုတ်လား။ ဘာဆေးနဲ့လဲ"

"ပါးစပ်နဲ့ပါ"

ကြေးခေတ်၊ သံခေတ်၊ ကျောက်ခေတ်ထဲမှ လူသားအမေက မောင်ချစ်ပို ပြောသောစကားကို နားလည်နိုင်ခြင်းမရှိပါ။ နဝေတိမ်တောင်ဖြစ်နေ၏။ ဒေါ်ခင်တုတ်ကား လျှော်ကြီးထိုး ရိုးရိုးအအသမားကြီးဖြစ်၏။

"ခေတ်လူငယ် ဆရာဝန်နောက်လိုက် ကျွန်တော်က အမေ့အုတ်နီခဲအကြောင်း မသိသလို၊ ဓိဓွေ့ဆရာတာမည့်က ပါးစပ်အကြောင်း…"

မောင်ချစ်ပိုက သူ မည်သို့မည်ပုံ အောင်အောင်အေးခံစားနေရသည့် ဝေဒနာအား ကင်းပျောက်ရန် ပြုလုပ်ပေးခဲ့သည်ကို အားပါးတရပြောမည်ဟန်ပြင်နေစဉ်မှာပင် အနားတွင်ရှိနေသည့် ဇနီးသည်က ရှက်ကိုး ရှက်ကန်းဖြင့် လက်ဖါးကလေးနှင့်ရိုက်ပြီး ပြောခြင်းကြောင့် စကားက တန့်သွားလေတော့၏။

"အစ်ကိုကလည်း ရှက်စရာကြီး" တဲ့။

မုဒ်-သုမှန်

# ကြော်ငြာများ ဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

**ဆက်သွယ်ရန်လိပ်စာ**

City Magazine
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940